အင်္ဂါ၊ ဇန်နဝါရီ (၁)

**ထွက် ၁း၁-၄**

ဟေဗြဲ ၆း၁၃-၂၀

*“အကျွန်ုပ်သည် ဘွားကတည်းကပင် ကိုယ်တော်ကိုမှီဝဲပါပြီ. . . ”*

# အဘယ်ကြောင့်ထွက်မြောက်ရာကျမ်းဟုခေါ်သနည်း

အင်္ဂလိပ်ကျမ်းစာတွင် "Exodus" ဟူ၍ခေါင်းစဉ်ပေးထားသောစကားလုံးမှာ “ထွက်မြောက်ခြင်း” (သို့) “ထွက်ခွာခြင်း” ဟုအဓိပ္ပာယ်ရသောမူရင်းဂရိစာလုံးမှ ကောက်ယူထားခြင်းဖြစ်သည်။ မူရင်းဟေဗြဲကျမ်းတွင်မူ ထွက်မြောက်ရာကျမ်း ၁း၁ မှ “အမည်ဟူမူကား” (ve-elleh shemot) ဟူသောစကားလုံးကို ခေါင်းစဉ်အဖြစ်အသုံးပြုထားသည်။ အဲဂုတ္တုပြည်မှ ဣသရေလလူတို့ထွက်ခွာချိန်နှင့်ထိုအကြောင်းအရာတို့အား ထွက်မြောက်ရာကျမ်း၌မှတ်တမ်းတင်ခဲ့သော နေ့ရက်ကာလတို့သည် ဘီစီ ၁၅ ရာစုနှစ်လောက်တွင်ဖြစ်နိုင်၏။ Liberal တို့၏ဝေဖန်ငြင်းပယ်မှုရှိစေကာမူ သခင်ယေရှုပေးသောအထောက်အထားတို့ကြောင့် (ယော ၅း၄၆-၄၇၊ ၇း၁၉) ဤကျမ်းရေးဖို့ရန် မောရှေအားဘုရားသခင်အသုံးပြုခဲ့သည်မှာသေချာ၏။

အင်္ဂလိပ်ကျမ်းစာတွင် ဤကျမ်းစာစကားလုံး “ယခု” (Now) ဟူသောစကားလုံးဖြင့် အစပြုခြင်းက ဤကျမ်းသည် ကမ္ဘာဦးကျမ်းနှင့်ဆက်နွယ်ကြောင်း ထင်ရှားစေ၏။ ကမ္ဘာဦးကျမ်းနောက်ဆုံးပိုဒ်တွင် ဘုရားသခင်သည် ယာကုပ်နှင့်သူ့သားဆယ့်တစ်ဦးတို့အား ယောသပ်ရှိရာ အဲဂုတ္တုပြည်သို့ ခေါ်ဆောင်ခြင်းအကြောင်းကို ဖော်ပြထား၏။ ဘုရားသခင်သည် ယာကုပ်နှင့်သူ့မိသားစုတို့အား အခြားတိုင်းပြည်တို့ကိုထိခဲ့သည့် အစားခေါင်းပါးခြင်းဘေးမှ လွတ်မြောက်ရန် အဲဂုတ္တုပြည်သို့ အုံဩဖွယ်ခေါ်ဆောင်ခဲ့၏။ ထိုနည်းငှင်း ထွက်မြောက်ရာကျမ်းတွင် နောက်ပိုင်း၌မွေးဖွားလာသော ဣသရေလမျိုးဆက်တို့အား အဲဂုတ္တုပြည်မှ ဘုရားသခင်ပြန်လည်ခေါ်ထုတ်ခဲ့၏။ ထိုသူတို့ကို အဲဂုတ္တုပြည်သို့ဘုရားသခင်ခေါ်ဆောင်ခဲ့သော်လည်း ယခု ဤထွက်မြောက်ရာကျမ်းတွင် အဘယ်ကြောင့်ပြန်လည်ခေါ်ထုတ်သနည်း။ ဘုရားသခင်သည် အဦးဆုံးယောသပ်အားငှင်း၊ နောက်ပိုင်းတွင်သူ့ညီအစ်ကိုတို့ဖြစ်သော ရုဗင်၊ ရှိမောင်၊ လေဝိ၊ ယုဒ၊ ဣသခါ၊ ဇာဗုလုန် (လေအာ၏သားများ)၊ ဗင်္ယာမိန်၊ ယောသပ် (ရာခေလ၏သားများ)၊ ဒန်၊ နဿလိ (ရာခေလ၏ကျွန်မဗိလဟာ၏သားများ)၊ ဂဒ်၊ အာရှာ (လေအာ၏ကျွန်မ ဇိလပ၏သားများ) တို့အား အဲဂုတ္တုပြည်သို့ခေါ်ဆောင်ခဲ့သော်လည်း ထိုပြည်သည် သူတို့မျိုးဆက်အတွက် အတည်နေဖို့ရန်မရည်ရွယ်ခဲ့ပေ။ သူတို့၏မျိုးဆက်တို့အား အဲဂုတ္တုလူတို့၏ ကျွန်ပြုခြင်းဒုက္ခဆင်းရဲမှ နှစ်ပေါင်း ၄၀၀ ပြီးနောက်ပြန်၍ကယ်တင်မည့်အကြောင်းကို အာဗြဟံထံသို့ ဘုရားသခင်ကတိထားတော်မူခဲ့၏ (ကမ္ဘာ ၁၅း၁၃-၁၄)။ ဤကယ်တင်ခြင်းသည် ဣသရေလလူတို့၏ လွတ်မြောက်ခြင်းအတွက်သာမဟုတ်ဘဲ ဤလောကကယ်တင်ရှင်၊ သခင်ယေရှုခရစ်မွေးဖွားလာဖို့အတွက် ဣသရေလတိုင်းပြည်ကို တည်ထောင်ရန်အတွက်ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုသော် ဤထွက်မြောက်ခြင်းသည် ဘုရားသခင်၏လူတို့အတွက် ကယ်တင်ခြင်းအစီအစဉ်ပြည့်စုံခြင်းနှင့် သူ၏လုပ်ဆောင်ခြင်းနောက်ခံသမိုင်းအစိတ်အပိုင်းဖြစ်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကတိတော်တို့အား မည်သို့ရှုမြင်ရမည်နည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်၏ကယ်တင်ခြင်းအတွက် ကိုယ်တော်၏ကတိတော်တို့အား ပြည့်စုံစေသောကြောင့် ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၂)
**ထွက် ၁း၅-၇**
က ၂၆း၄၊ တမန် ၃း၂၅-၂၆

*“ဘုရားသခင်သည်အကြီးမြတ်ဆုံးသော သူတို့မှစ၍အငယ်ဆုံးသောသူတိုင်အောင် အားလုံးကိုအုပ်စိုးတော်မူ၏” (WCF 5:1)*

# အဲဂုတ္တုပြည် “သားအိမ်” ဖြစ်ခြင်း

ထွက်မြောက်ရာကျမ်း ၁း၅ တွင်ဖော်ပြသော လူ ၇၀ ဦးတို့ကို ကမ္ဘာဦးကျမ်း ၄၆း၈-၂၇ တို့တွင် ပြန်၍ရှာတွေ့နိုင်၏။ ထိုလူ ၇၀ မျှဖြင့် ဘုရားသခင်သည် ကယ်တင်ရှင်သခင်ယေရှုမွေးဖွားလာရန်အတွက် ဣသရေလတိုင်းပြည်အား တည်ထောင်နိုင်ပါမည်လော။

ယခုတွင်မူ ယောသပ်နှင့် သူ့ညီအစ်ကိုတို့အပါအဝင် လူ ၇၀ ဦးတို့မှာ ကွယ်လွန်တော်မူခဲ့ပြီ၊ သို့သော်လည်း- “ဣသရေလအမျိုးသားတို့သည် သားကိုဖွား၍ အလွန်တိုးပွားများပြားသဖြင့် အလွန်အားကြီး၍ တစ်ပြည်လုံး၌နှံ့ပြားကြလေ၏” (ထွက် ၁း၇)။ ဤအချက်သည် လူဦးရေလျော့နည်းခြင်းမဟုတ်ဘဲ အရေအတွက်တိုးပွားလာသည့် ရုပ်ပုံကားချပ်ဖြစ်သည်။ ယာကုပ်၏မျိုးဆက်တို့သည် လျင်မြန်စွာဖြင့် ဂေါရှင်အရပ်ကိုဖုံးလွှမ်းကြ၏။ အမျိုးသမီးများနှင့်ကလေးသူငယ် ၆၀၃,၅၅၀ (တော ၁း၄၆) အပါအဝင် လူဦးရေ ၂ သန်းခန့်ရှိမည်ဟုခန့်မှန်းရ၏။ ဤသို့ဣသရေလ လူတို့သည် များပြားစွာမွေးဖွားနိုင်ကြပြီး အသေစာရင်းနည်းပါးနေခြင်းမှာ “ကံကောင်းခြင်း” ဟူ၍မှတ်ယူရမည်လော။ လုံးဝမဟုတ်ပေ။ ကျွန်ုပ်တို့သည် အာဗြဟံ၊ ဣဇက်နှင့်ယာကုပ်တို့ထံ၌ ဘုရားသခင်၏ ကတိတော်တို့အားသတိရကြရမည်။ မြင်ရသောတိုးတက်ကြီးပွားခြင်းနှင့် ကာကွယ်ခြင်းတို့သည် ဘုရားသခင်တပါးတည်းထံမှဖြစ်၏။ လူဦးရေတိုးပွားခြင်းကို အကျိုးပြုစေသည့် သေခြင်းမှ ကာကွယ်ခြင်း (သို့) သားအိမ်အားမျိုးပွားဖို့ရန်ဖွံ့ဖြိုးစေသည့်အလုပ်မှာ အဘယ်သူကမျှမတတ်နိုင်ပေ။ ဤလျှင်မြန်စွာတိုးပွားခြင်းသည် ကမ္ဘာ ၂၆း၄ တွင် “သင်၏အမျိုးအနွယ်ကိုကောင်းကင်ကြယ်ကဲ့သို့များပြားစေမည်။ သင်၏အမျိုးအနွယ်အားလည်း ဤပြည်ရှိသမျှတို့ကို ငါပေးမည်။ သင်၏အမျိုးအနွယ်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့်မည်” ဟူ၍ အာဗြဟံထံသို့ ဘုရားသခင်၏ကတိတော် ပြည့်စုံခြင်းဖြစ်၏။ ဤကောင်းကြီးမင်္ဂလာမှာ နေရာတိုင်း၌ ဣသရေလအမျိုးသားတို့နေထိုင်ရမည့် အကြောင်းကိုဆိုလိုခြင်းမဟုတ်ပေ။ သို့သော် ဣသရေလပြည်၌ကယ်တင်ရှင်မွေးဖွားလာပြီး လူသားမျိုးနွယ်အားလုံးထံသို့ ကယ်တင်ခြင်းကောင်းကြီး မင်္ဂလာယူဆောင်လာမည့်အကြောင်းကို ဆိုလို၏။

ဘုရားသခင်သည် ဣသရေလတိုင်းပြည်ကို တည်ထောင်ဖို့ရန်အလို့ငှါ လူဦးရေတိုးပွားစေရန် လိုအပ်ချက်အဖြစ် အဲဂုတ္တုပြည်အား “သားအိမ်” အဖြစ် အသုံးပြုခဲ့သည်။ ထို့နောက် ဘုရားသခင်သည် ဤ “သားအိမ်” အတွင်းမှ ဤ “သူငယ်” အားကယ်ဆယ်ပေးခဲ့သည်။ ဤအချက်မှာ ဘုရားသခင်၏ဉာဏ်ပညာတော်ပေတည်း။ ဤအချက်ကို ဘယ်လူသား၏အကြံအစည်ကမျှ အောင်မြင်စေနိုင်လိမ့်မည်မဟုတ်ပေ။

**ဆင်ခြင်ရန်** - တိုင်းနိုင်ငံတို့နှင့် လူသားတို့ပေါက်ဖွားခြင်းတို့မှာ ဘုရားသခင်၏အကြံအစည်ကို ပြည့်စုံစေဖို့ရန်အတွက် ဘုရားသခင်၏လက်တော်၌ရှိကြ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်တို့ဘိုးဘွားတို့၏ဘုရားသခင်၊ ကိုယ်တော်၏အနန္တတန်ခိုးတော်ကို ကျွန်ုပ်တို့ချီးမွမ်းပါ၏။

ကြာသပတေး၊ ဇန်နဝါရီ (၃)

**ထွက် ၁း၈**

က ၅၀း၁-၁၂

*"ယောသပ်သေပြီးနောက်မှ . . . ယောသပ်ကို မသိသောရှင်ဘုရင်သစ်ပေါ်လာ၏. . . "*

## သိထားရမည့်အရေးကြီးဆုံးသောပုဂ္ဂိုလ်

အဲဂုတ္တုပြည်အားအုပ်စိုးရန် ရှင်ဘုရင်သစ်ပေါ်လာ၏။ ဤအုပ်စိုးသူအပြောင်းအလဲဖြစ်ပေါ်ခြင်းသည် အဲဂုတ္တုပြည်၌ရှိသော ယာကုပ်၏မျိုးဆက်တို့အတွက် အလွန်အရေးပါ၏။ အဘယ်ကြောင့်ဆိုသော် ဤရှင်ဘုရင်သစ်သည် "ယောသပ်ကိုမသိသော" (ထွက် ၁း၈) ရှင်ဘုရင်ဖြစ်၏။

ဤထွက်မြောက်ရာကျမ်းအစောပိုင်းတွင် ယောသပ်၏အကြောင်းကို နှစ်ကြိမ်မြင်တွေ့ရ၏။ ယောသပ်သည် အဲဂုတ္တုပြည်၌ရှိနှင့်ခြင်းအကြောင်း (ထွက် ၁း၅) နှင့်သူ၏သေခြင်းအကြောင်းကို သူညီအစ်ကိုတို့သေခြင်းအကြောင်းနှင့် သီးခြားဖော်ပြ၏ (အင်္ဂလိပ်ကျမ်းစာတွင်သီးခြားဖော်ပြ)။ ကမ္ဘာဦးကျမ်းတွင် ယောသပ်၏အဲဂုတ္တုပြည်၌ကြီးမားသောအောင်မြင်မှုကိုငှင်း၊ အုပ်ချုပ်သူခေါင်းဆောင်ဖြစ်လာပုံအကြောင်းကိုငှင်း၊ ဖါရောဘုရင်နှင့်ထိုခေတ်လူတို့၏ ရိုသေလေးစားခြင်းခံရမည့်အကြောင်းကိုငှင်းမှတ်တမ်းတင်ထား၏။ ဘုရားသခင်သည် ယောသပ်အားအလွန်ကြီးမားသောအစာခေါင်းပါးခြင်းဘေးမှ အဲဂုတ္တုလူတို့ကို လွတ်နိုင်ရန်ကြိုတင်စီမံကိန်းချနိုင်သော ဉာဏ်ပညာအားငှင်း၊ အိပ်မက်အနက်အားဘာသာပြန်နိုင်သောအရည်အသွေးအားငှင်းပေးခဲ့၏။ ထို့ပြင်သူ၏အမြော်အမြင်ကြီး မားမှုသည်ထိုခေတ်အခါ၌ အဲဂုတ္တုပြည်အားအလွန်ကြီးပွားချမ်းသာစေခဲ့၏။ အဲဂုတ္တုပြည်၌ရှိသော အုပ်ချုပ်သူတို့၏ယုံကြည်မှုကိုခံရ၍ ဖါရောဘုရင်၏နောက်ဒုတိယဘုရင်ခံနေရာ၌ ခန့်ထားခြင်းခံရ၏။ ကမ္ဘာ ၅၀ ၌မြင်တွေ့ရသော ယောသပ်၏ဖခင်ယာကုပ်၏ကြီးကျယ်ခမ်းနားသော သဂြိုဟ်ခြင်းအစီအစဉ်က ယောသပ်၏သြဇာကိတ္တိကြီးမားပုံကို ပေါ်လွင်စေ၏။ သို့သော် ထိုကြီးမြတ်သောသူသည်ပင်သေ၍မေ့ပစ်ခြင်းကိုခံရ၏။ ထို "မသိသော" (ထွက် ၁း၈) ဟူသောစကားလုံးသည် ရှင်ဘုရင်သစ်ဖါရောက ယောသပ်အကြောင်းကိုမကြားဖူးဟု ဆိုလိုခြင်းမဟုတ်ပေ။ ထိုစကားလုံးသည် ဘုရင်သစ်ကယောသပ်အား လျစ်လျူရှုခြင်း (သို့) စိတ်မဝင်စားခြင်း (သို့) ဂရုမစိုက်ခြင်းကိုဆိုလို၏။

သင်သည်ဤလောက၌ရှိသောသူဌေးသူကြွယ်တို့နှင့်အတူ ပခုံးချင်းယှဉ်၍ ရင်းနှီးသောဆက်သွယ်မှုတွေရှိပါသလား။ သင်သည် သင်၏သားသမီးတို့အားအကောင်းဆုံးကျောင်းသို့ ပို့ဆောင်နိုင်ရန်သော်ငှင်း ထိုကဲ့သို့သောပုဂ္ဂိုလ်တို့နှင့် ဆက်နွယ်မှုရှိခြင်းက အလွန်အရေးကြီးသည်ဟု ယူဆပါသလား။ ကျွန်ုပ်တို့၏အနာဂတ်သည် လူပုဂ္ဂိုလ်တစ်ဦး၊ တတ်စွမ်းနိုင်မှု၊ ကျော်ကြားမှု၊ အဆက်အသွယ်ကောင်းမှု၊ ရိုသေစရာကောင်းမှု၊ တန်ခိုးအာဏာကြီးမှုနှင့်ချမ်းသာမှုတို့အပေါ်တွင် မမှီခိုကြောင်းကို သင်ယူရပါမည်။ ဘုရားသခင်သည် လူတို့အပေါ်နှင့်အခြေအနေတို့အပေါ်တွင် လုံးလုံးလျားလျားသြဇာအာဏာရှိ၍ ထိန်းချုပ်တော်မူ၏။ ဘုရားသခင်က ကျွန်ုပ်တို့အားကူညီဖို့ရန် လူပုဂ္ဂိုလ်ကိုအသုံးပြုလျှင် ကျွန်ုပ်တို့သည် သူ့ကိုယ်သာရှုမျှော်၍အားကိုးရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဘဝလုံခြုံဖို့ရန် လူပုဂ္ဂိုလ်အပေါ်သို့ ကျွန်ုပ်မှီခိုနေပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်၏အသက်တာ၌အရာအားလုံးထက် ကိုယ်တော်ကို သာ၍ လိုအပ်ပါ၏။

**ထွက် ၁း၉-၁၄**

ဒေ ၃း၁-၈

*". . . မိုယ်းကောင်းကင်အောက်၌ ကြံစည်သမျှအသီးအသီးတို့ကိုပြုရသောအချိန်ရှိ၏"*

## အပိုင်းသုံးပိုင်းပိုင်းခြင်း (Trimester)

ဖါရောဘုရင်သစ်သည် သူ၏လူမျိုးတို့ထက် ဣသရေလလူတို့၏လူဦးရေတိုးပွားခြင်းနှင့် ခွန်အားကြီးထွားလာရခြင်းအကြောင်းကို စိုးရိမ်ပူပန်၏။ သူစိုးရိမ်သည်မှာ တိုင်းပြည်တွင် စစ်မှုဖြစ်ပွားလျှင် ထိုဣသရေလတို့သည် မိမိတို့ရန်သူတို့ဘက်သို့ ဝင်ရောက်၍ မိမိတို့အားတိုက်ခိုက်ကောင်းတိုက်ခိုက်နိုင်မည်ဟူ၍ဖြစ်၏။ ဣသရေလလူတို့သည် အဲဂုတ္တုပြည်၌ ကျွန်ခံရခြင်းမှ လွတ်လပ်ရေးရဖို့ရန်အလို့ငှါ ဤကဲ့သို့လုပ်ဆောင်ကြလိမ့်မည်ဟု ယူဆထား၏။ ထို့ကြောင့် ဖါရောဘုရင်သည် ဣသရေလလူတို့၏လျင်မြန်စွာ လူဦးရေတိုးပွားခြင်းကို လျှော့ချဖို့ရန်အတွက် စီမံချက်ရေးဆွဲခဲ့၏။ ဣသရေလလူတို့သည် အဲဂုတ္တုပြည်အတွက် မြို့များကိုတည်ဆောက်စေခြင်းဖြင့် သူတို့အပေါ် ဝန်ပိစေ၍စေဖို့ရန် အုပ်ချုပ်သူများကိုခန့်ထား၏။ ထိုသို့ပြုလုပ်ရခြင်းအကြောင်း မှာ ဣသရေလလူတို့သည် အလွန်လေးလံသောအလုပ်ကြောင့် ဖိအားများ၍သော်ငှင်း၊ အလုပ်များ ၍သော်ငှင်း၊ သားသမီးယူဖို့ရန်အတွက် စိတ်ဝင်စားမှု၊ အားအင်နှင့်အချိန်ရှိကြလိမ့်မည်မဟုတ်ဟု ယူဆထား၏။ သို့သော် ဆန့်ကျင်ဘက်အရာဖြစ်ပေါ်ခဲ့သည်မှာ ဣသရေလလူတို့သည် ကြမ်းတမ်းသောအလုပ်လုပ်ကြလေလေ သားသမီးထွန်းကားလေလေဖြစ်၏။ ဤအချက်သည် အဲဂုတ္တုလူတို့အား သာ၍ဝမ်းနည်းစေပြီး စိုးရိမ်ပူပန်စေ၏။ ထို့ကြောင့် ဣသရေလလူတို့အား အုတ်လုပ်သောအမှု၊ လယ်လုပ်သောအမှုအမျိုးမျိုးကို လုပ်စေ၍ဆင်းရဲပင်ပန်းစေကြ၏။ ဤနေရာ၌ "ခဲယဉ်းစွာ" ဟူသော စကားလုံးကို ထပ်ခါထပ်ခါမြင်တွေ့ရ၏။ ဤအချက်သည် ဘုရားသခင်၏လူတို့အားပေးထားသည့် လုပ်ငန်းတိုင်းသည် ကြမ်းတမ်းခြင်း၊ ညှာတာမှုမရှိခြင်းတို့ကိုပေါ်လွင်စေ၏။

မိခင်ဝမ်းထဲ၌ရှိသောကလေးသူငယ်ကြီးထွားလာသည့်အတိုင်း သူ၏အသဲ၊ နှလုံး၊ ကျောက်ကပ်များနှင့်ဦးနှောက်တို့သည် ကောင်းစွာအလုပ်လုပ်ကြကြောင်းကို သေချာစေရန် ဆရာဝန်က စစ်ဆေး၏။ သုံးလအပိုင်းအခြား၌ နောက်ဆုံးဖြစ်သော (၉ လမြောက်) လတွင် ကလေးငယ်သည် မွေးလာဖို့ရန် အသင့်အနေအထားရောက်၏။ သားအိမ်အဖြစ် ဘုရားသခင်တာဝန်ပေးထားသော အဲဂုတ္တုပြည်၌ ဣသရေလလူတို့သည် ကောင်းမွန်စွာကြီးထွားခဲ့၏။ ဖါရောဘုရင်သည် ဣသရေလလူတို့အား တစ်သက်လုံးကျွန်ခံစေရန် ထိန်းသိမ်းဖို့အလိုရှိလေလေ၊ ဘုရားသခင်၏အလိုတော်အား ဆန့်ကျင်လေလေဖြစ်၏။ ဣသရေလလူတို့သည် ရက်စက်စွာကျွန်ပြုခြင်းခံရစေကာမူ မိမိတို့ကိုလွယ်ထားသော "သားအိမ်" ဖြစ်သည့် ထိုပြည်မှထွက်ချင်ကြပါသလား။ ဤသင်ခန်းစာမှ ကျွန်ုပ်တို့သင်ယူရမည်မှာ ဘုရားသခင်သည် မိမိ၏အကန့်အသတ်မရှိသောဉာဏ်ပညာနှင့် ကြံစည်ထားသော အချိန်ရောက်သည့်အတိုင်း ကိစ္စအဝဝကိုဖြစ်ပေါ်စေ၏။ ဘုရားသခင်၏ကြံစည်ထားချက်များကို မဖြစ်မြောက်အောင် တန်ခိုးအာဏာအကြီးဆုံးဖြစ်သော လောကီမင်းကပင်မတားဆီးနိုင်ပေ။ ဣသရေလတိုင်းပြည်မပေါ်ပေါက်အောင် အဘယ်သူထိန်းချုပ်နိုင်သနည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကိုးစားကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏အသက်တာ၌ခက်ခဲမှုတိုးပွားနေခြင်းက ကျွန်ုပ်ကိုအံ့သြစေပြီး၊ ဒုက္ခပေးနေပါသလား၊ အဘယ်ကြောင့်ထိုသို့ဖြစ်ရပါသနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ယခုတွင်ကိုယ်တော်၏အကြံအစည်နှင့်တန်ခိုးတော်အား ကျွန်ုပ်နားမလည်နိုင်သော်လည်း ထိုအချက်တို့ကို ကိုးစားယုံကြည်၍စိတ်ရှည်ခြင်းနှင့် နာခံခြင်းရှိစေဖို့ရန် ကူညီတော်မူပါ။

စနေ၊ ဇန်နဝါရီ (၅)

**ထွက် ၁း၁၅-၁၇**

တရား ၆း၁-၃

*"... ဘိုးဘေးတို့၏ဘုရားသခင်
ထာဝရဘုရားဂတိတော်ရှိသည်အတိုင်း..."*

---

# အဘယ်သူကိုသင်ကြောက်ပါသနည်း

အဲဂုတ္တုရှင်ဘုရင်သည် ဣသရေလလူတို့၏အလွန်လျင်မြန်စွာတိုးပွားခြင်းကို ရပ်တန့်စေရန်အတွက် သာ၍ဆိုးညစ်သောအစီအစဉ်သစ်ကို ချမှတ်ခဲ့သည်။ ဖါရောရ်၏စိတ်ထဲတွင် သူ၏ကျွန်ဖြစ်သော တိုင်းတပါးသားတို့၏ခြိမ်းခြောက်မှုသည် အလွန်ကြီးမားသောအမှုဖြစ်လာခဲ့သည်။ မိမိ၏ရက်စက်ပြင်းထန်သောအလုပ်လုပ်စေခြင်းဖြင့် ဣသရေလလူတို့၏ကလေးမွေးဖွားနှုန်းကို မရပ်ဆဲစေနိုင်သောကြောင့် မွေးကင်းစကလေးများကိုသတ်စေရန် အမိန့်ချ၏။ ထိုအရာကိုအကောင်အထည်ဖော်ဖို့ရန်အတွက် ဟေဗြဲဝမ်းဆွဲများဖြစ်သည့် ရှိဖရ (လှပသောဟူ၍အနက်ရှိ၏) နှင့် ပုအာ (မိန်းကလေးဟူ၍အနက်ရှိ၏) တို့နှစ်ဦးအား ဖါရောဆင့်ခေါ်ခဲ့၏။ ဤနေရာတွင် ထိုသူနှစ်ဦးသာ ဝမ်းဆွဲရှိကြောင်းကိုဆိုလိုခြင်းမဟုတ်ဘဲ သူတို့နှစ်ဦးမှာ ခေါင်းဆောင်နှစ်ဦးဖြစ်ဟန်ရှိ၏။ ဖါရောရ်၏အမိန့်မှာ ဟေဗြဲအမျိုးသမီးတို့သည် ကလေးမွေးသောအခါ ထိုကလေးသည် ယောကျ်ားလေးဖြစ်လျှင် သတ်ဖို့ရန်ဖြစ်ပြီး မိန်းကလေးမူကား အသက်ရှင်ခွင့်ပြုရန်ဖြစ်၏။ ဖါရောဘုရင်သည် အထူးသဖြင့် ဟေဗြဲယောကျ်ားလေးတို့အား ကြောက်ရခြင်းမှာ သူတို့တိုင်းပြည်ပုန်ကန်လာကြလိမ့်မည်စိုးသောကြောင့်ဖြစ်၏။ ထိုသို့ယောကျ်ားလေးတို့ကိုရပ်ဆဲခြင်းအားဖြင့် ဤလူမျိုးစုကို ဖယ်ရှားပစ်မည်ဖြစ်၏။ ဖါရောသည် လူမျိုးတုံးသတ်ဖြတ်မှုကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ စာတန်၏ရည်ရွယ်ချက်သည် ယုဒအမျိုးကိုဖယ်ရှားပစ်ရန်ဖြစ်ပါသည်။

ဝမ်းဆွဲမတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ကြသည်ဟု ဖော်ပြထားသည်။ သူတို့၏ ဘုရားသခင်ကြောက်ရွံ့ခြင်းသည် ဖါရောမင်း၏ဆိုးသွမ်းသောအမိန့်တော်ကို ဆန့်ကျင်စေ၏။ ထိုကြောက်ရွံ့ခြင်းကြောင့် သူတို့သည် ဟေဗြဲသူငယ်ယောကျ်ားလေးများကို ကယ်တင်ခဲ့ကြသည်။ လူကိုယ်တိုင်ဖါရောမင်းနှင့်တွေ့ဆုံ၍ အမိန့်တော်ကိုလက်ခံပြီး၊ ထိုအမိန့်တော်ကိုအာခံခြင်းသည် လွယ်ကူသောအရာမဟုတ်ပေ။ ဖါရောမင်းက သူတို့ကိုလည်း သေဒဏ်ချမှတ်နိုင်၏။ သူတို့အား အဲဂုတ္တုလူတို့လက်အောက်တွင် ရက်စက်စွာအုပ်ချုပ်စေခြင်းသည်ပင် သူ့အားအလိုလိုကြောက်စေခဲ့လိမ့်မည်။ သို့သော် ထိုဝမ်းဆွဲမတို့သည် ဘုရားသခင်အားကြောက်ရွံ့ကြ၏ဟူ၍ ဘုရားသခင်၏ နှုတ်ကပတ်တော်ကချီးကျူးထား၏။ သူတို့သည်လူ့အသက်သတ်ခြင်းမပြုရန် ဘုရားသခင်၏ပညတ်တော်ကိုနာခံဖို့ရန်ရွေးခဲ့ကြ၏။ ဘုရားသခင်သည် ထိုသူတို့၏နာမကိုထာဝရအတွက် မှတ်တမ်းတင်ခဲ့သော်လည်း၊ ဖါရောဘုရင်၏နာမကိုမူ ဖော်ပြခြင်းပင်မပြုပေ။ ဘုရားသခင်အား ကြောက်ရွံ့မှုရှိခြင်းက ဘုရားသခင်မိန့်တော်မူသောအရာတို့ကိုငှင်း၊ ခပ်သိမ်းသောအရာတို့အား သူရှုမြင်ပုံကိုငှင်း၊ ကျွန်ုပ်တို့အား လုပ်စေချင်သောအရာကိုငှင်း သာ၍အလေးထားစေ၏။ လူအားနာခံခြင်းရှိလျှင် ဘုရားသခင်၏ နည်းလမ်းအားမနာခံခြင်းကို ဖြစ်စေ၏။ ကျွန်ုပ်တို့သည် လူတို့က ကျွန်ုပ်တို့အပေါ်ပြုနိုင်သည့် အကျိုးဆက်ကို ကြောက်ရွံ့ခြင်းထက် ဘုရားသခင်ကိုနာခံသင့်ပေ၏။

**ဆင်ခြင်ရန်** - လူအားပုန်ကန်ခြင်းထက် ဘုရားသခင်ကိုပုန်ကန်ခြင်းအား ကျွန်တော်ကြောက်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်အသက်တာ၌ ကြုံရသောအခြေအနေအရပ်ရပ်ကို ဆုံးဖြတ်ချက်ချရာ၌ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းရှိဖို့ရန် ကူညီတော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၆)
**ထွက် ၁း၁၈-၂၁**
မသဲ ၅း၃၃-၃၇

*"... သင်၏စကားမှာ ဟုတ်သည်ကိုအဟုတ်၊ မဟုတ်သည်ကိုမဟုတ်ဖြစ်စေလော့"*

# မုသာအတွက်ဆုလက်ဆောင်

အဲဂုတ္တုရှင်ဘုရင်သည် ဝမ်းဆွဲမတို့ကိုခေါ်၍ မိမိ၏အမိန့်တော်ကိုမနာခံဘဲ မွေးကင်းစသားယောက်ျားလေးတို့အားမသတ်ရခြင်းအကြောင်းကို ဖြေရှင်းချက်ပေးရန်မိန့်မူ၏။ ဤအချက်တွင် ဖါရောဘုရင်၏စိတ်ပျက်ခြင်းနှင့်ရှုံးနိမ့်ခြင်းကိုတွေ့မြင်နိုင်၏။ မွေးကင်းစကလေးတို့ကို တွေ့ဝေခြင်းမရှိဘဲ သတ်မိန့်ချသည့်ဤရှင်ဘုရင်က ထိုဝမ်းဆွဲမတို့ကို သတ်မိန့်မပေးသည်မှာ အလွန်အံ့ဖွယ်ရာဖြစ်၏။ ရှင်ဘုရင်သည် တစ်ပါးသူတို့အား စံအဖြစ်ပြုရန်ထိုဝမ်းဆွဲမတို့ကို သေဒဏ်ပေး၍မိမိ၏အမိန့်တော်ကိုဆောင်ရွက်ရန်အခြားဝမ်းဆွဲမတို့အား မိန့်ပေးလို့ရ၏။ သူသည် ထိုဝမ်းဆွဲမတို့ကို ဆင့်ခေါ်၍ဖြစ်စဉ်အားပြောပြစေရန်ပင်မလိုအပ်ပေ။ ဤအချက်သည်လူဖြစ်သော ဖါရောမင်းကိုကြောက်ရွံ့ခြင်းထက် ဘုရားသခင်အားကြောက်ရွံ့သောသူတို့ကို ဘုရားသခင်ကွယ်ကာပေးခြင်းမဟုတ်ပါလော။ ဖါရော၏မေးခွန်းကို ထိုဝမ်းဆွဲမတို့သည် မည်သို့ဖြေခဲ့ကြသနည်း။ ဝမ်းဆွဲမတို့က ဟေဗြဲမိန်းမတို့သည် အဲဂုတ္တုမိန်းမကဲ့သို့မဟုတ်၊ သန်စွမ်းသောကြောင့် ဝမ်းဆွဲမ မရောက်မီ သားကိုဘွားတတ်ကြ၏ဟူ၍ ရိုးရှင်းစွာ ပြန်လျှောက်ကြသည်။ ဘုရားသခင်သည် ထိုဝမ်းဆွဲမတို့အား ကောင်းကြီး ပေး၍ နေထိုင်ရန်အိမ်ကိုလည်းပေးတော်မူ၏။

ဝမ်းဆွဲမတို့သည် ကလေးငယ်တို့အား ကယ်တင်ကြသောကြောင့် ဘုရားသခင်ဆုချတော်မူ၏ဟူ၍ အချို့သောသူတို့ယုံကြည်ကြ၏။ ဘုရားသခင်သည် အာနနိနှင့်ရှဖိရတို့ကိုမူ မုသာပြောသောကြောင့် သေဒဏ်ခတ်ခဲ့သော်လည်း၊ ပြည့်တန်ဆာရာခပ်နှင့်ဝမ်းဆွဲမတို့ကိုမူ ဆုချတော်မူသည့်အရာ၌ မျှတမှုမရှိဟူ၍အချို့သောသူတို့က စွပ်စွဲကြ၏။ ဓမ္မဟောင်းကျမ်းတွင် အချို့သောအရာတို့ကို အပြစ်မယူဘဲ ခွင့်လွှတ်ထားသည်ဟူ၍ မှားယွင်းစွာရေးထားသော ဆောင်းပါး "ဘုရာသခင်၏ကွယ်ကာခြင်း" ဟူသောစာအုပ်တွင်ရှိ၏။ သိထားရမည်မှာ ဝမ်းဆွဲမတို့၏မုသာသုံးခြင်းသည် ငွေကြေး အမြတ်ကြောင့်၊ မာန်မာနကြောင့်၊ သူတို့၏လိုအင်ဆန္ဒကြောင့်ဖြစ်ပေါ်လာသော အာနနိနှင့်ရှဖိရတို့၏ မုသာသုံးခြင်းမျိုးမဟုတ်ပါ။ ထို့ပြင်ဝမ်းဆွဲမတို့သည် မုသာသုံးခဲ့သော်လည်း ဘုရားသခင်သည် သူတို့၏စကားကြောင့် ကောင်းကြီးပေးတော်မူသည်မဟုတ်ဘဲ၊ သူတို့၏အလုပ်ကြောင့် ဆုချီးမြှင့်ခြင်းဖြစ်သည်ဟုထိုဆောင်းပါးတွင်ဖော်ပြသည်။

သို့သော်ဘုရားသခင်၏ နှုတ်ကပတ်တော်တွင် ရှင်းလင်းစွာဖော်ပြထားသည်မှာ "ဝမ်းဆွဲမတို့သည် ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့်" (၁း၂၁) ဘုရားသခင်သည် သူတို့ကိုကောင်းကြီးပေး၏။ ကျွန်ုပ်တို့သည်ဘုရားသခင်ကိုကြောက်ရွံ့လျှင် ကျွန်ုပ်တို့အသက်ကို ကာကွယ်ဖို့ရန်ပင်လျှင် မုသာမပြောရပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အားဆုချီးမြှင့်မည်ဟူ၍ ယူဆလျှင်ကောင်းသောအရာကို လုပ်ဆောင်ဖို့ရန်အပြစ်မပြုကြပေ။ ကောင်းသောအမှုကိုပြုဖို့ရန် မုသာပြောနိုင်၏ဟူသော ယုံကြည်ချက်သည် မှားယွင်းသော၊ အန္တရာယ်များသော၊ အပြစ်ရှိသောအယူဖြစ်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏မျက်မှောက်တွင် အကျိုးကအကြောင်းကို မှန်ကန် စေပါသလား။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်အားကူညီဖို့ရန်၊ ကောင်းသောအမှုအားပြုဖို့ရန် အကျွန်ုပ်သည၂၂မုသာမပြောမိပါစေနှင့်။

တနင်္လာ၊ ဇန်နဝါရီ (၇)
**ထွက် ၁း၂၂-၂း၈**
ဟေဗြဲ ၁၁း၂၃

*". . . ရှင်ဘုရင်အမိန့်တော်ကိုမကြောက်ဘဲ သုံးလပတ်လုံးသူ့ကို ဝှက်ထားလေ၏"*

# သင်၏သားသမီးတို့ကိုအဘယ်သူကာကွယ်သနည်း

ရှေးဦးစွာဖါရောသည် ဣသရေလလူတို့၏သားဖွားနှုန်းကို ကျဆင်းစေလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့်သူတို့ကိုဖိနှိပ်ခြင်းနှင့်အလုပ်များပြားစေခဲ့၏။ ထို့နောက်တွင် သူသည်ဟေဗြဲဝမ်းဆွဲမတို့ကို အသုံးပြုခြင်းဖြင့် မွေးကင်းစသားယောကျ်ားလေးများကို သတ်ဖို့ရန်ကြိုးစားခဲ့ပြန်၏။ ထိုအကြံအစည်နှစ်ခုလုံးမအောင်မြင်သောအခါ ဖါရောသည်ဟေဗြဲသားယောကျ်ားတို့ကို မြစ်ထဲသို့ပစ်ချရန် အမျိုးသားတို့အားအမိန့်ပေး၏။ ထိုသို့ဖါရောအမိန့်ထုတ်စဉ်တွင် လေဝိလင်မယားတို့သည် သားယောကျ်ားလေးကိုဖွားမြင်ခဲ့ကြ၏။ ထိုသား၏အမည်သည်မောရှေဖြစ်သည်။ မောရှေ၏မိခင်သည် မိမိ၏သားအားအဆင်းလှကြောင်းကိုမြင်၍မြစ်ထဲသို့ပစ်ချခြင်းမှကာကွယ်ရန် ဖွက်ထားဖို့ ဆုံးဖြတ်ခဲ့သည်။ သို့သော်သုံးလကြာပြီးနောက် ရှေ့ဆက်ဖွက်၍မထားနိုင်သောကြောင့် တောင်းငယ်ကိုယူ၍ ရေမဝင်နိုင်အောင် ရေညှိနှင့်သစ်စေးဖြင့်လူးပြီးလျှင် ထိုတောင်းငယ်ထဲတွင် သူငယ်ကိုထည့်၍ မြစ်ကမ်း နားကိုင်းတော၌ထားလေ၏။ ထိုသူငယ်မောရှေ၏အစ်မ၊ မိရိအံသည် အဝေး၌ရပ်လျက် သူငယ်ကို စောင့်ကြည့်၏။ ထိုစဉ်တွင်ထိုအရပ်သို့ ဖါရောမင်း၏သမီးတော်သည် ရေချိုးဖို့ရန် ရောက်လာ၍ ထိုတောင်းကိုမြင်တွေ့ခဲ့၏။ ထိုတောင်းကိုသူမဖွင့်ကြည့်သောအခါ သူငယ်သည်စတင်ငိုယိုခဲ့သည်။ သူမသည် ထိုသူငယ်အား ဟေဗြဲအမျိုးဖြစ်ကြောင်းသိသော်လည်း သနားသောစိတ်ရှိ၏၊ သူငယ်အမမိရိအံသည် ထိုမြင်ကွင်းကိုမြင်၍ သူငယ်ကိုထိန်းဖို့ရန် ဟေဗြဲအထိန်းအားခေါ်ပေးရန် ဖါရောဘုရင်၏သမီးတော် နှင့်သဘောတူညီမှုကိုရရှိခဲ့သည်။

ဤတောင်းထဲ၌ရှိ၍ အကူအညီမဲ့နေသောသူငယ်သည် ဖါရောသမီးတော်၏ ရေချိုးချိန်၌ ပေါ်လာခြင်းနှင့်သူမအားဖြင့် ကယ်တင်ခြင်းရရှိမှုမှာ "ကံကောင်းခြင်း" ဖြစ်သည်ဟုသင်ယူဆပါသလား။ သူငယ်မောရှေငိုယိုခြင်းနှင့် အချိန်ကိုက်ညီစွာ သူ့အစ်မမိရိအံပေါ်လာခြင်းသည် "ကံကောင်းခြင်း" ဖြစ်ပါသလား။ လုံးဝမဟုတ်ပေ။ ထိုသို့ဖြစ်ပျက်အောင် လုပ်ဆောင်သောသူသည် ဘုရားသခင်ပင်ဖြစ်သည်။ မိဘတို့ သင်တို့သားသမီးတို့ကို သင်တို့သည် ကာကွယ်ထောက်ပံ့ကြသည်ဟု ထင်ကောင်းထင်ကြနိုင်၏။ သို့သော်သင်တို့၏သားသမီးတို့သည် သင်တို့မထိန်းချုပ်နိုင်သော အခြေအနေဆိုးတစ်ခုခု၌ ခိုကိုးရာမဲ့စွာ သင်တို့စောင့်ကြည့်နေသောအခါတွင် ဘုရားသခင်တစ်ပါးတည်းသာ သင်တို့၏သားသမီးတို့ကို အမှန်ကာကွယ်နိုင်ကြောင်း သိရှိနားလည်လာလိမ့်မည်။ ဤလောက၌ရှိသောလူတို့ထက် ဘုရားသခင်သည် သင်တို့၏သားသမီးတို့ကို ဂရုစိုက်နိုင်၏။ အကောင်းဆုံးပညာရေးတက်စေခြင်း၊ အကောင်းဆုံးအာမခံချက်စီစဉ်ပေးခြင်း၊ သူတို့၏အနာဂတ်အတွက် ဘဏ္ဍာစုဆောင်းပေးခြင်း၊ အထက်တန်းလွှာတို့နှင့် ဆက်သွယ်ပေးခြင်းတို့သည် သူငယ်တို့အတွက် အဓိကမဟုတ်ပေ။ ဘုရားသခင်က မောရှေ၏မိဘတို့၌ရှိသော ယုံကြည်ခြင်းကို ချီးကျူးခဲ့သည် (ဟေဗြဲ ၁၁း၂၃)။ သင်သည်ဘယ်ကိစ္စမဆို ဘုရားသခင်ထံ မှီခိုရပါမည်။

**ဆင်ခြင်ရန်** - သားသမီးတို့၏အနာဂတ်အတွက် ကျွန်ုပ်ဘာကိုကိုးစားပါသနည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်သည်သားသမီးတို့အတွက် ကျွန်ုပ်တာဝန်ဝတ္တရားကို ကျေပွန်သကဲ့သို့ ကိုယ်တော်ရှင်ကိုသာ အားကိုးဖို့ရန် သင်ကြားပေးတော်မူပါ။

အင်္ဂါ၊ ဇန်နဝါရီ (၈)

**ထွက် ၂း၉-၁၀**

ဆာ ၂

*“ကောင်းကင်ဘုံ၌*
*ထိုင်တော်မူသောသူသည်ပြုံးရယ်၍. . . ”*

# ဘုရားသခင်သည်လူတို့၏အမျက်တော်ကိုပျက်ရယ်ပြု၏

မိရိအံသည် ကလေးချစ်တတ်သောဟေဗြဲအထိန်းတော်ကို ရရှိဖို့ ဖါရော၏သမီးတော်ထံ ခွင့်ပြုချက်ကိုရယူနိုင်ခဲ့၏။ ထိုအချက်က သူငယ်၏မိခင်ရီးယောခေဗက်ကိုယ်တိုင်အား ဖါရော၏ သမီးတော်ကိုယ်စား အထိန်းတော်ဖြစ်လာရန်ဖန်တီးလာ၏။ ဖါရော၏သမီးတော်သည် ရီးယောခေ ဗက်ကို ဆုံတွေ့သောအခါ သူမကသူငယ်အားစောင့်ရှောက်ဖို့ရန်မှာထား၍၊ ထိုထိန်းကျောင်းခ အတွက်ပင်ပေးမည်ဖြစ်ကြောင်း မိန့်ခဲ့သည်။ ရီးယောခေဗက်သည် သူငယ်အားထိန်းကျောင်း၍ အရွယ်ရောက်လာသောအခါ ဖါရော၏သမီးတော်ကသူ့သားတော်အဖြစ် သူငယ်ကိုမွေးစား၏။ သူငယ်ကိုရေထဲမှ ဆယ်ယူခဲ့သည်ဖြစ်သောကြောင့် သူငယ်အား “မောရှေ” (အနက်မှာနှုတ်ယူသည်) ဟူ၍နာမည်မှည့်ခေါ်၏။

ဖါရောသည်ဟေဗြဲလူတို့ကို မိမိတို့၏ကျွန်အဖြစ် ဆက်လက်ထားရှိရန်နှင့်မိမိ၏လူမျိုးတို့ အား ကာကွယ်ရန်လောက်ဖြင့်လူမျိုးတုံးသတ်ဖြတ်ရန် ကြိုးစားခဲ့ခြင်းလော။ ကယ်တင်ရှင်မွေးဖွား လာမည့် ဣသရေလတိုင်းပြည်တည်ထောင်ဖို့ရန်အတွက် ဣသရေလလူမျိုးတိုးပွားခြင်းသည် အလွန် အရေးကြီးကြောင်း ကျွန်ုပ်တို့မှတ်သားရပါမည်။ ထို့ကြောင့်စာတန်သည် ဘုရားသခင်၏ကယ်တင် ခြင်းအကြံအစည်ကို ဟန့်တားဖို့ရန်အတွက် ဤလူမျိုးနွယ်စုကို ဖယ်ရှားရပါမည်။ သို့သော်ဘုရား သခင်သည် ထိုတိုင်းပြည်မှ ဣသရေလလူမျိုးအား ဦးဆောင်ခေါ်ထုတ်ဖို့ရန် လူတစ်ဦးကိုထွက်ပေါ် စေခဲ့သည်။ စာတန်ဖြစ်စေ၊ လောကတွင်အင်အားအကြီးဆုံးဘုရင်ဖြစ်စေ၊ ဘုရားသခင်၏အကြံ အစည်ကိုရပ်ဆဲစေ၍ မရနိုင်ပေ။ ဖါရောသည် ဟေဗြဲယောကျ်ားသူငယ်မွေးဖွားခြင်းကို မဖိနှိပ်နိုင် သောကြောင့် အလွန်အမျက်ထွက်ခဲ့၏။ သူသည်မိမိ၏လူတို့ကိုအသုံးပြု၍ ဟေဗြဲသူငယ်ယောကျ်ားတို့ အား သတ်ဖို့ရန်ရက်စက်ကြမ်းကြုတ်သောအစီအစဉ်ကို ဖန်တီးခဲ့၏။ ဟေဗြဲသူငယ်ယောကျ်ားတစ်စုံ တစ်ဦးလွတ်မြောက်နိုင်ခဲ့ပါသလား။ လူ၏ဆိုးညစ်သောအကြံကို ဘုရားသခင်သည်လွယ်ကူစွာပယ် ချခဲ့သည်။ ဘုရားသခင်သည် မောရှေ (ထွက်မြောက်ခြင်း၏အနာဂတ်ခေါင်းဆောင်) အားကယ်တင် ရန် ဖါရော၏သမီးကိုယ်တိုင်ကိုသာ အသုံးပြုခဲ့ခြင်းမဟုတ်ဘဲ ထိုသူငယ်အားကျွေးမွေးစောင့်ရှောက် ဖို့ရန် ဖါရော၏ငွေကြေးကိုပင် အသုံးပြုခဲ့၏။ ထို့ပြင်မောရှေသည် ဖါရော၏ရွှေနန်းမှာ်က်၊ နန်းတော် တွင်ပင်နေထိုင်လာပြီး ပညာတော်ကိုသင်ကြားခဲ့၏ (တမန် ၇း၂၁-၂၂)။ မောရှေအား ချီးမြှောက်ဖို့ ရန် ဖါရော၏စည်းစိမ်ဥစ္စာကို အသုံးပြုခဲ့ရ၏။ မောရှေသည် ဘုရားသခင်၏လူတို့အား ပင်လယ်နီ ကို ခွဲ၍တစ်ဖက်ကမ်းသို့ ဦးဆောင်လိမ့်မည်။ သင်သည်ဘုရားသခင်ကိုနာခံ၍ အလိုတော်ကိုလိုက် လျှောက်သောကြောင့် သင့်အားဆန့်ကျင်သည့် ဆိုးညစ်သောအကြံအစည်ကို စိုးရိမ်မှုရှိသေးသလား။

**ဆင်ခြင်ရန်** - သူ၏အကြံအစည်ကိုဖျက်ဆီးဖို့ရန် လုပ်သောလူ၏စီမံချက်တို့ကို ဘုရားသခင် ပျက်ရယ်ပြုလိမ့်မည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်သည်ပညာရှိ၍ တန်ခိုးကြီးမားသောသူဖြစ်သော ကြောင့် အကျွန်ုပ်သည်ကိုယ်တော်ကို ကိုးစားပါ၏။

**ထွက် ၂း၁၁-၂၂**

တမန် ၇း၂၀-၂၉

*“. . . သူရဲသည်လည်း ခွန်အားကြီး သောအားဖြင့်ကယ်လွှတ်ခြင်းသို့မရောက်”*

# သူရဲကောင်းမှသူညသို့

မောရှေသည်အသက်လေးဆယ်ရောက်သောအခါ (တမန် ၇း၂၃) တွင် မိမိ၏ဟေဗြဲ ညီအစ်ကိုတို့ထံသို့ သွားရောက်လည်ပတ်ခဲ့၏။ ဤအချက်ကမောရှေသည် မိမိ၏မူလဇစ်မြစ်ကိုသိခဲ့ကြောင်း ထင်ရှားစေ၏။ သူသည်သူ့အမျိုးသားချင်းတို့၏ ဝန်ထုပ်ကိုမြင်တွေ့ချင်ခဲ့သည်။ သူသည်မိမိ၏အမျိုးသားချင်းတစ်ဦးအား အဲဂုတ္တုလူရိုက်နှက်သည်ကိုမြင်တွေ့သောအခါ၊ ထိုသူအားကယ်ဖို့ရန် ချဉ်းကပ်လာ၏။ ထိုပတ်လည်တွင် တခြားသောအဲဂုတ္တုလူတို့မရှိကြောင်း သိ၍ ထိုလူအားသတ်ပြီးလျှင် မြှုပ်ထား၏။ နောက်တစ်နေ့တွင် ဟေဗြဲအမျိုးသားချင်းရိုက်ပုတ်သည်ကို တားဆီးဖို့သူကြိုးစားရာတွင် သူတို့အားအနိုင်ကျင့်သည့် အဲဂုတ္တုလူထံမှ ကယ်တင်သူ သူရဲကောင်းအဖြစ် ဂုဏ်ပြုရမည့်အစား သူ့အားစိန်ခေါ်သည်မှာ- “အဘယ်သူသည် သင့်ကိုငါတို့အပေါ်မှာ အကဲအမှုးတရားသူကြီးအရာ၌ ခန့်ထားသနည်း။ အဲဂုတ္တုလူ၏အသက်ကိုသတ်သကဲ့သို့ ငါ့ကိုသတ်မည်လော” ဟူ၍ဖြစ်၏။ မောရှေက သူပြုသောအမှုမှာ ထင်ရှားခဲ့သည်ကိုနားလည်သဘောပေါက်၏။ ထိုအကြောင်းအရာကို ဖါရောကြားသောအခါ မောရှေကိုသတ်ခြင်းငှါ ရှာကြံလေ၏။ မောရှေသည်မိဒျန်ပြည်သို့ထွက်ပြေး၍ ရောက်လာသောအခါ အချို့သောသိုးထိန်းတို့သည် ရွေလ၏သမီးခုနစ်ဦးတို့အား ရေတွင်းမှနှင်ထုတ်ဖို့ရန် ကြိုးစားနေကြကြောင်းကို မြင်တွေ့လျှင် ထိုမိန်းမတို့ကို ကာကွယ်ပေးခဲ့၏။ ရွေလကလည်း မောရှေအား သူတို့နှင့်အတူနေဖို့ရန် ဖိတ်ခေါ်ခဲ့၏။ မောရှေသည် ဇိပေါရနှင့်ထိမ်းမြား၍ သားယောကျ်ားလေးဂေရရှုံအားဖွားမြင်လေ၏။

မောရှေသည်မိမိ၏အမျိုးသားချင်းတို့နှင့်ပတ်သက်ရန် ရှာကြံခဲ့၏။ မောရှေသည် ဖါရော၏ခြံဝင်း၌ရှိစဉ်တွင် “နှုတ်သတ္တိ၊ လက်သတ္တိ” တို့နှင့် (တမန် ၇း၂၂) ပြည့်ဝသောကြောင့် မိမိလူတို့ကိုကျွန်ဘဝမှကယ်တင်နိုင်မည်ဟု ထင်မှတ်ခဲ့၏။ သူ၏နှုတ်စွမ်းအားဖြင့် သူ့အမျိုးသားတို့အတွက် ကျွမ်းကျင်စွာပြောဆိုကောင်းပြောဆိုနိုင်၏။ ထို့နည်းငှင်း သူ၏ရာထူးအဆင့်မြင့်မားခြင်းက သူ့အမျိုးသားတို့အတွက် အရေးပါသောအရာကိုဆောင်ရွက်ပေးကောင်းပေးနိုင်၏။ ဖါရော၏ခြံဝင်း၌ရှိနေစဉ် မိမိ၏ထင်ပေါ်ကျော်ကြားသောအဆင့်နှင့် မိမိ၏လေးဆယ်နှစ်ဟူသောအရွယ်တို့က မိမိအမျိုးသားချင်းတို့ကို ညှင်းဆဲခြင်းဒဏ်မှကယ်တင်နိုင်မည်ဟု ယုံကြည်မှုကိုပေး၏။ မောရှေအနေဖြင့် မိမိသည်ဟေဗြဲတို့၏သူရဲကောင်းဖြစ်နိုင်၏ဟူ၍ထင်ကောင်းထင်နိုင်၏။ သို့သော်သူသည် မိမိအမျိုးသားချင်းတို့အား အကူအညီပေးနိုင်သည့် တန်ခိုးအာဏာမရှိတော့ဘဲ ဝရမ်းပြေးတစ်ဦးဘဝသို့ ရောက်နေကြောင်းကိုသိမြင်၏။ ဘုရားသခင်သည်ကျွန်ုပ်တို့အား အသုံးပြုရန်ရည်ရွယ်ထားလျှင်ပင် ကျွန်ုပ်တို့သည် မိမိတို့၏ရာထူး၊ အောင်မြင်မှုများ၊ အရည်အသွေးများ၊ ဘွဲ့များနှင့်သင်တန်းတက်ရောက်မှုများစသည်တို့ကို ကိုးစားလျက် အမှုတော်ကိုအောင်မြင်နိုင်မည်ဟု ယူဆသောအခါ ဘုရားသခင်သည်ထိုအရာတို့ကြောင့် ကျွန်ုပ်တို့အား အသုံးပြုဦးမည်မဟုတ်ပေ။ မောရှေသည် မိမိကိုယ်ကိုဆန်းစစ်ခဲ့သည်။ ဤအချက်တွင် ကျွန်ုပ်တို့အတွက် သင်ခန်းစာတစ်ခုမှာ မိမိကိုယ်ကိုစိတ်ချယုံကြည်ခြင်းကကျွန်ုပ်တို့အား အသုံးမရသောသူဖြစ်စေ၏။ ခက်ခဲသောနည်းလမ်းကို သင်ကြားဖို့မရွေးချယ်ကြပါနှင့်။

**ဆင်ခြင်ရန်** - ကျွန်ုပ်၌အောင်မြင်မှုများနှင့်မြင့်မားသောပညာရှိကောင်းရှိနေလိမ့်မည်။ သို့သော် ကျွန်ုပ်သည် နှိမ့်ချမှုမရှိလျှင် ထိုအရာတို့သည် ဘုရားသခင်အတွက် အသုံးမဝင်သောအရာတွေသာဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်တို့သည် ကိုယ်တော်အတွက် အသုံးဝင်သောသူဖြစ်ဖို့ရန် အကျွန်ုပ်အား နှိမ့်ချစေတော်မူပါ။

ကြာသပတေး၊ ဇန်နဝါရီ (၁၀)

**ထွက် ၂း၂၃-၂၅**

ကမ္ဘာ ၁၅း၁၊ ၁၃-၁၆

*"...ငါသည်သင်၏အကွယ်အကာဖြစ်၏၊ သင်၏အကျိုးသည်အလွန်ကြီးလှ၏"*

## ပဋိညာဉ်စောင့်ထိန်းသောဘုရားသခင်

ကာလအတန်ကြာပြီးမှ၊ အဲဂုတ္တုရှင်ဘုရင်သည် အနိစ္စရောက်လေ၏။ သို့သော် ဟေဗြဲလူတို့သည် ရက်စက်စွာ ကျွန်ပြုခြင်းကိုခံနေရသေး၏။ အဲဂုတ္တုပြည်၌ရှင်ဘုရင်သစ်နန်းတက်ရာတွင် မိမိတို့၏ဂရုဏာကိုပြသသည့်အနေဖြင့် ထောင်သားတို့အား လွတ်ငြိမ်းချမ်းသာခွင့်ကိုငင်း၊ အစေခံကျွန်တို့ကို လွှတ်ခြင်းကိုငင်း ပေးခဲ့ပုံပေါ်၏။ နှစ်ပေါင်းလေးဆယ်ကျော်ကြာကျွန်ကျခံရပြီးသော ဟေဗြဲလူတို့သည် ဤရှင်ဘုရင်သစ်နန်းတက်ခြင်းက ကျွန်ခံရခြင်းအဆုံးသတ်၍ လွတ်မြောက်ခြင်းအလင်းယူဆောင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြလိမ့်မည်။ သို့သော်သူတို့မျှော်လင့်သကဲ့သို့ လွတ်ငြိမ်းခွင့်မရှိပေ။ ထိုအချက်က သူတို့အားအလွန်ဝမ်းနည်းစေ၍ ညည်းတွားငိုကြွေးခြင်းကို တိုးပွားစေ၏။ ထိုသူတို့၏ ရက်စက်၍ကြာရှည်သောကျွန်ပြုခံရခြင်းထဲက ငိုကြွေးမြည်တမ်းခြင်းကို ဘုရားသခင်ကြားတော်မူ၏။

ထို့နောက်သမ္မာကျမ်းစာထဲတွင် "ဘုရားသခင်အောက်မေ့တော်မူ၏" ဟူသောစကားစုကို အသုံးပြုသောအခါ ဘုရားသခင်သည် အချို့သောအရာတို့ကို မေ့ပစ်သည်ဟုမဆိုလိုပေ။ သူသည် တစ်ချိန်တည်း၌အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်၌ဖြစ်သောအကြောင်းအရာတို့ကို သိရှိတော်မူ၏။ ဘုရားသခင်သည် အာဗြဟံနှင့်ပြုသောပဋိညာဉ်ကို နှစ်ပေါင်း ၄၃၀ ကြာပြီးနောက်တွင်လည်း မေ့လျော့ခြင်းမရှိပေ။ အာဗြဟံနှင့်ပြုသော ပဋိညာဉ်ကိုသာ အောက်မေ့ခြင်းမဟုတ်ဘဲဣဇာက်နှင့်ယာကုပ်တို့နှင့်ပြုသောပဋိညာဉ်ကိုလည်း အောက်မေ့တော်မူ၏။ ထိုကတိတော်သည် အလွန်တိကျသောပဋိညာဉ်ဖြစ်၏။ ထိုပဋိညာဉ်သည် အာဗြဟံမျိုးဆက်အားဖြင့် လူသားအားလုံးကို ကောင်းကြီးပေးဖို့ကတိတော်ကိုရည်ညွှန်းထား၏။ ထိုအရာသည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်၏မျိုးဆက်အားဖြင့် ဆင်းသက်လာမည့်လူသားတို့၏ ကယ်တင်ရှင်ကောင်းကြီးမင်္ဂလာအကြောင်းဖြစ်၏။ ယာကုပ်၏မျိုးဆက်တို့သည် မေရှိယဆင်းသက်လာမည့်တိုင်းပြည်အား တည်ထောင်ဖို့ရန် အဲဂုတ္တုပြည်အား စွန့်ခွာရမည့်အကြောင်းဖြစ်သည်။ ဤပဋိညာဉ်သည် ကျေးဇူးတော်ပဋိညာဉ်ဖြစ်၏။ ဘုရားသခင်သည် ကမ္ဘာ ၃း၁၅ တွင် အာဒံထံ၌ ပြုသောပဋိညာဉ်ကို မမေ့ပစ်ခဲ့ပေ။ အာဗြဟံ၊ မောရှေနှင့်ဒါဝိတ်တို့နှင့် ပြုသောပဋိညာဉ်တို့မှာ ကျေးဇူးတော်ပဋိညာဉ်ဖြစ်ကြ၏။ ဤထွက်မြောက်ရာကျမ်း ၂း၂၃-၂၅ တွင် ပဋိညာဉ်ကို စောင့်ထိန်းသည့်နာမဖြစ်သော "ထာဝရဘုရား" (LORD) အစား၊ "ဘုရားသခင်" (God-Elohim) ကိုထပ်ခါထပ်ခါအသုံးပြုထားပါသည်။ ဘုရားသခင်ဟူသောနာမက သူ့တန်ခိုးတော်ကို သတိ ရစေ၏။ ကယ်တင်ခြင်းခံရဖို့မိမိလူတို့ ငိုကြွေးကြသောအခါတွင် သူကယ်တင်ပေးနိုင်ခဲ့၏။ ကျွန်ုပ်တို့ ဖတ်ရှုကြသောအရာမှာမေရှိယမွေးဖွားလာဖို့ရန်အတွက် အကြံအစည်ကို ဘုရားသခင်အကောင် အထည်ဖော်ခြင်းအကြောင်းဖြစ်ပါ၏။

**ဆင်ခြင်ရန်** - ကမ္ဘာဦးကျမ်းကတည်းကစ၍ ဘုရားသခင်သည် မိမိ၏ကတိတော်တို့ကို စောင့်ထိန်းခဲ့သောကြောင့် ကျွန်ုပ်တို့ကယ်တင်ခြင်းခံရ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊အကျွန်ုပ်သည် ကိုယ်တော်ရှင်အား ချစ်ဖို့ရန်နှင့်အစေခံရန်ဟူသော ကတိကို စောင့်ထိန်းနိုင်ရန် ကူညီတော်မူပါ။

သောကြာ၊ ဇန်နဝါရီ (၁၁)

**ထွက် ၃း၁-၁၀**

တမန် ၇း၃၀-၃၂

*“. . . နုတ်ပယ်ဖြိုချဖျက်ဆီးမှောက်လှဲရသော အခွင့်၊ တည်ဆောက်စိုက်ပျိုးရသောအခွင့်. . . ”*

## ဘုရားသခင်၏ခေါ်တော်မူခြင်း

မောရှေသည် ဟောရပ်တောင်၏အနောက်ဘက်တွင် သိုးကျောင်းနေစဉ်၊ ချုံမကျွမ်းဘဲ မီးတောက်နေသောချုံအား စုံစမ်းလေ့လာချင်သောစိတ်ပြင်းပြခဲ့သည်။ ထိုချုံကို ချဉ်းကပ်စဉ် ဘုရားသခင်၏ကောင်းကင်တမန် (ထိုသူသည်သခင်ယေရှုကိုယ်တိုင်ဖြစ်၏) က သူ့အားနာမည်ဖြင့်ခေါ်ခြင်းကို ကြားလိုက်၍ “အကျွန်ုပ်ရှိပါ၏” (ထွက် ၃း၄) ဟူ၍သူတုံ့ပြန်ခဲ့၏။ သခင်ဘုရားကလည်း “ငါသည် သင့်အဘ၏ဘုရား၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်ဟူ၍ဧငင်း မိန့်တော်မူ၏” (ထွက် ၃း၆)။ သခင်ဘုရားက ဣသရေလလူတို့အား ကယ်တင်၍အလွန်ကြွယ်ဝသောပြည်သို့ ပို့ဆောင် ပေးရန် ဆင်းသက်လာကြောင်းကို မောရှေအားမိန့်တော်မူ၏။ ထွက်မြောက်ရာကျမ်း ၃း၁၀ တွင် “ယခုသွားလော့။ သင်သည် ငါ၏လူ. . . . တို့ကို . . . နှုတ်ဆောင်မည်အကြောင်း . . . ငါစေလွှတ်မည်” ဟူ၍ဘုရားသခင်၏ လူတို့ကိုဦးဆောင်ဖို့ရန် အထူးခေါ်တော်မူခြင်းကို တွေ့ရ၏။

ထိုအချိန်တွင် မောရှေသည် အသက်ရှစ်ဆယ်ဖြစ်၏ (တမန် ၇း၃၀)။ လူတို့သည် မိမိတို့၏ ဆင်းရဲဒုက္ခကြောင့် အဲဂုတ္တုပြည်မှ ကယ်တင်ရန်ငိုကြွေးခဲ့ကြသည်။ ဘုရားသခင်သည် မောရှေအား ကွယ်ကာပေးခဲ့ပြီး၊ အဲဂုတ္တုပြည်မှ လူနှစ်သန်းထက်များသောလူအုပ်ကို ဦးဆောင်ခြင်းဟူသော ကြီးမားသောအလုပ်ကိုထမ်းဆောင်ရန် ယခုခေါ်ခြင်းခံရ၏။ မောရှေအားခေါ်ခြင်းမှာ လူသားတို့အတွက် ဘုရားသခင်၏ကယ်တင်ခြင်းအစီအစဉ်၏အဓိကသော့ချက်ဖြစ်သည်။ မောရှေအတွက် ထိုလမ်းသည် ရှေ့လျှောက်အလွန်ခက်ခဲမည်ကို ဘုရားသခင်သိတော်မူ၏။ ထို့ကြောင့် မောရှေသည် အခက်အခဲများကိုကြုံတွေ့သောအခါတွင် အရှုံးမပေးဖို့ရန်နှင့် သံသယကင်းရန်အတွက် ဘုရားသခင်၏ခေါ်ခြင်းကိုသေချာစေရပါမည်။ နောက်ပိုင်းတွင် မောရှေသည် လူတို့၏လည်ပင်းခိုင်မာမှုနှင့် ဆန့်ကျင်ပုန်ကန်မှုတို့ကို သည်းခံခဲ့ကြောင်းမြင်တွေ့ရလိမ့်မည်။ ကျွန်ုပ်တို့အသက်တာတွင် ဘုရားသခင်၏ခေါ်ခြင်းကိုသေချာသိရှိရန် အလွန်အရေးကြီးသည်။ ဘုရားသခင်ခေါ်သောနေရာ၌ ကျွန်ုပ်တို့လုပ်ဆောင်သောအခါ စိန်ခေါ်မှုတိုင်းတွင် ဘုရားသခင်ကူညီမည်မှာသေချာ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ထားသောအရပ်၌နေ၍ လုပ်စေလိုသောအရာတို့ကို ဆောင်ရွက်သောအခါ ထိုအရာအတွက် လိုအပ်သောအရာတို့ကို သူစေကန်အမှန်ပေးလိမ့်မည်။ အရာရာတိုင်းကို သည်းခံနိုင်ရန် သူ့ကျေးဇူးတော်ကို ကျွန်ုပ်တို့အားမျှဝေလိမ့်မည်။ အမှုတော်ထမ်းရွက်ဖို့ရန် သင့်အားဘုရားသခင်ခေါ်လျှင် သူနေစေချင်သောအရပ်နှင့်စေခိုင်းသောအလုပ်ကို သေချာသိရပါမည်။ အခြားသူတစ်ဦး၏အမှုတော်အား ယှဉ်ပြိုင်ဖို့မလုပ်ပါနှင့်။ သင်ကိုယ်တိုင်မိမိ၏ခေါ်ခြင်းကို သေချာစေလော့။ ဤအချက်သည်စိတ်ပျက်စရာမှန်တိုင်းကျရောက်သောအခါ ရင်ဆိုင်နိုင်မည့်တစ်ခုတည်းသောအချက်ဖြစ်၏။ ခရစ်ယာန်တိုင်းသည် ဘုရားသခင်ထားသောနေရာတိုင်း၌ ဘုရားသခင်၏အချိန်ပြည့် အမှုတော်ဆောင်များဖြစ်ကြ၏။ သင်၏ခေါ်ခြင်းကိုသေချာသိ၍ အမှုဆောင်ရွက်လော့။ ထိုသို့ပြုလျှင် သင့် အသက်တာ၌ဘုရားသခင်သည် မိမိနိုင်ငံတော်အတွက် အလုပ်လုပ်နေသည် ကိုမြင်တွေ့ရလိမ့်မည်။

**ဆင်ခြင်ရန်** - နေ့စဉ်လိုအပ်သောအစာအတွက် ဘုရားသခင်ကိုကျွန်ုပ်ကိုးစားပါမည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အသက်မွေးလောက်သောအစာကို နေ့ရက်စဉ်တိုင်း အကျွန်ုပ်အား ပေးသနားတော်မူပါ။

စနေ၊ ဇန်နဝါရီ (၁၂)
**ထွက် ၃း၁၁-၁၂**
ယော ၃း၂၆-၃၅

*“ထိုသခင်သည် တိုးပွါးခြင်းရှိရမည်၊ ငါမူကားဆုတ်ယုတ်ခြင်းရှိရမည်”*

## သူညသည်ယခုအဆင်သင့်ဖြစ်၏

ဘုရားသခင်ကသူသည်မည်သူဖြစ်၍ သူ့လူတို့အတွက်အကြံအစည်တို့ကို ဖော်ပြပြီးနောက် အဲဂုတ္တုပြည်မှမိမိလူက္ကသရေလလူတို့အား ခေါ်ထုတ်ဖို့ရန်မောရှေကို မိန့်တော်မူ၏။ သဲကန္တာရထဲတွင် နှစ်ပေါင်းလေးဆယ်သိုးကျောင်းပြီးနောက် မောရှေ၏အဖြေမှာ မည်သို့ဖြစ်သနည်း။

မောရှေအားသူ၏လူတို့အတွက် ခေါင်းဆောင်အဖြစ် ဘုရားသခင်ခန့်ထားရာတွင် မောရှေက အဦးဆုံးတုန့်ပြန်မြွက်ဆိုသည်မှာ “အကျွန်ုပ်သည် အဘယ်သို့သောသူနည်း” (ထွက် ၃း၁၀)။ မောရှေက သူသည်သာမညလူ၊ ဘာမျှမဟုတ်သောသူဖြစ်သည်ဟုခံစားရ၏။ မောရှေက အဲဂုတ္တုပြည်မှ က္ကသရေလလူတို့ကို ဦးဆောင်ခေါ်ထုတ်ဖို့ရန်နှင့်ဖါရောဘုရင်ကို သွားရောက်တွေ့ဆုံဖို့ရန် မိမိသည် အဘယ်သူဖြစ်သနည်းဟူ၍ဘုရားသခင်ကိုမေးခဲ့၏။ နှစ်ပေါင်းလေးဆယ်ကြာအကောင်းဆုံးသင်တန်းတက်ရောက်ခဲ့၍ ဖါရော၏နန်းတော်၌အောင်မြင်ခဲ့စဉ်အချိန်က မောရှေလိုချင်ခဲ့သောအရာသည် ဤအရာမဟုတ်ခဲ့ဘူးသလော။ ထိုအချိန်က မောရှေသည် က္ကသရေလလူတို့ကို ဦးဆောင် ကယ်တင်ဖို့ရန် အဆင်သင့်ဖြစ်ခဲ့သည်ဟု ထင်မှတ်ခဲ့၏။ သူတို့၏သူရဲကောင်းဖြစ်ချင်ခဲ့၏။ မောရှေ၌ပြောင်းလဲမှုဖြစ်ပေါ်ခဲ့၏။ ဘုရားသခင်ကမောရှေအား ပြင်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ မောရှေသည်ယခုတွင် ဘုရားသခင်၏အသုံးတော်ခံဖြစ်ရန် အသင့်ဖြစ်ခဲ့ပြီ။ သူသည်နှစ်သန်းထက်များစွာသောလူတို့ကို ဦးဆောင်ဖို့ရန်အသင့်ဖြစ်ခဲ့ပြီ။ လွန်ခဲ့သောနှစ်လေးဆယ်လောက်က ဘုရားသခင်သည် မောရှေအား အဘယ်ကြောင့် အသုံးမပြုခဲ့ပါသနည်း။ ဖါရော၏နန်းတော်တွင် တန်ခိုးအာဏာရှိသောအခြေအနေနှင့် ဂုဏ်အဆင့်မြင့်မားသော သင်တန်းတို့သည် မောရှေအား အဆင်သင့်မဖြစ်စေခဲ့သလော။ မဖြစ်စေခဲ့ပေ။ အကြောင်းမှာ မောရှေသည် မိမိကိုယ်ကို အလွန်အားကိုးခဲ့ခြင်းကြောင့်ဖြစ်၏။ သဲကန္တာရထဲတွင် နှစ်လေးဆယ်ကြာသိုးထိန်းခြင်းက မောရှေအားနှိမ့်ချစေခဲ့သည်။ မောရှေသည်ဘုရားသခင်၏ အသုံးတော်ခံရန် မိမိသည် အချည်းနှီးသာ ဖြစ်ကြောင်းကိုသိဖို့ရန် လိုအပ်ခဲ့သည်။ ဤအချက်သည် ကျွန်ုပ်တို့အတွက်လည်းဖြစ်၏။ ကျွန်ုပ်တို့သည်ဘုရားသခင်ရှေ့တော်၌ ဘာမျှမဟုတ်သောသူဖြစ်ကြောင်းကို မသိရှိကြလျှင် မာန်မာနထောင်လွှားကြလိမ့်မည်။ ဘုရားသခင်၏အသုံးတော်ခံ ဖြစ်ဖို့ရန် မိမိတို့၏အတွေ့အကြုံနှင့်သင်ကြား လေ့လာခြင်းတို့က အံ့ကိုက်ဖြစ်စေသည်ဟု ထင်မှတ်ကြလိမ့်မည်။ ထို့ပြင်ကျွန်ုပ်တို့သည် အောင်မြင်ခြင်းရလျှင်ဘုရားသခင်၏ဘုန်းတော်ကို ခိုးယူကြလိမ့်မည်။ ယခု တွင် ဘုရားသခင်က မောရှေအား “ယခုတွင်ငါသည်သင်နှင့်အတူရှိလိမ့်မည်” (ထွက်က ၃း၁၂) ဟု ပြန်၍မိန့်တော်မူခဲ့၏။ ဤအချက်ဖော်ပြသည်မှာ မောရှေသည်အဘယ်သူဖြစ်ကြောင်း အဓိကမထားဘဲ သူနှင့်အတူရှိသောသူသာအဓိကဖြစ်ကြောင်း မောရှေအားအသိပေးခြင်းဖြစ်သည်။ မိမိကိုယ်ကိုယုံကြည်မှုသည်အောင်မြင်မှုအတွက် အဓိကကျကြောင်းလောကီလူတို့က အလေးထား၏။ သို့ သော်ကျွန်ုပ်တို့သည် မိမိကိုယ်ကိုစိတ်ချယုံကြည်မှုအပြည့်ထားခြင်းထက် သုညဖြစ်ကြောင်းကို အမှန် သိရှိကြလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့အားအသုံးပြုမည်မှာသေချာ၏။ ကျွန်ုပ်တို့သည် အောင်မြင်လျှင်လည်း “ကျွန်ုပ်သည်ဘာမျှမဟုတ်” ဟူ၍အမှတ်ရနေသမျှကာလပတ်လုံး ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည်အဘယ်သို့သောသူတို့အား အသုံးပြုရန်ရွေးချယ်သနည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်သည်ဘာမျှမဟုတ်သောသူဖြစ်ကြောင်း သဘောပေါက်ရန် လိုအပ်သောအရာကို ဆောင်ရွက်တော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၁၃)

**ထွက် ၃း၅**

ယောရှု ၅း၁၃-၁၅

*"... သင်နင်းသောအရပ်ကား သန့်ရှင်းသောမြေဖြစ်သည်"*

## သင်၏ခြေနင်းကိုချွတ်လော့

မောရှေသည်မီးမလောင်ဘဲ ချုံထဲထွက်သောမီးလျှံကိုချဉ်းကပ်ခြင်းမှာ သိချင်စိတ်ပြင်းပြခြင်းကအစပြုခဲ့၏။ သို့သော် မောရှေအားဘုရားသခင်ခေါ်ခြင်းမှာ "မောရှေ၊ မောရှေ" (ထွက် ၃း၄) ဟုနှစ်ကြိမ်တိုင်ခေါ်ခြင်းကြောင့် တမင်ရည်ရွယ်ချက်ဖြင့်ခေါ်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် မောရှေအားသူနှင့်တွေ့ဆုံစေလို၏။ ဘုရားသခင်၏ဖိတ်ခေါ်ခြင်းကို မောရှေက "အကျွန်ုပ်ရှိပါ၏" ဟူ၍ထူးသော်လည်း ဘုရားသခင်က မောရှေအားမချဉ်းကပ်ဖို့ရန်နှင့် ခြေနင်းကိုချွတ်ရန်မိန့်တော်မူ၏။

ဘုရားသခင်သည်မောရှေအားထိုသို့မိန့်တော်မူခြင်း၏အကြောင်းရင်းမှာ မောရှေရပ်နေသောမြေသည် "သန့်ရှင်းသောမြေ" ဖြစ်၏ (ထွက် ၃း၅)။ မောရှေအတွက်ဘုရားသခင်၏ရည်ရွယ်ချက်မှာ သူနှင့်တွေ့ဆုံဖို့ရန်ဖြစ်သော်လည်း မောရှေသည်ဘုရားသခင်အားပုံမှန်ရင်းနှီးကျွမ်းဝင်မှုသာမဟုတ်ဘဲ သတိနှင့်ချဉ်းကပ်ဖို့လိုကြောင်းကို သင်ယူစေခဲ့၏။ ခြေနင်းကိုဖယ်ရှားခြင်းက နှိမ့်ချခြင်းကိုဖော်ပြ၏။ မောရှေရပ်သောမြေသည် ပင်ကိုယ်အားဖြင့်သန့်ရှင်းသည်မဟုတ်ပေ။ ထိုမြေကို သန့်ရှင်းသောမြေဖြစ်စေသည်မှာ ဘုရားသခင်ကိုယ်တိုင်တည်ရှိခြင်းကြောင့်ဖြစ်သည်။ ဟောရပ်တောင်ပေါ်သည် ဤအဖြစ်အပျက်ဖြစ်ခဲ့ပြီးနောက်သော်၎င်း၊ မဖြစ်ခင်ကသော်၎င်း၊ အမြဲသန့်ရှင်းနေသည့်အရပ်မဟုတ်ပေ။ "ကျွန်ုပ်တို့သည်ဝတ်ပြုခြင်းနှင့်ဆုတောင်းခြင်းတွင် ဘုရားသခင်အားမည်သို့ချဉ်းကပ်ရမည်နည်း" ဟူသောသင်ခန်းစာဖြစ်၏။ ဘုရားသခင်သည် အလွန်သန့်ရှင်းတော်မူ၏။ ကျွန်ုပ်တို့သည် မည်သူဖြစ်ကြောင်းကို၎င်း၊ ဘုရားသခင်သည် မည်သူဖြစ်ကြောင်းကို၎င်း အမြဲသတိရပါမည်။ ကျွန်ုပ်တို့သည်မှန်သောနှိမ့်ချခြင်းနှင့် ရိုသေလေးစားခြင်းရှိရပါမည်။ ဘုရားသခင်က ကျွန်ုပ်တို့အားသူ့ထံသို့ ရဲဝံ့စွာဖြင့်သွားရောက်ဖို့ရန် (ဟေဗြဲ ၄း၁၆) ဖိတ်ခေါ်ရာတွင် ကျွန်ုပ်တို့သည် ပမာမခန့်ဘဲသွားရောက်နိုင်သည်ဟုမဆိုလိုပေ။ ဤအချက်က ကျွန်ုပ်တို့သည်ဘုရားသခင်ထံသို့ စိတ်ချယုံကြည်မှုဖြင့်သွားရောက်နိုင်ကြောင်းကိုဆိုလို၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် သူ့ထံသို့ချဉ်းကပ်သောကြောင့်ဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်အား နောက်ကျခြင်းသည် ဘုရားသခင်အားရိုသေလေးစားမှုမရှိခြင်းကိုပေါ်လွင်စေ၏။ ကျွန်ုပ်တို့၏ဝတ်စားဆင်ယင်မှုက စိတ်နေစိတ်ထားကိုထင်ဟပ်စေ၏။ အချို့လူတို့၏ယဉ်ကျေးမှုတွင် တစ်စုံတစ်ဦး၏အိမ်ထဲသို့မဝင်ရောက်မီ ခြေနင်းချွတ်ခြင်းက ကျွန်ုပ်တို့၏ရိုသေလေးစားမှုကိုပြသရာရောက်၍ ဘုရားသခင်ထံသို့ကျွန်ုပ်တို့ချဉ်းကပ်လာသောအခါ ထိုကဲ့သို့သောရိုသေလေးစားကြည်ညိုမှုရှိရပါမည်။ ကျွန်ုပ်တို့သည်မိမိတို့အလုပ်ရှင်တို့ထံသို့ နောက်ကျ၍သော်၎င်း၊ ဆင်ခြေမဲ့စွာဝတ်စား၍သော်၎င်းမသွားရောက်ပေ။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့သည် "သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း အနန္တတန်ခိုးရှင်" ဟူ၍ချီးမွမ်းကြသော ကျွန်ုပ်တို့၏ဘုရားသခင်ရှေ့သို့ အဘယ်ကြောင့်ပြုကြသနည်း။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်သော်၎င်း၊ မိသားစုဘုရားရှိခိုးခြင်း အစီအစဉ်သော်၎င်း၊ မဆင်မခြင်ဝတ်စားဆင်ယင်လျက် အမြဲနောက်ကျနေသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်သည်ကိုယ်တော်အား ရိုသေလေးစားမှုကိုပြသရန်နှင့် ကိုယ်တော့်ရှေ့၌ နှိမ့်ချရန်ဆုံးဖြတ်ပါ၏။

**ထွက် ၃း၁၁-၂၂**

ဧ ၃း၂၀-၂၁

*"... ဘုရားသခင်သည် အမှန်... လိမ့်မည်"*

## အစေခံဖို့ရန်ဆင်ခြေမပေးပါနှင့် (၁)

ကျွန်ခံရသောဟေဗြဲလူတို့ (တိုင်းပြည်တည်ထောင်ရန်လုံလောက်သော) သည် ကယ်တင်ခြင်းအတွက် ငိုကြွေးကြ၏။ ကယ်တင်ရှင်ဆင်းသက်လာမည့် ဣသရေလတိုင်းပြည်တည်ထောင်ဖို့ရန် ဘုရားသခင်၏အကြံအစည်ကဣသရေလလူတို့အား အဲဂုတ္တုပြည်မှကတိတော်ပြည်သို့ခေါ်ဆောင်ဖို့ရန် တောင်းဆို၏။ ဘုရားသခင်က ဤလုပ်ငန်းကိုဆောင်ရွက်ဖို့ရန် မောရှေအားခေါင်းဆောင်အဖြစ် ရွေးချယ်ခဲ့သည်။ သို့သော်မောရှေသွားခဲ့သလား။

မောရှေသည်သက်သောင့်သက်သာရှိသော သဲကန္တာရ၌အေးချမ်းစွာဖြင့် သိုးထိန်းဘဝ၌ အလွန်ရောင့်ရဲတင်းတိမ်ခဲ့သည်။ ထို့ကြောင့် ဖါရောကိုသွားတွေ့ပြီး အလွန်ကြီးမားသောလူထုကို ဦးဆောင်ရမည်လော။ ထိုအချက်မှာ ဒုက္ခပြဿနာကိုတောင်းဆိုခြင်းဖြစ်ပေလိမ့်မည်။ ဖါရော၏ကျွန်တို့ကိုလွှတ်ဖို့ရန်အတွက် သွားတောင်းဆိုရန် အကျွန်ုပ်သည်အဘယ်သို့သောသူနည်း။ ဤအချက်မှာ ဆင်ခြေများစွာထဲမှ ပထမဆုံးဆင်ခြေဖြစ်၏။ ယခုတွင်မောရှေသည်နှိမ့်ချသောသူဖြစ်ကြောင်း ထင်ရှားခြင်းမှာ ကောင်းသောအချက်ဖြစ်သော်လည်း၊ အစေခံဖို့ရန်အတွက် ဘုရားသခင်၏ခေါ် တော်မူခြင်းအား ငြင်းပယ်ခြင်းမှာမူ အခြားဖြစ်၏။ မောရှေသည်ဘုရားသခင်၏ခေါ်ခြင်းအား ခုခံတွန်းလှန်သော်လည်း ဘုရားသခင်ကသူနှင့်အတူရှိမည်ဖြစ်ကြောင်း စိတ်ရှည်စွာကတိပေးတော်မူ၏။ ထို့နောက်မောရှေက ဒုတိယအကြိမ်ဆင်ခြေပေးမှုအနေဖြင့် သူသည်ဘုရားသခင်၏နာမကိုပင်မသိရှိသောကြောင့် လူထုသည်သူ့အားယုံကြည်မည်မဟုတ်ပေ။ ဘုရားသခင်ကလည်း ပဋိညာဉ်နှင့်ဆိုင်သောသူ၏နာမထပ်မံပြောပြ၍၊ မိမိ၏လုပ်ပိုင်ခွင့်အာဏာကိုသက်သေထူမည့်အကြောင်း မောရှေအားကတိပေးခဲ့၏။ ဘုရားသခင်ကလည်းမောရှေအား အသက်ကြီးသူတို့သည် မောရှေ၏စကားကိုနားထောင်ကြမည်ဖြစ်ကြောင်း (ထွက် ၃း၁၈) ကိုငှင်း၊ ဖါရောသည်ဟေဗြဲလူတို့အား သွားရခြင်းအခွင့်ပေးမည်မဟုတ်ကြောင်းကိုငှင်း၊ သို့သော် ဘုရားသခင်ကဟေဗြဲလူတို့အား အံ့ဖွယ်နိမိတ်လက္ခဏာဖြင့် ကယ်တင်မည့်အကြောင်းကိုငှင်း မိန့်တော်မူထားခဲ့၏။ မောရှေသည်ဣသရေလလူတို့အား အဲဂုတ္တုလူတို့၏ စည်းစိမ်ဥစ္စာတို့နှင့်အတူ ခေါ် ထုတ်မည့်အကြောင်းကိုလည်း ကြိုတင်၍ဘုရားသခင်မိန့်တော်မူ၏။ မောရှေသည်နောက်ပိုင်းတွင်သာ၍များသောဆင်ခြေကိုပေးခဲ့၏။

ကျွန်ုပ်တို့အများစုသည် မိမိဆန္ဒရှိသောအချိန်၊ ဆန္ဒရှိသောအရာကို လုပ်ဆောင်ရသည့်လွတ်လပ်သောဘဝ၌နေလိုကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အစေခံဖို့ခေါ်ခြင်းခံရသောအခါ ငြင်းဆိုရန်ပေးသောအကြောင်းပြချက်များမှာ အမှန်တကယ်ခိုင်လုံမှုရှိ၍ သဘာဝကျသောအချက်အလက်ဖြစ်ကြပေလိမ့်မည်။ သို့သော်လေးလေးနက်နက်ကြည့်လျှင် ထိုသို့ငြင်းရသည့်အကြောင်းရင်းမှာ သက်သောင့်သက်သာရှိသောကျွန်ုပ်တို့အသက်တာကို စွန့်ခွာဖို့ရန်အလိုမရှိသောကြောင့်ဖြစ်၏။ "ငါတို့၌ပြုသောတန်ခိုးတော်အတိုင်း ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာပြုခြင်းငှါတတ်နိုင်တော်မူသောဘုရားသခင်သည် ယေရှုခရစ်အားဖြင့် အသင်းတော်၌ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း" (ဧဖက် ၃း၂၀)။ သူ၏ကျေးဇူးသည်ကျွန်ုပ်တို့အတွက် လုံလောက်ကြောင်းအာမခံထား၏ (၂ ကော ၁၂း၉)။ ကျွန်ုပ်တို့သည်အစေခံရန်အတွက် ဘုရားသခင်အလိုရှိသောအရပ်ကို တွေ့သောအခါဆင်ခြေမပေးဖို့ရန် စိတ်နှလုံးကိုဆန်းစစ်ကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည်ချဉ်းကပ်ခံရသောအခါ အစေမခံဖို့ရန်အတွက် အဘယ်အကြောင်းပြချက်ကိုပေးသနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်၏စိတ်နှလုံးကို စစ်ကြော၍အကျွန်ုပ်သည် ဆင်ခြေများမပေးဖို့ရန်ကူညီတော်မူပါ။

အင်္ဂါ၊ ဇန်နဝါရီ (၁၅)
**ထွက် ၄း၁-၁၇**
တမန် ၇း၂၅ *"... သို့သော်လည်း ..."*

## အစေစံဖို့ရန်ဆင်ခြေမပေးပါနှင့် (၂)

မောရှေ၏သုံးကြိမ်မြောက်သောဆင်ခြေပေးမှုမှာ ဘုရားသခင်ကသူ့အားခန့်တော်မူသည့်အကြောင်းကိုလူတို့သည်ယုံကြည်ကြမည်မဟုတ်ပေဟူ၍ဖြစ်၏။ ဤအချက်သည်သဘာဝကျသောစိုးရိမ်မှုဟုထင်ရ၏။ အဘယ်အရပ်ကမှန်းမသိသော အသက်ရှစ်ဆယ်သိုးထိန်းတစ်ယောက်၏စကားအားအဘယ်ကြောင့်နားထောင်ရမည်နည်း။ မိမိတို့ဘုရားသခင်က သူ့အားစေခိုင်း၍ ထိုအဲဂုတ္တုပြည်မှထွက်ဖို့ရန် သူ့နောက်သို့အဘယ်ကြောင့်လိုက်ရမည်နည်း။ ဘုရားသခင်သည် သူ့ထံသို့အမှန်ထင်ရှား၍ စေလွှတ်ကြောင်းကို မိမိလူတို့အားသက်သေပြဖို့ရန် ဘုရားသခင်ကနိမိတ်လက္ခဏာသုံးခုကိုမောရှေအားပေးတော်မူ၏။ ပထမဆုံးသောနိမိတ်လက္ခဏာမှာ မောရှေ၏လှံတံကို မြွေဖြစ်စေ၍၊ နောက်တဖန်လှံတံပြန်ဖြစ်စေ၏။ ဒုတိယမှာ မောရှေ၏လက်ကိုနူစေ၍ တဖန်ကျန်းမာစေ၏။ တတိယမှာ မြစ်ရေကိုတကယ့်သွေးအဖြစ်ပြောင်းလဲစေခြင်းဖြစ်သည်။ သို့သော်မောရှေက စတုတ္ထအကြိမ်ဆင်ခြေပြန်ပေးသည်မှာ သူသည်နှုတ်သတ္တိမရှိပါ (စကားပြောမကောင်းပါ) ဟူ၍ဖြစ်၏။ ဘုရားသခင်ကလည်း လူ၏နှုတ်ကိုသူဖန်ဆင်းကြောင်းကိုငှင်း၊ အဘယ်အရာကိုသွားပြောရမည့်အကြောင်းကိုငှင်း၊ မောရှေအားတိကျစွာမိန့်တော်မူထားခဲ့၏။ မောရှေသည်ထိုသို့ဘုရားသခင်နှင့်ဆွေးနွေးငြင်းခုံမှု၌ အနိုင်မရသောအခါတွင် သူ့အစားအခြားသောသူတစ်ဦးဦးအားစေလွှတ်ရန်ဘုရားသခင်အား ကြားလျှောက်ခဲ့၏။ မောရှေသည်မိမိ၏ဆင်ခြေပေးမှုအားလုံး အရာမရောက်သောအခါ နောက်ဆုံးတွင်ဘုရားသခင်ခိုင်းသောအမှုအားဆောင်ရွက်ရန် သူ့ဆန္ဒမရှိကြောင်းမြင်သာအောင်ပြခဲ့၏။ ဘုရားသခင် ကအာမခံချက်များစွာပေးသော်လည်း သူသည်ငြင်းဆန်နေခြင်းကြောင့်ဘုရားသခင်အမျက်ထွက်တော်မူ၏။ ထို့ကြောင့်မောရှေအား သူ့အစ်ကိုဖြစ်သော အာရုန်ကို သူနှင့်အတူခေါ်သွား၍ သူ့အစားစကားပြောစေဖို့ရန်နှင့်သူသည်လည်း ဘုရားသခင်၏နေရာ၌ရပ်တည်ရမည့်အကြောင်းကိုမိန့်တော်မူ၏။

ဘုရားသခင်ကမောရှေအား "ငါသည်. . . လိမ့်မည်" ဟူသောကတိတော်ကိုအကြိမ်ကြိမ်ပေး၏။ ထိုကတိတော်သည်ယနေ့တွင် ကျွန်ုပ်တို့အတွက်လည်းပေး၏။ ကြောက်ရွံ့ခြင်းကြောင့်သော်ငှင်း၊ ဆန္ဒမရှိခြင်းကြောင့်သော်ငှင်း၊ ဆင်ခြေထပ်၍မရှိသင့်တော့ပေ။ သို့သော်ကျွန်တော်တို့သည်အစေခံဖို့ရန်အလွန်ခိုင်လုံသောအကြောင်းပြချက်များနှင့်ရောက်ရှိတတ်၏။ ကျွန်ုပ်တို့၏ငြင်းဆန်မှုကြောင့် ဘုရားသခင်ကိုအမျက်ထွက်စေသောအချိန်ရောက်လာလိမ့်မည်။ ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်ကြောင့် ကျွန်ုပ်တို့အားစောင့်ထိန်းကွယ်ကာပေးပြီး၊ ကယ်တင်ပေးကာထောက်ပံ့နေ၏။ ထိုသို့ကျွန်ုပ်တို့၏အသက်တာနှင့်မိသားစုတို့အား တည်ထောင်ခြင်းရှိသော်လည်းလိုအပ်သောအချိန်ရောက်သောအခါ ဘုရားသခင်အစေခံဖို့ရန် ငြင်းဆန်တတ်ကြ၏။ အသင်းတော်၌ဘုရားသခင်အတွက် တစ်စုံတခုဆောင်ရွက်ဖို့ရန်ခေါ်ခြင်းခံရသောအခါ ကျွန်ုပ်တို့သည်ခိုင်လုံသောအကြောင်းပြချက်ဆင်ခြေကိုပေးတတ်ကြ၏။ သို့သော်အကြောင်းရင်းမှာ "ထိုအရာကိုငါမလုပ်ချင်ဘူး" ဟူ၍ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုအလုပ်ကကျွန်ုပ်၏သက်သောင့်သက်သာရှိသောအသက်တာကိုဖြတ်တောက်၍ဝန်ပိစေ၏။ ဟုတ်ပါ၏၊ မောရှေ၏ဘဝသည် ဤအချက်နှင့်အလွန်ခြားနားပေလိမ့်မည်။ သို့သော်မောရှေ၏ဘဝမှာ လုံးလုံးဘုရားသခင်၏အသုံးတော်ခံဘဝဖြစ်၏။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏ဘဝသည် အလွန်သက်သောင့်သက်သာရှိ၍ ဤဘဝ၌သာဆက်၍နေချင်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဤဘဝ၌အကျွန်ုပ်အား ကိုယ်တော်ရှင်၏နိုင်ငံတော်အတွက်အသုံးတော်ခံနိုင်ရန်နှင့်စိန်ခေါ်မှုများအား တာဝန်ယူနိုင်ရန်ကူညီတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၁၆)

**ထွက် ၄း၁၈-၂၃**

ရော ၉း၁၇-၁၈

*"... ခိုင်မာစေလိုသောသူ ကိုလည်း ခိုင်မာစေတော်မူ၏"*

# ဘုရားသခင်သည်စိတ်နှလုံးကိုခိုင်မာစေသလော

နောက်ဆုံးတွင်မောရှေသည် သူ့ယောက္ခမထံသို့ခွင့်တောင်းပြီး အဲဂုတ္တုပြည်သို့ထွက်ခွာဖို့ရန်ပြင်ဆင်ခဲ့၏။ ထာဝရဘုရားကမောရှေအား သူထွက်မပြေးခင်ကဖြစ်ခဲ့သောအမှုကြောင့် သူ့အသက်အား သတ်ဖို့ရန်ရှာသောသူတို့သည် သေဆုံးသွားကြပြီဖြစ်ကြောင်း သူ့အားပြောပြ၏။ မောရှေသည်နိမိတ်လက္ခဏာများ ပြုလုပ်ဖို့ရန် အသုံးပြုရမည့်လှံတံအား ယူ၍သူ့မိသားစုတို့ကို မြည်းပေါ်သို့တင်ဆောင်လေ၏။ ဘုရားသခင်ကမောရှေအားသူသည် ဣသရေလလူတို့ကိုသွားခွင့်ပြုရန် ဖါရောအားသွားပြောရမည်အကြောင်းနှင့် အံ့ဖွယ်နိမိတ်လက္ခဏာတို့ကိုပြုလုပ်ရမည်အကြောင်းကို အာမခံချက်ပေးခဲ့သော်လည်း ဘုရားသခင်က သူသည်ဖါရော၏နှလုံးကို ခိုင်မာစေ၍၊ ဖါရောသည် ဣသရေလလူတို့ကိုမလွှတ်ဘဲနေလိမ့်မည် (ထွက် ၄း၂၁) ဟုမိန့်တော်မူ၏။

ဘုရားသခင်ကဖါရော၏နှလုံးကို ခိုင်မာစေမည်ဟုဆိုရာတွင် အဘယ်အရာကိုဆိုလိုသနည်း။ ထိုအရာသည် ဘုရားသခင်ကဖါရောကို သူ့အားနာခံလိုစိတ်မရှိအောင် ဖါရော၏စိတ်နှလုံးထဲ၌တိုက်ရိုက်ဆောင်ရွက်နေသကဲ့သို့ အနက်အဓိပ္ပာယ်မဖွင့်သင့်ပေ။ ဖါရောသည်နောင်တရချင်စိတ်ရှိစေကာမူ ဘုရားသခင်ကသူ့အားနောင်တမရနိုင်အောင် ပြုလုပ်မည်ဟူ၍ဆိုလိုခြင်းလည်းမဟုတ်ပေ။ ဖါရောသည်မိမိမျက်မှောက်၌ ဘုရားသခင်ပြုခဲ့သောနိမိတ်လက္ခဏာတို့ကိုလျစ်လျူရှုပြီး မိမိ၏စိတ်နှလုံးကိုခိုင်မာစေကြောင်း (ထွက် ၇း၁၄၊ ၈း၁၅) ကိုလာမည့်အခန်းတို့၌ မြင်တွေ့ရ၏။ ထိုနိမိတ်လက္ခဏာတို့မှာ ယေဟောဝါ၏တန်ခိုးဖြစ်ကြောင်းကို ဖါရော၏ဝိဇ္ဇာဆရာတို့က အသိအမှတ်ပြုကြသော်လည်း ဣသရေလလူတို့အတွက် ဘုရားသခင်၏အစီအစဉ်ကို ခေါင်းမာစွာဖြင့်ဆက်လက်ဆန့်ကျင်၏။ ဖါရောသည် တစ်ခဏစိတ်ထိန်း၍ "မိမိ၏နှလုံးကိုခိုင်မာစေ၏" (ထွက် ၈း၁၅)။ "ထာဝရဘုရားသည်ဖါရောဘုရင်၏နှလုံးကိုခိုင်မာစေ" (ထွက် ၉း၁၂) သည်မှာ ဆဋ္ဌမမြောက်ဘေးဒဏ်အတွင်း၌သာဖြစ်၏။ အစောပိုင်းကတည်းက ဖါရောသည် မိမိ၏နှလုံးကိုခိုင်မာစေနှင့်ပြီ။ ဘုရားသခင်၏နိမိတ်လက္ခဏာတို့က ဖါရော၏နှလုံးကိုဆက်လက်ခိုင်မာစေ၏။ နိမိတ်လက္ခဏာဆက်လက်တိုးပွားလာခြင်းမှာ အစကတည်းကဖါရော၏နှလုံးခိုင်မာခြင်းအကျိုးရလဒ်ဖြစ်သည်။ ဤသည်ကားတရားစီရင်ခြင်းနှင့်ဆိုင်သောခိုင်မာစေခြင်းအဖြစ် သိရှိရသည်။ ဘုရားသခင်ကပို၍ဒဏ်ခတ်လေလေ၊ ဖါရော၏နှလုံးသည်ပို၍ခိုင်မာလေလေဖြစ်၏။ ဖါရော၏နှလုံးကို ဘုရားသခင်ခိုင်မာစေခြင်းအကြောင်းကို ဤသို့ဖြင့်နားလည်ရမည်။ ဘုရားသခင်၏ရိုးရှင်းစွာဖော်ပြသောစကားတို့ကို ယခုမှစ၍ကျွန်ုပ်တို့နားမလည်နိုင်သောအရာထက် ကျော်လွန်၍စူးစမ်းဖို့ရန်ငှင်း၊ ဖိတ်ခေါ်ဖို့ရန်ငှင်း၊ ရှင်းပြဖို့ရန်ငှင်းမရှာဖွေပါနှင့်။ တစ်စုံတစ်ဦးသည် ဘုရားသခင်၏အချုပ်အခြာအာဏာရှိခြင်းကို လည်းလက်ခံရပါမည် (ရောမ ၉း၁၅-၂၃)။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည်ဘုရားသခင်ဖွင့်ပြသောဆန္ဒကို ခုခံတားဆီးသောအခါ ကြောက်ရွံ့ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်မိန့်တော်မူသောအခါ ကျွန်ုပ်သည်လျင်မြန်စွာနောင်တရစေတော်မူပါ။

ကြာသပတေး၊ ဇန်နဝါရီ (၁၇)
**ထွက် ၄း၂၄-၃၁**
က ၁၇း၉-၁၄၊ ကော ၂း၁၁-၁၂

*“. . . သင်နှင့်တကွသင့်နောက်၌
သင်၏အမျိုးအနွယ်အစဉ်အဆက်
တို့သည်ငါ၏ပဋိညာဉ်ကိုစောင့်ရှောက်ရကြမည်”*

---

# ကလေးသူငယ်ကိုအဘယ်ကြောင့်ဗတ္တိဇံမင်္ဂလာပေးသနည်း

မောရှေသည်မိမိ၏သားကို အရေဖျားလှီးခြင်းမင်္ဂလာမပြုဘဲ ဘုရားသခင်၏လူတို့ကို ဦးဆောင်ခဲ့ လျှင်အဘယ်ပုံသက်သေဖြစ်ခဲ့မည်နည်း။ ဤအချက်သည်အဘယ်ကြောင့်အလွန် အရေးကြီးသနည်း။

အာဗြဟံနှင့်ဘုရားသခင်ပြုသော ပဋိညာဉ်၏အမှတ်အသားမှာ အရေးဖျားလှီးခြင်းမင်္ဂလာ ဖြစ်၏ (ကမ္ဘာ ၁၇း၉-၁၄)။ သို့သော်ဘုရားသခင်၏ပဋိညာဉ်မှာ အာဗြဟံတစ်ဦးတည်းအတွက် မဟုတ်ပေ။ ဘုရားသခင်နှင့်အာဗြဟံအကြား ပဋိညာဉ်တရား၏အမှတ်အသားဖြစ်သောကြောင့် ဘုရားသခင်က အာဗြဟံအားမိမိ၏သားစဉ်မြေးဆက်တို့ကို အရေဖျားလှီးဖို့ရန်မိန့်ကြားထားခဲ့၏။ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်ပဋိညာဉ်၏ အစိတ်အပိုင်း၌ပါဝင်လိုသော တပါးအမျိုးသားတို့ အပါအဝင် အားလုံးသည်အရေဖျားလှီးမင်္ဂလာကိုခံယူရ၏ (ထွက် ၁၂း၄၈-၄၉)။ ပဋိညာဉ်တစ်ခု၌ အမှတ်အသား၊ သင်္ကေတနှင့်တံဆိပ်တစ်ခုခုရှိ၏။ အရေဖျားလှီးခြင်းသည် သင်္ကေတဖြစ်၏။ အရွယ် ရောက်သောလူတို့သည် ဘုရားသခင်အားယုံကြည်လာသောအခါ အရေဖျားလှီးမင်္ဂလာကိုခံရ၏။ သို့သော်လည်း ကလေးသူငယ်တို့သည်မိမိတို့ရွေးချယ်၍သော်ငြင်း၊ ယုံကြည်၍သော်ငြင်း အရေဖျား လှီးမင်္ဂလာကိုခံခြင်းမဟုတ်ပေ။ ဘုရားသခင်ရှေ့တော်သို့သူတို့အား ယူဆောင်လာသောယုံကြည်သူ မိဘတွေကြောင့်သာဖြစ်၏။ ထိုသို့ပြုကြခြင်းမှာ မိမိတို့၏သားတို့အတွက် ပဋိညာဉ်တရားနှင့်ဆိုင် သော ကောင်းကြီးမင်္ဂလာတို့ကို ယုံကြည်ခြင်းဖြင့်ဖော်ပြခြင်းဖြစ်သည်။ ကလေးသူငယ်ကို အရေဖျား လှီးဖို့ရန်ငြင်းဆန်ခြင်းသည် မိဘတို့အနေဖြင့် မိမိတို့၏မိသားစုအတွက် ဘုရားသခင်၏ပဋိညာဉ် တရားကို စိတ်ဝင်စားမှုမရှိကြောင်း၊ မိမိသားတို့ကို ဘုရားသခင်၏လူမျိုးအစိတ်အပိုင်းအဖြစ် ပို့ဆောင် ဖို့ရန် ရည်ရွယ်မှုမရှိကြောင်း၊ ဘုရားသခင်အားကြားပြောခြင်းနှင့်အတူတူပင်ဖြစ်၏။ ထိုအကြောင်းမှာ ကမ္ဘာ ၁၇း၁၄ တွင် အလွန်လေးနက်သောသတိပေးခြင်းဖြစ်၏။ ဤအချက်မှာ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင့်ပဋိညာဉ်တရား၏တံဆိပ်နှင့် သင်္ကေတတို့ကို စီမံခဲ့ပုံဖြစ်၏။ ဓမ္မဟောင်းကျမ်းတွင် ဘုရား သခင်၏ပဋိညာဉ်သင်္ကေတရှိကတည်းက၊ ဓမ္မသစ်ကျမ်း၌ထိုသင်္ကေတသည်အဘယ်အရာနည်း။ ကောလော ၂း၁၁-၁၂ တွင်အဖြေရှိ၏။ အရေဖျားလှီးခြင်းဟူသောသွေးထွက်သောသင်္ကေတကို ရေဗတ္တိဇံဟူသောသွေးမထွက်သောသင်္ကေတ (သို့) အမှတ်အသားဖြင့် အစားထိုးခဲ့သည်။ မိဘတို့ သည် မိမိတို့သားသမီးများအား အသင်းတော်၌အပ်နှံခြင်းပြုကြစဉ်တွင် မိမိတို့သူငယ်တို့အား ကယ် တင်ခြင်းသတင်းကောင်းကိုငြင်း၊ နှုတ်ကပတ်တရားတော်ကိုငြင်း၊ မည်သို့ဆုတောင်းရမည်ကိုငြင်း သွန် သင်ပေး၍ အသင်းတော်၌ဘုရားဝတ်ပြုခြင်းအစီအစဉ်သို့ ခေါ်ဆောင်လာရန်သော်ငြင်း၊ သူတို့၏ ကယ်တင်ခြင်းအတွက်ဆုတောင်းပေးရန်သော်ငြင်း ကတိသစ္စာပြုခဲ့ကြ၏။ ထို့ပြင်မိမိတို့သားသမီးတို့ အား ဘုရားတရားကြည်ညိုသော မျိုးရိုးအဖြစ်ပျိုးထောင်ဖို့ရန်နှင့် မိမိတို့ကိုယ်တိုင်လည်း သူငယ်တို့ ရှေ့တွင် ထိုအသက်တာဖြင့်ပုံသက်သေကောင်းပြဖို့ရန် မိဘတို့သည် ကတိသစ္စာပြုခဲ့ကြသည်။ သူငယ်တို့သည်အရွယ်ရောက်လာသောအခါ မိမိတို့၏ခရစ်တော်အားယုံကြည်ခြင်းကို အသင်းတော် ရှေ့တွင် အတည်ပြုရန်ကြေငြာရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကလေးနက်စွာ ရှုမြင်ထားသောအရာကို ကျွန်ုပ်သည်ပေါ့လျော့စွာ ယူဆပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်နှင့်ပြုသောကျွန်ုပ်၏ပဋိညာဉ်ကို စောင့်ထိန်းရန် ကူညီမစတော်မူပါ။

သောကြာ၊ ဇန်နဝါရီ (၁၈)

**ထွက် ၅း၁-၁၉**

ဒေ ၅း၈

*"သခင်ယေရှုကိုကြည့်ရှုလော့"*

## အဘယ်ကြောင့်ဒုက္ခများစွာကြုံတွေ့ရသနည်း

ဘုရားသခင်က မောရှေနှင့်အာရုန်အား ဖါရောထံသို့တောင်းဆိုဖို့ရန်မိန့်ထားသောအချက်မှာ သာမန်အားဖြင့် အဲဂုတ္တုလူတို့လက်ခံနိုင်မည့် ကျွန်တို့အတွက်ပြုလုပ်ဖို့ရန်ထုံးတမ်းစဉ်လာတစ်ခုသာဖြစ်၏။ သို့သော်ဖါရောကသုံးရက်လောက်သာကြာမည့် ဟေဗြဲတို့၏ဘုရားဖူးမြော်ခြင်းအစီအစဉ်ကို ငြင်းဆန်ခဲ့သည်။ ဖါရောကဟေဗြဲလူတို့အားမိမိတို့အလုပ်ကို ရှောင်ပြေးချင်သောကြောင့် ထိုသို့တောင်းဆိုခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ ဖါရောကဟေဗြဲလူတို့သည်အလုပ်မရှိသောကြောင့် မိမိတို့၏ဘုရားကိုဖူးမြော်ရန် သဲကန္တာရထဲသို့ ခရီးထွက်ဖို့တောင်းဆိုနိုင်ကြခြင်းဖြစ်သည်ဟု အလုပ်သမားခေါင်းဆောင်တို့အားဆို၏။ ထို့ကြောင့်ဖါရောကဟေဗြဲကျွန်တို့အား အုတ်လုပ်ရန်ကောက်ရိုးကို မိမိတို့အဘို့ရှာဖွေ၍ နေ့စဉ်ပုံမှန်ထွက်ကုန်အတိုင်းဆက်၍ထုတ်လုပ်ဖို့ရန် အမိန့်ပေး၏။ ဟေဗြဲလူတို့သည် ထိုအမိန့်အတိုင်းမစွမ်းဆောင်နိုင်ကြသောအခါ အဲဂုတ္တုလူတို့က ဟေဗြဲအကြီးအကဲတို့ကိုရိုက်နှက်ကြ၏။ အဘယ်ကြောင့်ရိုက်သနည်းဟုမေးကြသောအခါ အဲဂုတ္တုအလုပ်သမားခေါင်းဆောင်တို့က သူတို့သည်ပျင်းရိ၍ခရီးထွက်ဖို့ရန် တောင်းဆိုကြသောကြောင့် ရိုက်နှက်ဖို့လိုကြောင်း ပြန်ပြောခဲ့ကြသည်။ ဣသရေလလူတို့သည် ဘုရားသခင်ကိုနာခံကြသည်နှင့်တပြိုင်နက် အဘယ်ကြောင့် ဒုက္ခကြုံတွေ့ကြသနည်း။

ဘုရားသခင်ကဖါရောသည်သာမန်လူမဟုတ်ကြောင်းဖော်ပြ၏။ ဖါရောသည်ဣသရေလလူတို့အား ဘုရားဝတ်ပြုဖို့ရန်၊ သဲကန္တာရသို့သွားဖို့ရန်ပင် ခွင့်မပြုလျှင် အဲဂုတ္တုပြည်မှထွက်ခွာဖို့ရန် အဘယ်ကြောင့်ခွင့်ပြုပါမည်နည်း။ ဘုရားသခင်အားဝတ်ပြုဖို့ရန် တောင်းဆိုရုံမျှဖြင့် ညှင်းပန်းနှိပ်စက်မှုတိုးပွားစေသောကြောင့် ဖါရောသည်ဆိုးသွမ်းသောသခင်ဖြစ်ကြောင်းကို ဣသရေလလူတို့ သိရှိကြ၏။ ဤအချက်မှာဘုရားသခင်အား အစေခံဖို့ရန်သော်၎င်း၊ ဝတ်ပြုကိုးကွယ်ဖို့ရန်သော်၎င်း၊ နာခံဖို့ရန်သော်၎င်း ရှာဖွေကြသောအခါတိုင်းတွင် ကျွန်ုပ်တို့ကြုံတွေ့ရသောဝိညာဉ်တိုက်ပွဲဖြစ်၏။ သင်သည် ဘုရားသခင်အတွက် (ဥပမာပုံမှန်ဝတ်ပြုခြင်းသွားဖို့၊ အသင်းတော်သင်တန်းတက်ရောက်ဖို့ ခွင့်ယူခြင်း၊ ဆုတောင်းခြင်းအစီအစဉ်ကို သွားရောက်ခြင်း၊ မိဿဟာဖွဲ့ခြင်း၌ပါဝင်ခြင်း၊ ကျမ်းစာသင်တန်းကိုတက်ရောက်ခြင်း၊ အသင်းတော်အုပ်ချုပ်သူအဖြစ်ပါဝင်ဆောင်ရွက်ခြင်း) တစ်စုံတစ်ခုဆောင်ရွက်ရန်အလိုရှိသောအခါ သင်၏ကုမ္ပဏီကသော်၎င်း၊ အလုပ်ရှင်ကသော်၎င်း၊ ဆရာ/မတို့က သော်၎င်းအချိန်ပိုအလုပ်ပေးနိုင်၏။ မိသားစုပြဿနာလည်းပေါ်ပေါက်လာနိုင်၏။ ဘုရားသခင်စေခိုင်းသောအရာတို့ကို အလွန်စိန်ခေါ်နှောင့်ယှက်နိုင်သောအကြောင်းကိစ္စပေါ်ပေါက်လာနိုင်၏။ ဘုရားသခင်က ကျွန်ုပ်တို့၏စိတ်နှလုံးကိုထင်ရှားစေဖို့ရန်အတွက်ဤပြဿနာတို့ကို ခွင့်ပြုပေးတော်မူ၏။ ဤအချက်များအားလုံးကို သင်မည်ကဲ့သို့ရှုမြင်သနည်း။ ဘဝတွင်အခက်အခဲတို့သည် လျော့သွားမည်မဟုတ်ကြောင်း မျှော်လင့်ထားရပါမည်။ သို့သော်သင်သည် အရှုံးပေးမည်လော။ တိုးပွားလာသောဝန်ထုပ်များနှင့် အခက်အခဲကိုဝိညာဉ်မျက်စိဖြင့်ရှုမြင်လော့။ ထိုအရာကသင့်အားသည်းခံနိုင်ဖို့ရန်အကူအညီပေးလိမ့်မည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည်ဘုရားသခင်ထံသို့ လှည့်၍သူ့အားနာခံရန် ရှာစဉ်တွင် နေစဉ်အသက်တာ၌ ပြဿနာတိုးပွားလာသောအခါ ထိုပြဿနာတို့ကိုမည်သို့ရှုမြင်သနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ထိုကဲ့သို့သောပြဿနာတို့ကို ဝိညာဉ်မျက်စိဖြင့် ရှုမြင်ရန်ကူညီတော်မူပါ။

စနေ၊ ဇန်နဝါရီ (၁၉)

**ထွက် ၅း၂၀-၂၃**

ဆာ ၂၇

*“. . . ထာဝရဘုရား၏ ကျေးဇူးတော်ကို ငါတွေ့မြင်မည်ဟု ယုံမှတ်စွဲလမ်းခြင်းရှိ၏”*

## ဆင်းရဲဒုက္ခများကိုမည်သို့တုံ့ပြန်သနည်း

ရိုက်နှက်ခြင်းခံရသောဟေဗြဲအမျိုးသားတို့သည် ပြင်းစွာအမျက်ထွက်ကြ၏။ သူတို့သည် ဖါရောနှင့်တွေ့ဆုံပြီးနောက် မောရှေနှင့်အာရုန်တို့ကို ရင်ဆိုင်ဆုံတွေ့ကြ၏။ အရာရှိတို့သည် ညှင်းပန်းနှိပ်စက်မှုပွားများလာခြင်းကြောင့် မောရှေနှင့်အာရုန်အားအပြစ်တင်ကြ၏။ မိမိတို့အားလုံးထံသို့ ဒုက္ခဆင်းရဲယူဆောင်လာခြင်းကြောင့် သူတို့အားထာဝရဘုရား၏နာမကိုပင်အသုံးပြု၍ ကျိန်ဆဲခဲ့ကြ၏။ ဖါရောထံမိမိတို့အား လွတ်ဖို့ရန်ရှာကြံသည့်မောရှေနှင့်အာရုန်၏အကြံအစည်ကြောင့် မိမိတို့အား ဖါရောနှင့်သူ့လူတို့က မုန်းတီးစေသည်ဟု ယူဆကြ၏။ မောရှေနှင့်အာရုန်တို့၏အပြုအမူကြောင့် မိမိတို့အားသေခြင်းအခွင့်ကိုပင်ဖြစ်စေသည်ဟု သူတို့ပြောဆိုကြ၏။

သို့သော်ဤအချိန်တွင်မောရှေသည် အဘယ်အရာကိုဖြတ်ကျော်နေရသနည်း။ ဣသရေလလူတို့သည် မောရှေ၏စကားတို့ကို ယုံကြည်ခဲ့ကြသော်လည်း (ထွက် ၄း၃၁) ဖါရောသည် မောရှေအား ငြင်းပယ်ခဲ့ပြီး (ထွက် ၅း၁-၄) သည့်အချက်ကို သတိရလော့။ မောရှေသည်အမှုတော်လုပ်ငန်း၌ အလွန်စိတ်ရှုပ်စရာကောင်းသည့် ဖါရော၏စော်ကားခြင်းနှင့်ငြင်းပယ်ခြင်းတို့သာမဟုတ်ဘဲ၊ ဣသရေလအမျိုးသားတို့ကို သွားတွေ့ရမည့်အချက်မှာ အံ့ဖွယ်အရာပင်ဖြစ်မည်။ အဆိုးဆုံးအနေဖြင့် မောရှေနှင့်အာရုန်တို့အပေါ် အလွန်အမျက်ထွက်နေသော ဆိုးရွားစွာရိုက်နှက်မှုခံရသည့် ဟေဗြဲအရာရှိတို့နှင့် မောရှေရင်ဆိုင်တွေ့ဆုံခဲ့သည်။ ထိုဟေဗြဲအရာရှိတို့သည် ဖြစ်ပျက်သမျှအတွက် မောရှေအား အပြစ်တင်ကြ၏။ မောရှေသည်မည်သို့တုန့်ပြန်သနည်း။ သင်သည်အလွန်ကြီးသောပြဿနာကြုံတွေ့ရသောအခါတွင် မည်သို့တုန့်ပြန်သနည်း။

မောရှေသည်လည်း မေးခွန်းများစွာရှိ၏။ ထာဝရဘုရားထံတော်သို့ပြန်လှည့်ခဲ့၏ (ထွက် ၅း၂၂)။ မောရှေသည် ဒေါသဖြင့်ရုတ်ရုတ်သဲသဲဖြစ်နေမည့်အစား ထိုပြဿနာအတွက် ဘုရားသခင်ထံအဖြေရှာ၏။ ဣသရေလလူတို့အတွက် အလွန်ကြီးမားသောမျှော်လင့်ချက်ရှိမည်မှာ သံသယရှိစရာမလိုပေ။ အလွန်စိတ်သောကရောက်စေသောကျွန်ဘဝ၌ ထပ်၍ပြင်းထန်သောနှိပ်စက်မှုကြုံရခြင်းမှာ သေးငယ်သောအမှုကိစ္စမဟုတ်ပေ။ သူတို့ကြုံရသောရိုက်နှက်ခြင်းသည် အသေးအဖွဲမဟုတ်ပေ။ သို့သော်သူတို့သည်အကူအညီအတွက် မောရှေအားဘုရားသခင်ထံတောင်းပေးဖို့ရန် တောင်းလျှောက်ရမည့်အစား မောရှေအားတရားစီရင်ဖို့ရန် ဘုရားသခင်ထံတောင်းခံခဲ့ကြသည်။ အိမ်တွင်သော်၎င်း၊ ကျောင်းတွင်သော်၎င်း၊ အလုပ်ခွင်တွင်သော်၎င်း၊ ကြောက်မက်ဖွယ်ပြဿနာကို ကြုံတွေ့သောအခါ မည်ကဲ့သို့ကျွန်ုပ်တို့တုန့်ပြန်သနည်း။ သူတပါးကိုအပြစ်တင်၍ ကျိန်ဆဲကြသလား။ ထိုကဲ့သို့သော တုန့်ပြန်ပြုမူခြင်းနှင့်ဘုရားသခင်ထံသို့ သွား၍နှုတ်ကပတ်တော်အားဖြင့် နားလည်နိုင်ရန် ရှာဖွေခြင်းဟူသောအရာနှစ်ခုကြားတွင် အလွန်ခြားနားခြင်းရှိ၏။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် အမှုတော်လုပ်ငန်း၌ပြဿနာကြုံတွေ့ရသောအခါ ကျွန်ုပ်၏တုန့်ပြန်ပုံမှာအဘယ်သို့နည်း။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကျွန်ုပ်၏လမ်းခရီး၌ပြဿနာရောက်လာသောအခါ အကျွန်ုပ်သည် ကိုယ်တော့်ကိုသာမျှော်ကြည့်စေတော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၂၀)
**ထွက် ၅း၂၂-၆း၁**
ဟေဗြဲ ၁၁း၆၊ ၂၄-၂၈

*"... ဘုရားသခင်ရှိတော်မူသည်ကိုင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုင်း၊ ယုံကြည်ရမည်"*

## ဆင်းရဲဒုက္ခများတွင်ဘုရားသခင်၏ထိန်းချုပ်မှုရှိသေးသလော

ထွက်မြောက်ရာကျမ်း ၄း၃၀-၃၁ တွင် ရွှင်လန်းဝမ်းမြောက်ခြင်းသည် စူးစူးဝါးဝါးအော်ခြင်းသို့ ပြောင်းလဲခဲ့၏။ ထို့ကြောင့်မောရှေသည် ထာဝရဘုရားအား ဤမေးခွန်းသုံးခုကိုမေးခဲ့၏ (ထွက် ၅း၂၂-၂၃)။ ကိုယ်တော်ရှင်သည် ဟေဗြဲကျွန်တို့ထံသို့ပြဿနာကို အဘယ်ကြောင့်ယူ ဆောင်လာသနည်း။ ကိုယ်တော်သည်သူ့အား အဘယ်ကြောင့်စေလွှတ်သနည်း။ ဤလူတို့ကို အဘယ်ကြောင့် မကယ်တင်သနည်း။ မောရှေသည်ထာဝရဘုရား၏ညွှန်ကြားချက်အတိုင်း လိုက်နာစေကာမူ ထာဝရဘုရားသည် မိမိလူတို့အား မကယ်တင်ခဲ့သည့်အချက်နှင့် ထိုသူတို့၏ဒုက္ခပြဿနာသည် သာ၍ကောင်းလာမည့် အစားပို၍ဆိုးရခြင်းအကြောင်းအား သိချင်ခဲ့သည်။ ဘုရားသခင်က ဖါရောသည်ထိုသို့တုန့်ပြန်မည် ကိုမမျှော်မှန်းခဲ့သလား။ ဤနေရာသို့လာဖို့ရန် သဘောတူခဲ့သည်မှာ မောရှေအတွက်မှားယွင်းခဲ့သလား။ ဘုရားသခင်၏ အခွင့်အာဏာပျောက်ဆုံးခဲ့ပြီလား။ သင်သည် ဘုရားသခင်၏ကတိတော်အား ကိုးစား၍ သူ့အားနာခံဖို့ရန်ရွေးချယ်ခဲ့ခြင်းကြောင့် သင့်ရဲ့ပြဿနာ တိုးပွားလာသောအခါ သင်၏စိတ်ထဲတွင် အထက်ပါကဲ့သို့ မေးခွန်းများမကြာခဏ ဝင်ရောက်လာသလား။ ဤမေခွန်းအတွက် ဘုရားသခင်၏အဖြေသည်အဘယ်သို့နည်း။

ဘုရားသခင်မိန့်တော်မူသည်မှာ "ငါသည်. . . အဘယ်သို့ပြုမည်ကိုသင်သည် ယခုသိလိမ့်မည်" (ထွက် ၆း၁)။ ဘုရားသခင်က သူသည် နောက်တစ်ဆင့်သို့ရွှေ့သွားနေခြင်းသာဖြစ်ကြောင်းကို မောရှေအားသေချာစေ၏။ ဤအရာသည် ရှေ့ဆက်မတိုးတော့ဘဲ နောက်ပြန်ဆုတ်သွားခြင်းမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည်ကိစ္စအဝဝကို ဆက်လက်စောင့်ထိန်းနေ၏။ ဖါရော ကိုယ်တိုင်က အဲဂုတ္တုပြည်မှဣသရေလလူတို့အား မောင်းထုတ်ရမည့်အခြေအနေဖြစ်လာအောင် ဘုရားသခင်က ဖန်တီးလာလိမ့်မည်။ မောရှေကလည်းထိုအဖြစ်အပျက်ကို မြင်တွေ့ရလိမ့်မည်။ လက်ရှိအနေအထားအရတွင်မူ ထိုအရာကိုမြင်တွေ့ရန်မှာခက်ခဲနေ၏။ သို့သော်နောက်တစ်ဆင့် ခြေလှမ်းအတွက် အမှန်လိုအပ်သောအခြေအနေကိုဘုရားသခင်ယူဆောင်လာလိမ့်မည်။ ဖါရော အသုံးပြုခဲ့သည့် ပြင်းထန်သောအလုပ်ကြမ်းကိုတိုးပွားစေခြင်းက ဟေဗြဲကျွန်တို့၏နှလုံးသားကို ဘုရားသခင်အလိုရှိသောအခြေအနေသို့ တည်ရှိစေ၏။ ဣသရေလလူတို့မိန့်တော်မူသည်မှာ "ဤအရာကို ငါတို့မခံရပ်နိုင်တော့ဘူး" ဟူ၍ဖြစ်၏။ ဘုရားသခင်သည်အမြင့်ဆုံးသောအာဏာရှင်ပါတကား။ အခြေအနေဆိုးကိုကျွန်ုပ်တို့မြင်ရသောကြောင့် ဘုရားသခင်ကထိုအရာကိုမထိန်းသိမ်းဘူးဟု ယူဆ၍မရပါ။ ဘုရားသခင်သည်အရာခပ်သိမ်းကိုသိသောသူဖြစ်သောကြောင့် ဘယ်အရာမှအလိုလို ပေါ်ထွက်မလာပါ။ သို့သော်ကျွန်ုပ်တို့သည် စိတ်တိုသောသူဖြစ်ကြသောကြောင့် ဇာတ်ခုံတစ်ခုခု၌ ထင်ရှားသောနောက်ဆုတ်မှုကိုမြင်တွေ့သောအခါတွင် ထိုအရာကား ထိန်းချုပ်မှုကင်းလွတ်သည်ဟူ၍ အနက်ပြန်ဆိုလေ့ရှိကြ၏။ သင့်အသက်တာ၌ဘုရားသခင်ကိုနာခံခြင်းကြောင့် ပြဿနာအချို့ပို၍ ဆိုးရွားလာခြင်းမျိုးကြုံတွေ့ရသလား။ မည်သည့်ကိစ္စပေါ်လာပါစေ ဘုရားသခင်သည်အလုပ်လုပ် နေကြောင်းနှင့် စက္ကန့်တိုင်းမိနစ်တိုင်းကို သူထိန်းချုပ်ထားကြောင်းယုံကြည်ပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အရာခပ်သိမ်းကို သိရှိခြင်းက ကျွန်ုပ်အတွက် မည်သို့အဓိပ္ပာယ်ရသနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်သည်အရာခပ်သိမ်းကို ထိန်းချုပ်၍အနာဂတ်ကို သိသောကြောင့်ကျွန်ုပ်သည် ကိုယ်တော်ကိုလုံးလုံးလျားလျားကိုးစားနိုင်၍ ကျေးဇူးတင်ပါ၏။

တနင်္လာ၊ ဇန်နဝါရီ (၂၁)
**ထွ ၆း၂-၉**
က ၁၇း၁-၉

*"ငါသည်သင်၏ဘုရား. . . သင့်
အမျိုးအနွယ်အစဉ်အဆက်တို့၌၊
ငါ့ပဋိညာဉ်ကိုထာဝရပဋိညာဉ်ဖြစ်စေမည်"*

# "ငါသည်ယေဟောဝါဖြစ်၏"

ထာဝရဘုရားကသူသည်ဖါရောအား ဣသရေလလူတို့ကို မောင်းထုတ်စေလိမ့်မည်ဟု ကတိပေးတော်မူ၏။ သို့သော်ဣသရေလလူတို့ဘုရားသခင်ကိုဝတ်ပြုဖို့ သုံးရက်ခရီးသွားခွင့်ပြုဖို့ရန် တောင်းဆိုချက်ကိုပင် ဖါရောကငြင်းပယ်ခဲ့၏။ ဣသရေလလူတို့သည် ထိုသို့ခရီးသွားမည် ဟူ၍ ဖါရောစဉ်းစားရုံနှင့်ပင် သူတို့အပေါ် သို့ရက်စက်မှုကိုတိုးပွားစေခြင်းကြောင့်၊ ဖါရောသည်ဣသရေလ လူတို့အား မောင်းထုတ်မည်ဟူသောအချက်မှာ မဖြစ်နိုင်ဟုထင်ရ၏။ ထို့ကြောင့်ဘုရားသခင်က မောရှေအား နောက်ထပ်အာမခံချက်ပြုခဲ့၏။ ထိုအာမခံချက်တို့မှာ ထွက် ၆း၂ တွင် ဘုရားသခင်က "ငါသည်ထာဝရဘုရားဖြစ်၏" ဟူ၍အစပြုပြီး၊ ထွက် ၆း၈ တွင် "ငါသည်ထာဝရဘုရားဖြစ်၏" ဟူ၍အဆုံးသတ်ထား၏။ ဘုရားသခင်ကသူသည် "အနန္တတန်ခိုးရှင်" (ကမ္ဘာ ၃၅း၁၁) ဟူသော နာမဖြင့် အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့က သိခဲ့ကြကြောင်းမောရှေကို မိန့်ဆို၏။ သို့သော်ဘုရား သခင်က "ငါသည်ထာဝရဘုရားဖြစ်၏" (ငါသည်ယေဟောဝါဖြစ်၏) ဟူသောနာမကို မောရှေအား ဣသရေလလူတို့ထံ ဖော်ပြဖို့ရန်အထူးမိတ်ဆက်ပေးခဲ့၏။ ယေဟောဝါဟူသောစကားလုံးမှာ ဟေဗြဲ စကားဖြစ်၍ "ထာဝရဘုရား" ဟု ကျွန်ုပ်တို့အနက်ဖွင့်ထား၏။ ထာဝရဘုရားက ဤနာမဖြင့်သူတို့ အား "ငါသည်. . . လိမ့်မည်" ဟူသောထုတ်ပြန်ချက်ခုနစ်ခုကို အာမခံခဲ့၏။ ထိုခုနစ်ခုတို့မှာ "ငါသည် သင်တို့ကို. . . လွှတ်မည်"၊ "ငါသည်သူတို့ကိုညှင်းဆဲခြင်းထဲက နှုတ်ယူမည်"၊ "ငါသည်သင်တို့ကို ရွေးနှုတ်မည်"၊ "ငါသည်လူမျိုးဖြစ်စေခြင်းငှါ သင်တို့ကိုငါသိမ်းယူမည်"၊ "ငါသည်သင်တို့၏ ဘုရား သခင်ဖြစ်မည်"၊ "ငါသည်သင်တို့အားပြည်တော်သို့ပို့ဆောင်မည်"၊ "ငါသည်သင်တို့အား ထိုပြည်ကို အမွေခံစရာဘို့ပေးမည်" ဟူ၍ဖြစ်၏။ ဘုရားသခင် အသုံးပြုရွေးချယ်သည့် ထိုနာမ၏အရေးပါမှု ကားအဘယ်သို့နည်း။ ဤနေရာတွင် ယေဟောဝါဟူသောနာမမှာ အာဗြဟံ၊ ဣဇက်နှင့်ယာကုပ်တို့ က မသိခဲ့ကြပါဟုမဆိုလိုပါ။ သို့သော်ထိုဖခင်ကြီးတို့သည် ပဋိညာဉ်ပြည့်စုံခြင်းကိုမခံစားခဲ့ရ ကြောင်း ကိုကျွန်ုပ်ဖြစ်သော ဟေဗြဲအမျိုးသားတို့သိရပါမည်။ အရင်ကအရှေ့ပိုင်းတွင်ရှိသော ဘုရားတို့၏ နာမသည် ထိုဘုရားတို့၏လုပ်ငန်း၊ သဘာဝ၊ အရည်အသွေး၊ အဆင့်အတန်းနှင့် တန်ခိုးတို့ကို ထင်ဟပ်စေ၏။ ဤနာမကိုဖော်ပြခြင်းက သူတို့အားနှိုးဆော်ဖို့ရန်သော်၎င်း၊ ယုံကြည်ခြင်းနှင့် ကြောက် ရွံ့ခြင်းရှိစေဖို့ရန်သော်၎င်းဖြစ်၏။

ဘုရားသခင်က သင်သည် သူ့ကိုကိုးစားရန်နှင့် နာခံရန်ခေါ်ခြင်းကြောင့် သင်ကြုံတွေ့နေ ရသည့်အရာအားလုံးကိုကူညီနိုင်ကြောင်း၊ ကူညီလိမ့်မည်ဖြစ်ကြောင်း သင်သိလျှင် အဘယ်ကြောင့် သင်သည်စိတ်ဓာတ်ကျဆင်းနေသနည်း။ သင့်အတွက်ဘုရားသခင်ခိုင်းစေသောအချက်မှာ "နိုင်ငံ တော်နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြလော့" (မသဲ ၆း၃၃) ဟူ၍ဖြစ်၏။ သင်သည် ထိုသို့ပြုလျှင် "ထိုအရာအားလုံးကိုထပ်၍ပေးတော်မူမည်" ဟုဘုရားသခင်အာမခံချက်ကို ယုံကြည် ကိုးစားပါသလား။ သင်၏ပညာရေး၊ အလုပ်ခွင်၊ မိသားစုနှင့်နေ့စဉ်လျှောက်လှမ်းသည့်အသက်တာ ၌ "ငါသည်ထာဝရဘုရားဖြစ်၏" ဟူသောဘုရားသခင်၏နာမကို အောက်မေ့လော့။ သင်သည် အရှုံးပေးလျှင် ဘုရားသခင်၏တန်ခိုးတော်နှင့်သစ္စာတရားကို တွေ့ကြုံခံစားမည်မဟုတ်ပေ။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏အသက်တာတွင် "ငါသည်ထာဝရဘုရားဖြစ်၏" ဟူသောနာမတော်က အဘယ်အရာဖြစ်ပေါ်စေသနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်၏အသက်တာတွင် ကိုယ်တော်၏နာမတော်ကိုကြုံတွေ့ ခံစားနိုင်ဖို့ရန် သွန်သင်တော်မူပါ။

အင်္ဂါ၊ ဇန်နဝါရီ (၂၂)
**ထွက် ၆း၁၀-၃၀**
တရား ၆း၁၃-၁၅

*"သင်၏ဘုရားသခင်ထာဝရ*
*ဘုရားကိုကြောက်ရွံ့ရမည်။*
*ထိုဘုရားသခင်ကိုသာဝတ်ပြုရမည်. . . "*

# သွားရောက်မိန့်ဆိုလော့

ထာဝရဘုရားက မောရှေအား ဖါရောထံသို့ဝင်၍ ဣသရေလလူတို့အား အဲဂုတ္တုပြည်မှ သွားခွင့်ပြုဖို့ဆင့်ဆိုရန် ညွှန်ကြားထား၏။ ဤအချက်သည်ဖါရောအားထာဝရဘုရားကိုနာခံ၍ မိမိကျွန်တို့အပေါ် အုပ်ချုပ်မှုကိုစွန့်လွှတ်ပြီး၊ သူတို့အားလွတ်လပ်ခွင့်ပေးရန်မိန့်ဆိုခြင်းနှင့်အတူတူပင်ဖြစ်သည်။ မောရှေကထာဝရဘုရားထံသို့ သူသည်နှုတ်သတ္တိမရှိကြောင်းကိုသာမဟုတ်ဘဲ ဖါရောထံသို့ ထိုစကားတို့ကိုဆင့်ဆိုခြင်းမှာ အချည်းနှီးသာဖြစ်ကြောင်း ပြောခဲ့၏။ ထိုသို့မောရှေမေးသောအမေးတို့ကိုထာဝရဘုရားဖြေရှင်းပြီးဖြစ်၏။ သို့သော်ထာဝရဘုရားကမောရှေနှင့်အာရုန်အား အရင်ပေးထားသောထိုတာဝန်ကို ထပ်မံဆောင်ရွက်ရန်မိန့်တော်မူကြောင်း တွေ့ရ၏။ ဤနေရာတွင် မောရှေ၏မေးခွန်းတို့ကိုထာဝရဘုရားကတုန့်ပြန်မှုမတွေ့ရပေ။ ထို့ပြင် နောက်အပိုဒ်တွင်ပါဝင်သောအချက်မှာ အဲဂုတ္တုပြည်မှခေါ် ထုတ်လာရမည့် ဣသရေလလူမျိုး၏မျိုးနွယ်စုအကြောင်းဖြစ်၏ (ထွက် ၆း၁၄-၂၇)။ ထွက် ၆း၂၈-၃၀ တွင် မောရှေကထာဝရဘုရားထံ မိမိ၏လူတို့နှင့်ဖါရောထံသို့သွား၍၊ အရင်ဆင့်ဆိုခဲ့ပြီးသည့်အတိုင်း ပြန်ဆင့်ဆိုလျှင် "သူတို့သည်နားထောင်မည်လော" ဟူ၍တဖန်မေးခွန်းပြန်ထုတ်ခဲ့၏။ ထာဝရဘုရားက မောရှေအားထိုသာသနာတွင်စေလွှတ်ကြောင်း သေချာစေမည့်ကတိတော်ကို ပေးခဲ့စဉ်တွင် (ထွက် ၅)၊ မောရှေအားအခြေခံစည်းမျဉ်းပေးခဲ့၏။ ဘုရားသခင်၏အကြံအစည်နှင့်မောရှေပြောရမည့်စကား၊ မောရှေ၏နှုတ်သတ္တိမကျွမ်းကျင်မှုတို့သည် ဣသရေလလူတို့အတွက် အလွန်မသက်သာသောအရာမဟုတ်ပေ။ မောရှေပြောသောစကားကို ဣသရေလလူတို့က သာ၍နားမထောင်ချင်ဘဲ ငြင်းဆန်ကောင်းငြင်းဆန်ခဲ့လိမ့်မည်။ သို့သော်ဘုရားသခင်က မောရှေအား သူမိန့်ဆိုခဲ့သည်အတိုင်း ဆက်လက်၍ဆင့်ဆိုဖို့ရန်မိန့်တော်မူ၏။ မောရှေလုပ်ရမည့်အရာမှာ ဖါရော၏လက်ခံမှု၊ နားထောင်မှုတို့တွင်အမှီပြုရမည်မဟုတ်ပေ။

ထိုနည်းတူ အသင်းတော်တွင် သင်ကြားပို့ချရမည့်အရာသည် လူတို့နားထောင်ချင်သောအရာပေါ် တွင် အခြေခံရမည်မဟုတ်၊ သင်းအုပ်တို့နှင့်ဆရာတို့သည် လူတို့၏တုန့်ပြန်မှုကို အဓိကမထားဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သစ္စာရှိစွာဟောကြား၍ အလိုတော်ကို ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့သည် ဝတ်ပြုကိုးကွယ်သူဖြစ်ကြ၍ ဤဖြစ်စဉ်တွင် ဣသရေလလူတို့ကဲ့သို့ မဖြစ်ရပါ။

**ဆင်ခြင်ရန်** - ဤအရာသည် ကျွန်ုပ်၏အရည်အချင်းကြောင့်သော်၎င်း၊ လူများ၏လက်ခံမှုရရှိခြင်းကြောင့်သော်၎င်းမဟုတ်၊ ဘုရားသခင်၏အလိုတော်ကြောင့်သာဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ရှင်ကိုကျေနပ်စေသောအရာတို့ကို သာအမြဲပြော၍ဆောင်ရွက်ပါမည်အကြောင်း ဆုတောင်းပါ၏။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၂၃)

**ထွက် ၇း၁-၇**

တောလည် ၁၂း၆-၈

*"ငါမိန့်တော်မူသမျှတို့ကို သင်သည်ပြန်ပြောရမည်. . . "*

## ဘုရားသခင်သည်ဘုရားတို့ကိုဆန့်ကျင်၏

ထာဝရဘုရားက မောရှေအား "သင့်ကိုဖါရောဘုရားအရာ၌ငါခန့်ထား၏။ သင်၏အစ်ကိုအာရုန်သည်သင်၏ပရောဖက်ဖြစ်ရလိမ့်မည်" (ထွက် ၇း၁)။ မောရှေသည်ဘုရားသခင်နေရာ၌ရပ် တည်လိမ့်မည်။ အာရုန်သည်မောရှေပြောသည့်အတိုင်း ပြောဆိုရမည်ဖြစ်သောကြောင့် မောရှေ၏ပရောဖက်ဖြစ်၏။ ထာဝရဘုရားက ဖါရောသည် သူ့စကားနားမထောင်မည်အကြောင်းကို မောရှေကိုကြိုတင်သတိပေးခဲ့၏။ ထာဝရဘုရားက များစွာသောနိမိတ်လက္ခဏာကိုပြမည်ဖြစ်သောကြောင့် မောရှေ၏နှလုံးကိုခိုင်မာစေမည်ဖြစ်ကြောင်း ကြိုတင်အသိပေးခဲ့၏။ နောက်ဆုံးတွင် ထာဝရဘုရားကသူသည် မိမိလူတို့ကိုအဲဂုတ္တုပြည်မှခေါ် ထုတ်ဖို့ရန် ထိုအမှုအရာအားလုံးကိုပြုသော "ထာဝရဘုရား" ဖြစ်ကြောင်း (ထွက် ၇း၅) အဲဂုတ္တုလူတို့သည်သိကြလိမ့်မည်ဟု မောရှေအားမိန့်တော်မူ၏။ ထိုအချိန်တွင် မောရှေသည်အသက်ရှစ်ဆယ်ဖြစ်၍၊ အာရုန်သည် ရှစ်ဆယ့်သုံးဖြစ်၏။ ဖါရောသည်မောရှေနှင့် တိုက်ရိုက်ယှဉ်ပြိုင်နေခဲ့၏။ ဖါရောကမိမိသည် ဘုရားတပါးကဲ့သို့ယူဆ၍ "သူ၏စကားကိုနားထောင်ဖို့ရန် ထိုဘုရားကားအဘယ်သူနည်း" (ထွက် ၅း၂) ဟူ၍ဟေဗြဲကျွန်တို့၏ဘုရားကို စိန်ခေါ်ခဲ့၏။ သူသည်ဟေဗြဲလူတို့ကို ကြာမြင့်စွာအုပ်ချုပ်ခဲ့သောကြောင့် ဟေဗြဲလူတို့၏ ယေဟောဝါဘုရားထက်ပို၍ကြီးမြတ်သည်ဟု ထင်မှတ်ခဲ့၏။ အဲဂုတ္တုလူတို့က ယေဟောဝါဘုရားတစ်ပါးတည်းသာစစ်မှန်၍ အကြီးမြတ်ဆုံးဘုရားဖြစ်ကြောင်းနှင့် အခြားသောဘုရားတို့မှာ အတုအယောင်သာဖြစ်ကြောင်းသင်ယူရပါမည်။ သို့သော်ဤအချက်ကို မောရှေနှင့်ဘုရားသခင်၏လူတို့က အမှန်ကြုံတွေ့ခံစားဖို့ရန် အလွန်အရေးကြီး၏။ လာမည့်ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်ထားရပါမည်။ ဘုရားသခင်က သူတို့ထံသို့မိမိကိုယ်ကိုထင်ရှားဖို့ရန် အချိန်ကာလကိုအသုံးပြုလိမ့်မည်။

ဤအရာသည် ယနေ့တွင်လည်း ကျွန်ုပ်တို့အတွက်ဖြစ်၏။ ကျွန်ုပ်တို့အကြောက်တရားရှိစေရန် ဤလောကဘုရားတို့က ကျွန်ုပ်တို့ဘုရားကိုစိန်ခေါ်ကြ၏။ ကျွန်ုပ်တို့သည်ဘုရားသခင်ကိုမရှိသေလျှင် အသက်တာ၌ ဆင်းရဲခြင်းနှင့်ကျရှုံးမှုကိုခံစားရလိမ့်မည်၊ ကျွန်ုပ်တို့သည်ဘုရားသခင်ကိုသိ၍ တန်ခိုးတော်ကိုသာသိရမည်အကြောင်း ဘုရားသခင်ကအချို့သောစုံစမ်းနှောင့်ယှက်ခြင်းကိုခွင့်ပြုမည်ဖြစ်ကြောင်း သိရှိပါလော့။ ထိုအမှုသည် ရှည်လျားသောကျွန်ုပ်တို့၏ခရီးလမ်းတွင် ရောက်လာမည့် ဘုရားသခင်သိရှိထားသောစိန်ခေါ်မှုများအတွက် ကျွန်ုပ်တို့အား ပြင်ဆင်ဖို့ရန်ဖြစ်၏။ ကျွန်ုပ်တို့ကြုံတွေ့ရသောဒုက္ခဆင်းရဲများနှင့် ထိုဒုက္ခထဲမှဘုရားသခင်၏ကယ်တင်ခြင်းတို့က ဘုရားသခင်အား သာ၍ကိုးစားဖို့ရန် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ခိုင်မာစေလိမ့်မည်။ ကျွန်ုပ်တို့၏အသက်တာ၌ ထိုအရာသည်အဘယ်အသက်အရွယ်မဆိုရောက်ရှိလာနိုင်၏။ သို့သော် ကျွန်ုပ်တို့သည် ထိုဒုက္ခကို မရင်ဆိုင်ဘဲ ရှောင်ပြေးလျှင်၊ ဘုရားသခင်၏ကယ်တင်ခြင်းကိုလည်း သိရှိကြမည်မဟုတ်ပေ။ အသက်တာလည်းကြီးထွားလိမ့်မည်မဟုတ်ပေ။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည်ယနေ့တိုင်အောင် အကြောက်တရား၌နေဖို့ရန် အဘယ်မည်သောဘုရား၏ကျွန်ဖြစ်သနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်မြင်တွေ့ရသောကယ်တင်မှုတိုင်းက ကိုယ်တော်ထံ၌ရှိသောကျွန်ုပ်၏ယုံကြည်ခြင်းကိုတိုးပွားစေပါ။

*"ကောင်းကင်ဗိုလ်ခြေအရှင်ဘုရား*
*သခင်ထာဝရဘုရား၊ ကိုယ်တော်ကဲ့သို့*
*အဘယ်သူသည်ခွန်အားကြီးတော်မူသနည်း. . . "*

# ကပ်ဘေးဆယ်ပါးမှသင်ခန်းစာများ (၁)

ထာဝရဘုရားကမိမိပြုသောနိမိတ်လက္ခဏာတို့သည် ဣသရေလလူတို့အားငှင်း (ထွ ၆း၆-၈)၊ အဲဂုတ္တုလူတို့အားငှင်း (ထွက် ၇း၃-၅)၊ မိမိသည်အဘယ်သူဖြစ်ကြောင်းကိုငှင်း၊ မိမိ၏ တန်ခိုးတော်နှင့်ဘုန်းတော်ကိုငှင်းပြသမည်ဟု ကတိပေးတော်မူ၏။ ဤအရာကို ဘုရားသခင်ကမည်ကဲ့သို့ ပြီးမြောက်စေကြောင်းကို နောက်ပိုင်းတွင် ကျွန်ုပ်တို့မြင်တွေ့ရမည်။ ဤနေရာတွင် ကပ်ဘေးဆယ်ပါး ပါဝင်၏။ ၎င်းတို့မှာ (၁) ရေမှသွေးဖြစ်သွားသောကပ်ဘေး၊ (၂) ဖားကပ်ဘေး၊ (၃) သန်းကောင်ကပ်ဘေး၊ (၄) ယင်ကောင်ကပ်ဘေး၊ (၅) တိရစ္ဆာန်များသို့ရောက်သောကပ်ဘေး၊ (၆) အနာစိမ်းကပ်ဘေး၊ (၇) မိုးသီးကပ်ဘေး (၈) ကျိုင်းကောင်ကပ်ဘေး၊ (၉) မှောင်မိုက်ကပ်ဘေး၊ (၁၀) တိရစ္ဆာန်နှင့်လူ၏ သားဦးအားလုံးသေခြင်းကပ်ဘေးတို့ဖြစ်သည်။ သို့သော်ထိုကပ်ဘေးတို့မတိုင်မီတွင် ဘုရားသခင်က မိမိသည်အဘယ်သူဖြစ်ကြောင်း ပြသထားပြီးဖြစ်သည်။ ထာဝရဘုရားက မြွေအဖြစ်ပြောင်းလဲစေခဲ့ပြီးသော မောရှေ၏လှံတံကို အာရုန်အားပစ်ချဖို့ရန် စေခိုင်းဖို့မောရှေအားမိန့်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် ဖါရောက မောရှေနှင့်အာရုန်အား သူတို့၏တန်ခိုးကိုသက်သေပြဖို့ရန် နိမိတ်လက္ခဏာဖြင့်စိန်ခေါ်ထားသောကြောင့်ဖြစ်၏။ ဖါရော၏ဝိဇ္ဇာဆရာတို့ကလည်း မောရှေပြုသည့်အတိုင်းပြုနိုင်ခဲ့ကြ၏။ သို့သော် အာရုန်၏လှံတံက ဝိဇ္ဇာဆရာတို့၏လှံတံအားလုံးကို ဝါးမြိုခဲ့သည်။ ဤအမှုသည်လည်း ဘုရားသခင်က ဘုရားတို့ကို ဆန့်ကျင်ခြင်းဖြစ်၏။ အဲဂုတ္တုလူတို့သည် မြွေဟောက်ဘုရားမကို ကိုးကွယ်ကြပြီး၊ ခေါင်းဆောင်များက မြွေဟောက်ခေါင်းစွပ်ကိုဝတ်ဆင်ကြသည်။ ထိုအရာကဖါရော၏ ကာကွယ်ခြင်းနှင့်ရန်သူတို့အားလျှင်မြန်စွာသေခြင်းကို ဖြစ်ပေါ်စေသောသင်္ကေတဖြစ်၏။ လှံတံ ကမြင့်မြတ်သောတန်ခိုးအာဏာနှင့် အဆင့်အတန်းကိုကိုယ်စားပြု၏။ ထို့ကြောင့်ဤအပြုအမူအားဖြင့် ဘုရားသခင်ကသူသည် မိမိရှေ့မှောက်တွင်ရှိကြသောမြွေများ (သို့) လှံတံများထက် သာလွန်ကြောင်းကိုပြ၏။ ဘုရားသခင်၏သရဖူကိုစိန်ခေါ်သောသူတို့သည် သေခြင်းကိုကြုံတွေ့ကြကြောင်းကို သတိရကြလော့။ ထိုအရာကိုနောက်ဆုံးကပ်ဘေးတွင် ဖါရောသည်သင်ယူခဲ့ရ၏။ ကျွန်ုပ်တို့၏ဘုရားသခင်သည် အမြင့်ဆုံးသောအနန္တတန်ခိုးရှင်ထာဝရဘုရားနှင့်ရှင်ဘုရင်ဖြစ်တော်မူ၏။

"ငါသည်ထာဝရဘုရားဖြစ်ကြောင်းကိုသိ" (ထွက် ၇း၁၇) လော့ဟူသော သတိပေးခြင်းနှင့်အတူ ထာဝရဘုရားကအဦးဆုံးသောကပ်ဘေးကိုစတင်ခဲ့သည်။ မောရှေနှင့်အာရုန်ကမြစ်ရေအားဖြင့်ချဉ်းကပ်သော်လည်း ဖါရောကဘုရားသခင်၏လူတို့ကိုသွားခွင့်မပြုခဲ့ပေ။ မောရှေ၏လှံတံက မြစ်ရေများနှင့်အိုးခွက်ထဲ၌ထားသောရေတို့အားလုံးကို သွေးအဖြစ်ပြောင်းလဲစေ၏။ မြစ်ချောင်းအင်းအိုင်တို့၌ရှိသောငါးတို့သည် သေကြ၍ အဲဂုတ္တုလူတို့သည် မြစ်ရှေနားတစ်လျှောက်တွင်းရေတူးကြသော်လည်း သောက်ဖို့ရန်ရေကိုရှာမတွေ့ကြတော့ပေ။ အဲဂုတ္တုလူတို့သည် ရေလျှံကြရာမှဖြစ်ပေါ်လာသည့်နိုင်းမြစ်ဘုရား၊ ဟာပီဟုခေါ်သော ကျောက်ဖြစ်ရုပ်ကြွင်းတို့ကိုကိုးကွယ်ကြ၏။ ဘုရားသခင်က ထိုရုပ်တုကိုအဲဂုတ္တုလူတို့ရှေ့တွင် ခုနစ်ရက်အတွင်းဖြိုဖျက်တော်မူခဲ့၏။ ဖါရော၏ဝိဇ္ဇာဆရာတို့သည် အမှန်တန်ဖိုးရှိကြလျှင် ရေအားလုံးအားသွေးမဖြစ်စေရန် တားဆီးသင့်၏။ သွေးဖြစ်နေသောရေကိုလည်း ရေကြည်အဖြစ်ပြန်၍ပြောင်းသင့်၏။ သင်၏လိုအပ်ချက်များနှင့်နေ့စဉ်အစားအသောက်တို့ကို အဘယ်သူထောက်ပံ့ပေးကြောင်း ယုံကြည်သူတို့သိကြလော့။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏ထာဝရဘုရားသည် အနန္တတန်ခိုးရှင်ဖြစ်၍ ကျွန်ုပ်၏လိုအပ်ချက်များအားလုံးကို ထောက်ပံ့ပေးသူဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ရှင်သည် ကျွန်ုပ်ကိုထောက်ပံ့သောအရှင်ဖြစ်သောကြောင့် ကျေးဇူးတင်ပါ၏။

သောကြာ၊ ဇန်နဝါရီ (၂၅)
**ထွက် ၈း၁-၃၂**
ယောဘ ၃၃း၄

*"ဖါရောမင်းလည်း၊ သက်သာရကြောင်းကို သိမြင်သောအခါ. . . နှလုံးခိုင်မာ ၍. . . "*

## ကပ်ဘေးဆယ်ပါးမှသင်ခန်းစာများ (၂)

ထာဝရဘုရားသည်ကြိုတင်သတိပေးခဲ့သည်အတိုင်း ဖါရောကသူ့လူတို့အား ထွက်သွားခွင့်မပြုသောအခါ အဲဂုတ္တုပြည်အား ဖားများဖြင့်ဒဏ်ခတ်တော်မူ၏။ ဖါးတို့သည်အဲဂုတ္တုလူတို့၏အိပ်ခန်း၊ အိပ်ယာနှင့်မီးဖိုချောင်တို့တွင်ရှိကြ၏။ အဲဂုတ္တုလူတို့သည် သားဖွားခြင်းနှင့်ဖွံ့ဖြိုးမှုကိုပေးသူဟု ယုံကြည်ထားသည့်ဖါးတို့၏ဦးခေါင်းကို နတ်သမီးရုပ်တုလုပ်၍ကိုးကွယ်ကြ၏။ ထာဝရဘုရားက သူတို့ဘုရားအဖြစ်ကိုးကွယ်သော ဖားတို့ကိုအဘယ်သူထိန်းချုပ်ထားကြောင်း သိစေတော်မူ၏။ ထာဝရဘုရားသည်သာ ဟေဗြဲလူတို့၏သူငယ်ကိုတိုးပွားစေ၍၊ ထိုသူငယ်တို့အား အဲဂုတ္တုလူတို့၏ သတ်ဖြတ်ခြင်းဘေးမှကွယ်ကာမှုကိုပေးသူ၊ ဖွံ့ဖြိုးမှုကိုပေးသောစစ်မှန်သောဘုရားဖြစ်တော်မူ၏။ ဝိဇ္ဇာဆရာတို့ကလည်း ရှိပြီးသားဖားတို့ကို ရပ်ဆဲမည့်အစားနေရာအနှံ့သာ၍ပွားများစေသည့်ဖားတို့ကိုပြုလုပ်ခဲ့ကြ၏။ ဖါရောကမောရှေအားဖားတို့ကို မြစ်ရေထဲသို့ ပြန်ထွက်စေဖို့ရန် တောင်းဆိုခဲ့၏။ ဟေဗြဲကျွန်တို့အား ဘုရားသခင်ကိုသွားရောက်ဝတ်ပြုကိုးကွယ်ဖို့ရန် ခွင့်ပြုပေးမည်ဟု ကတိပေးခဲ့၏။ သို့သော်လည်း ဖါရောသည်ဖါးတို့မရှိတော့ကြောင်းကိုမြင်လျှင် မိမိနှလုံးကိုခိုင်မာစေ၍ သူ့ကတိကိုချိုးဖောက်၏။ နောက်တစ်ဆင့်အနေဖြင့် ဘုရားသခင်သည်သတိပေးခြင်းမပြုဘဲ သုံးခုမြောက်ကပ်ဘေးဖြစ်သောလူနှင့်တိရိစ္ဆာန်အပေါ် သို့ သန်းကပ်ဘေးကိုယူဆောင်ခဲ့၏။ ဤတစ်ကြိမ်တွင် ဝိဇ္ဇာဆရာတို့သည် ထိုနိမိတ်ကိုမပြုနိုင်သောကြောင့် အိမ်တို့ကိုဟေဗြဲတို့၏ဘုရားသခင်က အနိုင်ယူကြောင်းနှင့် ထိုလုပ်ရပ်သည်ဘုရားသခင်၏လက်တော်ဖြစ်ကြောင်းကို ဝန်ခံခဲ့ကြ၏။ သို့သော်ဖါရောသည်မိမိနှလုံးကိုဆက်လက်ခိုင်မာစေသောကြောင့် ဣသရေလလူတို့ကိုမလွှတ်ဘဲနေ၏ (ထွက် ၈း၁၉)။ ဘုရားသခင်ကလည်း ကပ်ဘေးလေးခုမြောက်ဖြစ်သော ယင်ကောင်အုပ်ကိုစေလွှတ်၍ အဲဂုတ္တုပြည်ကိုဖျက်ဆီးကြ၏။ သို့သော်ယင်ကောင်တို့သည် ထာဝရဘုရား၏လူတို့နေထိုင်သော ဂေါရှန်အရပ်၌မူမရှိကြပေ။ ဤနေရာတွင်ထာဝရဘုရားက သူသည်ဟေဗြဲကျွန်၏ဘုရား၊ ဤလောက၏သခင်ထာဝရဘုရားဖြစ်ကြောင်းကိုရှင်းလင်းစေ၏။ ထိုယင်ကောင်တို့သည် ဖါရော၏အိမ်ကိုပင်တိုက်ခိုက်ကြသောကြောင့် ဖါရောကဣသရေလလူတို့အား အလွန်ဝေးသောအရပ်သို့မသွားဘဲ ယဇ်ပူဇော်ခြင်းကို ပြုဖို့ခွင့်ပြုပေးမည်အကြောင်း မောရှေထံကတိပေး၏။ ဘုရားသခင်သည် မောရှေ၏တောင်းဆိုမှုကြောင့် ဤကပ်ဘေးကိုဖယ်ရှားခဲ့၏။ သို့သော်ဖါရောသည် တဖန်မိမိ၏စိတ်နှလုံးကိုခိုင်မာစေ၍ (ထွက် ၈း၃၂)၊ မောရှေထံ၌ပေးသောကတိကိုချိုးဖောက်ပြန်၏။

လူသည်အလွန်သေးငယ်သောပိုးကောင်၏ပြုမှုချက်တို့ကိုပင် မထိန်းချုပ်နိုင်သော်လည်း ဘုရားသခင်သည် အလွန်များပြားသောပိုးကောင်တပ်တို့ကိုပင် ထိန်းချုပ်နိုင်ကြောင်း အမြဲသတိရကြပါစို့။ ဘုရားသခင်ကမိမိအလိုတော်ရှိလျှင် ကြောက်စရာဘေးဒုက္ခကို သင့်ထံမှလွှန်သွားစေရန် မပြုလုပ်နိုင်မည်ကို သင်စိုးရွံ့နေပါသလား။

**ဆင်ခြင်ရန်** - ထာဝရဘုရားသည် သက်ရှိသတ္တဝါအားလုံးကို ကာကွယ်ပေး၍ ကျွေးမွေးသောသူဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်သည်အဘယ်အရာကိုမျှမကြောက်ရပါမည်အကြောင်း ကိုယ်တော်ရှင်ကို သာ၍ရှင်းလင်းစွာမြင်စေတော်မူပါ။

စနေ၊ ဇန်နဝါရီ (၂၆)
**ထွက် ၉း၁-၃၅**
တရား ၄း၃၂-၃၅

*“ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူကြောင်းကိုင်း၊ ကိုယ်တော်မှတပါး အခြားသောဘုရားမရှိကြောင်းကိုင်း၊. . . ”*

## ကပ်ဘေးဆယ်ပါးမှသင်ခန်းစာများ (၃)

ထာဝရဘုရားကဖါရောအား အဲဂုတ္တုလူတို့ကိုသာထိခိုက်စေမည့် ငါးခုမြောက်သောကပ်ဘေးမစေလွှတ်မီတွင် သူ၏လူတို့ကိုတစ်နေ့တွင် သွားခွင့်ပြုရန်ဆုံးဖြတ်ရမည်အကြောင်း သတိပေးတော်မူ၏။ ထိုကပ်ရောဂါသည် အဲဂုတ္တုလူတို့၏တိရိစ္ဆာန်အပေါင်းကိုသေစေ၏။ ဖါရောကလည်း ဣသရေလလူတို့၏တိရိစ္ဆာန်တို့သည် မသေကြောင်းမှာဟုတ်မှန်သလားဟူ၍ သေချာစေခြင်းငှါ မိမိလူတို့ကိုပင်စေလွှတ်ခဲ့၏။ ဟေဗြဲကျွန်တို့၏တိရိစ္ဆာန်တို့သည် လုံးဝထိခိုက်မှုမရှိကြောင်းကို ဖါရောသည်တွေ့ရှိသော်လည်း မိမိ၏နှလုံးကိုခိုင်မာစေ၍ ဘုရားသခင်၏လူတို့ကိုသွားခွင့်မပြုတော့ပေ။ ဤအချက်က တန်ခိုးကြီးသောဇဝ်ဂေလ်တရားကိုဆန့်ကျင်၍ နိမိတ်လက္ခဏာတို့က လူတို့အားနောင်တရ၍ဘုရားသခင်ထံသို့မပို့ဆောင်နိုင်ကြောင်းကို သိမြင်စေသောအချက်ဖြစ်၏။ ဘုရားသခင်က ဤကပ်ဘေးဖြင့်အဲဂုတ္တုလူတို့၏သန့်ရှင်းသောတိရိစ္ဆာန်ဘုရားတို့ကို ဖြိုချခဲ့သည်။ ဤတစ်ကြိမ်တွင် အရင်ကပ်ဘေးတို့ကဲ့သို့အာရုန်အား လုံတံကိုအသုံးပြုရန်မစေခိုင်းပေ။ ဘုရားသခင်သည် အဲဂုတ္တုလူတို့အားမိမိ၏တရားစီရင်ခြင်းကို ပို၍ရှင်းလင်းစွာသိရမည်အကြောင်း စီရင်ခြင်းတိုးပွားစေစဉ်၊ တစ်ဖက်တွင်လည်း ဣသရေလလူတို့၏ယုံကြည်ခြင်းကိုခိုင်မာစေတော်မူ၏။ ခြောက်ခုမြောက်သောကပ်ဘေးတွင်ထာဝရဘုရားက ဒယ်အိုးထဲမှပြာများ (ဖါရော၏ရှေ့၌လေထဲသို့မောရှေပစ်လွှင့်စေသော) ကိုပျံ့သန်းစေ၍ ထိုပြာမှုန့်သည်အဲဂုတ္တုလူတို့ကိုသာ အနာဆိုးဖြစ်ပေါ်စေ၏။ အဲဂုတ္တုလူတို့အားလုံးအပေါ်သို့ ထိုအနာဆိုးသည်သက်ရောက်၏။ ဝိဇ္ဇာဆရာတို့သည်ထိုအနာဆိုးကြောင့် မောရှေရှေ့တွင်မရပ်နေနိုင်ဘဲ ဖါရောတစ်ဦးတည်းသာ တိုက်ပွဲ၌ကျန်ရစ်၏။ ယေဟောဝါကအခြားသောကပ်ဘေးအတိုင်း ဤကပ်ဘေးကိုလည်း သူပြုကြောင်းကို ဖါရောမျက်မှောက်တွင် ထင်ထင်ရှားရှားလုပ်ဆောင်၏။ အဲဂုတ္တုလူတို့ကိုးကွယ်သောအဘယ်မည်သောဘုရားကမှ သူ့အားမယှဉ်နိုင်ကြောင်းကို ယေဟောဝါပြသခဲ့၏။ ဖါရောသည်နှလုံးသည် ခိုင်မာစေခြင်းခံရ၏။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်ကိုမခုခံ၊ မစိန်ခေါ်ကြပါနှင့်။ ခုနစ်ခုမြောက်သောဘေးနှင့် ရွာသောမိုးသီးတို့သည် အဲဂုတ္တုလူတို့နေထိုင်သောအရပ်၌သာဖြစ်ပေါ်စေ၏။ ဤအချိန်တွင် ဘုရားသခင်ကသူတို့အား အကာအကွယ်ယူဖို့ရန် ကရုဏာဖြင့်သတိပေးတော်မူ၏။ သို့သော် ထိုသတိပေးချက်တို့ကို ဂရုမစိုက်သောသူတို့သည် အလွန်ကြီးမားစွာပေးဆပ်ရ၏။ ဤတစ်ကြိမ်တွင် ဖါရောက မိမိအပြစ်ကိုဝန်ခံ၍ “သူတို့ကိုငါသွားခွင့်ပြုမည်” (ထွက် ၉း၂၈) ဟုဆိုခဲ့၏။ ဖါရောသည် ဘုရားသခင်၏လူတို့ကိုပြန်လည်ထိန်းသိမ်းဖို့ရန် မိမိ၌တန်ခိုးရှိသေးသည်ဟု ယူဆနေသေး၏။ အပြစ်နှင့်မာန်မာနသည်အလွန်မျက်စိကန်းပါတကား။ ဖါရောသည် မိုးသီးရပ်စဲကြောင်းကိုမြင်တွေ့လျှင် တဖန်ပြစ်မှားပြန်၍ (ထွက် ၉း၃၄) မိမိနှလုံးကိုခိုင်မာစေ၏။ အပြစ်ဝန်ခံခြင်းက မှန်သောနောင်တရခြင်းကိုထင်ဟပ်စေသလော။ ဖါရောကြောင့် သူ့ကျွန်တို့၏နှလုံးသည်လည်း ခိုင်မာကြ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏စီရင်ခြင်းသည်တိုးပွားသကဲ့သို့ သူ၏ကရုဏာလည်းပွားများ၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်ကိုဖါရောကဲ့သို့မျက်စိကန်း၍ခေါင်းမာသောသူမဖြစ်စေပါနှင့်။

တနင်္ဂနွေ၊ ဇန်နဝါရီ (၂၇)

**ထွက် ၁၀း၁-၁၁း၁၀**

ဆာ ၇၆း၁၀

*"အကယ်စင်စစ်လူတို့၏ ဒေါသသည် ကိုယ်တော်ကို ချီးမွမ်းလိမ့်မည်. . . "*

## ကပ်ဘေးဆယ်ပါးမှသင်ခန်းစာများ (၄)

ဘုရားသခင်ကဖါရောအားမိမိကိုယ်ကို နှိမ့်ချ၍ဣသရေလလူတို့အားထွက်ခွင့်မပြုလျှင် ကပ်ဘေးတို့မဖျက်ဆီးခဲ့သောအရာရှိသမျှကို ဤရှစ်ခုမြောက်ကျိုင်းကောင်ကပ်ဘေးက ဖျက်ဆီးမည့်အကြောင်းကိုကြိုတင်သတိပေး၏။ ဖါရော၏ကျွန်တို့ကပင်လျှင် ဖါရောသည် အဲဂုတ္တုပြည်ပျက်ကြောင်းကိုမသိသေးသလော။ ထိုလူတို့ကိုသွားခွင့်ပြုသင့်ကြောင်း ဖါရောထံ တောင်းဆိုကြ၏။ ဖါရောသည် မောရှေနှင့်အာရုန်အားဆင့်ခေါ်၍ ထာဝရဘုရားအားသွား၍ဝတ်ပြုဖို့ရန် အမျိုးသားတို့ကိုသာ ခွင့်ပြုကြောင်း မိန့်ဆို၏။ သူတို့နောက်တွင် အမျိုးသမီးတို့နှင့်ကလေးသူငယ်တို့အား ချန်ထားခြင်းက အမျိုးသားများသည် ပြန်လာမည့်အကြောင်းကို ဖါရောအားသေချာစေ၏။ သူတို့၏ဖုံးလွှမ်းမှုကြောင့် မြေပြင်မည်းစေ၍ ကြွင်းကျန်သောအသီးအနှံအားလုံးကို စားပစ်နိုင်သည့်အလွန်များပြားသော ကျိုင်းကောင်အုပ်ကိုထာဝရဘုရားစေလွှတ်ခဲ့၏။ ဖါရောကမောရှေနှင့်အာရုန်တို့ကိုအလျှင်အမြန်ဆင့်ခေါ်၍ တဖန်ခွင့်လွှတ်ပေးရန်တောင်းဆို၏။ သို့သော်ထိုကပ်ဘေးရပ်စဲသောအခါတွင် မိမိ၏စိတ်နှလုံးခိုင်မာစေ၍ ဣသရေလလူတို့အားမလွှတ်ပေးခဲ့ပေ။ အဲဂုတ္တုလူတို့နေထိုင်သောအရပ်ဒေသကိုသာ သုံးရက်လုံးလုံး ကိုးခုမြောက်သောမှောင်မိုက်ကပ်ဘေးကို ကျရောက်စေခြင်းမှာ အလွန်ကြီးမားပြီး ဆန်းသပ်၍တွေ့ရသောမှောင်မိုက်ဖြစ်၏ (ထွက် ၁၀း၂၁)။ ထိုမှောင်မိုက်သည်အလွန်ထိတ်လန့်ဖွယ်ရာဖြင့် ဖုံးလွှမ်းနေသောကြောင့် အဲဂုတ္တုလူတို့သည် လုံးဝရွေ့လျားခြင်းမပြုနိုင်ပေ။ အဲဂုတ္တုလူတို့သည် နေကိုမိမိတို့၏တန်ခိုးအကြီးဆုံးဘုရားအဖြစ် ကိုးကွယ်သောသူဖြစ်သောကြောင့် ထိုအမှောင်ကပ်ဘေးသည် သူတို့အတွက် အလွန်စိတ်ထိခိုက်ဖွယ်ရာဖြစ်၏။ သို့သော် ဣသရေလလူတို့နေထိုင်ရာအရပ်တွင်မူ မှောင်မိုက်ကင်း၍အလင်းကိုရကြ၏။ ကျွန်ုပ်တို့၏ဘုရားသခင်က အဲဂုတ္တုလူတို့သည် ကျောက်သားကဲ့သို့ထူသောမှောင်မိုက်ကို ခံစားနေကြစဉ်တွင် မိမိ၏လူတို့အပေါ်တွင်သာ အလင်းရောင်ခြည်ကိုလင်းစေရန်ထိန်းချုပ်ထားနိုင်၏။ သို့သော်ဖါရောက ဣသရေလလူတို့သည် ထွက်သွားသောအခါ မိမိတို့၏တိရစ္ဆာန်တို့ကိုထားခဲ့ဖို့ရန် မောရှေထံဈေးဆစ်နေသေး၏။ မောရှေကလည်းဖါရောတောင်းဆိုမှုကိုမပေးမည့်အကြောင်း ယုံကြည်မှုအပြည့်ရှိ၏။ သူတို့သည်ယဇ်ပူဇော်ဖို့ရန် တိရစ္ဆာန်တို့ကိုလိုအပ်၏။ ကျွန်ုပ်တို့သည်လူကိုမကြောက်ဖို့ရန်သော်၎င်း လုံးလုံးနာခံခြင်းမပြုဖို့ရန်သော်၎င်း၊ မရွေ့လျော့ရန်သော်၎င်း သင်ယူရပါမည်။ ဖါရောကမောရှေသည် မိမိ၏မျက်နှာကိုနောက်တဖန်မြင်တွေ့ရမည်မဟုတ်ကြောင်း ကြိုတင်ဟောကိန်းထုတ်၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည်မောရှေအား နောက်တစ်ကြိမ်ဆုံတွေ့လျှင် သတ်ပစ်မည်ဖြစ်၏။ မောရှေသည်ယခုတွင် ရဲရင့်ခြင်းနှင့်ပြည့်စုံ၍ ဖါရော၏တောင်းဆိုမှုကို သဘောတူထားသော်လည်း၊ အခြားသောအကြောင်းရင်းကြောင့်ဖြစ်၏။ ဆယ်ခုမြောက် သောကပ်ဘေးတွင် မောရှေကဖါရောအား သူသည်ညသန်းခေါင်ယံအချိန်၌ အဲဂုတ္တုပြည်မှထွက်ခွာမည့်အကြောင်း၊ ထိုအချိန်တွင်ဖါရော၏သားအပါအဝင် အဲဂုတ္တုလူတို့၏ သားဦးရှိသမျှသည် သေရမည်အကြောင်း ရိုးရှင်းစွာမိန့်တော်မူ၏။ ဖါရော၏လူတို့သည် မောရှေအားအရှိအသေပေး၍ ဟေဗြဲ လူတို့အားစေလွှတ်လိမ့်မည်။ ဖါရော၏ခိုင်မာသောနှလုံးကို ဘုရားသခင်၏တန်ခိုးတော်ပြသဖို့ရန် အသုံးပြုခဲ့၏။ မောရှေ၏ယုံကြည်ခြင်းသည်ကြီးထွားခဲ့ပြီ။ ကျွန်ုပ်တို့ရော အဘယ်သို့နည်း။ ကျွန်ုပ်တို့ယုံကြည်ခြင်းကိုခိုင်ခံ့စေကြပါစို့။

**ဆင်ခြင်ရန်** - လူ၏အမျက်ဒေါသကိုဘုရားသခင်အား ချီးမွမ်းဖို့အတွက် အသုံးတော်ခံလိမ့်မည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဆင်းရဲဒုက္ခအလွန်၌ရှိသော ကိုယ်တော်၏ဘုန်းတော်ကိုကျွန်ုပ်အားမြင်တွေ့စေတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၂၈)

**ထွက် ၇-၁၁**

ဆာ ၉း၉-၁၀

*"ထာဝရဘုရားသည်ညှင်းဆဲခြင်းကို ခံရသောသူတို့၏ခိုလှုံရာ. . . "*

## ကပ်ဘေးတို့မှသင်ခန်းစာများ၏အနှစ်ချုပ်

". . . ငါသည်ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိစေခြင်းငှါ" (ထွက် ၁၀း၂) ကပ်ဘေးဆယ်ပါးမှသင်ယူဖို့ရန်သင်ခန်းစာများကို ခြုံငုံ၍ကြည့်ခြင်းသည်အသုံးဝင်၏။ ဖါရောသည် အစကတည်းက တည့်တည့်မတ်မတ် ဘုရားသခင်ကိုစိန်ခေါ်ခဲ့၏ (ထွက် ၅း၂)။ ထိုအရာမှာဖါရောကထာဝရဘုရားကိုဆန့်ကျင်ခြင်းဖြစ်၏။ ထာဝရဘုရားကတုန့်ပြန်ရာတွင် အဲဂုတ္တုလူတို့၏ဘုရားတပါးကို ချေမှုန်ဖျက်ဆီးခြင်းဖြင့် မိမိသည်အနန္တတန်ခိုးရှင်ဖြစ်ကြောင်းကိုပြသခဲ့၏။ ဖါရောသည်မည်သို့ပြုမူမည်ကိုထာဝရဘုရားသည်ကြိုသိခဲ့၍ (ထွက် ၇း၄)၊ ဖါရော၏ခေါင်းမာခြင်းကိုအသုံးပြု၍ မိမိ၏တန်ခိုးကြီးသောနိမိတ်လက္ခဏာကိုပြသဖို့ရန် အကြံအစည်ထား၏။ သူသည် ဤလောက၌အနန္တတန်ခိုးရှင်ဖြစ်ကြောင်းကိုအဲဂုတ္တုလူတို့အားငှင်း (ထွက် ၈း၂၂)၊ လောကီသားတို့အားငှင်း (ထွက် ၉း၁၆) သက်သေထူခဲ့၏။ ဖါရော၏ခေါင်းမာခြင်းက ထာဝရဘုရားကကပ်ဘေးဖြင့် သူ၏တန်ခိုးတော်ကိုဆက်လက်ပြသဖို့ရန် အခွင့်ပေး၏ (ထွက် ၁၀း၁)။ ထိုကပ်ဘေးအားဖြင့် ဟေဗြဲလူတို့အား မိမိတို့၏ဘုရားသခင်သည် အဘယ်သူဖြစ်ကြောင်းကိုပြသ၏ (ထွက် ၆း၁-၈)။ သူသည် သစ္စာရှိ၍ ကတိတော်ကိုစောင့်ထိန်းသောသူ၊ အရာခပ်သိမ်းကိုတတ်နိုင်သောဘုရားဖြစ်၏။ ကပ်ဘေးသည်မယုံကြည်သူတို့အား စီရင်နေစဉ်၊ တစ်ဆက်တည်းတွင် ဟေဗြဲလူတို့၏ယုံကြည်ခြင်းကိုခိုင်ခံ့စေ၏။ အဲဂုတ္တုလူတို့၏ဘုရားဖြစ်သောရှင်ဘုရင်နှင့် အခြားသောဘုရားတို့သည် အဲဂုတ္တုလူတို့အား လုံးဝမကာကွယ်နိုင်ခဲ့ပေ။ ထာဝရဘုရားက ဟေဗြဲလူတို့အား မိမိ၏တန်ခိုးနှင့်သူတို့အပေါ် ကာကွယ်စောင့်ထိန်းမှုကိုပြသတော်မူခဲ့၏။

ကျွန်ုပ်တို့သည်ဤလောက၏ဘုရားတို့ကိုမကြောက်ရွံ့၊ မကိုးကွယ်ကြပါစို့။ ကျွန်ုပ်တို့သည်အဆင့်အတန်း၊ အောင်မြင်ခြင်း၊ ကျော်ကြားခြင်း၊ ငွေ၊ သားသမီးနှင့်ကျန်းမာခြင်းတို့ကို မကိုးကွယ်ကြပါစို့။ ဤအရာတို့က ကျွန်ုပ်တို့အားမကူညီနိုင်ကြောင်းကို ဘုရားသခင်ကပြသပေးလိမ့်မည်။ ထိုမျှမက ဆင်းရဲဒုက္ခထဲတွင်လည်း သူသည်သဘာဝတရား၊ လူတို့၏စိတ်နှလုံးနှင့်တိရစ္ဆာန်တို့ကိုပင် ထိန်းချုပ်ထားသောဘုရားဖြစ်ကြောင်းကို သတိရကြပါစို့။ သူသည်ကျွန်ုပ်တို့ထံသို့ ဒုက္ခဆင်းရဲကိုခွင့်ပြုလျှင် ကျွန်ုပ်တို့သည်သူ၏ကာကွယ်ခြင်းနှင့်တန်ခိုးတော်တို့ကို မြင်တွေ့ခံစားရ၍ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်လည်း ကြီးထွားလာလိမ့်မည်။ ကျွန်ုပ်တို့စိတ်မတိုဘဲ အရှုံးမပေးကြပါစို့။ အသက်တာတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်၌သာရှိသောပညတ်တော်အချို့တို့ကို နာခံခြင်းကြောင့် ဒုက္ခဆင်းရဲပို၍ ကြုံတွေ့ရခြင်းရှိပါသလား။ ဟုတ်ပါ၏။ ဘုရားသခင်ကပြင်းထန်သောဆင်းရဲဒုက္ခကိုခွင့်ပြုသော်လည်း ကြောက်စရာအလွန်ကောင်းသော ဆင်းရဲကပ်ဘေးအမျိုးမျိုးတို့ကလည်း သင့်အားမထိခိုက်စေဘဲ သင့်ထံမှကျော်လွန်သွားစေနိုင်၏။ မောရှေ၏ယုံကြည်ခြင်းနှင့်သတ္တိသည် ကြီးထွားသော အခါ အာရုန်ကို မလိုအပ်တော့ဘဲ မိမိကိုယ်တိုင်ဖါရောကိုရင်ဆိုင်ခဲ့၏။ မောရှေကို လူတို့နှင့်ဖါရောကငြင်းပယ်ခဲ့သောကြောင့် သူသည်ထာဝရဘုရားနှင့်ပို၍ နက်ရှိုင်းစွာလျှောက်လှမ်းခဲ့၏။ သူသည် ဆက်လက်မတိုးခဲ့လျှင် ဘုရားသခင်၏တန်ခိုးတော်ကို လည်းမြင်တွေ့ခဲ့ရမည်မဟုတ်ပေ။ ဤအခန်းတို့က ဘုရားသခင်ထံ၌ ရှိသောကျွန်ုပ်တို့၏ယုံကြည်ခြင်းတို့ကို တိုးပွားစေပါစေ။

**ဆင်ခြင်ရန်** - ထာဝရဘုရားကိုကျွန်ုပ်နာခံသောကြောင့် ကိုယ်တော်တွင် ချိန်းချက်သောအချိန်နှင့်ရည်ရွယ်ချက်ရှိတော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၏လမ်းခရီးအားလုံးတွင် ကိုယ်တော်အားအစဉ်စောင့်မျှော်ရန်နှင့် ကိုးစားရန်ကူညီတော်မူပါ။

# အသစ်သောစတင်မှု

ထာဝရဘုရားသည် ဣသရေလလူတို့အားအသစ်သောပြက္ခဒိန်ကိုပေးတော်မူ၏။ အဲဂုတ္တုပြည်မှထွက်ခွာချိန်မှာ နီဆန်ဟုခေါ် သည်ပထမလဖြစ်ကြောင်းမှတ်သားထား၏။ ဤအရာက ဟေဗြဲလူတို့အတွက် အသစ်သောစတင်မှုကို အထိမ်းအမှတ်လုပ်ပေး၏။ ဤအသစ်သောစတင်မှုနှင့်အတူ ဟေဗြဲလူတို့သည် မိမိတို့၏နောက်တွင် အဲဂုတ္တုပြည်အားချန်ထားရစ်ကြ၏။ သူတို့သည် အဲဂုတ္တုလူတို့၏ဘာသာရေးနှစ်များနှင့် နည်းလမ်းတို့ကိုမေ့ပစ်၍ သန့်ရှင်းသောနေ့တို့ကိုလေ့လာရှာဖွေရန် စတင်ခဲ့ကြ၏။ စစ်မှန်သောဘုရားသခင်ကိုဝတ်ပြုရန် စတင်ခဲ့ကြပြီး၊ အသစ်သောစတင်မှုကိုပုံဖော်ကြ၏။ ယနေ့တွင်လည်း ဤအချက်သည် ကျွန်ုပ်တို့အတွက်အတူတူပင်ဖြစ်၏။ ကျွန်ုပ်တို့သည်ကယ်တင်ခြင်းကိုရရှိပြီးနောက် ဘဝအသက်တာကိုကျွန်ုပ်တို့ရှုမြင်ပုံနှင့် ကျွန်ုပ်တို့လိုက်သောအရာတို့သည် လုံးလုံးအသစ်ဖြစ်ရပါမည်။ ကျွန်ုပ်တို့အတွက် ဘုရားသခင်ကြံစည်သောအရာပေါ် တွင် အခြေခံ၍ ကျွန်ုပ်တို့သည်အသစ်သောရည်ရွယ်ချက်များရှိရပါမည်။ ကျွန်ုပ်တို့မပြောင်းလဲခင်တုန်းက အလွန်ခင်တွယ်သောအရာများနှင့် အသက်ရှင်နေထိုင်ခဲ့သည့်ပုံစံတို့ကို အပြီးအပိုင်ထားခဲ့ရပါမည်။

ထာဝရဘုရားက ဣသရေလလူတို့အတွက် ဘာသာရေးနှင့်ဆိုင်သော ကျင့်ထုံးအသစ်တို့ကို စီစဉ်သတ်မှတ်ပေးခဲ့သည်။ ပသခါပွဲတော်ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့၏။ အပြစ်ကင်းသောသိုးသူငယ်အထီးသည် အသတ်မခံရခင်တွင် သူတို့မိသားစုနှင့်အတူနေရ၏။ သူတို့ကခင်တွယ်မှုရှိသော ထိုအပြစ်တင်ခွင့်နှင့်ကင်းသောသိုးသူငယ်သည် သတ်ခြင်းခံရသောအခါ မည်သို့နာကျင်ခံစားမည်ကိုတွေးကြည့်လော့။ ကျွန်ုပ်တို့သည်ဘုရားသခင်၏ ယဇ်ပူဇော်ခြင်းအမှုကို မိမိကိုယ်တိုင်လက်ခံယုံကြည်ခြင်းမရှိဘဲ လုပ်ထုံးလုပ်နည်းကဲ့သို့သာ မရှုမြင်သင့်ပေ။ တဆေးမဲ့မုန့်သည်အပြစ်မရှိခြင်းကို ပြသ၏။ တဆေးမပါသောမုန့်စားခြင်းပွဲတော် ၇ ရက်ကာလအတွင်း၌ တဆေးပါသောမုန့်ကိုစားသောသူတစ်စုံတစ်ဦးရှိလျှင် ထိုသူသည်ပယ်ရှင်းခြင်း (ဆိုလိုသည်မှာ ပြင်းထန်သောစီရင်ခြင်းကိုမျှော်လင့်ရမည်) ကိုခံရမည်။ ခါးသောဟင်းသီးဟင်းရွက်က ဣသရေလလူတို့အား မိမိတို့၏ခါးသီးသောကျွန်ဘဝကို အမှတ်ရစေ၏။ ခါးစည်းကိုစည်းလျက်၊ ခြေနင်းကိုနင်းလျက်၊ တောင်ဝှေးကိုကိုင်လျက်စားခြင်းက အဲဂုတ္တုပြည်မှလျှင်မြန်စွာထွက်ခွာဖို့ရန် အဆင်သင့်ဖြစ်ခြင်းကိုဆိုလို၏။ ဤနည်းဥပဒေတို့သည် ယနေ့တွင်လည်းကျန်ရှိနေသေး၏။ ကျွန်ုပ်တို့သည်ကယ်တင်ခြင်းရပြီးနောက် အပြစ်ဒုစရိုက်ကို ကျွန်ုပ်တို့အသက်တာ၏ အပြင်ဘက်သို့ထားပြီး လောကီအရာတို့ကို လျှင်မြန်စွာချန်ရစ်ဖို့ရန်အဆင်သင့်ဖြစ်ရပါမည်။ တံခါးထုပ်၊ တံခါးတိုင်နှစ်ဘက်တို့၌ အသွေးကိုသုတ်ခြင်းနှင့် ဖျက်ဆီးသောသူကျော်လွန်ခြင်းက ဣသရေလလူတို့အားဘုရားသခင့်သိုးသူငယ်၏အသွေးတော်အားဖြင့်ကယ်တင်ခြင်းအကြောင်းကို သင်ကြားပို့ချ၏။ ဤအချက်အားလုံးကို ထာဝရဘုရား၏ကယ်တင်ခြင်းအားအောက်မေ့အမှတ်ရစေသူများအဖြစ် ကြည့်ရှုရပါမည် (ထွက် ၁၂း၁၇)။ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏ ပွဲတော်မင်္ဂလာကိုသုံးဆောင်သောအခါ ဤအချက်တို့ကိုအောက်မေ့ရပါမည်။ ဣသရေလလူတို့သည် နှစ်ပေါင်း ၄၃၀ နှစ်ကြာပြီးနောက် အသစ်သောစတင်မှုအတွက် ကျွန်ခံခြင်းကိုချန်ထားခဲ့ကြသည်။ ကျွန်ုပ်တို့သည် တစ်ချိန်ကအပြစ်ထဲတွင်ရှိကြသော်လည်း ယခုတွင်လွတ်ခြင်းအခွင့်ရ၏။ ဘုရားသခင်၏သိုးသူငယ်တော်ဖြစ်သောခရစ်တော်၌ အသစ်ပြုပြင်သောသတ္တဝါအဖြစ်အသက်ရှင်ကြလော့။

**ဆင်ခြင်ရန်** - လူဟောင်းကိုချွတ်ပစ်ပြီးအသစ်ကိုဝတ်ဆင်ဖို့ရန် ကျွန်ုပ်သည်ကယ်တင်ခြင်းခံရ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သန့်ရှင်းခြင်းနှင့်ပြည့်ဝသောအသစ်သောအသက်တာဖြင့် နေ့စဉ်အသက်ရှင်နိုင်ဖို့ရန် ကူညီတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၃၀)
**ထွက် ၁၂း၂၉-၃၃**
က ၁၅း၁၃-၁၄

*"... ထိုနောက်မှ၊ သူတို့သည်
များစွာသောဥစ္စာနှင့်ထွက်ကြလိမ့်မည်"*

## အပိုင်းသုံးပိုင်းပိုင်းခြင်းသည်ကုန်ဆုံးခဲ့ပြီ

ထာဝရဘုရားသည် ဆယ်ခုမြောက်သောကပ်ဘေး၌ ကတိပေးခဲ့သည်အတိုင်း အဲဂုတ္တုလူတို့အကြား အထက်လူတန်းစားနှင့်အောက်ခြေလူတန်းစားတို့မှ လူနှင့်တိရစ္ဆာန်တို့၏သားဦးအားလုံးကို သေစေခဲ့၏။ ဖါရော၏သားလည်းသေ၏။ အဲဂုတ္တုပြည်တစ်လျှောက်လုံးလည်း ငိုကြွေးခြင်းနှင့်ပြည့်၏။ ဖါရောသည်သတိပေးခြင်းကို လျစ်လျူရှု၍လုပ်နေကျအတိုင်း အိပ်ယာဝင်ခဲ့၏။ ဤကပ်ဘေးသည်လည်း မကြာမီပြီးဆုံးလိမ့်မည်ဟု သူယူဆလိမ့်မည်။ သို့သော်ဤအကြိမ်သည် နိဂုံအတိုင်းပြန်မဖြစ်နိုင်သော လူ့အသက်ဆုံးရှုံးမှုကြီးဖြစ်၏။ ဤအချက်က ဘုရားသခင်သည် ကျွန်ုပ်တို့အား အကြိမ်များစွာနောင်တရ၍အခွင့်ပေးသောအခါ နောင်တမရဘဲ နှလုံးခိုင်မာခြင်း၏ကြောက်စရာကောင်းကြောင်းကိုပြ၏။ ကျွန်ုပ်တို့သည် ဘယ်သောအခါမှ ပြန်၍ကုစားလို့မရတော့သည့် တရားစီရင်ခြင်းရှိမည်ကိုသိရပါမည်။ သို့သော် ဟေဗြဲလူတို့သည် ပဿခါပွဲအတွက် ညွှန်ကြားချက်တို့ကို နာခံခဲ့သောကြောင့် ဖျက်ဆီးသူလက်မှလွတ်မြောက်ခဲ့ကြ၏။ ဖါရောသည်မိမိ၏အလွန်ကြီးမားသော ဆုံးရှုံးမှုကြောင့် အလွန်နာကျင်ခံစားရ၏။ ဖါရောသည်မောရှေနှင့်အာရုန်ကိုဆင့်ခေါ်၍ ဆွေးနွေးခြင်းပင်မပြုနိုင်တော့ဘဲ ထိုပြည်မှလျှင်မြန်စွာထွက်ခွာကြရန်အမိန့်ပေး၏။ ဤတစ်ကြိမ်တွင် ဖါရောက ဣသရေလလူတို့အား သူတို့၏တိရစ္ဆာန်များ၊ ကလေးသူငယ်များ၊ မိန်းမများနှင့်အမျိုးသားအားလုံးတို့ကို ခေါ်ဆောင်၍ ချက်ချင်းထွက်ကြဖို့ရန် မိန့်ဆို၏။ ဖါရော၏လူတို့ကပင် ဟေဗြဲကျွန်တို့အား အမြန်ဆုံးထွက်ခွာရန် အလိုရှိကြ၏။

သုံးလအပိုင်းအခြားသည်ပြီးဆုံးခဲ့ပြီ။ အစပိုင်းတွင် မောရှေသည် အဲဂုတ္တုပြည်မှမိမိလူတို့အား ဦးဆောင်ခေါ်နိုင်ဖို့ရန် ကြောက်ရွံ့၍ဆန္ဒမရှိသောသူဖြစ်ခဲ့သော်လည်း၊ ယခုတွင်သူ၏ယုံကြည်ခြင်းမှာ ကြီးထွားခဲ့ပြီဖြစ်၏။ အစ၌ဣသရေလလူတို့သည် မိမိတို့အားထွက်ခွင့်ပြုရန် ဖါရောထံသို့ တောင်းဆိုပေးသူမောရှေအား အပြစ်တင်ခဲ့ကြ၏။ သို့သော် တိုးပွားလာသော ညှင်းပန်းနှိပ်စက်ခြင်းက သူတို့အားထွက်ခွာချင်စိတ်ပိုဖြစ်စေခဲ့၏။ ဖါရောကသူတို့အားမလွှတ်ခဲ့ပေ။ သို့သော်ဤနောက်ဆုံးသောကပ်ဘေးနှင့်အတူ သူတို့အားအဲဂုတ္တုပြည်မှ နှင်ဖို့ရန်ဖါရောနှင့်သူ့လူတို့ကမစောင့်နိုင်ပေ။ ကလေးသူငယ်သည်အဆင်သင့်မဖြစ်ဘဲ၊ မွေးချိန်မတန်ဘဲ မွေးဖွားခြင်းသည်အလွန်အန္တရာယ်ရောက်နိုင်၏။ ဘုရားသခင်သည်မိမိ၏တန်ခိုးမဲ့ပညာတော်နှင့်ထိန်းချုပ်မှုတို့ဖြင့် ရွှေ့လျား၍ ဣသရေလလူတို့ကိုသားအိမ်ထဲမှထွက်လာဖို့ရန် သူတို့လိုအပ်သောအခြေအနေကို တိတိကျကျယူဆောင်ပေးခဲ့သည်။ ဘုရားသခင်သည်မိမိ၏အကြံအစည်ကို ဖော်ဆောင်နေသောကြောင့် သူ၏ချိန်းချက်သောအချိန်ကို ယုံကြည်ကိုးစားခြင်းဖြင့် စိတ်ရှည်စွာစောင့်ကြပါစို့။ သူသည်ရလဒ်ကောင်းကို အောင်မြင်စွာရရှိဖို့ရန် အခြေအနေများကိုစီစဉ်၍ ထိန်းချုပ်နေသောအနန္တတန်ခိုးရှင်ဖြစ်၏။ အစောပိုင်း (သို့) နောက်ပိုင်းတစ်ချိန်ချိန်တွင် ဆင်းရဲဒုက္ခရှိလိမ့်မည်။ သူချိန်းချက်သောအချိန်တွင် သင်နှင့် သင့်အနားတွင် ရှိသောသူတို့သည် အဆင်သင့်ဖြစ်ခြင်း၌သော်၎င်း၊ ဆုံးဖြတ်ချက်ချခြင်း၌သော်၎င်း၊ ယုံကြည်ခြင်း၌သော်၎င်း၊ အကောင်းဆုံးသောအခြေအနေဖြစ်စေ၍ အကောင်းဆုံးသောရလဒ်ရစေလိမ့်မည်။

**ဆင်ခြင်ရန်** - ထာဝရဘုရားသည်ဘယ်သောအခါမျှ စောလည်းမစော၊ နောက်လည်းမကျပါ။ သူသတ်မှတ်ထားသောအချိန်သည်ပြည့်စုံသောအချိန်ဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၏လက်ကိုကိုယ်တော်ထံ အပ်နှံ၏။ အကျွန်ုပ်ကိုလမ်းပြပို့ဆောင်တော်မူပါ။

ကြာသပတေး၊ ဇန်နဝါရီ (၃၁)
**ထွက် ၁၂း၃၄-၅၁**
မသဲ ၆း၃၃

*"အနှစ်လေးရာသုံးဆယ်
စေ့သော နေ့ခြင်းတွင်. . . "*

## ထာဝရဘုရားကထောက်ပံ့ပေးလိမ့်မည်

သူငယ်တိုင်းပြည်သည် မွေးဖွားခြင်းဝေဒနာကုန်ဆုံးပြီးနောက် ထွက်လာသော်တိုင်းပြည်သာဖြစ်၏။ ဣသရေလလူတို့သည် အဲဂုတ္တုပြည်မှလျှင်မြန်စွာထွက်လာနိုင်ဖို့ရန် မိမိတို့၏တံဆေးမပါသောဂျုံမုန့်နှင့်ထိုဂျုံမုန့်ကြိတ်ခွက်တို့ကို သယ်ဆောင်ဖို့ရန် မိမိတို့အဝတ်အစားတို့ကိုအိတ်အဖြစ်အသုံးပြုကြ၏။ ထာဝရဘုရားက မောရှေအားညွှန်ကြားခဲ့သည့်အတိုင်း (ထွက် ၁၁း၂-၃) ဣသရေလလူတို့သည် မထွက်ခွာမီတွင် အဲဂုတ္တုလူတို့အား ငွေတန်ဆာ၊ ရွှေတန်ဆာနှင့်အဝတ်တန်ဆာတို့ကို တောင်းခဲ့ကြ၏။ သူတို့တောင်းသည့်အတိုင်း အဲဂုတ္တုလူတို့ကလည်းပေးကြ၏။ ဟေဗြဲစကားလုံးတွင် "ချေးယူသည်" နှင့် "ငှားသည်" ဟူသောစကားလုံးကို "တောင်းခံသည်" နှင့် ရိုသေစွာ "တောင်းဆိုသည်" ဟူ၍နားလည်ရ၏။ အဲဂုတ္တုလူတို့သည် ပေးချင်သောစိတ်ရှိရန် ထာဝရဘုရားပြုတော်မူ၏။ ဣသရေလလူတို့က အဲဂုတ္တုလူတို့ဝတ်ဆင်သောတန်ဆာတို့ကိုပင် ချွတ်ယူထားသောကြောင့် ထိုပေးကမ်းခြင်းသည်အလွန်ကြီးမားကြောင်း သိနိုင်၏။ ဣသရေလလူတို့သည် နှစ်ပေါင်း ၄၃၀ ကြာပြီးနောက်အဲဂုတ္တုပြည်မှထွက်ခွာရသော ထိုညသည်အမှတ်ရစရာညဖြစ်နေမည်။ အခြားလူတို့ကလည်း အဲဂုတ္တုပြည်မှ ထွက်ခွာရန်အခွင့်အရေးယူကြ၏။ သို့သော်သူတို့သည် ပသခါပွဲတွင်ပါဝင်ဆင်နွှဲလိုလျှင် အရေဖျားလှီးခြင်းကို ခံရကြပါမည်။

ထိုနေရာတွင်အချိန်အကြာကြီးနေလာခဲ့ပြီးနောက် လူနှစ်သန်းကျော်အတွက် ထွက်ခွာမည့်နေရာကိုမည်သို့ပြင်ဆင်ခဲ့သနည်း။ ကျွန်ုပ်တို့အနေဖြင့် တိုင်းပြည်တစ်ခု၌သာခွင့်ပြုထားသော ဝတ်ပြုရန်ဗိမာန်တော်ကို တည်ဆောက်ဖို့ရန်လိုအပ်သော တန်ဆာပလာနှင့်ပစ္စည်းဥစ္စာတို့ရှိကြမည်လော။ ထို့နောက် ညနက်သန်းခေါင်ယံ၌ ရုတ်တရက်ထွက်ခွာရခြင်းမှာ တုန်လှုပ်စရာကောင်းနေလိမ့်မည်။ သူတို့သည် ဆုတောင်းရန်နှင့်အစီအစဉ်ချမှတ်ဖို့ရန် အချိန်မရှိခဲ့ကြပေ။ သို့သော်လည်း ထာဝရဘုရားက ထောက်ပံ့တော်မူခဲ့၏။ နောက်ပိုင်းတွင် ဤတန်ဆာပလာတို့ကိုတဲတော်နှင့်ယဇ်ပုရောဟိတ်ဝတ်လုံဆောက်လုပ်ခြင်း၌အသုံးပြုခဲ့သည်။ ဘုရားသခင်သည်မိမိအမှုတော်အတွက် အမြဲထောက်ပံ့ပေးခဲ့၏။ အနာဂတ်အတွက် သင်သည်စိုးရိမ်ပူပန်နေပါသလား။ ထောက်ပံ့ခြင်းရောက်လာမည့်နေရာကို သင်သည်စုံစမ်းမေးမြန်းနေပါသလား။ သင့်ဘဝအတွက်သော်၎င်း၊ မိသားစုအတွက်သော်၎င်း၊ အသင်းတော်အတွက်သော်၎င်း၊ ဘုရားသခင်လုပ်စေချင်သောအရာကို သင်ဆောင်ရွက်လျှင် စိုးရိမ်ပူပန်စရာမလိုပေ။ အဲဂုတ္တုလူတို့ထံမှ တန်ဖိုးရှိသောတန်ဆာပလာတို့ကို ရရှိခြင်းက သူတို့၏စိတ်ကိုမည်သို့မျှမဖြစ်စေပါ။

သင်သည်မိမိ၏သာယာမှု၊ ရာထူးနှင့်ဂုဏ်တို့ကို မရှာဖွေဘဲ ဘုရားသခင်၏နိုင်ငံတော်ကိုရှေးဦးစွာရှာဖွေနေလျှင် ဘုရားသခင်က သင်လိုအပ်သောအရာတို့ကိုထောက်ပံ့ပေးလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကကျွန်ုပ်တို့မစဉ်းစားနိုင်သော နည်းလမ်းဖြင့် ထောက်ပံ့ဖို့ရန် လူတို့၏ စိတ်နှလုံးကိုရွှေ့စေနိုင်ပြီး အခြေအနေကိုလည်းစီစဉ်နိုင်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်သည်ကိုယ်တော်၏အလိုတော်ကိုဆောင်ရွက်သောအခါ ကျွန်ုပ်လိုအပ်သောအရာကို အစဉ်အမြဲထောက်ပံ့မည်ဖြစ်သောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

## အောက်မေ့ခြင်းငှါ

ဘုရားသခင်သည် လူဖြစ်စေ၊ တိရိစ္ဆာန်ဖြစ်စေ သားဦးအပေါင်းတို့ကို မိမိအဖို့ သန့်ရှင်းစေခြင်း (ဆက်ကပ်ခြင်း) ငှါ၊ ဣသရေလလူတို့အား မောရှေအားဖြင့် သွန်သင်တော်မူခဲ့၏။ ထို့ပြင် ကတိတော်ပြည်၌လည်း တဆေးမပါသောမုန့်ပွဲကို အဗိဗ လ (နောက်၌ နိသန်ဟုခေါ်ခဲ့ပါသည်) ၌ သူတို့ဆင်နွှဲရမည်ဖြစ်ပါသည်။

ရည်ရွယ်ချက်မှကား သူတို့သည် "ဤနေ့ရက်ကို အောက်မေ့" (ထွက် ၁၃း၃ နှိုင်း ထွက် ၁၂း၁၄) ခြင်းငှါ၊ "သားမြေးတို့အား ကြားပြော" (ထွက် ၁၃း၈) ခြင်းငှါ၊ "လက္ခဏာသက်သေ. . . အောက်မေ့ဖို့ရာ" (ထွက် ၁၃း၉) အတွက်ငှါ၊ "သင်၏သားကလည်း အဘယ်သို့နည်းဟု မေးမြန်းလျှင်" (ထွက် ၁၃း၁၄) ဖြေနိုင်မည်အကြောင်း ဟူ၍ဖြစ်ပါသည်။ တဆေးပါသောမုန့်ကိုမစားဘဲ နေခြင်းဖြင့် သူတို့အားကျွန်ခံရာအဲဂုတ္တုပြည်မှ တန်ခိုးတော်အားဖြင့် ဘုရားသခင်ကယ်နှုတ်တော်မူသောနေ့ကို အောက်မေ့ကြရမည်ဖြစ်ပါသည်။ ထိုဘုရားသခင်ကပင် ကတိတော်ပြည်ကို သူတို့အားပေးတော်မူမည်ဖြစ်၏။ သားဦးကို ရွေးကြခြင်းအားဖြင့် ပထမဆုံးပသခါပွဲ၌ မိမိတို့၏သားဦးများကို ဘုရားသခင်လွတ်ပေးခြင်းအမှုကို သတိရကြမည်ဖြစ်သည်။ ကတိတော်ပြည်သို့မဝင်မီ ဘုရားသခင်က ထိုသို့သတိရအောက်မေ့စေသောအရာများကို ပေးတော်မူခြင်းဖြစ်၏။ ကျွန်တော်တို့သည် မေ့တတ်သောသူများဖြစ်ကြပါသည်။ ဘုရားသခင်၏ ကူညီမစခြင်းနှင့် ကယ်နှုတ်ခြင်းတို့ကို ကျွန်တော်တို့ အလွယ်တကူမေ့လျော့တတ်ကြသည်မှာ ဝမ်းနည်းစရာကောင်းလှပါသည်။ ကျွန်တော်တို့သည် သတိရအောက်မေ့စေသောအရာ အစဉ်လိုအပ်သည်ဖြစ်သောကြောင့် ဓမ္မသစ်ကျမ်းထဲတွင် ယေရှု၏ ညှင်းဆဲခြင်းခံရသောကိုယ်နှင့် သွန်းလောင်းတော်မူသောအသွေးကို အောက်မေ့ခြင်းငှါ ပွဲတော်မင်္ဂလာ (ပသခါပွဲကိုအစားထိုးသောအရာ) ကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်၏။ ထာဝရဘုရားက ဣသရေလလူတို့အား မိမိသားသမီးတို့ကို သွန်သင်ခြင်းငှါ သတိပေးတော်မူခဲ့၏။ မိဘတို့သည် မိမိ၏သားသမီးတို့အား ကယ်တင်ခြင်းအကြောင်းနှင့် ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်း၊ သစ္စာရှိခြင်းအကြောင်းကို အစဉ်မပြတ်သွန်သင်ကြရပါမည်။ ဤနည်းအားဖြင့် သူတို့သည်လည်း ထာဝရဘုရားကို သိကြပြီး ယုံကြည်ကိုးစားခြင်းရှိလျက် ဝတ်ပြုကိုးကွယ်ခြင်းပြုကြပါလိမ့်မည်။ ဤအမှုသည် Sunday School ဆရာဆရာမများ၏အမှုမဟုတ်၊ မိဘတို့၏ အဓိကတာဝန်ဝတ္တရားပင်ဖြစ်ပါသည်။ မိဘတို့သည် သားသမီးတို့အား သင်ပေးခြင်းငှါ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို သိကျွမ်းခြင်းရှိရပါမည်။ နာခံခြင်းအသက်တာအားဖြင့်လည်း မိမိသွန်သင်ချက်ကို အားဖြည့်ရပါမည်။ ထိုသို့နာခံလိုက်လျှောက်ခြင်းမရှိလျှင် ပွဲတော်မင်္ဂလာသုံးဆောင်ခြင်း၊ အပြစ်ကိုဆန့်ကျင်ခြင်း၊ ဘုရားသခင်၏ တန်ခိုးတော်နှင့် သစ္စာရှိခြင်းအကြောင်း သွန်သင်ချက်တို့သည် အလဟသဖြစ်ကြပါလိမ့်မည်။ ကျွန်တော်တို့သည် သတိရအောက်မေ့ခြင်းရှိ၍ သားသမီးတို့သည်လည်း ထိုသို့အောက်မေ့သတိရစေခြင်းငှါ ကျွန်တော်တို့သွန်သင်ကြရပါမည်။

**ဆင်ခြင်ရန်** - ထာဝရဘုရားသည် မိမိပြုသောအမှုကို ဣသရေလလူတို့အား အောက်မေ့စေခြင်းငှါ အလိုရှိ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အား မည်သို့ရွေးနှုတ်တော်မူသည်ကိုငှင်း၊ အဘယ့်ကြောင့် ရွေးနှုတ်တော်မူသည်ကိုငှင်း၊ အစဉ်အောက်မေ့စေခြင်းငှါ မစတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၂)
**ထွက် ၁၃း၁၇-၂၂**
ဆာ ၃၂း၆-၁၁ "... သင့်ကိုကြည့်ရှုပြုစုမည်..."

## ခရီးပန်းသည်ဟုထင်ရသော်လည်း ဘုရားသခင်ကိုကိုးစားလော့

ဘုရားသခင်သည် ဣသရေလလူတို့အား "ဖိလိတ္တိပြည်ကိုလျှောက်သောလမ်းသည် ဖြောင့်သော်လည်း" (ထွက် ၁၃း၁၇)၊ ခါနန်ပြည်သို့သွားရန် ဖြောင့်တန်းပြီးခရီးတိုသော်လည်း ထိုလမ်းဖြင့်ပို့ဆောင်တော်မမူ။ တောလမ်းအားဖြင့်ပတ်၍ ခေါ်ဆောင်တော်မူခဲ့၏။ ခါနန်ပြည်သို့ အရှေ့ဘက်မှမသွားဘဲ အဲဂုတ္တုပြည်မှထွက်၍ သုကုတ်မှဧသံမြို့သို့ ဘုရားသခင်ခေါ်ဆောင်ခဲ့၏။ ဆိုလိုသည်မှာ "ဧဒံပင်လယ်နားတောလမ်းဖြင့် ဝိုင်း၍ခေါ်ဆောင်တော်မူ" (ထွက် ၁၃း၁၈) ခြင်းဖြစ်ပါသည်။ ဤသည်ကား ဘုရားသခင်၏အကြံအစည်ဖြစ်ပါသည်။ "ဘုရားသခင်ဆောင်တော်မူ၏" ဟူ၍ ထွက် ၁၃း၁၇ နှင့် ၁၈ တို့တွင်တွေ့ရပါသည်။ ထို့ပြင် ထွက် ၁၃း၂၁ ထဲ၌ "ထာဝရဘုရားသည် ... လမ်းပြဖို့... သူတို့ရှေ့က ကြွတော်မူ၏" ဟူ၍တွေ့ရပါသည်။

ဤလမ်းဖြင့် ခေါ်ဆောင်ရခြင်းအကြောင်းရင်းကို ဘုရားသခင်ဖော်ပြခဲ့ပါသည်။ ဣသရေလလူတို့သည် ဤလမ်းဖြင့်မသွားဘဲ အခြားလမ်းဖြင့်သွားခဲ့လျှင် များစွာသော စစ်တိုက်ကြရပါမည်။ ထိုအခါ သူတို့သည် ကြောက်ရွံ့ခြင်းရှိ၍ စိတ်ပျက်အားငယ်ကြလျက် အဲဂုတ္တုပြည်မှထွက်လာကြခြင်းကို နောင်တရကြလိမ့်မည်။ ဣသရေလလူတို့သည် ဝိညာဉ်ရေးရာအမှု၌ အဆင်သင့်မဖြစ်ခဲ့ကြသေးပါ။ အကျွန်ုပ်တို့၏ယုံကြည်ခြင်းပို၍ ကြီးမားပါစေသော်။ သို့သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကောင်းစွာသိတော်မူသဖြင့် စိတ်ရှည်သည်းခံတော်မူ၏။

တခါတရံအလုပ်၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ ကြုံတွေ့ရသော ကျွန်ုပ်တို့ပြဿနာအတွက် လွယ်ကူသော ဖြေရှင်းနည်း ကျွန်တော်တို့မြင်တွေ့တတ်ကြ၏။ သို့သော်လည်း ဘုရားသခင်သည် ထိုလွယ်ကူသောလမ်းအားဖြင့် ကျွန်ုပ်တို့ကို ခေါ်ဆောင်တော်မမူ။ ပို၍ရှည်လျားသော လမ်းအားဖြင့် ကျွန်ုပ်တို့ကိုခေါ်ဆောင်တတ်၏။ အဘယ့်ကြောင့် ဘုရားသခင်ထိုသို့ပြုပါသနည်း။ ထိုလွယ်ကူသောလမ်းအားဖြင့် ဘုရားသခင်ခေါ်ဆောင်တော်မူလျှင် ကြုံတွေ့ရမည့် ရလဒ်ကို ကျွန်တော်တို့မခံမယူနိုင်ကြောင်း ဘုရားသခင်သိတော်မူသောကြောင့်ဖြစ်၏။ ကျွန်တော်တို့အဆင်သင့်မဖြစ်သေးကြောင်းကို ဘုရားသခင်သိတော်မူ၏။ သင့်အလုပ်၌ဖြစ်ငြင်း၊ မိသားစု၌ဖြစ်ငြင်း၊ အသင်းတော် (သို့) အမှုတော်၌ အဘယ့်ကြောင့် ဘုရားသခင်က လွယ်ကူစွာ မစခြင်းမပြုသနည်းဟု သင်အံ့ဩသောအချိန်ရှိပါသလား။ ထိုသို့ လွယ်ကူစွာ မစတော်မမူခြင်းသည်၊ သင်လိုအပ်သောငွေကို ပေးခဲ့လျှင်ဖြစ်ငြင်း၊ လျှင်မြန်စွာ ပြန်၍ကျန်းမာစေခဲ့လျှင်ဖြစ်ငြင်း၊ သင့်မိသားစုပြဿနာကို ရုတ်တရက်ဖြေရှင်းပေးခဲ့လျှင်ဖြစ်ငြင်း၊ သင်သည် လောကီအမှုသို့ ပြန်သွားနိုင်သောကြောင့် ဖြစ်ပါသည်။ ဖြောင့်တန်းသော၊ လွယ်ကူသောလမ်းသည် အစဉ်ပို၍ကောင်းသည်ဟု မဆိုလိုပါ။ အကောင်းဆုံးကိုနားလည်ခြင်းငှါ ဘုရားသခင်ကိုကိုးစားခြင်းရှိလော့။

**ဆင်ခြင်ရန်** - "ပို့ဆောင်တော်မူသောကျေးဇူးရှင်"။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်သည် အနာဂတ်ကိုသိတော်မူသည်ဖြစ်၍ ထိုအမှုနှင့်ယှဉ်ပြီး အကျွန်ုပ်ကိုပို့ဆောင်တော်မူသောကြောင့် ဝမ်းမြောက်ခြင်းရှိပါ၏။

တနင်္လာနေ့၊ ဖေဖော်ဝါရီ (၃)

**ထွက် ၁၄း၁-၉**

ဆာ ၂၀

*“. . . ငါတို့မူကား၊ ငါတို့ဘုရားသခင်တည်းဟူသော ထာဝရဘုရား၏နာမတော်ကို ချီးမွမ်းကြလိမ့်မည်”*

## အစီအမံမရှိဟုထင်ရသောအချိန်၌လည်း ဘုရားသခင်ကိုကိုးစားလော့

ဣသရေလလူတို့သည် ပင်လယ်နား ပိဟဟိရုတ်မြို့ဘက်သို့ လှည့်၍တပ်ချကြခြင်းငှါ၊ ဘုရားသခင်က မောရှေအား မှာထားတော်မူ၏။ ဖါရောက ဤအတွေ့အကြုံမရှိသော ကျွန်များတို့သည် လမ်းပျောက်ခဲ့ကြပြီဟုထင်ပါလိမ့်မည်။ အရှေ့ဘက်သို့သွားမည့်အစား အနောက်တောင်ဘက်သို့သွားခဲ့ကြ၏။ ဤအနောက်တောင်ဘက်လမ်းအတိုင်းသွားလျှင် အဲဂုတ္တုနှင့် ပင်လယ်စပ်ကြား၌ သူတို့သည် ပိတ်မိနေကြလိမ့်မည်။ ထို့ကြောင့် ဤလမ်းခရီးသည် အစီအမံမရှိဟုထင်ရပါ၏။ အကြောင်းမှာ အရှေ့တောင်ဘက်အတိုင်းသွားခဲ့ကြလျှင် သူတို့သည် အဲဂုတ္တုစစ်တပ်နှင့်ပင်လယ်စပ်ကြား၌ ပိတ်မိကြလိမ့်မည်မဟုတ်ပါ။ သို့သော်လည်း ယခု၌သူတို့သည် ပိတ်မိခဲ့ကြ၏။ မိမိတို့အတွက် အလကားအလုပ်လုပ်ပေးသောကျွန်တို့ကို လွှတ်ပေးခြင်းသည် မိုက်သောအမှုဖြစ်သည်ဟု တွေးထင်ကြပြီး၊ ဖါရော၏စိတ်နှလုံးခိုင်မာခြင်းနှင့်တကွ မိမိ၏စစ်တပ်သည် ဣသရေလလူတို့နောက်သို့ လိုက်ခဲ့ကြ၏။ ဣသရေလလူတို့သည် အလွယ်တကူဖမ်းဆီးခေါ်ဆောင်၍ရသောအခြေအနေ၌ရှိခဲ့၏။ ထို့ကြောင့် ဖါရောသည် မိမိ၏အကောင်းဆုံးရထားခြောက်ရာနှင့်တကွ ဣသရေလလူတို့နောက်သို့ လိုက်ခဲ့၏။

ဤသည်ကား အမှားပြုမိခြင်း (သို့) စီရင်ခြင်းပြုရန်မဟုတ်ပါ။ ဘုရားသခင်၏ရည်ရွယ်ချက်မူကား ဖါရောနှင့်သူ၏စစ်တပ်အပေါ် မိမိ၏ဘုန်းတန်ခိုးအာနုဘော်ကို ပြသရန်ဖြစ်ပါသည်။ ဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်ကြောင်း သူတို့သိကြရန်ဖြစ်ပါသည်။ ဤကျမ်းပိုဒ်၌ ရထားဟူသောစကားလုံးကို အကြိမ်ကြိမ်ဖော်ပြခဲ့ပါသည်။ မြင်းရထားသည် အလွန်အားကြီး၍ ခေတ်မီသောတီထွင်မှုဖြစ်သောကြောင့် ရန်သူ၏စိတ်နှလုံး၌ ကြောက်ရွံ့စိတ်ကိုဖြစ်စေတတ်၏။ ဤမျှလောက်သောစစ်တပ်အင်အား၏ လိုက်ခြင်းခံရလျက်ပင်၊ ဣသရေလလူမျိုးတို့သည် လွတ်လမ်းမရှိသောနေရာ၌ မိမိကိုယ်ကိုပိတ်မိနေကြခြင်းသည် အမှန်မှာအစီအမံမရှိပါ။ သို့သော်လည်း ဣသရေလလူတို့၏ အားနည်းသောအခြေအနေနှင့် မိမိတို့နောက်သို့လိုက်သော အဲဂုတ္တုလူတို့၏ အားကြီးသောစစ်တပ်တို့က ဘုရားသခင်၏ ဘုန်းတန်ခိုးအာနုဘော်ကို ပို၍ထင်ရှားစွာပြသလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏လူတို့သည် အဘယ်အခြေအနေ၌ဖြစ်စေ သူတို့လိုအပ်သောပုဂ္ဂိုလ်သည် အခြားသောသူမဟုတ်ဘဲ ဘုရားသခင်သာလျှင်ဖြစ်ကြောင်းကို သိရှိကြမည်ဖြစ်ပါသည်။ ဤကမ္ဘာလောက၌ မည်သို့အသက်ရှင်နေထိုင်ရမည်အကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်ပညတ်ထားသော တရားတော်တို့သည် အကျွန်ုပ်တို့၏ အသိဉာဏ်နှင့်တခါတရံဆန့်ကျင်ဘက်ဖြစ်တတ်ပါသည်။ ဤလောကီလူသားတို့သည် အကျွန်ုပ်တို့အား စဉ်းစားဉာဏ်မရှိသောသူ၊ ဘုရားသခင်၏နောက်တော်သို့လိုက်သောကြောင့် မိုက်မဲသောသူဟု ထင်တတ်ကြပါသည်။ သို့သော်လည်း ဣသရေလလူတို့အား ဘုရားသခင်ပို့ဆောင်တော်မူခြင်းအမှုသည် အကျွန်ုပ်တို့အတွက် ပုံသာဓကဖြစ်၍ခွန်အားယူစရာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အစီအမံမရှိဟုထင်ရသောအချိန်၌ ထာဝရဘုရား၏အမိန့်တော်ကို ကျွန်တော်ယုံကြည်ကိုးစားခြင်းရှိပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အမြင်အာရုံအားဖြင့်မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်မည်အကြောင်း သွန်သင်တော်မူပါ။

တနင်္လာ၊ ဖေဖော်ဝါရီ (၄)

**ထွက် ၁၄:၁၀-၁၂**

ယောရှု ၂၄:၅-၇

*"ငါတို့သည် အဲဂုတ္တုလူတို့ထံ၌ အစေကျွန်ခံနေလျက်ရှိကြပါစေဟု . . . "*

## ဘုရားသခင်ကိုကျွန်တော်တို့ယုံကြည်ကိုးစားခြင်းမရှိသောအခါ

ဣသရေလလူတို့သည် ကြောက်စရာကောင်းသော ဖါရောဘုရင်၏မြင်းရထားခြောက်ရာနှင့်မြင်းစီးသူရဲတို့ကို မြင်ကြသောအခါ အလွန်ကြောက်ရွံ့ခြင်းရှိကြပြီး၊ ထာဝရဘုရားထံ အော်ဟစ်ကြ၏။ သို့သော်လည်း တောထဲ၌သေခြင်းငှါ အဲဂုတ္တုပြည်မှ မိမိတို့ကို ခေါ်ထုတ်သည်ဟု မောရှေအား မိုက်မဲစွာစွပ်စွဲကြပါသည်။ မိမိတို့အမှု၌ဝင်ရောက်ပတ်သက်ခြင်းမပြုရန် အဲဂုတ္တုပြည်၌မောရှေအား မိမိတို့ပြောခဲ့ကြကြောင်း ပြန်၍ဆိုကြ၏။ ဤတောထဲ၌သေမည့်အစား အဲဂုတ္တုပြည်၌ကျွန်အဖြစ်နေခဲ့ခြင်းသည် သာ၍ကောင်း၏ဆိုကြ၏။

ကျွန်တော်တို့ဘုရားသခင်ကို ကိုးစားခြင်းမရှိသောအခါ ကြောက်ရွံ့တုန်လှုပ်ခြင်းဝင်ရောက်လာတတ်၏။ ဣသရေလလူတို့သည် အောင်မြင်ခြင်းနှင့်တကွ "ဝါကြွားသောအခြင်းအရာနှင့်ထွက်သွား" (ထွက် ၁၄:၈) ခဲ့ကြသည်မဟုတ်လော။ အဲဂုတ္တုလူတို့သည် ဘေးဒုက္ခခံနေခဲ့ကြစဉ်သူတို့သည် ဘုရားသခင်၏အံ့ဖွယ်ကွယ်ကာတော်မူခြင်းကို ခံခဲ့ကြသည်မဟုတ်လော။ ကျွန်တော်တို့ကြောက်ရွံ့တုန်လှုပ်ခြင်းသည် ဘုရားသခင်၏တန်ခိုးတော်နှင့် သစ္စာရှိတော်မူခြင်းကိုမကြည့်ဘဲ၊ လက်ရှိအခြေအနေနှင့်ပြဿနာအခက်အခဲတို့ကိုသာ ကြည့်သောကြောင့်ဖြစ်၏။ ဘုရားသခင်က ဣသရေလလူတို့အား (သူတို့၏သားစဉ်မြေးဆက်ကိုလည်းပြောပြကြရန်) မိမိ၏ကယ်တင်တော်မူနိုင်သောတန်ခိုးတော်အကြောင်းကိုပြန်၍ သတိရစေခြင်းငှါမိန့်တော်မူခဲ့၏။ ဘုရားသခင်၏လမ်းပြတော်မူခြင်းကို ကျွန်တော်တို့ယုံကြည်ကိုးစားခြင်းမရှိသောအခါ ပြဿနာကိုမြင်လျှင် စိုးရိမ်ပူပန်ခြင်းရှိတတ်၏။ ဘဝကိုအရှုံးပေး၍ ဘဝဟောင်း၏အခက်အခဲဒုက္ခကို မေ့လျက်ထိုဘဝသို့ ပြန်သွားလိုခြင်းရှိတတ်၏။ ထာဝရဘုရား၏စကားကိုမနာခံဘဲ၊ မလိုက်လျှောက်ဘဲနေခဲ့လျှင် အကောင်းသားဟုတွေးထင်တတ်ကြ၏။ ညည်းတွားမြည်တမ်းခြင်းပြုတတ်၏။ ဘုရားသခင်ကြောက်ရွံ့ခြင်းနှင့်ယှဉ်သောအကြံဉာဏ်ပေးခဲ့သောပုဂ္ဂိုလ်များကိုပင် အပြစ်တင်လိုစိတ်ဝင်လာ၏။ ထာဝရဘုရားထံ ဆုတောင်းသော်လည်း အခက်အခဲဒုက္ခကျော်လွှားနိုင်ခြင်းငှါ မစခြင်းအကြောင်းမတောင်းဘဲ၊ အခက်အခဲဒုက္ခကို ဖယ်ရှားပေးခြင်းငှါသာ တောင်းတတ်ကြ၏။ ကျွန်ုပ်တို့၏ပညာရေး၊ အလုပ်၊ မိသားစုနှင့်အသင်းတော်၌ပင် ထာဝရဘုရားကို ပထမနေရာ၌မထားခဲ့လျှင် ပို၍ကောင်းခဲ့လိမ့်မည်ဟူသောအတွေးဝင် ရောက်လာတတ်၏။ စိတ်ထဲ၌ "ဘုရားသခင်၏စကားနာခံခြင်းက ဤအခက်အခဲဒုက္ခထဲသို့ကျွန်ုပ် တို့ကို ပို့ဆောင်၏" ဟုတွေးလာတတ်ပါသည်။ ထာဝရဘုရား၏ နောက်တော်သို့လိုက်ခြင်းသည် ထိုက်တန်မှုမရှိဟုထင်လာတတ်၏။ ထာဝရဘုရားအတူပါရှိတော်မူခြင်း၏ ချိုမြိန်သောဘဝကိုမေ့လျော့လာ၍ ခဏသာဖြစ်သောအခက်အခဲဒုက္ခကိုသာ စိတ်ထဲ၌အစဉ်မြင်တွေ့ပူပန်ခြင်းရှိ၏။

**ဆင်ခြင်ရန်** - အခက်အခဲဒုက္ခကြုံတွေ့သောအခါ ဘုရားသခင်၏တန်ခိုးတော်ကို သတိမရဘဲ ကျွန်တော်အလျှင်အမြန်မေ့လျော့ခဲ့ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်သည်အကျွန်ုပ်ထင်ထားသည်ထက် အလွန်များပြားစွာ အမှုပြုတော်မူနိုင်ကြောင်းကို သတိရမည်အကြောင်းမစတော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၅)

**ထွက် ၁၄း၁၃-၁၄**

ဆာ ၄၆

*“ငြိမ်ဝပ်စွာနေကြလော့၊ ငါကား ဘုရားသခင်ဖြစ်သည်ဟု
သိမှတ်ကြလော့၊ လူမျိုးတို့တွင်ငါသည်ဘုန်းပွင့်မည်”*

## သူတပါးတို့သည်ကြောက်ရွံ့ခြင်းရှိသော်လည်း သင်သည်ယုံကြည်ခြင်းရှိလော့

အခြားသောသူတို့သည် ကြောက်ရွံ့တုန်လှုပ်ခြင်းရှိ၍ ယုံကြည်ခြင်းမရှိဘဲ မိမိအားအပြစ်တင်နေကြသောအချိန်တွင်မောရှေမည်ကဲ့သို့ရင်ဆိုင်တုန့်ပြန်ပါသနည်း။ မောရှေက သူတို့အား ဤသို့ ခွန်အားပေးခဲ့၏- “မစိုးရိမ်ကြနှင့်။ ငြိမ်ဝပ်စွာနေကြလော့။ ထာဝရဘုရား၏ကယ်တင်ခြင်းကို ကြည့်ရှုကြလော့” (ထွက် ၁၄း၁၃)။ ထိုပြင်သူတို့ကို ညှင်းဆဲခဲ့သော ဤအဲဂုတ္တုလူတို့ကို မြင်ရသည်မှာ ယနေ့နောက်ဆုံးဖြစ်ကြောင်းလည်း မောရှေဆိုခဲ့၏။ အကြောင်းမှာ သူတို့အတွက် စစ်တိုက်ပေးတော်မူမည့်သူသည် ထာဝရဘုရားကိုယ်တိုင်ဖြစ်သောကြောင့်တည်း။

မောရှေသည်လည်း အခြားသူတို့ကဲ့သို့ ကြောက်စိတ်ဝင်၍စိုးရိမ်ခြင်းရှိခဲ့မည်မှာ ပို၍လွယ်ကူပြီး၊ သဘာဝလည်းကျပါ၏။ ဣသရေလလူတို့သည် လူဦးရေအနေဖြင့် ပို၍များပြားသော်လည်း၊ လိုက်လာသောဖာရောဘုရင်၏ စစ်သူရဲများနှင့်နှိုင်းယှဉ်လျှင် သူတို့သည် လက်နက်မရှိ၊ လေ့ကျင့်ခြင်းမရှိ၊ တိုက်ရည်ခိုက်ရည်မရှိသောသူဖြစ်ကြ၏။ ထို့ပြင်သူတို့သည် ဖာရောဘုရင်စစ်တပ်နှင့်ပင်လယ်စပ်ကြား၌ပိတ်မိနေပြီး အခွင့်အရေးနည်းပါးလှ၏။ ထို့ကြောင့်အရင်နေရာသို့ ကျွန်အဖြစ်ဖမ်းခေါ်ခံရမည့်အခြေအနေသို့ ရောက်ခဲ့၏။ သက်ကြီးရွယ်အို၊ မိန်းမများနှင့် ကလေးငယ်များအတွက် မတွေးရဲစရာအခြေအနေဖြစ်ပါ၏။ ထို့ကြောင့်လူတို့က မောရှေအား ကျွန်ုပ်တို့ကို ပြဿနာမရှာဘဲ ထွက်သွားပါဟုဆိုခဲ့သည့်အချိန်၌ သင်သွားခဲ့ရမှာ၊ ယခုဤအရာအလုံးစုံသည် သင့်ကြောင့် ကျွန်ုပ်တို့ခံရကြ၏ဟု ဆိုနေကြရခြင်းဖြစ်၏။ သို့ဆိုလျှင် ထိုလူတို့ထက် မောရှေသည်ပို၍ စိုးရိမ်ခြင်းရှိသင့်သည်မဟုတ်လော။ သို့သော်လည်း မောရှေသည် စိုးရိမ်တုန်လှုပ်ခြင်းမရှိခဲ့ပါ။ အခြားသူတို့ ကြောက်ရွံ့ခြင်းရှိနေကြသော်လည်း မောရှေသည် ယုံကြည်ခြင်းဖြင့်တုန့်ပြန်ခဲ့၏။ ဤအမှုကလောင်သောချုံအားဖြင့်ဘုရားသခင်ခေါ်တော်မူသော အချိန်မှစ၍ထာဝရဘုရားယုံကြည်ကိုးစားခြင်း၌ မောရှေသည် ဝိညာဉ်အရာ၌ကြီးထွားခြင်းရှိကြောင်း ပြသခဲ့ပါ၏။ ဤနေရာ၌ မောရှေ၏အသက်တာသည် ချီးမွမ်းစရာကောင်း၍ ကျွန်ုပ်တို့အတွက် စံနမူနာပင်ဖြစ်ပါသည်။ မောရှေသည် ဘုရားသခင်၏ကယ်တင်တော်မူနိုင်သောတန်ခိုးတော်နှင့် ကတိတော်အတိုင်းပြုတော်မူခြင်း၌ သစ္စာရှိတော်မူကြောင်း (ထွက် ၇-၁၁) ကိုသတိရအောက်မေ့ပါသည်။ ထာဝရဘုရားက မောရှေအား “ငါသည် . . . သူ၏စစ်သူရဲအလုံးအရင်းအားဖြင့် ငါ့ဘုန်းပွင့်လိမ့်မည်” (ထွက် ၁၄း၄) ဟုမိန့်တော်မူခဲ့၏။ ကြောက်ရွံ့ခြင်းသည် အခြေအနေကိုကြည့်တတ်၏။ ယုံကြည်ခြင်းသည် ဘုရားသခင်မျက်မှောက်ပြုခြင်းဖြစ်၏။ ကြောက်ရွံ့ခြင်းက လုံးဝမဖြစ်နိုင်ဟုထင်တတ်၏။ ယုံကြည်ခြင်းကမူ ဘုရားသခင်၏အနန္တတန်ခိုးတော်ကို သိမြင်၏။ ကြောက်ရွံ့ခြင်းသည် ဘုရားသခင်ပြုတော်မူခဲ့သောအမှုကို မေ့လျော့ခြင်းဖြစ်၏။ ယုံကြည်ခြင်းမူကား ဘုရားသခင်ပြုတော်မူသောအမှုကို အမှတ်ရခြင်းဖြစ်၏။ အခြားသောသူတို့သည် ကြောက်ရွံ့ခြင်းရှိနေကြသော်လည်း၊ သင်မူကား တစ်ဦးတစ်ယောက်တည်းဖြစ်လျှင်ပင် ယုံကြည်ခြင်းရှိရမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသက်တာက သူငယ်ပါးအားဘုရားသခင်ယုံကြည်ကိုးစားခြင်းရှိခြင်း ငှါ ခွန်အားပေးနေပါသလား။

**ဆုတောင်းချက်** - အိုဘုရားသခင်၊ စစ်ကြောစုံစမ်းခြင်းအမှု၌ အကျွန်ုပ်ယုံကြည်ခြင်းသည် ကြီးထွားခြင်းရှိ၍ မြဲမြံခိုင်ခံ့မည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၆)
**ထွက် ၁၄း၁၅-၁၆**
ထွက် ၄း၁-၄

*"... ငါမူကား၊ အကျင့်အားဖြင့် ငါ၏ယုံကြည်ခြင်းကိုပြမည်ဟု ပြောစရာရှိ၏"*

# ယုံကြည်ခြင်းနှင့်အမှုပြုခြင်း

လူတို့သည်အလွန်ကြောက်ရွံ့ခြင်းရှိ၍ အဲဂုတ္တုပြည်မှသူတို့ကို ခေါ်ဆောင်ခဲ့သော မောရှေအပေါ် မကျေနပ်ကြချေ။ သူတို့၏အခြေအနေသည် လုံးဝမဟန်တော့ပါ။ မောရှေကသူတို့အား ထာဝရဘုရားတိုက်ပေးတော်မူမည့်အကြောင်းပြောခဲ့၏။ ထိုအချိန်၌ ထာဝရဘုရားက မောရှေအား အဘယ်ကြောင့်ယခုတိုင် မိမိထံစကားပြောနေပါသနည်းဟုဆိုခဲ့ပြီး၊ ဣသရေလလူတို့ကိုရှေ့သို့ လျှောက်သွားစေခြင်းငှါ ပြောသင့်ကြောင်းမိန့်တော်မူ၏။ ရှေ့သို့ချီတက်ခြင်းဆိုသည်မှာ ဖါရောဘုရင်၏စစ်တပ်က နောက်မှချဉ်းကပ်လျက်ရှိသောကြောင့် ပင်လယ်ဘက်သို့ထွက်သွားခြင်းပင်ဖြစ်၏။ အဘယ့်ကြောင့်ထာဝရဘုရားက မောရှေအား မိမိထံစကားမပြောဘဲနေ၍ဣသရေလလူတို့ထံ စကားပြောခြင်းငှါ မိန့်တော်မူသနည်း။ ဘုရားသခင်က "မခြားမလပ်ဆုတောင်းပဌနာပြု" (၁ သက် ၅း၁၇) ခြင်းငှါရင်း၊ "အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြု" (ဖိ ၄း၆) ၍တောင်းလိုသောအရာကိုဘုရားသခင်ထံ ကြားလျှောက်ခြင်းငှါရင်း မိန့်တော်မူသည်မဟုတ်လော။ ဣသရေလလူတို့အား ခွန်အားပေးစကားပြောကြားခြင်းဖြင့် မောရှေသည်မိမိ၏ယုံကြည်ခြင်းစံနမူနာဖြစ်ခြင်းကို ပြသခဲ့၏။ ထိုယုံကြည်ခြင်းသည် အမှုပြုခြင်းကိုဖြစ်ပွားစေရပါမည်။ ခါနာန်အရပ်သို့ဆက်လက်ချီတက်ရမည့်အချိန်ဖြစ်ပါသည်။ ထာဝရဘုရားက သူတို့အတွက်မိမိကိုယ်တိုင် တိုက်ပေးတော်မူမည်ဖြစ်ကြောင်း မိန့်တော်မူခဲ့ပြီးဖြစ်၏။ ထို့ပြင်ဣသရေလလူတို့ကို ကတိတော်ပြည်သို့ခေါ်ဆောင်ခြင်းငှါ မောရှေအားခေါ်ဆောင်အရာ၌ မိမိခေါ်တော်မူကြောင်းလည်း မိန့်တော်မူခဲ့ပြီးဖြစ်၏။ မောရှေသည်လည်းဆုတောင်းခြင်းပြုခဲ့ပြီးဖြစ်ပါသည်။ ယခုသည်အမှုပြုခြင်းငှါထွက်သွားရမည့်အချိန်ဖြစ်၏။

မခြားမလပ်ဆုတောင်းခြင်းပြုရမည်မှန်သော်လည်း ဘုရားသခင်၏အမိန့်တော်နှင့် ခိုင်းစေချက်ရှင်းလင်းစွာသိရသောခါ အမှုပြုကြရပါမည်။ တစ်ခါတစ်ရံဘုရားသခင်၏အလိုတော်သိသော်လည်း ယုံကြည်ခြင်းဖြင့် ရှေ့သို့ချီတက်ရန် တုံ့ဆိုင်းနေတတ်ကြ၏။ ကျွန်ုပ်တို့၏အလုပ်၊ မိသားစု၊ ငွေရေးကြေးရေးနှင့် ပတ်သက်သောအရာတို့၌ ဘုရားသခင်၏အလိုတော်အတိုင်း ကျွန်တော်တို့ ရွေးချယ်တတ်ဖို့လိုပါသည်။ ထိုသို့ဘုရားသခင်၏အလိုတော်ကို သိ၍အမှုပြုခြင်းဖြင့် သူတပါးကိုလည်း ကျွန်တော်တို့သွန်သင်အားပေးနိုင်မည်ဖြစ်၏။ သို့သော်လည်း ကျွန်တော်တို့သည်ပုံမှန်လုပ်နေကျအတိုင်း ဘဝကိုလည်ပတ်၍ ရက်၊ လ၊ နှစ်ကုန်ဆုံးစေတတ်ကြ၏။ ဆုတောင်းခြင်းကိုလည်း ပုံမှန်ပြုနေကြပါ၏။ သို့သော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်မှ ကျွန်တော်တို့သိရှိခဲ့သောအရာများကို လက်တွေ့ကျင့်သုံးခြင်းဖြင့် ရှေ့တိုးချီတက်တတ်ခြင်းငှါ မေ့လျော့တတ်ကြ၏။ သင့်အတွက် ဘုရားသခင်တိုက်ပေးတော်မူမည်ကို သိလျက် ယုံကြည်ခြင်းဖြင့် အမှုပြု၍ ရှေ့သို့လျှောက်လှမ်းပါလော့။

**ဆင်ခြင်ရန်** - စကားလုံးထက်အကျင့်သည် ပို၍ကျယ်လောင်စွာစကားပြောတတ်၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော့်ကိုမှီခိုအားကိုးခြင်းဖြင့် အမှုပြုခြင်းငှါ အကျွန်ုပ်ကို သွန်သင်တော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၇)

**ထွက် ၁၄း၁၇-၃၁**

ယော ၂၀း၃၀-၃၁

*". . . ငါ့ကိုမမြင်ဘဲယုံသောသူတို့သည်*
*မင်္ဂလာရှိကြ၏ဟု မိန့်တော်မူ၏"*

## ပင်လယ်ကွဲပြတ်ခြင်းအဘယ့်ကြောင့်ယနေ့မရှိပါသလဲ

ထာဝရဘုရားက အဲဂုတ္တုစစ်တပ်သည် ဣသရေလလူတို့ကို မတိုက်နိုင်ခြင်းငှါ တစ်ညလုံး သူတို့အကြား၌ မိုးယံတိမ်တိုင်ဖြင့်ကာထားတော်မူ၏။ ဤမိုးယံတိမ်တိုင်က ဘုရားသခင်၏လူတို့ဘက်၌အလင်းကိုပေး၍ ရန်သူတို့ဘက်၌ အမှောင်ကျစေ၏။ မောရှေသည် လက်ကိုဆန့်၍ ထာဝရဘုရားသည် ဣသရေလလူတို့ဖြတ်လျှောက်နိုင်ရန်အတွက် ပင်လယ်ကိုကွဲပြတ်စေခြင်းငှါ တစ်ညလုံး အားကြီးသောအရှေ့လေကိုတိုက်စေတော်မူ၏။ ဖာရောဧ၏စစ်တပ်က လိုက်လာခဲ့၏။ ထာဝရဘုရားကလည်း ထိုစစ်တပ်၏မြင်းရထားဘီးများကို ချို့တဲ့စေတော်မူသဖြင့် ဤလျှင်မြန်သောစစ်တိုက်ယာဉ်တို့သည် အချည်းနှီးဖြစ်ခဲ့ပါ၏။ အဲဂုတ္တုလူတို့က ဘုရားသခင်သည် မိမိလူတို့အဖို့ တိုက်တော်မူကြောင်းသိခဲ့ကြ၏။ နောက်ပြန်ဆုတ်ရမည်ကို သိသော်လည်း၊ အချိန်နှောင်းခဲ့လေပြီ။ ဘုရားသခင်၏လူတို့သည် တစ်ဖက်ကမ်းသို့ရောက်ကြသောအခါ ထာဝရဘုရားသည် ပင်လယ်ကိုပြန်ပေါင်းစေတော်မူသဖြင့် ဖာရောစစ်တပ်တစ်ခုလုံး နစ်မြုပ်ခဲ့လေ၏။ အဲဂုတ္တုလူတို့၏အသေကောင်များ၊ ကမ်းခြေ၌ မြင်တွေ့ရခြင်းက ဣသရေလလူတို့အား ထာဝရဘုရားကြောက်ရွံ့ရိုသေခြင်းကို ဖြစ်စေ၍၊ ဘုရားသခင်၏ကျွန်မောရှေအပေါ် ယုံကြည်ခြင်းရှိစေမည်ဖြစ်ပါသည်။

ဘုရားသခင်သည် အဘယ့်ကြောင့်ထိုသို့သောအံ့ဖွယ်အမှုကို ယနေ့ပြုတော်မမူသနည်း။ ထိုသို့ပြုလျှင် လူတို့က သူ့ကိုယုံကြည်၍ ကြောက်ရွံ့ရိုသေခြင်းရှိကြမည်မဟုတ်လော။ အံ့ဖွယ်အမှုပြုခြင်းဧဝံဂေလိတရားလှုပ်ရှားမှု (The Power Evangelism movement) သည် လူတို့၏ စိတ်ကိုဖမ်းဆုပ်ခြင်းငှါ အံ့ဖွယ်အမှုပြုခြင်းကိုအလေးထားကြ၏။ ထိုသို့ပြုခြင်းသည် မှားယွင်းလှပါ၏။ လာဇရုသေခြင်းမှ ပြန်လည်ထမြောက်ခြင်းက ဖာရိရှဲတို့ကိုမပြောင်းလဲစေခဲ့ပါ။ သို့သော်လည်း ထွက်မြောက်ရာကျမ်း၌တွေ့ရသော အံ့ဖွယ်အမှုတို့က ရာခပ်ကိုကြောက်ရွံ့ခြင်းဖြစ်စေ၍ (ယောရှု ၂း၁၀)၊ ထာဝရဘုရား၌ယုံကြည်ကိုးစားခြင်းကိုဖြစ်စေခဲ့ပါသည် (ဟေဗြဲ ၁၁း၃၁)။ သို့ဆိုလျှင်ယနေ့၌ အဘယ်ကြောင့် အံ့ဖွယ်အမှုပြုခြင်းမပြုပါသလဲ။ ဘုရားသခင်က လူတို့အားကြောက်ရွံ့ခြင်းရှိစေ၍ ယုံကြည်ကြခြင်းငှါ အံ့ဖွယ်အမှုတို့ကိုပြုခဲ့ပါသည် (ယော ၁၀း၃၇-၃၈)။ ထို့ကြောင့် အံ့ဖွယ်အမှုပြုခြင်းသည်မမှားပါ။ သို့သော်လည်း အံ့ဖွယ်နိမိတ်လက္ခဏာရှာသောသူတို့ကို ဘုရားသခင်ရှုတ်ချတော်မူခဲ့၏ (မသဲ ၁၂း၃၉)။ ဘုရားသခင်သည် ခေတ်တိုင်းခေတ်တိုင်း အံ့ဖွယ်နိမိတ်လက္ခဏာအားဖြင့် မိမိကိုယ်ကို ဖော်ပြခြင်းငှါ ရည်ရွယ်သည်မဟုတ်ပါ။ ကျွန်တော်တို့သည် ရာခပ်ကဲ့သို့ဖြစ်ကြရပါမည်။ ရာခပ်သည် လွန်ခဲ့သောအချိန်၌ ဣသရေလလူတို့အတွက် ဘုရားသခင်ပြုတော်မူသောအမှုကို ကြားသိ၍ယုံကြည်ခဲ့ကြောင်း သတိပြုကြပါစို့။ သူကိုယ်တိုင်ထိုအံ့ဖွယ်အမှုတို့ကို မမြင်တွေ့ခဲ့ပါ။ သူ၏ယုံကြည်ခြင်းသည် အမြင်အားဖြင့်မဟုတ်ဘဲ၊ သိခြင်းအားဖြင့်ဖြစ်ပါ၏။ လူသည်ယုံကြည်၍ကြီးထွားခြင်းရှိခြင်းငှါ ဘုရားသခင်ပေးလိုသောအံ့ဖွယ်အမှုအပေါင်းတို့ကို သမ္မာကျမ်းစာထဲ၌ မှတ်သားခဲ့ပြီးပြီဖြစ်၏။ ရာခပ်ကြားသိသောအရာထက်ပို၍များပြားပြီး လုံလောက်ခြင်းရှိပါ၏။ ဤအချက်ကို ယောဟန် ၂၀း၃၀-၃၁ တွင် ရေးထားပါသည်။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာထဲမှအံ့ဖွယ်အမှုတို့သည် အကျွန်ုပ်ယုံကြည်ခြင်းအတွက် မှတ်တမ်းတင်ခြင်းဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အမြင်အားဖြင့်မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့်အသက်ရှင်လျှောက်လှမ်းမည်အကြောင်း သွန်သင်တော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၈)
**ထွက် ၁၅း၁-၂၁**
ဧ ၅း၁၉-၂၀

*“ခပ်သိမ်းသောအရာတို့၌
ကျေးဇူးတော်ကြီးလှပါ၏ဟု. . . ခမည်းတော်
ဘုရားသခင်ရှေ့ကာလအစဉ်မပြတ်ဝန်ခံကြလော့”*

## ဘုရားသခင်ကိုချီးမွမ်းလော့

ဖာရောဘုရင်၏စစ်တပ်လက်မှ လွတ်မြောက်ခြင်းခံရသောအခါ မောရှေနှင့်ဣသရေလလူတို့သည် ထာဝရဘုရားထံ သီချင်းဆိုခဲ့ကြ၏။ ဤသီချင်းသည် ဘုရားသခင်၏အစွမ်းသတ္တိနှင့် ကယ်တင်တော်မူခြင်းကို ချီးမြှောက်ခြင်းနှင့်ဘုရားသခင်အား ချီးမွမ်းခြင်းအကြောင်းဖြစ်ပါသည်။ ထာဝရဘုရား၏ ပင်လယ်ကွဲပြတ်စေတော်မူခြင်းတန်ခိုးတော်နှင့် ပင်လယ်ထဲ၌အဲဂုတ္တုစစ်တပ်နစ်မြုပ်စေတော်မူခြင်းစီရင်ချက်အကြောင်းကို သီချင်းဆိုခဲ့ကြ၏။ ဖာရောဘုရင်၏အင်အားကြီးသောစစ်သူရဲတို့သည် ထာဝရဘုရားကို လုံးဝမယှဉ်နိုင်ခဲ့ပါ။ အဲဂုတ္တုလူတို့၏ဘုရား၊ ဖာရောသည်လည်း ရိုက်ချိုးခြင်းခံခဲ့ရ၏။ ထို့ကြောင့်ဤသို့ဘုရားသခင်ကို ချီးမွမ်းခဲ့ကြ၏- “အိုထာဝရဘုရားများတို့တွင် အဘယ်မည်သောဘုရားသည် ကိုယ်တော်နှင့်တူပါသနည်း” (ထွက် ၁၅း၁၁)။ မိမိတို့ကို ရွေးနှုတ်တော်မူပြီး လမ်းပြပို့ဆောင်ပေးတော်မူသော ထာဝရဘုရား၏ဂရုဏာတော်အကြောင်းကို သီချင်းဆိုကြ၏။ ဤအံ့ဖွယ်အမှုအပေါင်းတို့သည် ခါနာန်လူတို့ကို တုန်လှုပ်စေမည်ပါသည်။ ဤသီချင်းကို ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်ဂုဏ်တော်ချီးမွမ်းခြင်းဖြင့် အဆုံးသတ်ကြ၏- “ထာဝရဘုရားသည် ကာလအစဉ်အမြဲ စိုးစံတော်မူစေသတည်း” (ထွက် ၁၅း၁၈)။ မိရိအံသည် မိန်းမအပေါင်းတို့နှင့်ပတ်သာကိုကိုင်၍ ကလျက်သီချင်းဆိုကြ၏။

ကယ်နှုတ်ခြင်းခံရပြီးနောက် ဘုရားသခင်ချီးမွမ်းခြင်းကို ကျွန်တော်တို့သတိရကြပါမည်။ အခက်အခဲပြဿနာမှလွတ်မြောက်သောအခါ ကျွန်တော်တို့သတိမေ့တတ်ကြ၏။ မိမိ၏ခင်ပွန်း၊ သားသမီးနှင့်ညီအစ်ကိုတို့အား ဆုတောင်း၍ကျေးဇူးတော်ချီးမွမ်းခြင်းငှါ သတိပေးပါလော့။ မောရှေနှင့် မိရိအံသည် ထိုသို့ပြုခဲ့ကြ၏။ ထို့ပြင်လူမဟုတ်၊ ကံကြမ္မာမဟုတ်၊ ထာဝရဘုရား၏လက်တော်သည်သာ ကယ်တင်ခြင်းကို ယူဆောင်လာကြောင်း သတိရကြရပါမည်။ ကျွန်တော်တို့သည် “ကံကောင်း၍” ဟူ၍၎င်း၊ “ထိုသို့ဖြစ်သောကြောင့်” ဟူ၍၎င်း ပြောတတ်ကြ၏။ ကျွန်တော်တို့သည် လူမဟုတ်ဘဲ၊ ဘုရားသခင်၏ဘုန်းတော်နှင့်ကောင်းမြတ်ခြင်းကို အမှတ်ရကြရပါမည်။ ဤသီချင်းသည် ယနေ့ခေတ်သီချင်းနှင့်ခြားနားခြင်းရှိ၏။ ဤသီချင်းတစ်ခုလုံးတွင် လူမဟုတ်ဘဲ၊ ဘုရားသခင် အကြောင်းသာတွေ့ရ၏။ ယနေ့ခေတ်သီချင်းများတွင် လူ၏အကြောင်းကို အဓိကထား၍ဘုရားသခင်၏ကောင်းကြီးမင်္ဂလာမျှော်လင့်ခြင်းနှင့် ပြည့်လျက်ရှိ၏။ သံစုံဂုဏ်တော်ချီးမွမ်းသီချင်းဆိုခြင်းသည် ဘုရားသခင်၏ဘုန်းအသရေတော်ထင်ရှားချီးမွမ်းရန်ဖြစ်ပါသည်။ ဤသို့ဖြင့်ကြားနာသောသူတို့သည် ဘုရားသခင်၏ဂုဏ်တော်နှင့်ဘုန်းတော်ကို ဆင်ခြင်လျက် ဝမ်းမြောက်ခြင်းရှိစေကြရန်ဖြစ်၏။ ဖျော် ဖြေပွဲမဟုတ်ရပါ။ ထို့ပြင်ပတ်သာတီး၍ မိရိအံကခြင်းသည် ထိုလွတ်မြောက်ခြင်းအောင်ပွဲဆင်နွှဲခြင်း နှင့် ဆက်နွှယ်လျက်ရှိကြောင်း သတိပြုကြရပါမည်။ လူမျိုးနှင့်ဆိုင်သောပွဲများ၌ (ဗိမာန်တော်ဝတ်ပြု ကိုးကွယ်ခြင်း၌မဟုတ်ပါ) ကခြင်းကို သမ္မာကျမ်းစာထဲ၌ မှတ်တမ်းတင်ထားပါသည်။

**ဆင်ခြင်ရန်** - မစတော်မူခြင်းခံရပြီးနောက်၊ ဘုရားသခင်ကျေးဇူးတော်ချီးမွမ်းခြင်းကို ကျွန်တော် မပြုဘဲ မေ့လျော့တတ်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ထိုသို့ကိုယ်တော်ကို ချီးမွမ်းခြင်းငှါ အကျွန်ုပ်ကိုမစတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၉)

**ထွက် ၁၅း၂၂-၁၆း၁၅**

ထွက် ၁၄း၁၁-၁၂

*“. . . သူတို့ကိုစုံစမ်း၍ စီရင်ထုံးဖွဲ့တော်မူသည်ကား”*

# ညည်းတွားမြည်တမ်းခြင်း၏အကြောင်းရင်းမှန်

ဣသရေလလူတို့သည် သုံးရက်ခရီးသွားပြီးနောက် ရေမတွေ့ရကြပါ။ မာရအရပ် (“မာရ” ဆိုသည်မှာ “ခါးသော” ဟုအဓိပ္ပာယ်ရ၏) ၌ခါးသောရေကို တွေ့ကြသောအခါ မောရှေကိုအပြစ်တင်၍ မြည်တမ်းခဲ့ကြ၏။ ထာဝရဘုရားက မောရှေအား အပင်ကိုရေထဲသို့ချစေခြင်းဖြင့် ရေကိုချိုစေခဲ့ပါသည်။ ထိုအရပ်၌ထာဝရဘုရားက သင်တို့သည် ငါ့ပညတ်တော်တို့ကို နာခံခြင်းရှိလျှင် အဲဂုတ္တုလူတို့အပေါ် ကျရောက်စေခဲ့သောရောဂါများကို သင်တို့အပေါ် ကျရောက်စေမည်မဟုတ်ကြောင်း သတိပေးတော်မူခဲ့၏။ ခါးသောရေကိုချိုစေနိုင်သောဘုရားသခင်သည် ကျန်းမာခြင်းကိုလည်း ပေးတော်မူနိုင်၏။ ဧလိမ်ရွာတွင် ရေများစွာတွေ့ခဲ့ကြပြီး၊ အရိပ်အတွက် စွန်ပလွံပင်များလည်းရှိ၏။ သို့သော်လည်း အစားအစာကုန်သောအခါ မောရှေနှင့်အာရုန်အပေါ် မြည်တမ်းကြပြီး ဤတော၌ ငတ်သေကြမည့်အစား အဲဂုတ္တုပြည်၌ဘုရားသခင်က အသေသတ်ခဲ့ကြလျှင် ပို၍ကောင်းသည်ဟု ဆိုကြ၏။ ဤအရပ်၌အစာငတ်မွတ်ခြင်းကြုံနေရမည့်အစား အဲဂုတ္တုပြည်တွင် ဝလင်စွာစားရသောအချိန်၌သေခဲ့လျှင် သာ၍ကောင်းသည်ဟုဆိုကြ၏။ ထာဝရဘုရားက မိုဃ်းတိမ်တိုင်အားဖြင့် မောရှေထံစကားပြောတော်မူ၍ များစွာသောငုံးငှက်ကိုစေလွှတ်ပြီး ကောင်းကင်မုန့်မန္နမုန့်ကို ရွာစေတော်မူ၏။

ဘုရားသခင်၏ကယ်တင်တော်မူခြင်းတန်ခိုးတော်ကို ချီးမွမ်းလျက် သီချင်းဆိုကြပြီးနောက် သုံးရက်တာကြာသောအချိန်၌ အခက်အခဲရင်ဆိုင်တွေ့ကြသောကြောင့် ပြင်းထန်စွာမြည်တမ်းခြင်းပြုခဲ့ကြ၏။ များစွာသောလူတို့သည် ထိုကဲ့သို့ဖြစ်ကြ၏။ အဆင်ပြေနေသောအခါဝမ်းမြောက်ခြင်းရှိ၍ အခက်အခဲကြုံတွေ့သောအခါ ချက်ချင်းညည်းတွားမြည်တမ်းတတ်ကြ၏။ ရေမရှိဘဲခရီးသွားခြင်းသည် ဣသရေလလူတို့အတွက် လွယ်ကူသောအရာတော့မဟုတ်ပါ။ သို့သော်လည်း သူတို့သည် ဘုရားသခင်၏အံ့ဖွယ်ကယ်တင်တော်မူခြင်းကို လက်တွေ့မြင်တွေ့ခဲ့ကြသောကြောင့် မြည်တမ်းခြင်းမပြုဘဲ ဘုရားသခင်ကိုကိုးစား၍ မစတော်မူခြင်းကိုတောင်းလျှောက်ခဲ့ကြသင့်ပါသည်။ ဘုရားသခင်က မိမိကျွေးမွေးတော်မူနိုင်ကြောင်းကို ထပ်၍ပြသတော်မူခဲ့၏။ သို့သော်လည်း ထပ်၍ညည်းတွားမြည်တမ်းခြင်းပြုကြ၏။ ဘုရားသခင်က မြည်တမ်းကြရခြင်း၏အကြောင်းရင်းမှန်ကို ဖော်ထုတ်တော်မူခဲ့၏။ ကျွန်တော်တို့မြည်တမ်းခြင်းကိုပြုသောအခါ ဘုရားသခင်ကို ဆန့်ကျင်ရာရောက်၍ ဘုရားသခင်သိတော်မူ၏။ ဤအချက်ကို မောရှေက သုံးကြိမ်တိုင်တိုင်ဖော်ပြခဲ့၏ (ထွက် ၁၆း၇-၉)။ ထာဝရဘုရားကိုယ်တိုင်ကလည်း “ဣသရေလအမျိုးသားတို့၏အပြစ်တင်လျက် မြည်တမ်းခြင်းအသံကို ငါကြားရပြီ” (ထွက် ၁၆း၁၂) ဟုမိန့်တော်မူ၏။ ချစ်သောစာဖတ်သူ၊ ဘုရားသခင်ကိုသိလျက်ပင် ကျွန်တော်တို့သည် ဘဝအခြေအနေကြောင့် မြည်တမ်းခြင်းပြုလျှင် အလွန်ကြောက်စရာကောင်းလှပါသည်။ ဘုရားသခင်က အရာခပ်သိမ်းစီမံခွဲခန့်တော်မူ၏။ ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်းရှိပါလော့။

**ဆင်ခြင်ရန်** - ကျွန်တော်တို့ညည်းတွားမြည်တမ်းခြင်းပြုသောအခါ၊ အကျွန်ုပ်ဘဝ၌ ဖြစ်ပျက်သောအရာအတွက် ဘုရားသခင်ကိုအပြစ်တင်ခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ကိုဆန့်ကျင်၍ အကျွန်ုပ်ပြုသော ညည်းတွားခြင်းကို ခွင့်လွှတ်တော်မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၁၀)

**ထွက် ၁၆း၁၆-၃၆**

က ၂း၁-၃

*"ထိုသတ္တမနေ့ကို ဘုရားသခင်သည်
ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏. . . "*

## ဥပုသ်နေ့စောင့်ခြင်းကသင့်ယုံကြည်ခြင်းကိုဖော်ပြလျက်ရှိ၏

မန္နမုန့်ကောက်ယူခြင်းနှင့်ပတ်သက်၍ ဣသရေလလူတို့သည် အသေးစိတ်လမ်းညွှန်ချက်ပေးခြင်းခံရကြ၏။ လူတိုင်းမိမိ မိသားစုဝင်အရေအတွက်နှင့်အညီ လူတစ်ယောက်စားလောက်သော တစ်ယောက်တစ်ဩမဲစီကောက်ယူရမည်ဖြစ်၏။ နံနက်တိုင်အောင် အဘယ်သူမျှမကျန်စေခြင်းငါ မိန့်တော်မူ၏။ သို့သော်လည်း အချို့သည်နာမခံကြသဖြင့် ကျန်စေကြပြီး၊ ပိုးဝင်သဖြင့်နံစော်ခဲ့၏။ ထို့ပြင် ဥပုသ်နေ့မတိုင်မီရက်တွင် ပုံမှန်ကောက်ယူထားသော ပမာဏ၏နှစ်ဆကောက်ယူစေပြီး ထိုသို့ဖြင့် ဥပုသ်နေ့တွင် အစားအစာကောက်ယူခြင်းအလုပ်မလုပ်ရန်ဖြစ်ပါသည်။ ဥပုသ်နေ့အတွက် နှစ်ဆကောက်ယူထားခြင်းပြုသောအခါ ပုပ်သိုးခြင်းမရှိပါ။ ထို့ပြင်မောရှေက ဥပုသ်နေ့တွင် ကောင်းကင်မှမန္နမုန့်ကျလာမည်မဟုတ်ကြောင်းမှာထားခဲ့ပါသည်။ သို့သော်လည်းအချို့သောသူသည် ဥပုသ်နေ့၌မန္နမုန့်ကို သွားရှာခဲ့ကြ၏။ လုံးဝမတွေ့ကြပါ။ ဘုရားသခင်၏စကားကိုနာခံခြင်းမရှိခဲ့ကြပါ။

နေ့စဉ်ကောက်ယူခြင်းငှါ မန္နမုန့်ကိုဘုရားသခင်ချပေးတော်မူခြင်း၏ လက်တွေ့သင်ခန်းစာမှုကား ဣသရေလလူတို့ကို ယုံကြည်ခြင်းသင်ခန်းစာပို့ချခြင်းဖြစ်ပါသည်။ သူတို့သည် နေ့စဉ်အစားအစာအတွက် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းရှိ၍ ထိုအစားအစာသည် ဘုရားသခင်ထံမှဖြစ်ကြောင်း နားလည်စေရန်ဖြစ်၏။ ထိုနည်းတူ ဥပုသ်နေ့ကို သန့်ရှင်းစွာစောင့်ခြင်းအမှု၌ ထာဝရဘုရားကိုနာခံလျက် ယုံကြည်ကိုးစားကြဖို့လိုပါသည်။ နံနက်တိုင်အောင်အကျန်ထားလျှင် အံ့ဖွယ်ပုပ်သိုးလျက် ခြောက်ရက်မြောက်ညအကျန်မှုကား ထိုသို့မပုပ်မသိုးဘဲနေစေခြင်းက ဥပုသ်နေ့ကိုစောင့်လျှင် ဘုရားသခင်ကျွေးမွေးတော်မူကြောင်း အသိပေးလို၍ဖြစ်ပါသည်။ ယနေ့ကျွန်ုပ်တို့အတွက် ရှင်းလင်းသောသင်ခန်းစာဖြစ်ပါသည်။ မိမိဝမ်းရေးအတွက် အလုပ်မလုပ်ဘဲ ဥပုသ်နေ့ကိုသန့်ရှင်းစွာစောင့်ခြင်းသည် ယုံကြည်ခြင်းနှင့်လုံးဝသက်ဆိုင်၏။ ဣသရေလလူတို့ကြုံတွေ့ရသောသင်ခန်းစာက ဥပုသ်နေ့၊ ဘုရားသခင်၏နေ့မြတ်ကို သန့်ရှင်းစွာစောင့်ခြင်းအမှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အမြင်ကို ပြောင်းလဲစေပါစေသော။ အချို့သောသူသည် ထာဝရဘုရားကို ယုံကြည်ကိုးစားခြင်းမရှိဘဲ ကြောက်ရွံ့ခြင်းရှိ၍ ဥပုသ်နေ့၌ကျွန်တော်အလုပ်မလုပ်လျှင် မည်သို့ကျွန်တော်တို့အသက်ရှင်နိုင်မည်နည်းဟု ဆိုကြ၏။ ကျောင်းသူကျောင်းသားတို့ကလည်း ဥပုသ်နေ့အပါအဝင် နေ့စဉ်ကြိုးစားလေ့ကျက်ခြင်းမပြုလျှင် စာမေးပွဲကျမည်ဟုထင်တတ်ကြ၏။ သို့သော်လည်း ထာဝရဘုရားသည် လတ်ဆတ်သောမန္နမုန့်ကို ပေးတော်မူနိုင်ကြောင်း မပုပ်မသိုးဘဲလည်း ထားတော်မူနိုင်ကြောင်း အောက်မေ့သတိရပါလော့။ ဘုရားသခင်ကျွေးမွေးတော်မူမည်ကို ယုံကြည်ကိုးစားခြင်းရှိလော့။ သင်နာခံခြင်းမရှိလျှင် ဘာမှမပေးဘဲ လက်ချည်းသက်သက်ပြန်စေလိမ့်မည်ဖြစ်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နေ့မြတ်သန့်ရှင်းစွာစောင့်ခြင်းသည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ကိုကိုးစားခြင်းဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၏စိုးရိမ်ပူပန်မှုတို့ကို ဘေးဖယ်လျက်၊ ဘုရားသခင်၏နေ့ကို ဝမ်းမြောက်စွာစောင့်မည်အကြောင်း သွန်သင်တော်မူပါ။

တနင်္လာ၊ ဖေဖော်ဝါရီ (၁၁)

**ထွက် ၁၇း၁-၇**

တရား ၆း၁၆-၁၈

*"သင်သည်မဿာအရပ်၌ ပြုသကဲ့သို့ သင်၏ ဘုရားသခင်ထာဝရဘုရားကို အစုံအစမ်းမပြုရ"*

## ညည်းတွားမြည်တမ်းခြင်းအန္တရာယ်

ဣသရေလလူတို့သည် ဘုရားသခင်၏အမိန့်တော်အတိုင်း ခရီးဆက်ခဲ့ကြ၏။ တဖန် ဣသရေလလူတို့သည် ရေငတ်ခြင်းနှင့်ကြုံတွေ့ခဲ့ပြန်၏။ ရေဖိဒိမ်အရပ်၌ဖြစ်ပါသည်။ မောရှေအပေါ် ပြင်းထန်စွာမြည်တမ်းခြင်းပြုကြပြီး၊ သူတို့နှင့်သူတို့၏သားသမီး တိရိစ္ဆာန်တို့ကို ရေငတ်သေစေခြင်းငှါ အဲဂုတ္တုပြည်မှ ကယ်ထုတ်ခဲ့ကြောင်း ပြစ်တင်ခဲ့ကြ၏။ အဘယ်သို့ပြုရမည်ကို ဘုရားသခင်ထံ မောရှေ အော်ဟစ်ခဲ့ပါသည်။ ထာဝရဘုရားက တဖန်ရေပေးတော်မူခဲ့၏။ ဟောရပ်၌ရှိသောကျောက်ကို လှံတံဖြင့်မောရှေအားရိုက်စေပြီး၊ ထိုကျောက်မှ အံ့သြဖွယ် ရေထွက်လေ၏။ မောရှေကထိုအရပ်ကို "မဿာ" (စုံစမ်းခြင်း) နှင့် "မေရိဘ" (ရန်တွေ့ခြင်း) ဟုသမုတ်လေ၏။

ဣသရေလလူတို့သည် ဘုရားသခင်၏အမိန့်တော်ကိုနာခံလျက် ခရီးဆက်ခဲ့ကြပါသည်။ သို့သော်လည်း စုံစမ်းစစ်ကြောခြင်းအခက်အခဲကြုံရတိုင်း မြည်တမ်းခဲ့ကြ၏။ ကျွန်တော်တို့သည်လည်း ထိုနည်းတူဖြစ်ကြပါသည်။ ကျွန်ုပ်တို့ခရစ်ယာန်အသက်တာ၌ ဘုရားသခင်၏စကားတော်ကို နာခံလိုက်လျှောက်ခဲ့ပါလိမ့်မည်။ သို့သော်လည်း ဣသရေလလူတို့ကဲ့သို့ အချိန်တိုင်းအဆင်ပြေမည်ဟု မျှော်လင့်ခြင်းရှိတတ်ကြ၏။ အခက်အခဲကြုံတွေ့၍ ကြမ်းတမ်းသောလမ်းကိုလျှောက်ရသောအခါ ဘုရားသခင်ပြုတော်မူခဲ့သောအမှုနှင့် မစတော်မူခြင်းအကြောင်းကို လျင်မြန်စွာမေ့လျော့တတ်ကြ၏။ ထိုသို့သောအခြေအနေနှင့်လူတို့ကိုပြစ်တင်၍ မြည်တမ်းကြသောအခါ အမှန်မှာဘုရားသခင်အပေါ် မြည်တမ်းခြင်းပြုကြခြင်းဖြစ်၏။ ဘုရားသခင်၏လမ်းပြတော်မူခြင်း၊ ကျွန်ုပ်တို့အတွက် ကောင်းသည်ဟု ခွင့်ပြုပေးတော်မူသောအရာတို့ကို ဆန့်ကျင်ခြင်းဖြစ်ပါသည်။ ထိုသို့ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကိုမေ့လျော့၍ မြည်တမ်းခြင်းပြုခြင်းသည် ဘုရားသခင်ကိုစုံစမ်းခြင်းဖြစ်ပါသည်။ မောရှေက "ထာဝရဘုရားကိုအဘယ်ကြောင့် စုံစမ်းကြသနည်း" (ထွက် ၁၇း၁) ဟုဆိုခဲ့၏။ ထိုသို့သူတို့၏ မြည်တမ်းခြင်းက မောရှေအား ကျောက်ခဲဖြင့်ပစ်သတ်ခြင်းအပြစ်ကြီးကို ကျူးလွန်စေခဲ့နီးနီးဖြစ်၏။ ဘုရားသခင်က ညည်းတွားမြည်တမ်းခြင်းစိတ်သဘောကိုဖော်ပြတော်မူ၏။ "ထာဝရဘုရားသည် ကျွန်ုပ်တို့နှင့်အတူရှိပါသလား၊ မရှိပါသလား" ဟုစုံစမ်းခြင်းနှင့်တူ၏။ ထာဝရဘုရားအား "ကိုယ်တော်ပါရှိတော်မူလျှင် အဘယ်ကြောင့် တစုံတရာပြုတော်မမူသနည်း" ဟူ၍ဆိုခြင်းဖြစ်ပါသည်။ ဘုရားသခင်အပေါ် အပြစ်တင်ခြင်းသည် အလွန်ကြောက်စရာကောင်းပါ၏။ "မဿာနှင့်မေရိဘ" သည် ကြောက်စရာအမှုကို သတိရအောက်မေ့စေသောအရပ်ဖြစ်၏။ အကြောင်းမှာ ဣသရေလလူတို့သည် ထိုအရပ်၌ဘုရားသခင်ကိုစုံစမ်း၍ ရန်တွေ့ခဲ့ကြ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ အစဉ်ပါရှိတော်မူပြီး ကျွန်ုပ်တို့အတွက် ရည်ရွယ်ချက်ရှိတော်မူ၏။ ကျွန်ုပ်တို့သည်မြည်တမ်းခြင်းပြု၍ မကျေမနပ်ဖြစ်ကြသောအချိန်၌ "မဿာနှင့်မေရိဘ" ကိုအမှတ်ရကြပါစို့။

**ဆင်ခြင်ရန်** - မဿာနှင့်မေရိဘ၊ ဘုရားသခင်ကိုစုံစမ်းရန်တွေ့ခြင်းဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နောက်တော်သို့လိုက်နေစဉ် ကျွန်တော်မြည်တမ်းခြင်းမပြုမည်အကြောင်း သွန်သင်ပေးတော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၁၂)

**ထွက် ၁၇း၈-၁၆**

ဧ ၆း၁၂-၂၀

*"အကြောင်းမူကား၊ ငါတို့သည်အသွေးအသားရှိသော ရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်. . . "*

## အလင်းတော်နှင့်သစ္စာတော်ကိုစေလွှတ်တော်မူပါ

မောရှေသည် ယောရှု (ထွက် ၁၇း၉ တွင် ပထမဆုံးတွေ့ရ၏) နှင့်ရွေးထားသောလူတို့ကို အာမလက်လူတို့အား တိုက်ခြင်းငှါ စေလွှတ်ခဲ့၏။ ယောရှုကလည်း သတ္တိရှိစွာနာခံခဲ့ပါသည်။ ဤသည်ကား ပင်လယ်နီကို ဖြတ်ကျော်ပြီးနောက် ရင်ဆိုင်တိုက်ခိုက်ရသောလက်တွေ့အပြင် ရန်သူဖြစ်မည်ဟုထင်ရပါသည်။ ထို့ပြင် ပထမဆုံးအကြိမ်မိမိတို့လက်ဖြင့် တိုက်ခြင်းငှါ ဣသရေလလူတို့ စေခိုင်းခြင်းလည်းဖြစ်ပါသည်။

ထာဝရဘုရားက သူတို့အတွက် ကိုယ်တိုင်တိုက်ခိုက်ပေးတော်မူခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း မိမိတို့ကို အစဉ်မစတော်မူ၍ တိုက်ခိုက်ပေးတော်မူသောသူသည် ထာဝရဘုရားဖြစ်ကြောင်းကို ဣသရေလလူတို့အား သိနားလည်စေလိုခဲ့၏။ ထိုသို့သူတို့နားလည်စေခြင်းငှါ သူတို့မြင်နိုင်သော တောင်ပေါ်သို့ မောရှေကို တက်စေပြီး လက်ချီလျက် ဆုတောင်းနေစေခဲ့၏။ မောရှေသည် လက်ကိုချီသောအခါ သူတို့သည်စစ်နိုင်၍ လက်ချသောအခါရှုံးခဲ့ကြ၏။ အာရုန်နှင့်ဟုရက ညောင်းသော မောရှေ၏လက်ကိုမပေးကြ၏။ ခန္ဓာကိုယ်ဖြင့်တိုက်ရသော စစ်ပွဲကိုတိုက်နေကြသော်လည်း၊ အမှန်မှာ ဝိညာဉ်နှင့်ဆိုင်သောစစ်ပွဲဖြစ်ကြောင်းကို ဣသရေလလူတို့သိနားလည်ဖို့လိုပါသည်။ ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်ပြီးမြောက်စေခြင်းငှါ အံ့ဖွယ်အမှုကို အစဉ်အသုံးပြုတော်မမူချေ။ မိမိလူတို့ကို အသုံးပြုတတ်ပါ၏။ လမ်းခရီး၌အခက်အခဲဒုက္ခကြုံတွေ့ကြသောအခါ ဤအမှုသည် ဝိညာဉ်နှင့်ဆိုင်သောစစ်ပွဲဖြစ်ကြောင်းကို ယခုသူတို့သတိပြုနားလည်ကြရပါမည်။ ကတိတော်ပြည်သို့ မဝင်ရောက်နိုင်အောင် အာမလက်လူတို့က ဣသရေလလူတို့ကိုတားဆီးနိုင်ခဲ့ကြလျှင် စာတန်သည် ဣသရေလ၌ ကယ်တင်ရှင်မွေးဖွားလာခြင်းမရှိအောင် ဆီးတားနိုင်သည်ဟုဆိုရမည်ဖြစ်၏။ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းရသောကျွန်ုပ်တို့အသက်တာ၌ ကြုံတွေ့ရသောစစ်ကြောခြင်းနှင့် အခက်အခဲဒုက္ခတို့သည် ကျွန်ုပ်တို့ကို ရှေ့သို့မတက်လှမ်းနိုင်ခြင်းငှါ အားလျော့စေသော၊ ဆီးတားခြင်းပြုသောဝိညာဉ်စစ်ပွဲများဖြစ်ကြပါသည်။ ဘုရားသခင်၏စကားကိုနာခံခြင်းဖြင့် ကျွန်ုပ်တို့သည် ထိုစစ်ပွဲနှင့်အခက်အခဲတို့ကိုမရှောင်ဘဲ ရင်ဆိုင်ကျော်လွှားကြရပါမည်။ ဝိညာဉ်စစ်ပွဲဖြစ်သောကြောင့် (ဧဖက် ၆း၁၂) ကြိုးစားဆုတောင်းခြင်းကိုပြုပါလော့ (ဧဖက် ၆း၁၈)။ ဘုရားသခင်အဖြေပေးတော်မူ မည်။ ကျွန်တော်တို့ ဆုတောင်းခြင်းမပြုလျှင် ရန်သူက ကျွန်ုပ်တို့ကို အနိုင်ရလိမ့်မည်ဖြစ်၏။ ဘုရားသခင်၏အလိုတော်ကိုပြု၍အမိန့်တော်ကို နာခံခြင်းရှိသောအချိန်၌လည်း ကိုယ်တော်ကိုမှီခိုအားထားရင်း မခြားမလပ်ဆုတောင်းကြရပါမည်။ စာတန်သည် ဆန့်ကျင်သောသူနှင့်အခက်အခဲများကို ကျွန်ုပ်တို့ထံစေလွှတ်ပါလိမ့်မည်။ သို့သော်လည်း ဆုတောင်းခြင်းဖြင့် တိုက်ခိုက်ပြီး၊ မြဲမြံစွာ ရပ်တည်ပါလော့။ ကျွန်တော်တို့သည် "ယေဟောဝါနိဿိ" ဟုသမုတ်ခြင်းခံရသော၊ ကျွန်ုပ်တို့၏ အောင်တံခွန်ဘုရားသခင်ကို ယုံကြည်ကိုးစားလျက် ကြိုးစားတိုက်လှန်ခြင်းကို ပြုလျှင် ရန်သူတို့သည် ပျောက်ကွယ်ကြ လိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - နေ့စဉ်ကြုံတွေ့ရသောအခက်အခဲများသည် အမှန်မှာ ဝိညာဉ်နှင့်ဆိုင်သော စစ်ပွဲဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်တိုက်ရသောစစ်ပွဲကို အောင်နိုင်၍ ရှေ့သို့ချီတက်နိုင်ခြင်းငှါ မစတော်မူပါ။

*“. . . အဘယ်လူကိုမျှမကြောက်ရ။ အကြောင်းမူကား၊ တရားအမှုကိုဘုရားသခင်ပိုင်တော်မူသောကြောင့်တည်း”*

## ခေါင်းဆောင်၌ရှိရမည့်အရည်အချင်း

ယေသရော (မောရှေ၏ယောက္ခမ) သည် မောရှေထံသို့ ရောက်လာသောအခါ၊ လူတို့၏အမှုကိုစီရင်ခြင်းကြောင့် မောရှေသည် အလွန်ပင်ပန်း၍ အားလျော့လျက်ရှိကြောင်းမြင်တွေ့ခဲ့၏။ ထို့ကြောင့် မောရှေအားပညတ်တရားတော်ဘက်၌ အာရုံစိုက်၍ အုပ်ချုပ်ရေးအပိုင်း၌ မိမိကိုကူညီပေးမည့်သူတို့ကို ရွေးချယ်ခြင်းငှါ အကြံပေးခဲ့ပါသည်။ ဤရွေးချယ်ထားသောသူတို့က မောရှေ၏ဝန်ကိုအတူထမ်းရွက်ပေးခြင်းဖြင့် ဝန်ကိုပေါ့စေရန်ဖြစ်ပါသည်။ မောရှေကလည်း ယေသရော၏အကြံပေးချက်ကိုလက်ခံခဲ့ပြီး၊ တတ်စွမ်းသောလူတို့ဖြင့် အုပ်ချုပ်စီမံရေးအဖွဲ့ကို ဖွဲ့ခဲ့ပါသည်။

ရွေးချယ်မည့်ပုဂ္ဂိုလ်တို့၏အရည်အချင်းများကားအဘယ်နည်း။ ဤလမ်းစဉ်သည် ယနေ့အသင်းတော်အတွက်လည်း ခေါင်းဆောင်ရွေးချယ်ရာ၌ အလွန်အသုံးဝင်လှပါသည်။ မိမိမိသားစုဦးဆောင်သောသူ၌ဤသို့သောအရည်အချင်းရှိဖို့လိုပါသည်။

(၁) တတ်စွမ်းနိုင်သောသူ။ အမှုဆောင်ရွက်လိုခြင်းရှိရုံသက်သက်မဟုတ်ပါ။ လုပ်နိုင်ကိုင်နိုင်သောစွမ်းရည်ရှိကြောင်း အရင်သက်သေပြဖို့လိုပါသည်။

(၂) ဘုရားသခင်ကိုကြောက်ရွံ့သောသူ။ စွမ်းရည်သည်လူကို ဝါကြွားစေနိုင်ပါသည်။ ဝါကြွားခြင်းရှိလျှင် မိမိကိုယ်ကျိုးကိုရှာ၍ခေါင်းမာတတ်၏။ ဘုရားသခင်၏စကားကိုနာမခံဘဲ၊ မိမိအလိုဆန္ဒအတိုင်း အမှုပြုလိမ့်မည်။ ခေါင်းဆောင်သည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းရှိရပါမည်။ ထိုအခါ ဆုံးဖြတ်ချက်ချလျှင် လူ့အကြိုက်မဟုတ်ဘဲ၊ ဘုရားသခင်၏အလိုတော်အတိုင်း ချလိမ့်မည်။

(၃) သစ္စာနှင့်ပြည့်စုံသောသူ။ ဤသို့သောပုဂ္ဂိုလ်သည် ဘုရားသခင်၏သမ္မာတရားကို နာခံခြင်းရှိ၏။ ဘုရားသခင်၏အမြင်၌မှန်သောအရာကို အစဉ်ပြုတတ်ကြ၏။ ရင်းနှီးခြင်းဖြင့် လူ့မျက်နှာကို လိုက်၍အမှုမပြုဘဲ၊ ဘုရားသခင်၏လမ်းစဉ်အတိုင်း လုပ်ဆောင်တတ်ကြ၏။ မုသာမသုံးဘဲ၊ ယုံကြည်စိတ်ချရသောသူဖြစ်ကြ၏။ အပြောနှင့်အလုပ်ကိုက်ညီ၍၊ လှည့်စားခြင်းမပြုဘဲ မှန်ကန်စွာအမှုကိုဆောင်ရွက်တတ်၏။

(၄) လောဘကိုရွံရှာသောသူ။ ခေါင်းဆောင်သည် မိမိကိုယ်ကျိုးအတွက် အမှုမပြုရပါ။ တံစိုးစားခြင်း၊ မျက်နှာလိုက်ခြင်းမပြုရပါ။

ခေါင်းဆောင်သည် မည်သို့ပင်တတ်စွမ်းနိုင်သောသူဖြစ်စေကာမူ၊ ကန့်သတ်ချက်ရှိသောလူသားဖြစ်၍ ဘုရားသခင်ကိုကိုးစားခြင်းရှိရပါမည်။ သို့မဟုတ်လျှင် တစ်နေ့နေ့၌ ကျဆုံးလိမ့်မည်ဖြစ်၏။ အထက်၌ဖော်ပြသောအရည်အချင်းရှိခေါင်းဆောင်တွေ့ရှိခြင်းငှါ ခဲယဉ်းလှပါ၏။ ဘုရားသခင်၏အမှုတော်မြတ်အတွက် ထိုသို့သောပုဂ္ဂိုလ်ဖြစ်ပါလော့။ သင်သည်ခေါင်းဆောင်တစ်ဦးဖြစ်လျှင် ဤအရည်အချင်းတို့ကို သင်၌ရှိရပါမည်။ အသင်းတော်သည် ခေါင်းဆောင်မရှိသောကြောင့် ဟူ၍ကြိုက်သလိုခေါင်းဆောင်မခန့်အပ်ရပါ။ ဤအရည်အချင်းရှိမရှိမသိဘဲ ကြိုက်သလိုခန့်အပ်ခြင်းထက်၊ စစ်မှန်သောအမှုတော်ဆောင်ဘုရားသခင်ပေါ် ထွန်းစေခြင်းငှါ ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းပြုပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်က မိမိ၏အမှုတော်မြတ်အတွက် လိုအပ်သောအရည်အချင်းကို သတ်မှတ်ဖော်ပြတော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဤအရည်အချင်းများပိုင်ဆိုင်ခြင်းငှါ ကြိုးစားလျက်၊ အကျိုးရှိသောအသုံးတော်ခံဖြစ်မည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

## သင့်ကိုဘုရားသခင်ကယ်တင်ရခြင်းအကြောင်း

အဲဂုတ္တုပြည်မှထွက်ခွာ၍ နှစ်လ (ရက်ပေါင်း ၆၀) ကြာသောအခါ၊ ဣသရေလလူတို့ သည် သိနာတောင်ခြေသို့ရောက်ခဲ့ကြ၏။ ထာဝရဘုရားကသူတို့အား အဲဂုတ္တုပြည်ကျွန်ခံရာနေရာမှ မည်သို့တန်ခိုးတော်ဖြင့် ကယ်နှုတ်တော်မူခဲ့ကြောင်း ပြန်၍အသိပေးတော်မူခဲ့၏။ ဘုရားသခင်က တစ်ဖက်သတ်ပဋိညာဉ် (ကြီးမြတ်သောသူက ငယ်သောသူလိုက်လျှောက်ခြင်းငှါ ပြဌာန်းထားသော ဥပဒေသ) ကိုသူတို့အားပေးတော်မူခဲ့၏။ သူတို့သည်ထာဝရဘုရားအား ပဋိညာဉ်ပါအချက်များ အတိုင်း နာခံခြင်းရှိခဲ့ကြလျှင် သူတို့ကိုဘုရားသခင်ကွယ်ကာတော်မူ၍၊ ဤကမ္ဘာလောကရှိလူမျိုး တကာတို့အထက်၌ မိမိ၏ထူးခြားသောလူမျိုးဖြစ်ကြမည်ဖြစ်ပါသည်။ ထိုစကားတို့ကို မောရှေက ဣသရေလလူတို့အား ကြားပြောခဲ့ပြီး၊ ထာဝရဘုရားအားနာခံပါမည်ဟူသော ကတိကိုထားခဲ့ကြ၏။

ထာဝရဘုရားက သူတို့အားအဲဂုတ္တုပြည်မှ မိမိကယ်နှုတ်ရခြင်းအကြောင်းကိုရှင်းပြတော်မူခဲ့၏။ သူတို့သည် ဤလောကတစ်ခုလုံးကို ပိုင်ဆိုင်တော်မူသောဘုရားသခင်အပိုင်ဖြစ်၍၊ အခွင့်ထူးရရှိကြခြင်းငှါဖြစ်၏။ ဘုရားသခင်သည် သူတို့ကိုမြတ်သောရတနာကဲ့သို့စောင့်ရှောက်မည်ဖြစ်ပါသည်။ သူတို့သည်အခြားသောလူမျိုးများနှင့်မတူဘဲ အလွန်ထူးခြားသောလူမျိုးဖြစ်ကြမည်ဖြစ်၏။ သို့သော်လည်း သူတို့သည် ဘုရားသခင်ချမှတ်တော်မူသော ပဋိညာဉ်ပါအချက်များကို နာခံလိုက်လျှောက်ကြရမည်ဖြစ်ပါသည်။ ဣသရေလသည်အခြားသောလူမျိုးများထံ သမ္မာတရားကိုသယ်ဆောင်သော သက်သေခံဖြစ်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဘုရားသခင်၏စကားကို နာခံခြင်းဖြင့် သူတို့သည် သန့်ရှင်းသောလူမျိုး၊ ယဇ်ပုရောဟိတ်အမျိုးဖြစ်ကြရမည်ဖြစ်၏။ ဤသို့ဖြင့်အခြားသော လူမျိုးတို့သည်လည်း ဘုရားသခင်ကိုသိ၍ ဝတ်ပြုကိုးကွယ်ကြခြင်းငှါဖြစ်၏။ ဤသည်ကား သူတို့ အား ဘုရားသခင်ကယ်တင်၍မိမိလူဖြစ်စေရခြင်း၏ ရည်ရွယ်ချက်ဖြစ်ပါသည်။ သင့်ကို ကယ်တင် ရခြင်းအကြောင်းလည်းဖြစ်၏။ ဘုရားသခင်သည်ကျွန်ုပ်တို့ကို ကောင်းကြီးပေးကွယ်ကာတော်မူ၍ ကျွန်တော်တို့မိမိအလိုအတိုင်း နေထိုင်ကြခြင်းငှါ ကယ်တင်တော်မူသည်မဟုတ်ပါ။ သူတပါးသည် ခရစ်တော်ကိုသိမြင်ကြခြင်းငှါ ဘုရားသခင်၏စကားကို နာခံခြင်းဖြင့်သန့်ရှင်းသော အသက်တာနှင့် နေထိုင်ကြရမည်ဖြစ်၏။ ကျွန်တော်တို့သည် ဤလောကီလူတို့နှင့်ဒင်း၊ ဇာတိသဘောကိုလိုက်သော သူတို့နှင့်ဒင်း မတူညီဘဲ ထူးခြားခြင်းရှိရမည်ဖြစ်၏။ ကျွန်တော်တို့သည် မိမိအကျိုးရှာခြင်းငှါမဟုတ်၊ ရုပ်တုကိုးကွယ်ခြင်းငှါမဟုတ်ဘဲ၊ ဘုရားသခင်ကို ကိုးကွယ်ဝတ်ပြုအမှုဆောင်ခြင်းငှါ ကယ်တင်ခြင်း ခံရခြင်းဖြစ်ပါသည်။ မှန်ပါ၏။ ကျွန်ုပ်တို့သည် ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရကြ၏။ ထိုသို့ ကယ်တင်ခြင်းခံရပြီးမှ ဘုရားသခင်၏စကားတော်ဖြစ်သော သမ္မာကျမ်းစာကိုနာခံလိုက် လျှောက်ကြရပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ဖတ်သောအခါ "အကျွန်ုပ်သည် ဘုရားသခင်ကယ်တင်တော်မူခြင်းရည်ရွယ်ချက်ကို မည်သို့ပြည့်စုံစေနိုင်မည်နည်း" ဟုမိမိကိုယ်ကို မေးပါလော့။ "အကျွန်ုပ်လိုချင်သောအရာကို ဘုရားသခင်မည်သို့ပေးမည်နည်း" ဟူ၍မစဉ်းစားပါနှင့်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အကျွန်ုပ်ကိုမိမိအား ကိုးကွယ်ဝတ်ပြုခြင်းငှါ ကျေးဇူးတော် ပဋိညာဉ်အားဖြင့် ကယ်တင်တော်မူခဲ့၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်ပြုရမည့် ပဋိညာဉ်ကတိတော်တို့ကို ကျေပွန်မည် အကြောင်း သွန်သင်တော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၁၅)

**ထွက် ၁၉း၁၀-၂၀း၆**

ဝတ် ၁၁း၄၄-၄၅

*"ငါသည် သင်တို့၏*
*ဘုရားသခင်ထာဝရဘုရားဖြစ်၏"*

## ပထမနှင့်ဒုတိယမြောက်ပညတ်ချက်များ

သိနာတောင်၌အလွန်ထူးခြားကြောက်စရာကောင်းသောမြင်ကွင်းအားဖြင့် ဘုရားသခင်ဆင်းသက်တော်မူခြင်းသည် ပညတ်တော်ဆယ်ပါးအား အကျင့်နှင့်ဆိုင်သောပညတ်တရားဖြစ်ကြောင်း အတည်ပြုခြင်းဖြစ်၏။ ပူဇော်ဝတ်ပြုခြင်းနှင့်ဆိုင်သောဥပဒေ၊နှင့်အုပ်ချုပ်စီရင်ခြင်းနှင့်ဆိုင်သောဥပဒေတို့သည်ယနေ့ကျွန်တော်တို့လိုက်လျှောက်ရန်မဟုတ်သော်လည်း၊ ဤအကျင့်နှင့်ဆိုင်သော ပညတ်တော်ဆယ်ပါးသည် ယနေ့တိုင်အကျုံးဝင်သေးကြောင်း သိမှတ်ကြရပါမည်။ ဓမ္မသစ်ကျမ်းထဲ၌ ခရစ်တော် (မဿဲ ၂၂း၃၇-၄၀) နှင့်တမန်တော်များ (ဥပမာ ရောမ ၁၃း၉၊ ဧဖက် ၆း၂-၃) ကပြန်၍ဖော်ပြအတည်ပြုခဲ့ကြ၏။ စစ်မှန်သောယုံကြည်သူသည် ပညတ်တော်ဆယ်ပါးလိုက်လျှောက်ခြင်းကိုနှစ်သက်၏။ အကြောင်းမှာ ဘုရားသခင်နှစ်သက်တော်မူသောအသက်တာဖြစ်သောကြောင့်တည်း။

ပထမမြောက်ပညတ်ချက်က ဘုရားသခင်သည် အသက်ရှင်တော်မူသော စစ်မှန်သောဘုရားဖြစ်ကြောင်း၊ အခြားဘုရားရှိသမျှတို့သည် မှားယွင်းသောဘုရားများဖြစ်ကြောင်း ဖော်ပြလျက်ရှိ၏။ သူသည်ဘုရားသခင်ဖြစ်သောကြောင့် အမိန့်တော်၊ ပညတ်တော်ကို ကျွန်တော်တို့နာခံရမည်ဖြစ်ပါသည်။ ဘုရားသခင်ကိုယုံကြည်၍နာခံကြောက်ရွံ့ခြင်းနှင့်တကွ နှိမ့်ချသောအသက်တာဖြင့်နေထိုင်ကြရပါမည်။ သူသည်အဆုံးစွန်အာဏာရှိတော်မူသော ဘုရားသခင်ဖြစ်တော်မူ၏။ ဘုရားသခင်၏ပညတ်တော်တို့ကို သင်နာခံခြင်းမရှိလျှင် ဘုရားသခင်ကို သင်မထီမဲ့မြင်ပြုရာရောက်၏။ ဘုရားသခင်မှတပါးအခြားဘုရားကိုးကွယ်ခြင်းသည် အလွန်ကြောက်စရာကောင်းသောအမှုဖြစ်၏။ ဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်တော်မူသောကြောင့် ကြည်ညိုလေးစားရိုသေခြင်းမြောက်ခြင်း ကျွန်တော်တို့ပေးကြရပါမည်။ ဘုရားသခင်ကိုယုံကြည်ကိုးစားကြည်ညိုခြင်းသည် အလွန်မြတ်သောအမှုဖြစ်ပါသည်။ ဒုတိယမြောက်ပညတ်ချက်က ဝတ်ပြုကိုးကွယ်ခြင်း၏သန့်ရှင်းမှုအကြောင်းကိုဖော်ပြ၏။ ဤပညတ်ချက်က ရုပ်တုပြုလုပ်ကိုးကွယ်ခြင်းကို တားမြစ်ထားပါသည်။ ဘုရားသခင်သည် နံ့ဝိညာဉ်ဖြစ်တော်မူ၏။ အစမရှိ၊ အဆုံးမရှိသောအနန္တဘုရားဖြစ်တော်မူ၏။ ထို့ကြောင့်ဘုရားသခင်ကိုယ်စားပြုရုပ်တုထုလုပ်ကိုးကွယ်ခြင်းသည် ဘုရားသခင်ကိုမထီမဲ့မြင်ရှုတ်ချရာရောက်၏။ ကားတိုင်၊ ယေရှု၏ရုပ်တု (သို့) ကောင်းကင်တမန်ရုပ်တုအစရှိသည့်အရာများကို အယူသီးကိုးကွယ်အားကိုးခြင်းလုံးဝမပြုရပါ။ ထိုအရာများရှိမှ ဘုရားကို ဆင်ခြင်တွေးတောနိုင်သည်ဟူသောအချက်သည် လုံးဝဆင်ခြေပေးခြင်းသာဖြစ်၍ လက်မခံရပါ။ ထိုသို့ပြုလျှင် သားသမီးတို့ကလည်း သင့်နောက်လိုက်၍ရုပ်တုကိုးကွယ်ခြင်းပြုမည်ဖြစ်ပြီး၊ ဘုရားသခင်၏စီရင်ခြင်းကို ခံရကြမည်။ သို့သော်လည်း မိမိကိုချစ်၍ပညတ်တရားများကို လိုက်လျှောက်သောသူတို့အပေါ်၌ မိမိကရုဏာတော်ထားမည်အကြောင်း ကတိပေးတော်မူ၏။ မြင်နိုင်သောရုပ်တု၊ သင်၌မရှိသော်လည်း မမြင်နိုင်သော သင့်စိတ်နှလုံးကိုဖမ်းချုပ်သောရုပ်တုများကိုသတိပြုရပါမည်။ ထိုအရာသည် လူပုဂ္ဂိုလ်၊ သင့်ပညာရေး၊ သင့်အလုပ်၊ သင့်မိသားစုလည်းဖြစ်နိုင်ပါသည်။ "ဘုရားသခင်ကိုအာရုံမပြုနိုင်ခြင်းငှါ သင်၏စိတ်ကို ဖမ်းစားသောအရာ၊ နှောင့်ယှက်သောအရာ. . . ဇာတိအလိုကိုအားကြီးစေသောအရာတို့သည်အပြစ်ဖြစ်တတ်၏" (Susanna Wesley)။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံးထဲ၌ အဘယ်အရာကပထမနေရာယူထားပါသနည်း။

**ဆုတောင်းချက်** - အကျွန်ုပ်၏ထာဝရဘုရား၊ ကိုယ်တော်ကိုကြည်ညိုခြင်းရှိ၍ မှန်ကန်စွာကိုးကွယ်ဝတ်ပြုမည်အကြောင်း မစတော်မူပါ။

**ထွက် ၂၀း၇**
ဆာ ၆၁း၅-၈

*". . . နေ့ရက်အစဉ်အတိုင်း သစ္စာဝတ်ကို ဖြေခြင်းငှါ"*

# တတိယမြောက်ပညတ်ချက်

"ထာဝရဘုရား၏နာမတော်" (ထွက် ၂၀း၇) သည် ဘုရားသခင်၏အမည်နာမသာလျှင် မဆိုလိုဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တော်၊ ဂုဏ်ပုဒ်၊ အကျင့်၊ ပြုသောအမှုနှင့် အမိန့်တော်များလည်း ဆိုလိုပါဝင်ကြ၏။ ဘုရားသခင်၏နာမတော်အချည်းနှီးမြွက်ဆိုခြင်းသည် မလေးစား၊ မကြည်ညိုခြင်းကိုပြ၏။ ကျိန်ခြင်းနှင့်အာမေဋိတ်အမှု၌ ဘုရားသခင်၏နာမတော်အသုံးပြုခြင်းသည် အပြစ်ဖြစ်၏။ "အမလေး၊ ဘုရားသခင်" ဟူသည့်အသုံးအနှုန်းသည်လည်း ဘုရားသခင်၏နာမတော်ကို အချည်းနှီး အသုံးပြုမြွက်ဆိုခြင်းဖြစ်၍ အပြစ်ဖြစ်၏။

ထို့ပြင်ဘုရားသခင်၏နာမဖြင့် ပြုခဲ့သောကတိသစ္စာဖျောက်ဖျက်ခြင်းသည်လည်း ဘုရားသခင်၏နာမတော်ကိုအချည်းနှီးမှုသာနှင့်ဆိုင်၍ ပြောဆိုခြင်းဖြစ်၏။ ထိုသို့သော ကတိသစ္စာဆိုခြင်းကို ဥပမာအားဖြင့် ရေဗတ္တိဇံမင်္ဂလာခံခြင်း၊ ထိမ်းမြားခြင်း၊ အသင်းဝင်ဖြစ်ခြင်းနှင့် အသင်းတော်ဦးဆောင်မှုတာဝန် ခံယူသောအချိန်တို့၌ ပြုတတ်ကြပါသည်။ ကျွန်တော်ပြုခဲ့သည့်ကတိအတိုင်း ကျွန်တော်အသက်ရှင်ခဲ့ပါသလား။ ခရစ်ယာန်တစ်ဦးအနေဖြင့် နာမည်နှင့်လိုက်အောင် ခရစ်တော်၏ဘုန်းတော်အတွက် ကျွန်တော်အသက်ရှင်ပါသလား။ ကျွန်တော်တို့သည် မမှန်ကန်သောအမှု၌ ဘုရားသခင်၏နာမတော်အသုံးပြုခဲ့လျှင် ဤပညတ်တရားကိုကျူးလွန်ခဲ့ပါ၏။ ဥပမာအားဖြင့် ဘုရားသခင်၏ ပညတ်တရားကို ချိုးဖောက်စေသော၊ ဥပုသ်နေ့၌အလုပ်လုပ်ရသောအလုပ် သင်ရ၍၊ "ဤအလုပ်ကို ဘုရားသခင်ပေးတော်မူသောကြောင့် ကျေးဇူးတော်ချီးမွမ်းပါ၏" ဟုဆိုခြင်း၊ သင့်သားသမီးသည် ပေါ့ပ်တေးဂီတ၌ဝင်ပြိုင်တီးခတ်၍၊ "စန္ဒယားတီးတတ်ခြင်း ကျွန်ုပ်သားသမီးအားပေးတော်မူသောကြောင့် ဘုရားသခင်ကိုချီးမွမ်းပါ၏" ဟုဆိုခြင်း၊ ဘုရားကျောင်းမသွားဘဲစာကျက်၍ "အဆင့်ကောင်း ကျွန်ုပ်ရသောကြောင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားပါစေ" ဟုဆိုခြင်းတို့ဖြစ်ပါသည်။ ထို့ပြင် ဘုရားကျောင်းမသွားဘဲ အလုပ်လုပ်၍ မမှန်မကန်ငွေကြေးရှာခြင်းဖြင့် ချမ်းသာလာပြီး "ဘုရားသခင်က ကောင်းကြီးပေးတော်မူသောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းပါ၏" ဟုဆိုခြင်းသည်လည်း နာမတော်ကိုမှုသာနှင့် ဆိုင်၍မြွက်ဆိုရာရောက်၏။ ဘုရားသခင်၏နာမတော်နှင့်ယှဉ်၍ ပြောသမျှသော စကားနှင့်အရာတို့သည် အလိုလိုလက်ခံနိုင်စရာဖြစ်၍ သန့်ရှင်းခဲ့ကြသည်ဟုမထင်သင့်ပါ။ မှားယွင်းသော သွန်သင်ခြင်းသင်ပြပို့ချခြင်းသည်လည်း ဘုရားသခင်၏နာမတော်ကို မှုသာနှင့်ပြောဆိုခြင်းဖြစ်၏။ ဘုရားသခင်၏နှုတ်ကပတ်တော်သင်မည်သို့မည်ပုံ သင်ကြားပို့ချသည်ကိုသတိပြုပါလော့။ ဘုရားသခင်မိန့်တော်မမူသောအရာကို မိန့်တော်မူသကဲ့သို့ မပြောပါနှင့်။ ဘုရားသခင် နာမတော်မြွက်ဆိုမည်ဆိုလျှင် ကျွန်တော်တို့အထူးသတိပြုဆင်ခြင်ကြရပါမည်။ ဘုရားသခင်သည် အမှန်ဒဏ်ခတ်၍ စီရင်ဆုံးဖြတ်တော်မူလိမ့်မည်ဖြစ်၏။

**ဆင်ခြင်ရန်** - တတိယမြောက်ပညတ်ချက်သည် စကားပြောသောအခါ၌ ဘုရားသခင်၏ နာမတော်ကို မဆင်မခြင်ပြောရုံသက်သက်ကိုသာ ရည်ညွှန်းခြင်းမဟုတ်ပါ။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နာမတော်ဘုန်းတော်ထင်ရှားစေခြင်းငှါ အသက်ရှင်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၁၇)
**ထွက် ၂၀း၈-၁၁**
ဟေရှာ ၅၈း၁၃၊ ၁ ကော ၁၆း၂

*“. . . ဥပုသ်နေ့ကိုမွေ့လျော်ရာနေ့၊*
*. . . ရိုသေဘွယ်သောနေ့ဟူ၍*
*ခေါ်သဖြင့်ကိုယ်အမှုကိုမပြု”*

## စတုတ္ထမြောက်ပညတ်ချက်

ထာဝရဘုရားက ဥပုသ်နေ့စောင့်ခြင်းသည် ယာယီခဏအတွက်သာမဟုတ်ဘဲ မိမိသားသမီးတို့အစဉ်လိုက်လျှောက်စရာဖြစ်ကြောင်းကို ဖန်ဆင်းခြင်းနေ့ရက်အကြောင်း ဖော်ပြခြင်းဖြင့် ပေါ်လွင်စေတော်မူ၏။ ဘုရားသခင်က ဓမ္မဟောင်းခေတ်စနေဥပုသ်နေ့ကို တနင်္ဂနွေဘုရားသခင်၏ နေ့မြတ်ဥပုသ်ဖြင့်အစားထိုးတော်မူကြောင်း ပြသခြင်းငှါ ဓမ္မသစ်၌ မည်သို့စောင့်ကြကြောင်းကို တမန်တော်တို့၏အရေးအသားနှင့် ဥပုသ်နေ့စောင့်ခြင်းကို အသုံးပြုခဲ့၏ (၁ ကော ၁၆း၂၊ ဗျာ ၁း၁၀)။

ဥပုသ်နေ့သန့်ရှင်းစွာစောင့်ခြင်းဆိုသည်မှာ ထိုနေ့ကိုထာဝရဘုရားအတွက် လုံးလုံးဆက်ကပ်အသုံးပြုခြင်းဖြစ်ပါသည်။ တစ်နေ့လုံးဖြစ်၏၊ ဝတ်ပြုကိုးကွယ်ချိန်နှင့် သမ္မာကျမ်းစာလေ့လာချိန်သာမဆိုလိုပါ။ တနင်္လာနေ့မှစနေနေ့အတွင်း မိမိ၏အိမ်စာ၊ အလုပ်၊ မိသားစုအမှု၊ အိမ်မှုကိစ္စအဝဝကို ပြီးစီးအောင် လုပ်ဆောင်လျက်၊ ဘုရားသခင်၏နေ့ရက်မြတ်တွင် ဘုရားဝတ်ပြုခြင်း၊ နှုတ်ကပတ်တော်လေ့လာသင်ယူခြင်း၊ မိမိမိသားစုဆုတောင်းဝတ်ပြုခြင်းစသည်တို့ကိုသာ လုပ်ဆောင်ရပါမည်။ အခြားနေ့၌ ပြုနိုင်သောအမှုတို့ကိုမလုပ်ဘဲ နေပါလော့။ မဖြစ်မနေပြုရသောအမှုနှင့် ဂရုဏာတော်နှင့်ဆိုင်သောအမှုကိုမူ ပြု၍ရပါသည်။ အပန်းဖြေခြင်းလှုပ်ရှားမှုနှင့် အားကစားလုပ်ခြင်းကို ရှောင်ရပါမည်။ ကျွန်ုပ်တို့အတွေးနှင့်အပြောအဆိုကိုပင် သတိထားရမည်ဖြစ်၏။ ကျွန်ုပ်တို့၏ဝါသနာ၊ နိုင်ငံရေး၊ အလုပ်နှင့်အစားအစာအကြောင်း ဆွေးနွေးပြောဆိုကြရမည့်နေ့မဟုတ်ပါ။ ကျွန်ုပ်တို့၏အပြောအဆို၌ ဘုရားသခင်၏နိုင်ငံတော်အကြောင်းနှင့်ဆိုင်သော စကားများသာဖြစ်ရပါမည်။ ထိုသို့ပြုခြင်းသည် အလွန်ကြပ်တည်းလုပါ၏။ ဥပဒေသလိုက်လျှောက်လွန်းရာကျပါ၏ဟုထင်ပါသလား။ ထိုသို့ထင်ပါလျှင်၊ သင်လွဲမှားပါလိမ့်မည်။ ဘုရားသခင်၏ပညတ်တရားတို့သည် လေးလံခက်ခဲခြင်းမရှိပါ။ ကျွန်တော်တို့သည် မေ့လျော့လွယ်သောကြောင့်၊ “ဥပုသ်နေ့ကို သတိရအောက်မေ့လော့” (ထွက် ၂၀း၈) ဟုသတိပေးခြင်းဖြစ်ပါသည်။ ထိုသို့ဘုရားသခင်နှင့် အချိန်ကုန်ပါလျှင် သင့်ဝိညာဉ်ရေးအတွက် ကောင်းကျိုးဖြစ်စေမည်ဖြစ်၏။ ဤလောကီအမှုနှင့်နည်းလမ်းတို့၏ လွှမ်းမိုးခြင်းမှ ကင်းလွတ်နိုင်ရန် ဥပုသ်နေ့ကိုစောင့်ခိုင်းခြင်းဖြစ်ပါသည်။ ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်းအမှုကို နှစ်သက်ခြင်းရှိစေရန် မိန့်တော်မူခြင်းဖြစ်၏။ တစ်စုံတစ်ယောက်သောသူအတွက် သင်အချိန်မပေးဘဲ ထိုသူကိုသင်မည်သို့သိကျွမ်းရင်းနှီးနိုင်ပါမည်နည်း။ ထာဝရဘုရားအတွက် တစ်နေ့ပင်ဆက်ကပ်ခြင်းမပြုဘဲနေခဲ့ပါလျှင် ဘုရားသခင်ကို မေ့လျော့လျက်၊ ဘုရားသခင်မပါသောဘဝကို တည်ဆောက်မိကြပါလိမ့်မည်။ တနင်္ဂနွေနေ့ဝတ်ပြုကိုးကွယ်ခြင်းနှင့် ကျမ်းစာလေ့လာခြင်းပြီးသောအခါ ချက်ချင်းအိမ်မပြန်ပါနှင့်။ သတင်းကောင်းဝေငှခြင်း၊ ဝေစာပေးဝေခြင်း၊ မိဿဟာယဖွဲ့ခြင်းတို့၌ ဆက်လက်ပါဝင်ပါလော့။ ဥပုသ်နေ့စောင့်ခြင်းသည် အိမ်ပြန်၍အိပ်စက်အနားယူခြင်းမဟုတ်ပါ။ ဘုရားသခင်ကို ပထမနေရာ၌ထားလျှင် သင့်အလုပ်နှင့်ပညာရေး၌ ဘုရားသခင်မစတော်မူမည်ကို ယုံကြည်ခြင်းရှိပါလော့။ ဘုရားသခင်သည် သစ္စာကတိရှိတော်မူ၏။

**ဆင်ခြင်ရန်** - ဥပုသ်နေ့စောင့်ခြင်းသည် တနင်္ဂနွေနေ့တစ်နေ့လုံးအကျုံးဝင်၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ဘုရားသခင်၏နေ့ရက်မြတ်ကို ဝတ်ပြုကိုးကွယ်ခြင်း၊ အမှုတော်ဆောင်ခြင်းဖြင့် တစ်နေ့လုံးကုန်ဆုံးစေမည်အကြောင်း စိတ်ပိုင်းဖြတ်ခဲ့ပါ၏။

တနင်္လာ၊ ဖေဖော်ဝါရီ (၁၈)

**ထွက် ၂၀း၁၂**  *"အဘကိုကျီစားသောသူ၊ . . .*

သု ၃၀း၁၇  *ရွှေလင်းတသူငယ်တို့သည်လည်း စားကြလိမ့်မည်"*

# ပဥ္စမမြောက်ပညတ်ချက်

ပဥ္စမမြောက်ပညတ်ချက်သည် မိဘအပေါ် သားသမီးဝတ္တရားကို ဖော်ပြထားပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို စောင့်ရှောက်ခြင်းငှါ မိဘများပေးထားတော်မူ၏။ ကျွန်ုပ်တို့အတွက် ဘုရားသခင်ရွေးပေးတော်မူခြင်းပေတည်း။ မိဘကိုရိုသေခြင်းသည် ထာဝရဘုရားရွေးပေးတော်မူခြင်းကို ရိုသေရာရောက်၏။ ထိုသို့ရိုသေခြင်းပြုရန်မှာ ဘုရားသခင်၏အကျင့်နှင့်ဆိုင်သော ထာဝရပညတ်တရားဖြစ်ပါ၏။ ကျွန်ုပ်တို့ထက် ကြီးမြတ်သောသူဟူ၍ ကျွန်တော်တို့ခံယူလေးစားခြင်းရှိရပါမည်။ မိဘကိုရိုသေခြင်းဆိုသည်မှာ မိဘအပေါ်ထားရှိသောစိတ်၊ သူတို့ကိုမည်သို့ဆက်ဆံပြောဆို၍ သူတို့ရှေ့၌မည်သို့ကျင့်ကြံနေထိုင်ကြောင်း အကုန်ပါဝင်ပါ၏။ မိဘအပေါ် စိတ်မရှည်ခြင်းသည် မရိုသေရာရောက်၏။ လူငယ်တို့သည်မိဘထက် ပိုတော်သည်ဟုထင်တတ်ကြပြီး၊ မိဘအပေါ် သည်းခံလိုစိတ်မရှိတတ်ကြပါ။ မိဘတို့အားခေတ်မမီ၊ မိမိတို့လောက်အသိပညာမရှိဟု ထင်တတ်ကြ၏။ ကျွန်ုပ်တို့၏မိဘများသည် မယုံကြည်သူဖြစ်ကြလျှင်လည်း သူတို့၏ခိုင်းစေချက်သည် မကောင်းသောအရာ၊ အပြစ်မဟုတ်လျှင် ကျွန်တော်တို့နာခံကြရပါမည်။ ဤအချက်ကိုသိမှတ်လျက် ခရစ်ယာန်မိဘတို့သည် မိမိတို့၏သားသမီးတို့အား ငယ်ရွယ်သောအချိန်မှစ၍ နာခံတတ်သောသူ၊ သူတပါးကို လေးစားတတ်သောသူဖြစ်ခြင်းငှါ သွန်သင်ဆုံးမရပါမည်။ ဤပဥ္စမမြောက်ပညတ်ချက်ကို လျစ်လျူရှုသောသားသမီးတို့သည် မိဘကိုရိုက်နှက်ခြင်း၊ လျှောက်အော်ခြင်းတို့ကို ပြုတတ်ကြ၏။ ထို့ကြောင့် သားသမီးတို့အား ဆုံးမခြင်းကို နာခံခြင်းရှိကြရန် ငယ်ရွယ်စဉ်အခါ သွန်သင်ကြရပါမည်။ ရိုသေခြင်းဆိုသည်မှာ ချစ်ခြင်း၊ စောင့်ရှောက်ခြင်းလည်းဖြစ်၏။ ဤအချက်သည် မိဘကိုကျွန်တော်တို့မည်သို့ပြုစုဆက်ဆံသည်ဟူသော အချက်၌ပေါ်လွင်ပါသည်။ သူတို့သည် အသက်ကြီးလာသည်နှင့်အမျှ ခွန်အားနည်းလာ၍ နေးကွေးခြင်းရှိလျက်၊ သတိမေ့တတ်ကြ၏။ ထိုအချိန်၌ ဤပညတ်ချက်ကို နာခံလိုက်လျှောက်ခြင်းငှါပို၍အခွင့်ကောင်းဖြစ်လာပါသည်။ ကျွန်ုပ်တို့ဖြစ်တည်လာခြင်းအတွက် ဘုရားသခင်အသုံးပြုတော်မူခဲ့သောသူဖြစ်ကြပြီး၊ မိဘတို့ကကျွန်ုပ်တို့ကို ပြုစုပျိုးထောင်ပေးခဲ့ပါ၏။

ယနေ့လူငယ်များအကြား၌ ဤအချက်ကို အများအားဖြင့် မတွေ့ရပါ။ သူတို့သည် အုပ်စိုးမှုမှန်သမျှကို ဆန့်ကျင်လိုသောစိတ်၊ ငြင်းဆန်လိုသောစိတ်ရှိကြ၏။ ခရစ်ယာန်တို့သည် ထိုသို့မဖြစ်ရပါ။ ကျွန်ုပ်တို့၏မိဘများအပြင် ကျွန်ုပ်တို့ထက် အသက်အရွယ်ကြီးသောသူ၊ ရာထူးကြီးသောသူ၊ အစိုးရသောသူတို့ကိုလည်း ရိုသေခြင်းရှိရန် The Westminster Confession of Faith ရေးသားသူတို့က ထပ်၍ဖြည့်ကြ၏။ ထိုအစိုးရသောသူတို့ကို ဘုရားသခင်ခန့်အပ်တော်မူခြင်းဖြစ်ပါသည်။ သူတို့ကို နာခံလေးစားခြင်းရှိရပါမည်။ ဤပညတ်ချက်၌မိဘနှင့်အစိုးရသောသူတို့သည်လည်း ရိုသေလေးစားခြင်းနှင့်ထိုက်တန်သောအသက်တာကိုပြ၍ သားသမီးတို့ကို ဒေါသမထွက်စေခြင်းငှါ ချစ်ခြင်းမေတ္တာဖြင့်စောင့်ရှောက်ရန်ဖြစ်ကြောင်း ပါဝင်ပါ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်မိဘအပေါ် ကျွန်ုပ်၏အပြောအဆိုနှင့် အပြုအမူအကျင့်တို့သည် မည်သို့ဖြစ်ခဲ့ပါသနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အပေါ်ထားရှိသောအစိုးရသောသူတို့ကို ရိုသေခြင်း မပြုခဲ့သောကြောင့် ခွင့်လွှတ်တော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၁၉)

**ထွက် ၂၀း၁၃**

မ ၅း၂၁-၂၂

*"မိမိညီအစ်ကိုကို မုန်းသောသူမည်သည်ကား၊ လူအသက်ကိုသတ်သောသူဖြစ်၏"*

# ဆဋ္ဌမမြောက်ပညတ်ချက်

ဆဋ္ဌမမြောက်ပညတ်ချက်သည် လူ့အသက်သတ်ခြင်းကို တားမြစ်ခြင်းဖြစ်၍ အသက်ကို ကာကွယ်စောင့်ရှောက်ခြင်းငှါ ရည်ရွယ်ခြင်းဖြစ်၏။ ဤပညတ်ချက်က ရည်ရွယ်ချက်ရှိရှိသတ်ခြင်း၊ ကြိုတင်ပြင်ဆင်မှုဖြင့်သတ်ခြင်း၊ မတရားသဖြင့် သတ်ခြင်းနှင့်မတော်တဆသတ်ခြင်းကိုပင် ဆန့်ကျင်ခြင်းပြု၏ (တရား ၁၉း၄-၆)။ သို့သော်လည်း မိမိကိုယ်ကိုကာကွယ်ခြင်းဖြင့်သတ်မိခြင်း (ထွက် ၂၂း၂-၃)၊ တရားသဖြင့် တိုက်သောစစ် (သို့) သေဒဏ်ပေးခြင်း (ရောမ ၁၃း၄) တို့သည် လက်ခံနိုင်စရာရှိ၏။ အကြောင်းမှာထိုသို့ပြုခြင်းသည် ပညတ်ချက်၏ရည်ရွယ်ချက်ဖြစ်သောအသက် ကွယ်ကာစောင့်ရှောက်ခြင်းဖြစ်ပါသည်။ အချို့သောသူက သေဒဏ်ချမှတ်ခြင်းကို ဆန့်ကျင်ကြ၏။ သို့သော်လည်း ထိုသို့ပြုခြင်းသည် အပြစ်မဲ့သောသူများ၏အသက်ကို ကွယ်ကာစောင့်ရှောက်ရာရောက်ပါ၏။

သင်သည် လူ့အသက်သတ်ခြင်းမကျူးလွန်ဟု မိမိကိုယ်ကိုထင်ပါလိမ့်မည်။ သို့သော်လည်း ဘုရားသခင်က မတရားသဖြင့်သူတပါးကိုမုန်းတီးခြင်းသည် လူ့အသက်သတ်ခြင်းဖြစ်ကြောင်း မိန့်တော်မူခဲ့၏ (မသဲ ၅း၂၁-၂၂၊ ၁ ယော ၃း၁၅)။ ထို့ကြောင့် အပြစ်နှင့်ယှဉ်သော ဒေါသနှင့်မုန်းတီးခြင်းတို့ကို သတိပြုရပါမည်။ စိတ်ထဲ၌ထိုသို့သောအမျက်ဒေါသနှင့်မုန်းတီးခြင်းတို့ကို သတိပြုရပါမည်။ စိတ်ထဲ၌ ထိုသို့သောအမျက်ဒေါသကိုမထားဘဲ၊ ခွင့်လွှတ်ခြင်း၊ သနားကြင်နာခြင်းနှင့် သည်းခံခြင်း ပြန်လည်သင့်မြတ်ခြင်းတို့ကို ထားရပါမည်။ အတင်းပြောခြင်းဖြင့် သူတပါးသိက္ခာကျအောင်လုပ်ခြင်းသည်လည်း သတ်ခြင်းတစ်မျိုးဖြစ်ပါသည်။

သတိမထားခြင်း၊ တာဝန်ယူလိုသောစိတ်မရှိခြင်းအမှုကြောင့် လူ့အသက်ဆုံးရှုံးခဲ့လျှင် လူ့အသက်ကို သတ်သောအပြစ်ကျရောက်မည်ဖြစ်၏ (တရား ၂၂း၈)။ ထို့ကြောင့် ကားမောင်းသောအခါ၊ စက်ဘီးစီးသောအခါ၊ ကစားသောအခါ သတိထားရပါမည်။ သူတပါးနှင့်မိမိအပေါ်၌လည်း သတိမထားဘဲ၊ သတိမမှုဘဲ ထင်ရာလျှောက်လုပ်ခြင်းမပြုရပါ။ အသက်အန္တရာယ်စိုးရိမ်ရသော အားကစားများကို ရှောင်ရပါမည်။ မိမိအသက်မိမိကိုယ်ကို နှုတ်ယူခြင်းသည်လည်း လူသတ်မှုဖြစ်ကြောင်း သတိရပါလော့။ ဘုရားသခင်က အသက်ကိုပေးတော်မူသည်ဖြစ်သောကြောင့်၊ မိမိအသက်ကို မိမိကိုယ်ကို နှုတ်ယူခွင့်မရှိပါ။ ရောဂါဝေဒနာပြင်းစွာခံစားနေရသော၊ အသက်အရွယ်အိုမင်းရင့်ရော်၍ ပြင်းစွာသောဝေဒနာခံစားနေသော၊ အသက်ရှင်ရန်မျှော်လင့်ချက်မရှိတော့သော ဝေဒနာသည်ကို ခံစားရသက်သာ၍လွယ်ကူစွာသေဆုံးနိုင်ရန် ဆေးထိုးပေးခြင်းသည် ဤပညတ်ချက်ကိုကျူးလွန်ခြင်းဖြစ်၏။ ခရစ်ယာန်သည် အလွန်ခက်ခဲသောအခြေအနေ၌ပင် ထိုသို့မပြုရပါ။ ထို့ကြောင့် ကျွန်ုပ်တို့ အလုပ်လုပ်သောအခါ၊ စားသောအခါ၊ သောက်သောအခါ၊ သတိမဲ့လျက် အမှုမဲ့အမှတ်မဲ့ ဘယ်အရာမျှမပြုရပါ။ မိမိ၏ကျန်းမာရေးကိုလည်း ဂရုစိုက်ရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်ထဲ၌ သူတပါးမုန်းတီးခြင်း ကျွန်တော်သိုထားပါသလား။ အကျွန်ုပ်အသက်ရှင်နေထိုင်မှု၌ ကျွန်တော်အမှုမဲ့အမှတ်မဲ့နေထိုင်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၌ရှိသော အပြစ်နှင့်ယှဉ်သော မုန်းတီးခြင်းအမှုကို ခွင့်လွှတ်တော်မူပါ။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၂၀)
**ထွက် ၂၀း၁၄**
မ ၅း၂၇-၃၂

*“. . . ကိလေသာစိတ်နှင့် သူ့မယားကို ကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့်ပြစ်မှားပြီ”*

# သတ္တမမြောက်ပညတ်ချက်

သတ္တမမြောက်ပညတ်ချက်က အိမ်ထောင်သုက္ခသန့်ရှင်းခြင်းကို ထိန်းသိမ်းခြင်းငှါ တိုက်တွန်းခြင်းဖြစ်၏။ မိမိမယားအပြင် အဘယ်သူနှင့်မျှဆက်ဆံခြင်းမပြုရန် တားမြစ်သည်သာမက၊ အပျိုလူပျိုဆက်ဆံခြင်း၊ ညစ်ညမ်းဓာတ်ပုံကြည့်ခြင်း၊ မုဒိမ်းမှု၊ မဖွယ်မရာပြုခြင်း၊ သဘာဝထက်လွန်ကဲသောတပ်မက်ခြင်းစသည်တို့ကိုလည်း တားမြစ်ရှုတ်ချခြင်းဖြစ်၏။ ညစ်ညမ်းသောစကားပြောဆိုခြင်းကိုလည်း ဤပညတ်က ဆန့်ကျင်ပါသည်။ ခရစ်ယာန်တို့၊ ယောကျ်ားမိန်းမကိုယ်ထိလက်ရောက်နောက်ပြောင်ခြင်းမျိုးမပြုကြပါနှင့်။

အထက်၌ ဖော်ပြထားသောအရာတို့၌ သန့်ရှင်းခြင်းရှိသည်ဖြစ်သောကြောင့် သင် အဆင်ပြေပြီးဟု သင်ထင်ကောင်းထင်နိုင်ပါသည်။ သို့သော်လည်း ခရစ်တော်က သူ့မယားပြစ်မှားခြင်းကို ဤသို့အနက်ဖွင့်တော်မူ၏- တစုံတယောက်သောသူကို ဇာတိတပ်မက်ခြင်းသင်ရှိသောအခါ ထိုအပြစ်ကို လွန်ကျူး၏ (မသဲ ၅း၂၈)။ ထို့ကြောင့် ဤအပြစ်၌သူတပါးမကျစေခြင်းငှါ ယဉ်ကျေးသိမ်မွေ့စွာဝတ်စားဆင်ယင်ခြင်းသည်လည်း အရေးကြီးလှပါသည်။ အချို့သောအဝတ်အစားသည် သူတပါးတပ်မက်သောစိတ်ရှိစေရန် ခန္ဓာကိုယ်အစိတ်အပိုင်းအချို့ပေါ်အောင် တမင်ဒီဇိုင်းဆွဲထားကြ၏။ သို့သော်လည်း မသန့်ရှင်းသော၊ မရိုးသားသောစိတ် အတွေးသင့်၌ရှိခြင်းကို သူတပါးအားအပြစ်မတင်ရပါ။ ယောဘသည် မိမိမျက်စိနှင့်မိမိစိတ်ကို သေချာဂရုစိုက်ခဲ့ပါသည်- “ငါသည် အပျိုကိုမျှမကြည့်ရှုမည်အကြောင်း ကိုယ်မျက်စိနှင့်ပဋိညာဉ်ဝန်ခံခြင်းကိုပြုပြီ” (ယောဘ ၃၁း၁)။ အဘယ်သူမျှမသိမမြင်ဘဲ သင်သည် သင့်စိတ်နှလုံးထဲမှ တစ်နေ့လုံးဤအပြစ်ကို လွန်ကျူးနိုင်ပါ၏။ ဤကိလေသာတပ်မက်စိတ်ကို သင်မြင်သောအရာ၊ ဖတ်သောအရာနှင့် ကြားသောအရာမှ ပေါ်ထွက်လာတတ်၏။ ရုပ်ရှင်၊ တီဗွီ၊ မဂ္ဂဇင်းနှင့်အင်တာနက်တို့သည် ဤအပြစ်ကို ကျူးလွန်ခြင်းငှါ သင့်ကိုစာတန်သွေးဆောင်ဖို့ရာ အလွန်အသုံးတည့်သော ပစ္စည်းများဖြစ်ကြ၏။ ထိုအရာတို့၌ ကျော်ကွင်းထောင်ထားတတ်၏။ ထို့ပြင် လောကီဆန်သောသီချင်းအချို့သည် ဤအပြစ်ကျူးလွန်ခြင်းငှါ တွန်းအားပေးတတ်ကြ၏။ ယနေ့ခေတ်တွင် ဘယ်နေရာကြည့်ကြည့် ဤအပြစ်ကျူးလွန်ခြင်းငှါ တွန်းအားပေးသောအရာများနှင့်ပြည့်လျက်ရှိပါသည်။ ထို့ကြောင့် သင့်မျက်စိနှင့် သင့်နားကိုအထူးသတိပြုရပါမည်။ ယနေ့ခေတ်ကြော်ငြာသည်လည်း ထိုသို့သောဇာတိတပ်မက်ခြင်းကို ဖြစ်စေသောကြော်ငြာများဖြစ်ကြ၏။ ထို့ကြောင့် မျက်စိအမြင်ကိုအထူးသတိထားရပါမည်။ “သူ့မယားကိုပြစ်မှားသော ကိလေသာနှင့်ပြည့်စုံသောမျက်စိရှိ၍၊ ဒုစရိုက်ကိုမပြုဘဲမနေနိုင်ကြ” (၂ ပေ ၂း၁၄)။ ဤအပြစ်သည် လူကို ထိန်းချုပ်တတ်ပြီး၊ စွဲလမ်းခြင်းရှိစေတတ်၏။ ဤအပြစ်က ရှံဆုန်ကိုဖျက်ဆီးခဲ့၏။ သင့်ကိုလည်း ဖျက်ဆီးနိုင်ပါသည်။

**ဆင်ခြင်ရန်** - စိတ်ထဲမှကိလေသာတပ်မက်သော စိတ်ရှိခြင်းဖြင့် သူ့မယားပြစ်မှားခြင်းအပြစ်စတင်ခြင်းဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ မသန့်ရှင်းခြင်းကို ဆီးတားနိုင်မည်အကြောင်း အသိဉာဏ်နှင့်ခွန်အားပေးသနားတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၂၁)

**ထွက် ၂၀း၁၅**

ဧ ၄း၂၈

*“တွေ့မိလျှင် ခုနစ်ဆပြန်ပေးရမည် . . . ”*

## အဌမမြောက်ပညတ်ချက်

အဌမမြောက်ပညတ်ချက်က ခိုးယူခြင်းကိုတားမြစ်၏။ ခိုးယူခြင်းဆိုသည်မှာ သူတပါးပိုင်ဆိုင်သောအရာကို ယူခြင်းနှင့်သူတပါးရထိုက်သောအရာကို မပေးခြင်းဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်း၌ အကျိုးအမြတ်ရခြင်းငှါ သူတပါးအားလှည့်စားခြင်း၊ သစ္စာမရှိဘဲ မတရားသဖြင့်ပြုခြင်းသည်လည်း ခိုးယူခြင်းဖြစ်၏။ မတရားသဖြင့် ခိုင်းစေခြင်း၊ အခွင့်အရေးယူခြင်းသည်လည်း ထိုသူတို့ထံမှ ခိုးယူခြင်းတစ်မျိုးဖြစ်၏။ စီးပွားရေးလုပ်ငန်း၌ သင်ဆုံးရှုံးမည့်အနေအထား၌ ရှိသည်ဖြစ်သော်လည်း ရိုးသားမှန်ကန်စွာဆောင်ရွက်ရပါမည်။ သင်၌အခွင့်အရေးရှိသည်ဖြစ်စေ၊ ဈေးနှုန်းကိုအဆမတန်တိုးမြှင့်ခြင်းမျိုးမပြုရပါ။ ကောင်တာမှပြန်အမ်းငွေသည် မှားယွင်း၍အပိုအမ်းမိခဲ့ပါလျှင် သင်မည်သို့ပြုမည်နည်း။ ချက်ချင်းပြောရပါမည် (သို့) ပိုငွေကို ပြန်ပေးရပါမည်။ စားသောက်ဆိုင်၌ ဟင်းတစ်ပွဲဖိုးမတောင်းဘဲ မေ့ခဲ့လျှင် သင်ဘာလုပ်မည်နည်း။ သူတို့ကိုအမှန်ပြောပြ၍ ကျသင့်ငွေရှင်းရပါမည်။ ရုံးခန်း (သို့) ဘုရားကျောင်းပစ္စည်းကို မိမိကိုယ်ကျိုးအတွက် အပိုင်မယူပါနှင့်။ ထို့ပြင်အလုပ်ချိန်၌လည်း အချိန်ကိုမခိုးပါနှင့်။ အလုပ်မလုပ်ဘဲရေသာခိုခြင်း၊ အချိန်တိုင်းစကားပြောခြင်းစသည်ဖြင့် အချိန်ကိုခိုးယူတတ်ကြ၏။ သင်အလုပ်ဝင်နောက်ကျလျှင် နောက်ကျမှအလုပ်ဆင်းပါ။ အခွန်ကိုလည်း မှန်မှန်ဆောင်ရပါမည်။ ခွင့်ပြုချက်မယူဘဲ သူတပါးပစ္စည်းအသုံးပြုခြင်းသည် ခိုးယူရာရောက်၏။ ပြန်၍ပေးမည်ဟူသောစိတ်မရှိဘဲ ငှားခြင်း၊ ချေးခြင်း (သို့) လိုအပ်သည်ထက်ပို၍အချိန်ကြာမြင့်စွာအသုံးပြုခြင်း၊ သိမ်းထားခြင်းစသည်တို့သည် လှည့်စားခြင်းသာမဟုတ်၊ ခိုးယူရာရောက်၏။ ထိုသို့သောပစ္စည်း သင့်အိမ်၌ရှိပါသလား။ ကွန်ပျူတာဆော့ဝဲကိုလည်း ခိုးယူအသုံးပြုနေပါသလား။ ထို့ပြင်ခိုးယူထားသော ပစ္စည်းမှန်းသင်သိလျှင်ငှင်း၊ မမှန်မကန်ရရှိသောပစ္စည်းမှန်း သင်သိပါလျှင် မဝယ်ပါနှင့်။ အွန်လိုင်းအရောင်းအဝယ်၌လည်း တရားမဝင်သောအရာကို ဈေးနှုန်းချိုသာစွာရသည်ဖြစ်စေ မဝယ်ပါနှင့်။ ကျောင်းသူကျောင်းသားများ စာခိုးခြင်းသည်လည်း အပြစ်ဖြစ်ပါသည်။ မိမိမပြုသောအမှုကိုပြုသကဲ့သို့နေခြင်းသည်လည်း ခိုးခြင်းဖြစ်ပါသည်။ သူတပါး၏ ပစ္စည်းဥစ္စာကို မယူမသိမ်းထားပါနှင့်။ သူတပါးအပေါ် အခွင့်အရေးယူ၍ မိမိကိုယ်ကျိုးရှာခြင်းသည် ခိုးယူခြင်းဖြစ်၏။

**ဆင်ခြင်ရန်** - ခိုးယူခြင်းသည် ပစ္စည်းဥစ္စာခိုးယူခြင်းသာမဟုတ်ပါ။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သူတပါးပစ္စည်းမယူမည်အကြောင်း သတိပြုနိုင်ခြင်းငှါ မစတော်မူပါ။

**ထွက် ၂၀း၁၆**
ဗျာ ၂၁း၈

*"...မုသာစကားကို ပြောသောသူတို့၏ နှုတ်မှုကား ပိတ်လျက်ရှိလိမ့်မည်"*

## နဝမမြောက်ပညတ်ချက်

နဝမမြောက်ပညတ်ချက်က အမှန်တရားကိုသာ ပြောခြင်းငှါတိုက်တွန်းထားပါသည်။ စာတန်သည် မုသာ၏အဘဖြစ်ပါသည် (ယော ၈း၄၄)။ ခရစ်ယာန်သည် မုသာပြောသောအခါ စာတန်၏သားသမီးကဲ့သို့ တဖန်လှုပ်ရှားခြင်းဖြစ်၏။ ဘုရားသခင်သည် မုသာကိုမုန်းတီးတော်မူ၍ အစဉ် မုသာပြောသော၊ နောင်တမရသောသူသည် ငရဲမီးနှင့်ထိုက်တန်ကြောင်း မိန့်တော်မူ၏ (ဗျာ ၂၁း၈)။ ဧဝအားစာတန်လှည့်ဖြားခြင်းအားဖြင့် လူတို့သည် အပြစ်ထဲသို့ ကျရောက်ခဲ့ကြ၏။

ယေဘုယျအားဖြင့် လောကီလူတို့သည် မုသာပြောခြင်းကို သေးငယ်သောအမှုဟုယူဆ၍ လူတိုင်းမုသာပြောကြသည်ဟုဆိုကြ၏။ ဘုရားသခင်၏သားသမီးများအတွက် လောကီလူတို့၏ အမြင်ကိုအဓိကမထားရပါ။ လောကီလူတို့က မုသာကိုမုသာဖြူ မုသာမဲစသည်ဖြင့် အမျိုးခွဲကြ၏။ သို့သော်လည်း ဘုရားသခင်၏အမြင်၌ မုသာအားလုံးသည် အပြစ်ဖြစ်ပါ၏။ ဤပညတ်ချက်က သူတပါးအကြောင်း မှားယွင်းစွာပြောခြင်းကို တားမြစ်ထားပါသည်။ မုသာပြောခြင်း၊ အတင်းပြောခြင်းသည် တဖက်သားသိက္ခာကို ဖျက်ဆီးရာရောက်၏။ လွန်ကျူးစွာချီးမြှောက်ခြင်းသည်လည်း မုသာပြောခြင်းဖြစ်၏။ ထို့ပြင်မိမိကိုယ်ကို ချီးမွမ်းခြင်းသည်လည်း အချည်းနှီးသက်သက်ဖြစ်၏။ မိမိ၏ အောင်မြင်မှုကိုအလွန်အကျွံချီးမွမ်းဂုဏ်ပြုခြင်းသည်လည်း မုသာနှင့်ဆိုင်၏။ ဤအရာတို့သည် မုသာဟုမထင်ရသော မုသာများဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏အမှားကို ဝန်မခံလိုသောအခါ ကျွန်တော်တို့ မုသာပြောတတ်ကြ၏။ သူတပါးအားပြစ်တင်ခြင်းသည်လည်း မုသာပြောခြင်းဖြစ်၏။ တဝက်တပျက် မှန်သောစကားဆိုခြင်း၊ ဖြစ်သည့်အတိုင်းတိကျမှန်ကန်စွာမပြောခြင်းသည်လည်း မုသာပင်ဖြစ်၏။ ဥပမာအားဖြင့် ငြင်းခုံခြင်းအမှု၌ မိမိပြောသောစကားကို ဖုံးအုပ်လျက် သူတပါး၏အမှားကိုသာ အထူးတလည်ဖော်ပြပြောဆိုခြင်းသည် အပြစ်ဖြစ်၏။ ဂတိသစ္စာဆိုပြီးမှ လိုက်လျှောက်ခြင်းမရှိခြင်းသည် မုသာပြောခြင်းဖြစ်၏။ သင်သည်ရေဗတ္တိဇံမင်္ဂလာခံစဉ်၊ အသင်းဝင်အဖြစ် လျှောက်ထားစဉ်နှင့် ထိမ်းမြားလက်ထပ်ခြင်း၌ပြုထားသော ဂတိသစ္စာများကို သင်စောင့်ထိန်းလိုက်လျှောက်ပါသလား။ စိတ်ထဲမှတကယ်ပြုလိုခြင်းမရှိဘဲ ကတိပေး၍မစောင့်ထိန်းခြင်းသည်လည်း မုသာပြောခြင်းဖြစ်၏။ အခြေအနေအရ မုသာပြောခြင်းသည် မမှားပါဟုဆိုခြင်းသည်လည်း အပြစ်ဖြစ်ပါ၏။ မုသာတစ်ကြိမ်ပြောလျှင် နောက်တစ်ကြိမ်မုသာပြောခြင်းကို ဖြစ်စေ၏။ အကြောင်းမှာ ပြောခဲ့သောမုသာကို ဖုံးကွယ်ခြင်းငှါ ထိုသို့ပြုဖို့လို၏။ Spurgeon ကဤသို့ဆိုခဲ့ဖူးပါသည်- မုသာပြောသောသူသည် ဉာဏ်ကောင်းဖို့လို၏။ မိမိပြောခဲ့သောမုသာကို အမှတ်ရနေဖို့လိုသောကြောင့်ဟုဆိုခဲ့၏။ အဘယ့်ကြောင့် သင်မုသာပြောပါသနည်း။ အများအားဖြင့်ကြောက်ရွံ့ခြင်းကြောင့်ဖြစ်တတ်၏။ ဥပမာအားဖြင့် အမှန်အတိုင်းပြောလျှင် မျက်နှာပျက်စရာဖြစ်မည်ကိုစိုးရိမ်သောကြောင့်ငှင်း၊ အမှန်အတိုင်းပြောခြင်းကြောင့် ကြုံတွေ့ရမည့်ပြဿနာကိုမခံလိုသောကြောင့်ငှင်း မုသာပြောတတ်ကြ၏။ အခြားအကြောင်းရင်းမှာ မာနထောင်လွှားခြင်းနှင့် ကိုယ်ကျိုးရှာခြင်းကြောင့်ဖြစ်၏။ သူတပါး၏အာရုံစိုက်မှုခံလိုခြင်းနှင့် သူတပါးကို ကျေနပ်စေလိုခြင်းကြောင့်လည်းဖြစ်၏။ လူသားထက်ဘုရားသခင်အပေါ် အပြစ်ကျူးလွန်မိမည်ကို ပို၍ကြောက်ရွံ့ခြင်းရှိပါလော့။ မုသာပြော၍လူတို့၏ဂရုစိုက်ခြင်းကို ခံရခြင်းထက် ဘုရားသခင်၏အမြင်ကိုပို၍ ဂရုစိုက်ပါလော့။

**ဆင်ခြင်ရန်** - စာတန်သည်မုသာ၏အဘဖြစ်၏။
**ဆုတောင်းချက်** - အဘဘုရား၊ ယခုမှစ၍ အမှန်တရားကိုသာ ပြောမည်အကြောင်းမစတော်မူပါ။

**ထွက် ၂၀း၁၇**
၁ တိ ၆း၆-၁၀

*"ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌*
*မွေ့လျော်ခြင်းသည်ကြီးစွာသောအကျိုးစီးပွားမှန်၏"*

# ဒသမမြောက်ပညတ်ချက်

ဒသမမြောက်ပညတ်ချက်က ရောင့်ရဲတင်းတိမ်ခြင်းအကြောင်းကို အထူးဖော်ပြထားပါသည်။ သင့်အတွက်ဘုရားသခင်ချမှတ်ထားတော်မူသော၊ ပေးသနားတော်မူသောအရာတို့၌ ရောင့်ရဲတင်းတိမ်ခြင်းရှိသင့်ပါသည်။

ရောင့်ရဲတင်းတိမ်ခြင်းမရှိခြင်းက မနာလိုခြင်းကိုဖြစ်စေ၍ မိမိပိုင်ဆိုင်သောအရာ၌ မကျေနပ်ခြင်းကိုဖြစ်စေ၏။ ထိုအခါသူတပါး၏ ပစ္စည်းဥစ္စာနှင့်ပိုင်ဆိုင်မှုကို လိုချင်တပ်မက်ခြင်းရှိစေ၏။ များစွာသောအပြစ်နှင့်ပညတ်တော်ဆယ်ပါးချိုးဖောက်ခြင်းအပြစ်တို့ကို ရောင့်ရဲတင်းတိမ်ခြင်းမရှိခြင်းမှ စတင်ခဲ့ကြ၏။ မယားငယ်ထားခြင်းသည် သူတပါးဇနီးမယားနှင့်အခြားသောမိန်းမများကို တပ်မက်ခြင်းကြောင့်ဖြစ်၏။ ဘုရားသခင်ပေးသနားတော်မူသောမိမိဇနီးခင်ပွန်း၌ ကျေနပ်ခြင်းမရှိသောကြောင့်ဖြစ်ပါသည်။ သင်သည်ဘုရားသခင်ပေးတော်မူသောအရာနှင့် ကျေနပ်ခြင်းမရှိသောကြောင့်၊ သူတပါးပစ္စည်းဥစ္စာကို တပ်မက်ပြီးခိုးယူခြင်းကို ကျူးလွန်ခဲ့၏။ အချို့သည် တစုံတခုကိုရယူခြင်းငှါ တိုက်ခိုက်၍လူ့အသက်ကိုပင် သတ်ခဲ့ကြ၏။ မိမိအဆင့်အတန်းထက် လွန်ကဲစွာနေထိုင်ခြင်းသည် လိုချင်တပ်မက်ခြင်းအပြစ်နှင့်ဆိုင်သော အသက်တာဖြစ်၏။ ပို၍ပို၍များစွာပိုင်ဆိုင်လိုခြင်းနှင့် မလိုအပ်သောပစ္စည်းဥစ္စာဝယ်ခြင်းငှါ ငွေချေးယူခြင်းသည် လိုချင်တပ်မက်ခြင်းဖြစ်၏။ ဤအပြစ်က ရုပ်တုဆင်းတုကိုးကွယ်ခြင်းသို့ လူကိုခေါ်ဆောင်တတ်၏။ လိုချင်တပ်မက်သောအရာရှေ့၌ ပြပ်ဝပ်လျက်၊ ထိုအမှုကို ဆောင်ရွက်တတ်၏။ ထိုဘဝကို ရရှိခြင်းငှါ ဘုရားသခင်ကိုလျစ်လျူရှုတတ်ကြ၏။ ကျွန်တော်တို့တပ်မက်လိုချင်သောအရာကို ဝယ်နိုင်ခြင်းငှါ ဥပုသ်နေ့ကိုမစောင့်ဘဲ ငွေပိုရခြင်းငှါ ဥပုသ်နေ့၌အလုပ်လုပ်တတ်ကြ၏။ ဘုရားသခင်ထက် ငွေကြေးကိုဒင်း၊ လောကီအပျော်ကျူးခြင်းကိုဒင်း၊ ရာထူးနှင့်ဂုဏ်ကိုဒင်း၊ အောင်မြင်ခြင်းကိုဒင်း အဓိကထားတတ်ကြ၏။ ငွေကြေးပိုက်ဆံသည်မကောင်းသောအရာမဟုတ်ဘဲ ငွေကိုတပ်မက်ခြင်းကသာ မကောင်းသောအရာဖြစ်၏။ တပ်မက်လိုချင်သောစိတ်ကို ရောင့်ရဲတင်းတိမ်စေ၍မရပါ။ နောက်ဆုံးတွင် ဤအပြစ်သည် မိမိကိုယ်ကို ကိုးကွယ်ခြင်းကိုဖြစ်စေ၏။

ဤအပြစ်အတွက်ဖြေဆေးသည် ဘုရားသခင်ပေးသနားတော်မူသောအရာနှင့် ကျေနပ်ရောင့်ရဲတင်းတိမ်ခြင်းရှိရန်ဖြစ်ပါသည်။ တမန်တော်ပေါလုသည် အဘယ်အခြေအနေ၌မဆို ရောင့်ရဲတင်းတိမ်ခြင်းရှိခြင်းငှါ သင်ယူခဲ့၏။ ဘုရားသခင်က စားစရာနှင့်ဝတ်စရာရှိလျှင် ကျေနပ်ရောင့်ရဲခြင်းရှိကြရန် သွန်သင်တော်မူ၏။ ထို့ကြောင့် ကျွန်ုပ်တို့စိတ်နှလုံးကိုလောကီအရာ၌မဟုတ်ဘဲ၊ အထက်အရာတို့ကို ဆင်ခြင်စွဲလန်းခြင်းငှါ ပဲ့ပြင်ရပါမည် (ကောလော ၃း၂)။ ဟေဗြဲ ၁၃း၅ က ဤသို့ဆိုထားပါသည်- "သင်တို့၏ ကျင့်ကြံပြုမူခြင်းသည် ငွေကိုတပ်မက်ခြင်းနှင့်ကင်းလွတ်၍ ကိုယ်၌ရှိသောဥစ္စာနှင့်ရောင့်ရဲခြင်းရှိကြလော့။ အကြောင်းမူကား ငါသည်သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍မထားဟုကတိတော်ရှိ၏" ။ ကျွန်ုပ်တို့ဘဝ၌ခရစ်တော်ပါရှိတော်မူခြင်းနှင့် ကတိထားရှိခြင်းတို့ကြောင့် ကျွန်တော်တို့သည် ရောင့်ရဲတင်းတိမ်ခြင်းရှိကြရပါမည်။ အကြောင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုဘယ်သောအခါမျှ စွန့်ပစ်ထားခဲ့တော်မမူမည်ဖြစ်သောကြောင့်တည်း။

**ဆင်ခြင်ရန်** - လိုချင်တပ်မက်ခြင်းက များစွာသောအပြစ်၊ ပညတ်တော်ဆယ်ပါးလွန်ကျူးခြင်းအပြစ်ကိုဖြစ်ပွားစေတတ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ရောင့်ရဲတင်းတိမ်ခြင်းရှိမည်အကြောင်း သွန်သင်တော်မူပါ။

**ထွက် ၂၀း၁၈-၂၆**
ဒေ ၁၂း၁၃-၁၄

*"ထာဝရဘုရားကို ကြောက်ရွံ့သော သဘောသည်ပညာ၏အချုပ်အခြာဖြစ်၏"*

## ယုံကြည်သူသည်ဘုရားသခင်ကိုကြောက်ရပါမည်လော

လူတို့သည်မိုးချုန်းခြင်း၊ လျှပ်ပြက်ခြင်း၊ တံပိုးမြည်ခြင်း၊ တောင်ထဲကမီးခိုးထွက်ခြင်း၊ မြေလှုပ်ခြင်းတို့ကိုကြားမြင်ကြသောအခါ နောက်ဆုတ်၍ရပ်နေကြ၏။ ထို့ပြင်ဘုရားသခင်က တိုက်ရိုက်စကားပြောတော်မူလျှင် သေမည်စိုးရိမ်သောကြောင့် မောရှေအားမိမိတို့ထံ စကားပြောခြင်းငှါ တောင်းဆိုကြ၏။ ထိုအခါမည်သို့ဘုရားသခင်ထံ ချဉ်းကပ်ရမည်ကို အသေးစိတ်သူတို့အား ဖော်ပြခဲ့၏။

ထွက် ၂၀း၂၀ ထဲတွင်လူတို့၏ ကြောက်စိတ်ကိုမောရှေက ဤသို့တုန့်ပြန်ခဲ့၏- "မစိုးရိမ်ကြနှင့်။ သင်တို့ကိုစုံစမ်းခြင်းငှါရင်း၊ သင်တို့သည်ပြစ်မှားခြင်းနှင့်လွတ်မည်အကြောင်း ကိုယ်တော်ကိုကြောက်ရွံ့စေခြင်းငှါရင်း ဘုရားသခင်ကြွလာတော်မူပြီဟုလူတို့အား ပြောဆို၏။" ခရစ်ယာန်တို့သည် ဘုရားသခင်ကိုကြောက်ရမည်လော၊ မကြောက်ရမည်လော။ အချို့က ၁ ယော ၄း၁၈ ("ချစ်ခြင်းမေတ္တာသည် ကြောက်ရွံ့ခြင်းသံဝေဂနှင့်မပေါင်းနိုင်ရာ။ သံဝေဂသည်ပူပန်ခြင်းဝေဒနာကိုဖြစ်စေသောကြောင့် စုံလင်သောမေတ္တာသည်သံဝေဂကိုဖယ်ရှားတတ်၏။ သံဝေဂရှိသောသူသည် မေတ္တာနှင့်မပြည့်စုံသေး") ကို ကိုးကား၍ ခရစ်ယာန်သည် ဘုရားသခင်ကို မကြောက်သင့်ဟုသွန်သင်ပေးကြ၏။ သို့သော်လည်း သုတ္တံ ၁း၇ တွင် "ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသည် ပညာ၏မူလအချုပ်အခြာဖြစ်၏။ လူမိုက်တို့သည် ပညာနှင့်ဥပဒေသကိုမထီမဲ့မြင်ပြုတတ်ကြ၏" ဟုဆိုပြန်၏။ ဤအချက်ကအချို့သောသူကို ရှုပ်ထွေးစေနိုင်ပါသည်။ မှားယွင်းစွာ နားလည် သဘောပေါက်ခြင်းက မှားယွင်းသောအသက်တာကို ဖြစ်စေတတ်၏။ အချို့ခရစ်ယာန်တို့က ကျွန်ုပ်တို့၏အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အပြစ်များခွင့်လွှတ်ခြင်းခံရပြီဖြစ်၍၊ အပြစ်ပြုမိလျှင်လည်း ကြားဝင်တောင်းလျှောက်ပေးတော်မူမည့် သံတမန်ခရစ်တော် ကျွန်တော်တို့၌ရှိသောကြောင့် ဘုရားသခင်ကိုကြောက်ဖို့ လုံးဝမလိုပါဟုဆိုတတ်ကြ၏။ ထို့ကြောင့်ယုံကြည်သူသည် မုသာပြော၍ခိုးယူလျှင်လည်း မတရားသောမေထုန်လွန်ကျူးလျှင်လည်း၊ ဘုရားသခင်က အနာဂတ်အပြစ်များကိုပင် ခွင့်လွှတ်တော်မူပြီဖြစ်သောကြောင့် ဘာမှကြောက်စရာမလိုဟုဆိုကြ၏။ ဤသည်ကား မှားယွင်းသောသတင်းကောင်းဖြစ်ပါသည်။ မောရှေက သူတို့အား ကြောက်ရွံ့ထိတ်လန့်တုန်လှုပ်ခြင်းမရှိရန်သာ မိန့်တော်မူခြင်းဖြစ်သည်။ သို့သော်လည်း ဘုရားသခင်အလိုရှိသည်မှာ "သင်တို့သည် ပြစ်မှားခြင်းနှင့်လွတ်မည်အကြောင်း ဘုရားသခင်ကို ကြောက်စေခြင်းငှါ" ဖြစ်ကြောင်း မောရှေပြောပြခဲ့၏။ ဘုရားသခင်သည် သူတို့ကို သတ်မည်ဟုသော အကြောက်တရားမျိုးမရှိသင့်ပါ။ သို့သော်လည်း ဘုရားသခင်အပေါ် အပြစ်ကျူးလွန်မိမည်ကို ကြောက်ကြရပါမည်။ စစ်မှန်သောယုံကြည်သူသည် ငရဲမီးအိုင်ထဲ၌ ထာဝရပြစ်ဒဏ်ချမှတ်ခြင်းကို ကြောက်စရာမလိုပါ။ သို့သော် လည်း စစ်မှန်သောယုံကြည်သူကျွန်တော်တို့သည် ကျွန်ုပ်တို့ကို ကယ်နှုတ်တော်မူသော ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းရှိရပါမည်။ အမျက်ထွက်စေမည်ကို ကြောက်ရပါမည်။ ထို့ပြင် ဘုရားသခင်က မိမိသည်သန့်ရှင်းတော်မူသော ဘုရားဖြစ်၍ မိမိအပေါ် အပြစ်ကျူးလွန်ခြင်းမပြုရန် သတိပေးတော်မူ၏။ အပြစ်ပြုမိလျှင် ပဋိညာဉ်တရားအတိုင်း ဘုရားသခင်၏ဆုံးမခြင်းကိုခံရကြမည်။ ၁ ယော ၄း၁၈ က စစ်မှန်သောဘုရားသခင်၏ ကယ်တင်ခြင်းခံရ သောသူသည် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းရှိ၍ နာခံခြင်းရှိသောကြောင့် ညီအစ်ကိုတို့ကိုလည်း ချစ်ရမည်အကြောင်း၊ ထိုသို့ညီအစ်ကိုတို့ကို ချစ်သောသူတို့သည် ငရဲ၌ထာဝရပြစ်ဒဏ်ချခြင်းခံရမည်ကို ကြောက်ဖို့ မလိုကြောင်း သင်ပေးခြင်းဖြစ်၏။

**ဆင်ခြင်ရန်** - (ဒေသနာ ၁၂း၁၃ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ကိုမှန်ကန်စွာ ကြောက်ရွံ့ရိုသေခြင်းရှိမည်အကြောင်း အကျွန်ုပ်ကိုသွန်သင်တော်မူပါ။

တနင်္လာ၊ ဖေဖော်ဝါရီ (၂၅)
**ထွက် ၂၁း၁-၃၂**
ဝတ် ၂၅း၃၅-၅၅

*“. . . ဣသရေလအမျိုးသားတို့သည်၊ ငါ၏အမှုထမ်းဖြစ်ကြ၏၊ . . . ငါသည် သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်၏”*

## သူတပါးအပေါ် မှန်ကန်ဖြောင့်မတ်စွာပြုလော့

သမ္မာကျမ်းစာသည် ကျွန်စနစ်ကိုထောက်ခံသောကျမ်းဟု ဝေဖန်ခြင်းခံရလေ့ရှိ၏။ အကြောင်းမှာ သမ္မာကျမ်းစာ၌တွေ့ရသော ကျွန်စနစ်ကို ၁၈ နှင့် ၁၉ ရာစု၌တွေ့ရသော အာဖရိက-အမေရိကန်တို့ကြုံတွေ့ရသောကျွန်စနစ်ကဲ့သို့ထင်ကြသောကြောင့်ဖြစ်ပါသည်။ အမှန်မှာ ထွက် ၂၁း၁-၁၁ အရ သမ္မာကျမ်းစာ ၌ တွေ့ရသောသခင်နှင့်ကျွန်သည် ထိုသို့ဖိနှိပ်ချုပ်ချယ်နှိပ်စက်ခြင်းမျိုးမဟုတ်ကြောင်း တွေ့ရ၏။ ဤသခင်နှင့်ကျွန်အစီအစဉ်သည် မိမိကိုယ်ကိုမထောက်ပံ့နိုင်သောဆင်းရဲသားတို့ကို ကူညီထောက်ပံ့ ခြင်းအတွက် ဖြစ်ပါသည် (ဝတ် ၂၅း၃၅-၃၇)။ သူတို့သည် ဖမ်းဆီးချုပ်နှောင်ခံမဟုတ်ကြပါ (ထွက် ၂၁း၁၆၊ တရား ၂၄း၇)။ ဤကျွန်တို့သည် သနားကြင်နာစွာစောင့်ရှောက်ခြင်းခံရကြ၏ (ဝတ် ၂၅း၄၃၊ ၄၆၊ ၅၃)။ ဤစာရေးသူကလည်း ဧဝံဂေလိတရားဟောခြင်းပြုစဉ် လူတစ်ဦးက ဤ မှားယွင်းသောခံယူချက်ရှိ၍ ခရစ်ယာန်ကိုလက်မခံနိုင်ဖြစ်သောကြောင့် ကောင်းကောင်းရှင်းပြခဲ့ဖူး ၏။ ထွက် ၂၁း၁၂-၁၄ ထဲတွင် လူ့အသက်သတ်ခြင်းအကြောင်းနှင့်ပတ်သက်၍ မည်သို့ပြုရမည်ကို ဖော်ပြထားပါသည်။ ထွက် ၂၁း၁၅ တွင် အဖေ (သို့) အဖေရိုက်နှက်ခြင်းနှင့် ကျိန်ဆဲခြင်းကို ပြင်း ထန်စွာ သတိပေးထား၏။ ထွက် ၂၁း၁၆ တွင် ပြန်ပေးဆွဲခြင်းအမှုကို သတိပေး၏။ ထွက် ၂၁း၁၈-၂၂ တွင် သူတပါးကိုဒဏ်ရာရစေသောသူပေးလျော်ရမည့်ဒဏ်ကြေးကို ဖော်ပြထားပါသည်။ ထွက် ၂၁း၂၃-၂၅ ထဲတွင် တရားစီရင်သောအခါ တရားမျှတစွာပြုရမည်အကြောင်း တိုက်တွန်းထားပါ သည်။ ထွက် ၂၁း၂၆-၂၇ တွင် အစေခံကျွန်များကို ကောင်းမွန်စွာ ဆက်ဆံခြင်းငှါ သွန်သင်ထား၏။ ထွက် ၂၁း၂၈-၃၂ တွင် (သူတပါးကိုဒဏ်ရာမရစေခြင်းငှါ ကွယ်ကာလုံခြုံမှုအတွက်) သတိပြု စောင့်ရှောက်ခြင်းအမှုနှင့် ဆိုင်သောအရာတို့ကို ဖော်ပြထားပါသည်။

ဤဒုတိယပိုင်းပညတ်ချက်ငါးချက်၏ အဓိကအနှစ်သာရသည် လူလူချင်းအပေါ် ချစ်ခြင်းမေတ္တာထားရန်ဖြစ်ပါသည်။ သူတပါးအပေါ် မိမိပြုနိုင်သောအမှု၊ စောင့်ရှောက်ကွယ်ကာခြင်းအမှုပြုခြင်းငှါ ကျွန်ုပ်တို့၌ ဝတ္တရားရှိပါသည်။ ကျွန်ုပ်တို့၏မိဘများကို ရိုသေလေးစားခြင်းရှိရပါမည်။ အကြောင်းမှာ ရိုသေလေးစားခြင်းမရှိသောသူသည် သေထိုက်၏ဟု ဘုရားသခင်မိန့်တော်မူ၏။ ပြန်ပေးဆွဲခြင်းသည် ခိုးမှုတွင် အဆိုးရွားဆုံးဖြစ်ပါသည်။ သို့သော်လည်း ပြစ်ဒဏ်ချမှတ်ခြင်း၌ တရားမျှတမှုရှိရန် ဘုရားသခင်အလိုရှိ၏။ မိဘဆရာသမားနှင့်အသင်းတော်ခေါင်းဆောင်တို့သည် ဤအချက်ကို သတိပြုကြရပါမည်။ ထို့ပြင် ကျွန်ုပ်တို့လက်အောက်၌ ရှိသောသူတို့ကို ကောင်းကောင်းမွန်မွန်ဆက်ဆံခြင်းငှါငှင်း၊ အစေခံကျွန်ကိုမနှိပ်စက်ခြင်းငှါငှင်း ဘုရားသခင်အမိန့်တော်ရှိ၏။ သူတပါးကို နာကျင်ဒဏ်ရာမရစေခြင်းငှါ ကျွန်ုပ်တို့၌တာဝန်ရှိပါ၏။ အိမ်ဖော်ရှိသောသူတိုင်း သူတို့အပေါ် မိမိ၏ဝတ္တရားကို သိကြရပါမည်။ အချုပ်အားဖြင့် ကျွန်တော်တို့သည် သူတပါးကို မှန်ကန်ဖြောင့်မတ်စွာဆက်ဆံကြရပါမည်။

**ဆင်ခြင်ရန်** - ထာဝရဘုရားသည် သူတပါးကိုမှန်ကန်ဖြောင့်မတ်စွာဆက်ဆံခြင်းငှါ ကျွန်ုပ်ကို အလိုရှိ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အပေါ် ပြုစေလိုသည်အတိုင်း သူတပါးအပေါ် ပြုခြင်းငှါ ကျွန်ုပ်ကိုသွန်သင်တော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၂၆)
**ထွက် ၂၁:၃၃-၂၂:၁၅**
လု ၁၉:၁-၁၀

*"... တစုံတယောက်သောသူ၏ဥစ္စာ
အနည်းငယ်ကို အကျွန်ုပ်ယူမိလျှင်၊
လေးဆပြန်၍ပေးပါ၏ဟု ..."*

## သူတပါးပိုင်သောအရာများအပေါ် မှန်ကန်ဖြောင့်မတ်စွာပြုလော့

ဤကျမ်းပိုဒ်က ပိုင်ဆိုင်သောအရာတို့နှင့်ပတ်သက်၍ ဖော်ပြထားပါသည်။ ထွက် ၂၂:၁-၄ ထဲတွင် သူတပါး၏တိရိစ္ဆာန်ခိုးယူခြင်း (သို့) သတ်ခြင်းပြုခဲ့လျှင် မည်သို့ပြန်လျော်ရမည်ကို ဖော်ပြထား၏။ သူခိုးသည်ပြန်ပေးစရာမရှိလျှင် သူကိုယ်တိုင်ရောင်းစားခြင်းခံရပါမည်။ အလျော်ပေးကိုပေးရမည်ဖြစ်ပါသည်။ ဘယ်လိုမှခွင့်လွှတ်၍မရပါ။ ထွက် ၂၂:၅ တွင် သူတပါးပိုင်သောအရာဖျက်ဆီးခြင်း၊ အမြတ်ထုတ်ခြင်းမပြုရန် တားမြစ်ထားပါသည်။ ပျက်စီးစေပါလျှင် မိမိပိုင်သောအရာထဲမှ အကောင်းဆုံးပြန်လျော်ရမည်ဖြစ်၏။ အချို့သည် မိမိပစ္စည်းဥစ္စာကိုမသုံးဘဲ ထား၍ သူတပါးပစ္စည်းဥစ္စာကိုသုံးလိုကြ၏။ အလွန်မှားယွင်းပါသည်။ ထွက် ၂၂:၆ တွင် မိမိသတိမထားခြင်းကြောင့်၊ အမှုမဲ့အမှတ်မဲ့ပြုခြင်းကြောင့် သူတပါးဥစ္စာပျက်စီးလျှင် အလျော်ပေးရမည်ဟုမိန့်တော်မူ၏။ သူတပါး၏ ပစ္စည်းဥစ္စာ (သို့) ကားကိုကျွန်တော်တို့တိုက်မိလျှင်လည်း အလျော်ပေးနိုင်ခြင်းငှါ မိမိဖုန်းနံပါတ်ကို ထားခဲ့ရပါမည်။ ထွက် ၂၂:၇-၁၃ တွင် မိမိထံအပ်နှံထားသောပစ္စည်းသည် ခိုးယူခံရသည်ဟုဆို၍ သူခိုးကိုမိလျှင် ထိုသူခိုးက နှစ်ဆပြန်လျော်ရပါမည်။ သူခိုးဖမ်းမိခြင်းမရှိလျှင် ထိုအမှုကိုတရားသူကြီးထံအပ်ရပါမည်။ တရားသူကြီး၏ပြစ်ဒဏ်ချမှတ်ခြင်းခံရသောသူက နှစ်ဆပြန်လျော်ရပါမည်။ ထိုအမှု၌သက်သေမရှိလျှင် ကျိန်ခြင်းကိုပြုစေလျက် အလျော်ပေးစရာမလိုပါ။ သို့သော်လည်း မသင်္ကာစရာရှိ၍ လှည့်ဖြားခြင်းဖြစ်ကြောင်းပေါ်ပေါက်လျှင် ပိုင်ရှင်ထံအလျော်ပေးရမည်ဖြစ်ပါသည်။ ထိုသို့ မမှန်မကန်ပြုခြင်းမဟုတ်ကြောင်း သက်သေရှိပါလျှင် အလျော်ပေးစရာမလိုပါ။ သူတပါးပစ္စည်းငှါးရမ်းသောအခါ ကောင်းစွာထိန်းသိမ်းပါလော့။ ပျောက်သွားသည်ဟုမသာမပြောပါနှင့်။ ထွက် ၂၂:၁၄-၁၅ ထဲတွင် ငှားရမ်းထားသောပစ္စည်းကို မိမိဥစ္စာကဲ့သို့ကောင်းမွန်စွာထိန်းသိမ်းအသုံးပြုရန် သွန်သင်ထားပါသည်။ သင်ကိုယ်တိုင်ရှိနေစဉ် ငှားရမ်းသူအသုံးပြုသော မိမိပစ္စည်းကို ကောင်းမွန်စွာမစောင့်ရှောက်လျှင် အလျော်ပေးခံရမည်မဟုတ်ပါ။ ဤကျမ်းပိုဒ်က တာဝန်မယူခြင်း၊ လှည့်ဖြားခြင်းကို ဆန့်ကျင်၍ အပ်နှံသူနှင့်ငှားရမ်းသူတို့၏ တာဝန်ဝတ္တရားကို ဖော်ပြထားပါသည်။

ကျွန်တော်တို့သည် တာဝန်ယူလိုစိတ်ရှိ၍ သူတပါးပစ္စည်းဥစ္စာကိုဂရုစိုက်ပြီး သစ္စာရှိစွာထိန်းသိမ်းပေးရပါမည်။ ဤသည်ကား ဘုရားသခင်၏စကားကိုနာခံခြင်းဖြင့် လူလူချင်းအပေါ် ပြုရမည့် တာဝန်ဝတ္တရားဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည်သူတပါးပစ္စည်းဥစ္စာကို ဂရုစိုက်ပေးရပါမည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်တော်မှားခဲ့သောအမှု၌ အလျော်ပေးရပါမည်။

*". . . မိန်းမပျိုတို့ကို အလွန်*
*စင်ကြယ်သောအခြင်းအရာ*
*နှင့်တကွ၊နှမကဲ့သို့ငှင်းမှတ်၍ကျင့်လော့"*

# သန့်ရှင်းခြင်းရှိလော့

ထွက် ၂၂း၁၆ က လူတစ်ဦးသည် စေ့စပ်ထားခြင်းမရှိသောမိန်းမပျိုတစ်ဦးကို ယောကျ်ားမိန်းမဆက်ဆံခြင်းငှါ ချော့မော့သွေးဆောင်ခဲ့လျှင် သူသည်ထိုမိန်းမပျိုကို လက်ထပ်ရပါမည်ဟုသင်ပေးထား၏။ သို့သော်လည်းအဘကသူ့သမီးကို ထိုယောကျ်ားနှင့်လက်ထပ်ခြင်းခွင့်မပြုလျှင် ထိုယောကျ်ားက ကန်တော့ရသည်နှင့်အမျှ ငွေကိုလျော်ရမည်။ ယောကျ်ားတိုင်းသည်မိန်းကလေးကိုအသားယူခြင်းငှါ၊ လူပျိုမလှည့်ရန်သတိထားရပါမည်။ သန့်ရှင်းသောစိတ်သဘောထားဖြင့် လက်ထပ်ထိမ်းမြားလိုသောစိတ်ဖြင့် လူပျိုလှည့်ရပါမည်။ ထို့ကြောင့်ကျောင်းသူကျောင်းသားတို့သည် ချိန်းတွေ့ခြင်းကိုမပြုကြရပါ။ ကျောင်းသူကျောင်းသားဘဝသည် မရင့်ကျက်သေး၊ အိမ်ထောင်ပြုခြင်းငှါ စိတ်ဓာတ်ခိုင်မာရင့်ကျက်ခြင်းမရှိသေးပါ။ ချိန်းတွေ့ခြင်းသည် "ဘူဖေး" ကဲ့သို့ စားနိုင်သမျှစားရန် ခင်းကျင်းထားသောအရာမဟုတ်ပါ။ မတရားသောမေထုန်ပြုလိုစိတ်ဖြင့် ချိန်းတွေ့ခြင်းသည် အလွန်ဆိုးယုတ်လှပါ၏။ ယောကျ်ားမိန်းမဆက်ဆံခြင်းသည် အပြစ်ဖြစ်သည်သာမက တစ်ဖက်သား၏သန့်ရှင်းခြင်းကို ဖျက်ဆီးခြင်းလည်းဖြစ်၏။ ထို့ကြောင့်ထိမ်းမြားလက်ထပ်ခြင်းငှါ အကြံပြုခြင်းဖြစ်ပါသည်။ လျော်ကြေးပေး၍ အခြားမိန်းကလေးပြောင်းတွဲရန်လည်း တိုက်တွန်းခြင်းမဟုတ်ပါ။ အဓိကအချက်ဟူမူကား မိန်းမပျိုတစ်ဦးအတွက် သန့်ရှင်းစင်ကြယ်ခြင်းသည် အဖိုးမဖြတ်နိုင်သော ပိုင်ဆိုင်မှုဖြစ်ပါသည်။ မိန်းမပျိုအပေါ် သင်တာဝန်ယူရပါမည်။ မိန်းကလေးများလည်း ယောကျ်ားများ၏ချော့မော့သွေးဆောင်ခြင်းကို သတိပြုကြပါ။ ယောကျ်ားမိန်းမဆက်ဆံခြင်းကျူးလွန်ရန် အခွင့်သာသောနေရာ၌မနေကြပါနှင့်။ ရည်းစားထားလျှင်လည်း သန့်ရှင်းစင်ကြယ်သောစိတ်သဘောနှင့် ထားရပါမည်။ အဘတို့ကလည်းမိမိတို့၏သားနှင့်သမီးတို့ကို သွန်သင်လမ်းညွှန်မှုပေး၍ ကောင်းသောအကြံဉာဏ်ပေးရပါမည်။ စိတ်သဘောနှင့်နေပုံထိုင်ပုံသန့်ရှင်းခြင်းကို အဓိကထားရပါမည်။ လူပျိုတို့ရည်းစားများများထားသောသူမဖြစ်ကြပါနှင့်။ အပျိုလေးများ ရည်းစားများများထားသောသူတို့ကိုသတိပြုကြပါ။ မိဘတို့လည်းသားသမီးတို့ကိုစောင့်ကြည့်ကြပါ။ သန့်ရှင်းခြင်းရှိကြစေခြင်းငှါ ကွယ်ကာစောင့်ရှောက်ကြပါလော့။ ဆုံးရှုံးခဲ့သောအရာကို ပြန်၍မရနိုင်တော့ပါ။ ထို့ပြင်အလွန်စက်ဆုပ်စရာကောင်းသော လူနှင့်တိရစ္ဆာန်ဆက်ဆံခြင်းကိုလည်း တားမြစ်ဖော်ပြခဲ့ပါသည်။

ဝိညာဉ်နှင့်ဆိုင်သောမသန့်ရှင်းမှုကိုလည်း သတိပေးခဲ့ပါသည်။ စုန်းအတတ်ကို ဘေးအန္တရာယ်မရှိ၊ ပျော်စရာကောင်းသောစိတ်ညို့ခြင်းပညာဟုချီးမြှောက်တတ်ကြ၏။ ဟယ်ရီပေါ်တာ၊ ထိုသို့သောစာအုပ်နှင့်ရုပ်ရှင်တို့သည် အချို့သောခရစ်ယာန်တို့၏စိတ်နှလုံးကို စွဲညို့စေခဲ့ပါသည်။ ဘုရားသခင်သည်ထိုသို့သောအရာကိုမုန်းတီး၍ အသေသတ်ခြင်းငှါ မိန့်တော်မူ၏။ ဤသို့သောအမှုကိုမပြုပါနှင့်။ ပြုသောသူတို့နှင့်လည်း ပေါင်းဖော်ခြင်းမပြုပါနှင့်။

**ဆင်ခြင်ရန်** - ခန္ဓာကိုယ်နှင့်ဝိညာဉ်မသန့်ရှင်းခြင်းသည် အကျွန်ုပ်နှင့်ဆိုင်သောအမှုမဖြစ်ပါစေနှင့်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၏နေပုံထိုင်ပုံအသက်တာတစ်ခုလုံး သန့်ရှင်းခြင်းရှိခြင်းငှါ ကြိုးစားနေစဉ် ကိုယ်တော်မစတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၂၈)

**ထွက် ၂၂:၂၁-၂၇**

တရား ၂၃:၇

*“. . . သင်တို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ကြဘူးပြီ”*

## သနားကြင်နာခြင်းစိတ်သဘောရှိကြလော့

ထာဝရဘုရားက ဣသရေလလူတို့အား ဧည့်သည်အပေါ်ပြုရမည့်အမှုကို ညွှန်ကြားထားတော်မူ၏။ ထိုသူတို့အပေါ် မိမိကဲ့သို့ (ထွက် ၂၂:၂၇)၊ သနားသောစိတ်သဘောရှိ၍ ကောင်းမွန်စွာဆက်ဆံခြင်းငှါဆိုခဲ့၏။

ဣသရေလလူတို့သည် သူတို့နှင့်အတူနေထိုင်ကြသော ဧည့်သည်များကို မနှိပ်စက်ဘဲကောင်းကောင်းဆက်ဆံကြရပါမည်။ ဘုရားသခင်က သူတို့သည်လည်း အဲဂုတ္တုပြည်၌ဧည့်သည်ဖြစ်ခဲ့ဖူးကြောင်း သတိပေးတော်မူခဲ့၏။ နှိပ်စက်ခံရခြင်းသည် မည်သို့ခံပြင်းစရာကောင်းကြောင်း သတိရသင့်ပါသည်။ ကျွန်တော်တို့သည်ခံခဲ့ကြဖူးသည်ဖြစ်သောကြောင့် သူတပါးကိုမနှိပ်စက်ရပါ။ ထိုဧည့်သည်တို့ကို နားလည်စာနာပေးလျက် ကြင်နာခြင်းရှိကြရပါမည်။ ကျောင်း၌ဖြစ်စေ၊ အလုပ်၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ၊ အသစ်သောလူတို့ကိုမနှိပ်စက်ဘဲ ကွယ်ကာလျက် စောင့်ရှောက်အားပေးကြရပါမည်။ အချို့တက္ကသိုလ်များ၌တွေ့ရသောလူသစ်နှိပ်စက်ခြင်းကို ခရစ်ယာန်တို့သည် ရှောင်ရှားကြရပါမည်၊ ဧည့်သည်တို့ကိုအထင်သေးခြင်း၊ မထီမဲ့မြင်ပြုခြင်းမပြုရပါ။ မုဆိုးမနှင့်မိဘမဲ့တို့၏ဘဝကို ခက်ခဲအောင်မလုပ်ရပါ။ အကွယ်အကာမဲ့နေသောသူတို့ကို ပို၍ကိုယ်ချင်းစာလျက် မစကူညီရပါမည်။ သူတို့ကိုမထီမဲ့မြင်ပြုခြင်း၊ ကဲ့ရဲ့ခြင်း၊ နှိပ်စက်ခြင်းမပြုရပါ။ ထိုသူတို့ကိုနှိပ်စက်သောသူတို့သည် မိမိတို့၏ဇနီးနှင့်သားသမီးတို့သည်လည်း မုဆိုးမဖြစ်၍ မိဘမဲ့ဖြစ်ကြခြင်းငှါ အသေသတ်ခြင်းခံရကြမည်ဟုဘုရားသခင်မိန့်တော်မူ၏။ ဆိုလိုသည်မှာ ဘုရားသခင်သည်မုဆိုးမနှင့်မိဘမဲ့များကို ကွယ်ကာစောင့်ရှောက်တော်မူ၏။ ထို့ပြင်မရှိဆင်းရဲသားတို့ထံမှ အမြတ်မထုတ်ရကြပါ။ အတိုးမဲ့ချေးငှားရပါမည်။ အတိုးဖြင့်ချေးငှားပေးခြင်းဖြင့် ဝင်ငွေမရှာသင့်ပါ။ ဘုရားသခင်သည် တိုးပွားစေခြင်းကိုဆန့်ကျင်တော်မမူ (လု ၁၉:၂၃)။ သို့သော်လည်း သူတပါး၏အခက်အခဲကို အခွင့်ကောင်းယူ၍အမြတ်ထုတ်ခြင်းကို ဘုရားသခင်အလိုမရှိပါ။ လိုအပ်သောသူတို့ကို ကူညီ၍၊ လိုအပ်လျှင်ချေးငှားရပါမည်။ အမြတ်ယူဖို့မတွေးတောသင့်ပါ။ ထို့ပြင်အပေါင်ထားသောစောင်ကိုလည်း ညဉ့်ခြုံစရာရှိအောင်ပြန်ပေးရပါမည်။

ဤဥပဒေသတို့က ဣသရေလလူမျိုးကိုအခြားသောလူမျိုးနှင့် ခြားနားစေမည်ဖြစ်၏။ အကြောင်းမှာ အခြားသောလူမျိုးတို့သည် ဤအကူအညီမဲ့နေသောသူတို့ကို ညှင်းဆဲနှိပ်စက်တတ်ကြ၏။ ယနေ့ခရစ်ယာန်တို့သည်လည်း ဤသို့သောလူတို့အပေါ်၌ သနားကြင်နာခြင်းရှိကြရပါမည်။ ဤအချက်က ကျွန်ုပ်တို့ကို ဤလောကီလူသားတို့နှင့်ခြားနားစေပါမည်။ အကြောင်းမှာ ဤလောကီလူတို့သည် မိမိကိုယ်ကျိုးအတွက် ဘာမဆိုလုပ်ရဲကြပြီး၊ မိမိအောင်မြင်မှုအတွက် သူတပါး၊ အထူးသဖြင့် အားနည်းသောသူတို့ကိုနာကျင်နှိပ်စက်ခြင်းပြုတတ်ကြပါ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တရားသည် ဘုရားသခင်၏သဘောသဘာဝနှင့် ဂုဏ်ပုဒ်တို့ကိုပေါ်လွင်စေပါ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်နည်းတူ သနားကြင်နာခြင်းစိတ်သဘောရှိခြင်းငှါ ကြိုးစားနေစဉ် အကျွန်ုပ်ကိုမစတော်မူပါ။

သောကြာ၊ မတ် (၁)
**ထွက် ၂၂း၂၈-၃၁**
ရော ၁၃း၁-၅

*“ထို့ကြောင့်၊ မင်းအာဏာကို ဆန်သော သူသည်ဘုရားသခင်စီရင်တော်မူရာကို ဆန်သောသူဖြစ်၏ . . . ”*

## တာဝန်ဝတ္တရားကျေပွန်စေခြင်းငှါအဆင်သင့်ရှိပါလော့

ထွက် ၂၂း၂၈-၃၁ ထဲတွင် ဘုရားသခင်က မိမိသားသမီးတို့အား ဘုရားများကို မထီမဲ့မြင် မပြုခြင်းငှါဂုဏ်၊ အုပ်စိုးသောမင်းများကို မကျိန်ဆဲခြင်းငှါဂုဏ် မိန့်တော်မူခဲ့၏။ ဤကျမ်းပိုဒ်၌တွေ့ရသော “ဘုရားများ” သည် ထွက် ၂၁း၆ ၌ တွေ့ရသောဘုရားများ (တရားသူကြီးများ) နှင့်အတူတူပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဘုရားသခင်၏သားသမီးတို့သည် အစိုးရသောမင်းတို့ကို လေးစားခြင်းရှိရမည်ဖြစ်ပါသည်။ ရောမ ၁၃း၁-၅ ထဲတွင်လည်း ဤသို့မိန့်တော်မူခဲ့၏- “အစိုးရသောမင်းအာဏာစက်၏အုပ်စိုးခြင်းကိုလူတိုင်းဝန်ခံစေ။ အကြောင်းမူကား ဘုရားသခင်၏အခွင့်မရှိလျှင် မင်းအာဏာစက်မရှိ။ အာဏာစက်ရှိသမျှသည် ဘုရားသခင်ခန့်ထားတော်မူရာဖြစ်သတည်း။ ထို့ကြောင့်မင်းအာဏာကို ဆန်သောသူသည်ဘုရားသခင်စီရင်တော်မူကို ဆန်သောသူဖြစ်၏။ ထိုသို့ဆန်သောသူသည် ရာဇဝတ်ကိုခံရမည်။ မင်းမူကားကောင်းသောအကျင့်ကိုကျင့်သောသူကြောက်ဖို့ဖြစ်သည်မဟုတ်။ မကောင်းသောအကျင့်ကိုကျင့်သောသူကြောက်ဖို့ဖြစ်၏။ မင်းအာဏာကိုမကြောက်ဘဲနေချင်သလော။ ကောင်းသောအကျင့်ကိုကျင့်လော့။ ကျင့်လျှင် မင်းအာဏာကြောင့် ချီးမွမ်းခြင်းကိုခံရလိမ့်မည်။ မင်းသည်ကား သင်၏အကျိုးအလိုငှါ ဘုရားသခင်၏အစေခံဖြစ်၏။ မကောင်းသောအကျင့်ကို ကျင့်လျှင် ကြောက်ရွံ့ခြင်းရှိစေလော့။ အကြောင်းမူကား မင်းသည်အချည်းနှီးဓားကိုဆောင်ထားသည်မဟုတ်။ မကောင်းသောအကျင့်ကိုကျင့်သောသူတို့ကို အပြစ်တရားစီရင်၍ရာဇဝတ်ပေးပိုင်သောသူတည်းဟူသော ဘုရားသခင်၏အစေခံဖြစ်သတည်း။ ထို့ကြောင့်ရာဇဝတ်ကိုကြောက်သောကြောင့်သာ မင်းအာဏာစက်ကိုအုပ်စိုးခြင်းကိုဝန်ခံရမည်မဟုတ်။ ကိုယ့်ကိုယ်ကိုသိသောစိတ်ကို ထောက်၍ဝန်ခံရမည်”။

ခရစ်ယာန်တို့သည် ဘုရားသခင်က အစိုးရသောမင်းတို့ကို ခန့်ထားတော်မူကြောင်း သိမှတ်ရပါမည်။ အစိုးရသောမင်းတို့ကို မထီမဲ့မြင်ပြုကြသောအခါ ကျွန်တော်တို့မပါသင့်ပါ။ သို့သော်လည်း အပြစ်ပြုခြင်းငှါ အစိုးရက ခိုင်းစေသောအခါမနာခံသင့်ပါ။ ယနေ့ခေတ်၌ အစိုးရဆန့်ကျင်ခြင်းအမှုများစွာတွေ့ရ၏။ မတရားသောအစိုးရနှင့် မင်းတို့ကို ဘုရားသခင်စီရင်တော်မူလိမ့်မည်။ ထို့ပြင် ဘုရားသခင်သည် ဣသရေလလူတို့အား မိန့်တော်မူသည်အတိုင်း ဆယ်ဖို့တစ်ဖို့ပေးကြခြင်းငှါ အလိုရှိ၏။ ကျွန်တော်တို့ပိုင်ဆိုင်သမျှသည် ဘုရားသခင်ထံမှဖြစ်သောကြောင့် ဆင်ခြေမပေးဘဲ၊ နှမြောတွန့်တိုခြင်းမရှိဘဲ ပေးလှူရပါမည်။ “အကြွေးကျေပြီးမှကျောင်းစရိတ်ပေးပြီးမှပေးမည်” ဟုမဆိုပါနှင့်။ ထို့ပြင်စိတ်နှလုံးမပါဘဲ၊ အပြင်ပန်းအားဖြင့်ပေးလှူခြင်းကို ဘုရားသခင်အလိုရှိသည်မဟုတ်ပါ။ ဣသရေလလူတို့သည် သန့်ရှင်းသောသူဖြစ်ကြရပါမည်။ ဘုရားသခင်တားမြစ်တော်မူသော အစားအစာကို မသန့်ရှင်းသောအစာဟု ရှောင်ကြရမည်ဖြစ်ပါသည်။ အတွင်းစိတ်နှလုံးအားဖြင့်ဂုဏ်၊ အပြင်ပန်းလုပ်ဆောင်မှုအားဖြင့်ဂုဏ်၊ ဘုရားသခင်၏ပညတ်တော်ကို လိုက်လျှောက်သော သန့်ရှင်းသောသူဖြစ်ကြရပါမည်။ ထိုနည်းတူ ကျွန်တော်တို့လည်းဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - မိန့်တော်မူသည်အတိုင်း နာခံခြင်းရှိခြင်းငှါ ဘုရားသခင်အလိုရှိတော်မူ၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ဆန့်ကျင်ခြင်းမပြုဘဲ နာခံခြင်းရှိခြင်းငှါ အကျွန်ုပ်ကို သွန်သင်တော်မူပါ။

စနေ၊ မတ် (၂)

**ထွက် ၂၃း၁-၉**

မသဲ ၇း၁၂

*"သင်တို့သည် ကိုယ်၌သူတပါးပြုစေ*
*လိုသမျှအတိုင်းသူတပါး၌ပြုကြလော့ . . . "*

---

## သူတပါးအပေါ် ရိုးသားဖြောင့်မတ်ခြင်းရှိလော့

ပညတ်တော်ဆယ်ပါး၏ဒုတိယအပိုင်းငါးချက်ဖြစ်သော ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်အကြောင်းကို သူတပါးအပေါ် ရိုးသားဖြောင့်မတ်ခြင်းရှိခြင်းဖြင့် ဆက်လက်ဖော်ပြခဲ့၏။ အပြစ်မရှိသောသူတဖက်၌ မမှန်သောသက်သေထွက်ဆိုခြင်းမပြုရပါ။ မမှန်သောသူတို့နှင့်လည်း ထိုသို့ပြုခြင်းငှါမပေါင်းဖော်ရပါ။ ထွက် ၂၃း၂ ထဲတွင် မတရားသဖြင့်ပြုခြင်းငှါ မှားယွင်းသောသူတို့နောက်မလိုက်ဖို့ရန် မိန့်တော်မူသောအမှုသည် မှန်ကန်သောအမှု၌သာဖြစ်ရပါမည်။ အားနည်းသောသူကို နှိပ်စက်ခြင်းငှါ လူအုပ်နှင့်အတူ အလွယ်တကူပါဝင်တတ်ကြ၏။ ထွက် ၂၃း၆ ထဲတွင် ဆင်းရဲသောသူတဖက်၌ မမှန်သောသက်သေဆိုလျက် မတရားမပြုခြင်းငှါ မိန့်တော်မူသကဲ့သို့ ထွက် ၂၃း၃ ထဲတွင် ဆင်းရဲသောသူကို သနားသဖြင့် မတရားသူဘက်၌မရပ်တည်မည်အကြောင်း သတိပေးခဲ့၏။ ဆိုလိုသည်မှာ အကျွန်ုပ်တို့ပြုသောအမှုသည် လူများသည်၊ နည်းသည်၊ ဆင်းရဲသည်၊ ချမ်းသာသည်ဟူသောအမှု၌မဟုတ်ဘဲ၊ ဖြောင့်မတ်မှန်ကန်ခြင်း၌သာ တည်ရပါမည်အကြောင်း ဖော်ပြခဲ့၏။ ဟန်ဆောင်လိမ်ညာခြင်းဖြင့် မိမိကိုယ်ကျိုးအတွက်မပြုရပါ။ လမ်းလွဲသောမြင်းနွားနှင့်မြည်းတို့ကိုမြင်လျှင် အဘယ်သူပိုင်သည်ဖြစ်စေ ပိုင်ရှင်ထံပြန်ပို့ပေးရပါမည်။ ထွက် ၂၃း၅ ထဲတွင် မိမိရန်သူပိုင်ဆိုင်သောအရာကိုပင်မယူဘဲ၊ ပြန်ပေးရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ မိမိမပိုင်သော၊ သူတပါး၏ပစ္စည်း သင်သိမ်းထားခြင်းပြုပါသလား။ ထွက် ၂၃း၇ ထဲတွင် မတရားသောအဘယ်အမှု၌မဆို ပါဝင်ခြင်းမပြုရန် သေချာစွာတားမြစ်ထား၏။ ဆိုးယုတ်သောအကြံအစည်၊ သူတပါးကို လှည့်စားခြင်းအမှု၌လုံးဝမပါဝင်မပတ်သက်ရပါ။ ကျွန်တော်တို့မချစ်ခင်မနှစ်သက်သောသူခံရမည့်အမှု၌ပါဝင်ပူးပေါင်းလိုသောစိတ်အားကြီးနိုင်ပါသည်။ ထွက် ၂၃း၈ ထဲတွင် အဘယ်တံစိုးကိုမျှ မယူမည်အကြောင်း ရိုးသားဖြောင့်မတ်စွာနေရမည်အကြောင်း သတိပေးခဲ့၏။ တံစိုးကိုယူသောသူသည် ရိုးသားခြင်းမရှိဘဲ အားကြီးသောသူဘက်၌ မှန်မမှန်မစဉ်းစားဘဲ ရပ်တည်တတ်၏။ ထိုသို့ဘက်လိုက်ခြင်းငှါ ငွေကြေးဖြင့်ဝယ်၍မရသော၊ ဘက်မလိုက်တတ်သောသူ သင်ဖြစ်ပါသလား။ ထွက် ၂၃း၉ ထဲတွင် ဘုရားသခင်၏ သားသမီးတို့သည် တစ်ချိန်ကဧည့်သည်ဖြစ်ခဲ့ကြသည်ဖြစ်သောကြောင့် ဧည့်သည်များကို နှိပ်စက်ခြင်းမပြုရန် သတိပေးခဲ့၏။ သင်ယူရမည့်သင်ခန်းစာဟူမူကား ကျွန်တော်တို့သည် ဟန်ဆောင်ခြင်းမရှိဘဲ၊ ဘက်လိုက်ခြင်းမရှိဘဲ၊ ရိုးသားဖြောင့်မတ်စွာ နေထိုင်ပြုမူကြရန်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အမှုအရာတိုင်း၌ ရိုးသားဖြောင့်မတ်မှန်ကန်စွာ ကျွန်တော်တို့ပြုရမည်အကြောင်း ဘုရားသခင်မိန့်တော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သူတပါးအပေါ် မှန်ကန်စွာပြုမူကျင့်ကြံမည်အကြောင်း အစဉ်သွန်သင်ပေးတော်မူပါ။

တနင်္ဂနွေ၊ မတ် (၃)
**ထွက် ၂၃:၁၀-၁၃**
ဝတ် ၂၅:၂၀-၂၂

*“သတ္တမနှစ်တွင် လယ်ကိုမလုပ်ဘဲ အလွတ်ထားရမည်”*

# ယုံကြည်ခြင်းနှင့်ဆိုင်သောစစ်ကြောစုံစမ်းခြင်း

ထာဝရဘုရားက ဣသရေလလူတို့အား ဂတိတော်ပြည်သို့ ဝင်ရောက်ကြသောအခါ လယ်ကိုလုပ်၍ စပျစ်ဥယျာဉ်နှင့်သံလွင်ဥယျာဉ်တို့ကို ခြောက်နှစ်ပတ်လုံးစိုက်ပျိုးလုပ်ဆောင်ပြီး၊ ခုနှစ်နှစ်ရောက်တိုင်း လယ်အလုပ်မလုပ်ခြင်းငှါ မိန့်တော်မူ၏။ ထိုသို့ပြုခြင်းမှာ မြေကိုအနားပေး၍ ဆင်းရဲသောသူနှင့်တိရိစ္ဆာန်တို့သည် ထိုမြေအသီးနှင့်အကြွင်းအကျန်တို့ကို စားသုံးကြရန်ဖြစ်ပါသည်။ ထို့ပြင် ဥပုသ်နေ့ကို သန့်ရှင်းစွာစောင့်ကြခြင်းငှါ ပြန်၍သတိပေးတော်မူ၏။

ထွက် ၁၆ ထဲတွင် ဥပုသ်နေ့သန့်ရှင်းစွာစောင့်ခြင်းသည် ထိုနေ့၌ပြင်ပအလုပ်ကိုမလုပ်ဘဲ၊ ငွေမရှာဘဲ ဘုရားသခင်၏စကားတော်ကို နာခံခြင်းဖြင့် ဘုရားသခင်က ကျွန်ုပ်တို့ကို ပြုစုကျွေးမွေးတော်မူမည်ဟူသောယုံကြည်ခြင်းဖြစ်ကြောင်း သင်ယူခဲ့ပြီးဖြစ်ပါသည်။ ခုနှစ်ရက်တွင် တစ်ရက်အလုပ်မလုပ်ဘဲနေလျက် ယုံကြည်ခြင်းရှိရန်ဖြစ်ပါသည်။ သို့သော်လည်း ဤကျမ်းပိုဒ်တွင် တစ်နှစ်လုံးလုံး လယ်မလုပ်ဘဲနေရန် စေခိုင်းခြင်းဖြစ်သည်။ အမှန်မှာ ဘုရားသခင်က ဤသို့မိန့်တော်မူခဲ့၏- “သင်တို့ကလည်း သတ္တမနှစ်တွင်ငါတို့သည်အဘယ်သို့စားရမည်နည်း။ လယ်မလုပ်ရ၊ အသီးအနှံကို မသိမ်းရပါတကားဟုဆိုလျှင် ဆဋ္ဌမနှစ်တွင် သင်တို့ကိုငါကောင်းကြီးပေး၍ ထိုနှစ်တွင်သုံးနှစ်အဖို့ အသီးအနှံကိုဖြစ်စေမည်။ သင်တို့သည် အဋ္ဌမနှစ်တွင်လယ်လုပ်၍ နဝမနှစ်တွင် အသီးအနှံကိုသိမ်းရာကာလတိုင်အောင် ဟောင်းသောအသီးအနှံကိုစားရကြမည်” (ဝတ် ၂၅:၂၀-၂၂)။ ဤသည်လည်း ယုံကြည်ကိုးစားခြင်းပေတည်း။ သို့သော်လည်း ပို၍ကြီးမြတ်သော ယုံကြည်ခြင်းစစ်ကြောစုံစမ်းခြင်းဖြစ်ပါသည်။ အပတ်တိုင်းဥပုသ်နေ့ကို မစောင့်နိုင်ခဲ့လျှင် ခုနှစ်နှစ်မြောက်တစ်နှစ်ပတ်လုံးလယ်မလုပ်ဘဲ နေခြင်းဟူသောအမှုကို စောင့်နိုင်ကြမည် မဟုတ်ပါ။ ထိုသို့ခုနှစ်နှစ်အပြီး၌ လယ်လုပ်ခဲ့ကြမည်ဆိုလျှင်လည်း၊ ထိုမြေအသီးကို တစ်နှစ် (သို့) နှစ်နှစ်စောင့်ကြရမည်ကိုသိကြပါ၏။ သို့သော်လည်း ထိုနှစ်များအတွက် ခြောက်နှစ်အတွင်း၌ရသော အသီးအနှံသည် လုံလောက်ခြင်းရှိမည်ဟု ဘုရားသခင်ဂတိတော်ရှိ၏။ ဘုရားသခင်၏ဥပုသ်နေ့စောင့်ခြင်းက ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို တည်ဆောက်လျက်ရှိ၏။ အပတ်တိုင်းထိုသို့ ဥပုသ်နေ့ ကို စောင့်၍ ဝတ်ပြုကိုးကွယ်ခြင်း၊ ဘုရားသခင်၏ အမှုတော်ဆောင်ရွက်ခြင်းပြုကြသောအခါ၊ ပို၍ ကြီးမားသောအခက်အခဲနှင့် စုံစမ်းစစ်ကြောခြင်းကျရောက်သောအခါ ထိတ်လန့်ခြင်းမရှိဘဲ၊ ကျွန်တော်တို့သည် ဘုရားသခင်ကို ပို၍ ယုံကြည်ကိုးစားခြင်းရှိကြမည်ဖြစ်၏။ သို့သော်လည်း ဥပုသ်နေ့ကိုသင်မစောင့်ခဲ့လျှင်၊ ဘဝ၌ အခက်အခဲကြုံတွေ့သောအခါ မည်သို့ပြုရမည်အကြောင်း၊ မည်သို့ ဘုရားသခင်ကိုးစားရမည်ကို သိမည်မဟုတ်ပါ။ ဤပညတ်တရားကို နာခံလိုက်လျှောက်ခြင်းမရှိနိုင်အောင် သင့်ကိုနှောင့်ယှက်ဆီးတားသောအရာများကား အဘယ်နည်း။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဥပုသ်နေ့သန့်ရှင်းစွာ စောင့်ခြင်းက အကျွန်ုပ်ကို ဘုရားသခင်၏ အကြောင်းပို၍သိကျွမ်းစေပါ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နေ့ရက်မြတ်ကိုသန့်ရှင်းစွာ စောင့်ခြင်းဖြင့် အကျွန်ုပ်၏ ယုံကြည်ခြင်းကို တိုးပွားစေတော်မူပါ။

တနလ်ာ၊ မတ် (၄)

**ထွက် ၂၃း၁၄-၁၉**

ထွက် ၁၃း၄-၁၁

*“. . . ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့ဟု မိန့်တော်မူ၏”*

## အောက်မေ့သတိရစေသောအရာများ

ဘုရားသခင်က ဣသရေလလူတို့အား ကတိတော်ပြည်သို့ဝင်ရောက်ကြသောအခါ တစ်နှစ်၌ သုံးကြိမ်ပွဲဆင်နွဲကြခြင်းငှါ မိန့်တော်မူခဲ့၏။ ထိုပွဲတို့တွင် တဆေးမပါသောမုန့်ပွဲသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ အဲဂုတ္တုပြည်မှ ဘုရားသခင်ခေါ်ထုတ်တော်မူသောအချိန်၌ပြုသကဲ့သို့ အဗိဗလတွင် တဆေးမပါသောမုန့်ကို ခုနှစ်ရက်ပတ်လုံးစားသုံးကြရမည်ဖြစ်ပါသည်။ ဤလသည် ဘုရားသခင်ပေးတော်မူသော ပြက္ခဒိန်အသစ်၏အစပင်ဖြစ်ပါသည်။ ဤသည်လည်း ထွက် ၁၃း၄-၁၁ ထဲတွင်တွေ့ရသော အကြောင်းကို အောက်မေ့ရန်အတွက်ပင်ဖြစ်ပါသည်။ ဤပွဲအကြောင်း ပြန်၍ဖော်ပြခြင်းသည် ဘုရားသခင်အတွက် ဤပွဲ၏အရေးပါမှုကိုပြသ၍၊ ဣသရေလလူတို့မမေ့ခြင်းငှါ သတိပေးခြင်းလည်းဖြစ်၏။ ဤပွဲ၏ အဓိကအချက်သည် ကျွန်ခံရာပြည်မှ သူတို့၏လွတ်မြောက်ခြင်းအကြောင်းကို ပြန်၍သတိရအောက်မေ့ခြင်းပင်ဖြစ်ပါသည်။ အပြစ်ကိုရှောင်ကြဉ်လျက် သန့်ရှင်းစွာနေထိုင်ခြင်းငှါ အသီးအခြားနေခြင်းအကြောင်းကို အထူးဖော်ပြလျက်ရှိ၏။ ဤလောကီလူသားတို့နေထိုင်ပြုမူသကဲ့သို့ နေထိုင်ခြင်းမပြုကြရန် သတိပြုကြရပါမည်။ အသီးအနှံသိမ်းပွဲ၌လည်း သူတို့မြေ၏အဦးသီးသောအသီးများကို ယူဆောင်ကြရမည်ဖြစ်၏။ ဤအချက်က ဘုရားသခင်၏ ကျွေးမွေးပြုစုခြင်းကို အမှတ်ရစေရန်ဖြစ်ပါသည်။ ထို့ပြင် အသီးအနှံသိုထားခြင်းပွဲကိုလည်း နှစ်ကုန်၌ ဆင်နွှဲကြသောအခါ ဘုရားသခင်ထံသိုထားသော အသီးအနှံတို့ကို ယူဆောင်လာကြရမည်ဖြစ်ပါသည်။ ဤသည်ကား သန့်ရှင်းတော်မူသော ဘုရားသခင်နှင့်သူတို့၏ ပဋိညာဉ်နှင့်ဆိုင်သော ဆက်နွယ်မှုကိုအောက်မေ့စေရန်ဖြစ်ပါသည်။ ဤပွဲတို့တွင် ဣသရေလလူယောကျာ်းအပေါင်းတို့သည် တစ်နှစ်သုံးကြိမ်ဘုရားသခင်ရှေ့တော်၌ လာကြရမည်ဖြစ်ပါသည်။ ဤအရာတို့သည် ဝိညာဉ်အရေးနှင့်ဆိုင်သောအရာတို့ကို သတိရအောက်မေ့စေသော ပျော်ရွှင်ဖွယ်အချိန်သမယဖြစ်ကြပါသည်။ ဤပွဲကျင်းပကြသောအခါ ဆိတ်သူငယ်ကို အမိနို့ရည်နှင့်မပြုတ်မချက်ကြရန် သတိပေးတော်မူခဲ့၏။ ထိုသို့ပြုခြင်းသည် အလွန်ရက်စက်ရာရောက်သောကြောင့်ဖြစ်ပါသည်။

ကျွန်တော်တို့သည်လည်း ထိုသို့သောအောက်မေ့သတိရခြင်းသည် အရေးကြီးသည်ဟု ယုံကြည်ခြင်းရှိသောကြောင့် အချို့သောခရစ်ယာန်ပွဲတို့ကို ဆင်နွှဲကြပါသည်။ ယနေ့တွင် အထက်၌ဖော်ပြထားသော ပွဲများမရှိတော့သော်လည်း ခရစ်ယာန်တို့သည် သန့်ရှင်းစွာနေထိုင်ကျင့်ကြံခြင်းငှါ ဘုရားသခင်ကယ်တင်တော်မူခြင်းဖြစ်ကြောင်းကို အစဉ်အောက်မေ့သတိရကြရပါမည်။ ကျွန်ုပ်တို့အပေါ် ဘုရားသခင်၏ပဋိညာဉ်နှင့်ဆိုင်သော သစ္စာရှိတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့လိုအပ်သောအရာများဖြည့်ဆည်းပေးတော်မူခြင်းတို့ကို သတိရလျက်၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ၊ မိမိအတွက်မဟုတ်ဘဲ ဘုရားသခင်၏အလိုတော်ပြည့်စုံစေခြင်းငှါ နေထိုင်ကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို ကျွန်တော်တို့သတိရအောက်မေ့ကြခြင်းငှါ ဘုရားသခင်အလိုရှိတော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ကယ်တင်ရခြင်းအကြောင်းနှင့် ကောင်းမြတ်တော်မူခြင်းအကြောင်းကို ကျွန်တော်မမေ့လျော့မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ မတ် (၅)

**ထွက် ၂၃း၂၀-၂၃**

တရား ၈း၅-၁၁

*“. . . ဘုရားသခင် ထာဝရဘုရားကို မေ့လျော့သောအပြစ်ကိုသတိနှင့်ရှောင်လော့”*

## ငါ၌သို့ပြုမည်၊ သင်ထိုသို့ပြုလော့၊ ထိုသို့မဟုတ်လျှင်

ဘုရားသခင်က ဣသရေလလူတို့သည် ကောင်းကင်တမန်၏စကားကို နာခံခြင်းရှိကြလျှင် “ငါ၌သို့ပြုမည်” ဟုများစွာသော ကတိထားတော်မူ၏။ သူတို့၏ရန်သူတို့ကို မိမိရန်သူအဖြစ် မှတ်ယူမည် (ထွက် ၂၃း၂၂)၊ သူတို့ကို ပယ်ရှင်းမည် (ထွက် ၂၃း၂၃)။ သူတို့၏ရောဂါများကို ဖယ်ရှားပေး၍ မြေအသီးအနှံများစွာရိတ်သိမ်းရ၍၊ သက်တမ်းစေ့နေထိုင်ကြရမည်ဖြစ်ပါသည် (ထွက် ၂၃း၂၅-၂၆)။ သူတို့၏ရန်သူကို တိုက်လှန်ပေးတော်မူ၍ ရန်သူတို့သည် ဣသရေလလူတို့ကို ကြောက်ရွံ့ခြင်းရှိကြလိမ့်မည် (ထွက် ၂၃း၂၇)။ သူတို့မပိုင်ဆိုင်မီ ပြည်သည် လူဆိတ်ညံရာအရပ်မဖြစ်စေခြင်းငှါ၊ ထိုပြည်မှ ရန်သူတို့ကိုဖြည်းဖြည်းချင်း မောင်းထုတ်ခြင်းငှါ ပျားတုများကို စေလွှတ်တော်မူမည် (ထွက် ၂၃း၂၈-၃၁)။ သို့သော်လည်း ထိုသို့ပြုခြင်းမပြုခြင်းသည် သူတို့၏နာခံခြင်းအသက်တာ၌ မူတည်လျက်ရှိကြောင်း ဘုရားသခင်သတိပေးတော်မူခဲ့၏။ ရန်သူတို့၏ ဘုရားများနှင့်ရုပ်တုဆင်းတုများကို မကိုးကွယ်ဘဲ အကုန်လုံးဖျက်ဆီးကြရမည်ဖြစ်ပါသည် (ထွက် ၂၃း၂၄)။ ဘုရားသခင်ထာဝရဘုရား၏ အမှုကိုသာ ဆောင်ရွက်ကြရမည်ဖြစ်၏ (ထွက် ၂၃း၂၅)။ ထို့ပြင် ရန်သူအပေါင်းတို့ကို နှင်ထုတ်ရမည်၊ သူတို့နှင့်ငင်း၊ သူတို့ဘုရားများနှင့်ငင်း မိဿဟာယဖွဲ့ဆက်နွယ်ခြင်းမပြုကြရပါ။ ထိုပြည်၌ ရန်သူတို့အား နေထိုင်ခြင်းမပြုစေရကြပါ (ထွက် ၂၃း၃၁-၃၃)။ ဘုရားသခင်၏စကားကို နာခံခြင်းမရှိကြလျှင် ဤသို့သတိပေးခြင်းလည်းရှိသေး၏ (ထွက် ၂၃း၂၁)။ ရန်သူတို့ကိုနှင်ထုတ်ခြင်းမပြုလျှင် သူတို့သည် ဣသရေလလူတို့အား အပြစ်ကိုပြုစေမည်ဖြစ်၍ သူတို့အတွက် ကျော့ကွင်းသဖွယ်ဖြစ်ကြလိမ့်မည် (ထွက် ၂၃း၃၃)။ နာခံခြင်းအတွက် ကောင်းချီးမင်္ဂလာနှင့် မနာခံခြင်းအတွက် ကျိန်ခြင်းအကြောင်းကို ဖော်ပြသော၊ ဘုရားသခင်၏ပဋိညာဉ်တရားတော်ကို တွေ့ရပါသည်။

ယနေ့တွင်လည်း ထိုကတိတော်၊ တာဝန်ဝတ္တရာနှင့်သတိပေးခြင်းများ ကျွန်ုပ်တို့အတွက် ရှိပါ၏။ ကျွန်ုပ်တို့ကယ်တင်ခြင်းဆုံးရှုံးမည်မဟုတ်ပါ။ သို့သော်လည်း ဤလောက၌ခံစားရမည့် ကောင်း ချီးမင်္ဂလာတို့သည် ကျွန်ုပ်တို့၏နာခံခြင်းနှင့် ဆက်နွယ်လျက်ရှိကြောင်း သတိပြုကြရပါမည်။ ဘုရားသခင်၏အလိုတော်အတိုင်း အမှုတော်ဆောင်ခြင်းကို ပြုလျှင် ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာခံရမည်ဖြစ်၏။ ထိုကောင်းကြီးမင်္ဂလာတို့ကို မိမိ၏ဇာတိအလိုပြုခြင်းနှင့် အပြစ်ပြုခြင်းအတွက် ပေးသည် မဟုတ်ပါ။ ထိုသို့မှားယွင်းစွာ အသုံးပြုလျှင် ဘုရားသခင်က ထိုကောင်းကြီးကို ပယ်ရှားပေးတော်မူမည်။ ဣသရေလလူတို့သည် ဘုရားသခင်၏စကားကို နာခံခြင်းမရှိကြသောကြောင့် ထိုပြည်၌မနေရဘဲ နှင်ထုတ်ခြင်းခံခဲ့ရကြ၏။ နာမခံခြင်းအတွက် ဆုံးမခြင်းတရားရှိ၏။ ဆုံးမခြင်းသည် ဘုရားသခင်၏အလိုတော်အတိုင်း နေထိုင်၍ အလိုတော်ကိုပြည့်စုံစေခြင်းငှါလမ်းမှန်သို့ ပြန်၍ တည့်မတ်ပေးတော်မူခြင်းပေတည်း။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကောင်းကြီးမင်္ဂလာတို့ကို ဘုရားသခင်အတွက် အသုံးပြုရန်ဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏အလိုတော်ကို ပြုမည်အကြောင်း အကျွန်ုပ်ကို ကောင်းကြီးပေး၍ ဆုံးမတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၆)
**ထွက် ၂၄**
၂ ကော ၃း၃

*“. . . ရေးထားသော . . . အသားနှင့်ပြည့်သော နှလုံးပေါ်၌ ရေး၍၄င်း. . . ”*

## ပဋိညာဉ်လက်စံရရှိပြီးနောက်ဘာလုပ်ရမည်နည်း

မောရှေသည် တောင်ပေါ်မှဆင်းသက်လာခဲ့ပြီး လူအပေါင်းတို့ထံသို့ ဘုရားသခင်၏ စကားတော် (အမိန့်တော်) နှင့်စီရင်တော်မူချက် (တရားဥပဒေများ) အလုံးစုံတို့ကို ပြောကြားခဲ့၏။ လူတို့ကလည်း ထိုအရာအလုံးစုံတို့ကို လက်ခံ၍ နာခံကြမည်အကြောင်းဆိုခဲ့ကြ၏။ ဤသို့ဖြင့် သူတို့ထံ ဘုရားသခင်ပြုတော်မူသော ပဋိညာဉ်တရားကို သိမှတ်လက်ခံကြ၏။ ထို့နောက် မောရှေသည် ထာဝရဘုရားမိန့်တော်မူသော စကားတော်တို့ကို ရေးမှတ်ခဲ့၏။ ဤသည်ကား သမ္မာကျမ်းစာစတင်ရေးသားခြင်းဖြစ်ပါသည်။ ထို့နောက် ဣသရေလအမျိုးတစ်ဆယ့်နှစ်မျိုးကို ရည်ညွှန်းလျက် ကျောက်တိုင်တစ်ဆယ့်နှစ်တိုင်တည်လေ၏။ ဤကျောက်တိုင်တို့သည် ဣသရေလလူတို့နှင့် ထာဝရဘုရားအကြား၌ ရှိသောပဋိညာဉ်တရား၏ သက်သေဖြစ်မည်ဟုထင်ရပါသည်။ မောရှေက လူပျိုတို့အား မီးရှို့သောယဇ်နှင့် မိဿဟာယယဇ်ကို ပြင်ဆင်ကြခြင်းငှါ စေခိုင်းခဲ့ပါသည်။ အသွေးကိုလည်း ဤပဋိညာဉ်၌ပါဝင်ကြသောအဖွဲ့နှစ်ဖွဲ့အတိုင်း နှစ်ခြမ်းခွဲထားခဲ့၏။ တစ်ဝက်ကို ယဇ်ပလ္လင်ပေါ်၌ ဖြန်းခဲ့ပြီး၊ လူတို့ထံသို့ ပဋိညာဉ်ကျမ်းကို ဖတ်ကြားခဲ့၏။ ထို့နောက်လူတို့သည် ဘုရားသခင်မိန့်တော်မူသည်အတိုင်း ပြုကြမည်ဟုဆိုကြပြီးနောက်၊ ကျန်တစ်ဝက်ကို လူတို့အပေါ် ဖြန်းခဲ့ပါသည်။ ဤသို့ဖြင့် ထာဝရဘုရားနှင့် ပဋိညာဉ်ပြုခြင်းအမှုကို တံဆိပ်ခတ်ခဲ့ပါသည်။ ထို့နောက်ဘုရားသခင်က မောရှေ၊ အာရုန်၊ နဒပ်၊ အဘိဟုနှင့်အသက်ကြီးသူ ခုနှစ်ဆယ်တို့အား တစ်နည်းနည်းဖြင့်မိမိကို မြင်ရသောအခွင့်ပေးတော်မူခဲ့၏။ သို့သော်လည်း ခြေနင်းတော်၏ပုံသဏ္ဌာန်ကိုသာ ဖော်ပြခဲ့ပါသည်။ ထိုသို့ ပဋိညာဉ်ကို လက်ခံခဲ့ပြီးနောက် ဘုရားသခင်သည် မိမိကိုယ်တိုင်ရေးမှတ်တော်မူသော ကျောက်ပြားပေါ်မှ ပညတ်တော်များကို ပေးအပ်တော်မူမည်ဟု မောရှေအားမိန့်တော်မူခဲ့၏။ ရည်ရွယ်ချက်မူကား “လူများတို့အား သွန်သင်ဘို့ရာ” (ထွက် ၂၄း၁၂) ဖြစ်ပါသည်။

ဘုရားသခင်သည် ပညတ်တော်ဆယ်ပါးကို ပေးတော်မူပြီးနောက်၊ ပဋိညာဉ်နှင့်ဆိုင်သော မိမိလူတို့အား သွန်သင်ခြင်းငှါ မောရှေအား ဘုရားသခင်စေခိုင်းတော်မူ၏။ ကျေးဇူးတော်ပဋိညာဉ်အားဖြင့် ကယ်တင်ခြင်းခံရပြီးနောက်၊ ဘုရားသခင်၏အလိုတော်ဟူမူကား ကျွန်တော်တို့သည် ဘုရားသခင်၏ပညတ်တရားကို သင်ယူလေ့လာရန်ဖြစ်ပါသည်။ ကျွန်တော်တို့သည် နာခံလိုက်လျှောက်လိုသော စိတ်ထားဖြင့်ဘုရားသခင်၏နှုတ်ကပတ်တရားကို သင်ယူလေ့လာကြရမည်ဖြစ်ပါသည်။ ကယ်တင်ခြင်းဆိုသည်မှာ အပါယ်ငရဲမှလွတ်မြောက်ရုံမဟုတ်ဘဲ၊ ဘုရားသခင်၏အလိုတော်ကို ပြည့်စုံစေခြင်းငှါ ဘုရားသခင်၏တရားတော်ကို နာခံလိုက်လျှောက်ခြင်းလည်းဖြစ်၏။ ဘုရားသခင်သည် ဣသရေလလူတို့အား ကောင်းသောပြည်ကိုပေးဖို့သက်သက် ရွေးကောက်တော်မူသည်မဟုတ်ပါ။ သူတို့၏ အကျင့်နှင့်နေ့စဉ်အသက်တာ၌ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေကြရန်ဖြစ်ပါသည်။ ထိုနည်းတူ ကျွန်တော်တို့သည်လည်း ကယ်တင်ခြင်းခံရပြီးမှ ဘုရားသခင်ထားတော်မူသောအရပ်၌ ဘုရားသခင်အတွက် လင်းလက်ကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကယ်တင်ခြင်းခံရပြီးနောက် ဘုရားသခင်၏ပညတ်တရားကို ကျွန်တော်မည်သို့မြင်ပါသနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကယ်တင်ခြင်းခံရပြီးနောက်၊ အကျွန်ုပ်ပြုရမည့်ဝတ္တရားကို ကျေပွန်နိုင်ခြင်းငှါ ကိုယ်တော်၏ပညတ်တော်တို့ကို နာခံလိုက်လျှောက်မည်အကြောင်းမစတော်မူပါ။

ကြာသပတေး၊ မတ် (၇)
**ထွက် ၂၅-၂၇**
ဟေဗြဲ ၉း၁-၁၁

*“. . . တောင်ပေါ်မှာ သင့်အားပြခဲ့ပြီးသောပုံနှင့် ညီလျော်စွာအလုံးစုံတို့ကိုလုပ်ခြင်းငှါ၊ သတိပြုရမည်ဟု ဗျာဒိတ်တော်ကိုခံရသည်ဖြစ်၍၊ . . .”*

## ခရစ်တော်ကိုဖော်ဆောင်သောတဲတော်

ပဋိညာဉ်ပြုတော်မူပြီးနောက် ဘုရားသခင်သည် တဲတော်တည်ဆောက်ခြင်းငှါ အသေးစိတ် ညွှန်ကြားတော်မူခဲ့၏။ ရည်ရွယ်ချက်ဟူမူကား လူတို့နှင့်အတူ ဘုရားသခင်ကျိန်းဝပ်တော်မူခြင်းဖြစ်၏ (ထွက် ၂၅း၈)။ ဘုရားသခင်သည် နေရာတကာရှိတော်မူသော အနန္တဘုရားဖြစ်သော်လည်း မိမိလူတို့နှင့်အတူ ရှိတော်မူကြောင်းကို တဲတော်အားဖြင့် ပုံဖော်ပြသတော်မူခြင်းဖြစ်ပါသည်။ ဤတဲတော်၌ ဘုရားသခင်ထားတော်မူသော တန်ဆာပလာများမှာ အဖုံးပါသော ပဋိညာဉ်သေတ္တာ (ထွက် ၂၅း၁၀-၂၂)၊ မုန့်တင်ရာစားပွဲ (ထွက် ၂၅း၂၃-၃၀) နှင့်ရွှေစင်နှင့်လုပ်သောမီးခုံ (ထွက် ၂၅း၃၁-၄၀) တို့ဖြစ်ကြ၏။ ဤတဲတော်အတွက် လိုအပ်သောအခြားအရာဝတ္ထုတို့ကိုလည်း ဖော်ပြခဲ့ပါသည် (ထွက် ၂၆း၁-၃၇)။ ကုလားကာအတွင်းဘက်၌ သေတ္တာတော်သာလျှင်ထားရာ အသန့်ရှင်းဆုံးနေရာရှိ၏။ ထိုအသန့်ရှင်းဆုံးအရပ်၏ အပြင်ဘက်သည် သန့်ရှင်းရာနေရာဖြစ်၍ မီးခုံ (တောင်ဘက်၌) နှင့် မုန့်ထားရာစားပွဲ (မြောက်ဘက်၌) ထားရာအရပ်ဖြစ်၏။ ကြေးဝါယဇ်ပလ္လင်နှင့် ၎င်း၏တန်ဆာပလာများ (ထွက် ၂၇း၁-၈)၊ တဲတော်ဝင်း (ထွက် ၂၇း၉-၁၉) နှင့် မီးခုံအတွက် လိုအပ်သောဆီ (ထွက် ၂၇း၂၀-၂၁) အကြောင်းတို့ကို အသေးစိတ်ဖော်ပြခဲ့ပါသည်။ အသန့်ရှင်းဆုံးအရပ်၊ သန့်ရှင်းရာအရပ်နှင့်တဲတော်ဝင်းစသည့်တဲတော်တစ်ခုလုံးသည် ဘောလုံးကွင်းတဝက်မျှလောက် ကျယ်ပြန့်မည်ဟုထင်ရပါသည်။

သမ္မာကျမ်းစာက ဤတဲတော်နှင့်ထိုတန်ဆာပလာတို့သည် သာ၍ကြီးမြတ်စုံလင်သော တဲတော်ကို ညွှန်ပြခဲ့ကြောင်း သွန်သင်ခဲ့၏ (ဟေဗြဲ ၈း၅၊ ၉း၁-၁၁)။ ကျွန်တော်တို့သည် ထိုတန်ဆာပလာအသေးစိတ်ကို ပုံဆောင်သောအရာဟု အနက်မဖွင့်ရပါ။ သို့သော်လည်း အကြမ်းဖျင်းအားဖြင့် ခရစ်တော်နှင့်ခရစ်တော်ပြုသောအမှုတော်ကို မြင်တွေ့ရပါသည်။ ဥပမာအားဖြင့် မုန့်က ခရစ်တော်သည် အသက်မုန့်ဖြစ်ကြောင်းကိုငှါး၊ မီးခုံက ခရစ်တော်သည် ဤလောက၏အလင်းဖြစ်ကြောင်းကိုငှါး သတိရစေပါသည်။ ယဇ်ပလ္လင်ပေါ်၌ ပူဇော်ခြင်းပြုခြင်းက ကျွန်ုပ်တို့အတွက် အသေခံတော်မူသော ခရစ်တော်ကိုအမှတ်ရစေပါ၏။ ခရစ်တော်သေဆုံးသောအချိန်၌ ကုလားကာသည် နှစ်ခြမ်းကွဲခဲ့ပြီး၊ ကျွန်ုပ်တို့၏ အပြစ်များကို အသွေးတော်ဖြင့် ဆေးကြောပေးတော်မူသော ခရစ်တော်တပါးတည်းအားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ပလ္လင်ရှေ့သို့ ကျွန်တော်တို့ဝင်ရသောအခွင့်ရှိကြ၏။ ဤအကြောင်းအရာများကို ဖတ်ရသောအခါ ကျွန်တော်တို့သည် ကယ်တင်ရှင်ခရစ်တော်၏ ကျေးဇူးတော်နှင့်ဘုန်းတော်ကိုသိမြင်လျက် ကျေးဇူးတော်ချီးမွမ်းကြရပါမည်။ ထို့ပြင် ကိုယ်တော်အတွက် အကျွန်ုပ်တို့၏အသက်တာကို ဆက်ကပ်၍ ကျေးဇူးတော်ချီးမွမ်းကြရပါမည်။

**ဆင်ခြင်ရန်** - တဲတော်အားဖြင့် ခရစ်တော်၏အံ့သြဖွယ်ဖြစ်ခြင်းနှင့် ကောင်းမြတ်တော်မူခြင်းကို ကျွန်တော်မြင်တွေ့ရပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ခရစ်တော်ပြုတော်မူသော ကယ်တင်ခြင်းအမှုကို ကျွန်တော်ပို၍ သိရှိနားလည်လိုပါ၏။

သောကြာ၊ မတ် (၈)

**ထွက် ၂၈**

၁ ပေ ၂း၉-၁၀

*"သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး. . ."*

## ယဇ်ပုရောဟိတ်၏အဝတ်မှသင်ယူစရာများ

ထွက်မြောက်ရာကျမ်း ၂၈ ထဲတွင် အာရုန် (ယဇ်ပုရောဟိတ်အကြီး) နှင့်အာရုန်၏သားများ (ယဇ်ပုရောဟိတ်များ) တို့၏ဝတ်ရုံကို ဖော်ပြထားပါသည်။ ထိုအဝတ်၏ ပုံသဏ္ဍာန်၊ အသုံးပြုမည့် တန်ဆာပလာများနှင့် ထိုယဇ်ပုရောဟိတ်အကြီး၏ အဝတ်၌မည်သို့ခြယ်သရမည်အကြောင်းတို့ကို ဤသို့ဖော်ပြခဲ့၏- သင်တိုင်း (ထွက် ၂၈း၆-၁၄)၊ ဗျာဒိတ်ရင်ဖုံး (ထွက် ၂၈း၁၅-၃၀)၊ ဝတ်လုံ (ထွက် ၂၈း၃၁-၃၅)၊ ပေါင်း (ထွက် ၂၈း၃၆-၃၈)နှင့်အင်္ကျီ (ထွက် ၂၈း၃၉) စသည်တို့ဖြစ်ကြ၏။ ထို့နောက် ဘုရားသခင်က ယဇ်ပုရောဟိတ်၏အလွန်အရေးကြီးမှုကို ဖော်ပြ၍၊ အပြစ်ပြုလျက် ယဇ်ပုရောဟိတ် အမှုဆောင်ရွက်လျှင် သေမည်ဟုသတိပေးတော်မူခဲ့၏ (ထွက် ၂၈း၄၃)။

ဣသရေလအမျိုးဆယ်နှစ်မျိုး၏ နာမည်များကို ရေးထွင်းထားသော ရှဟံကျောက်နှစ်လုံး (တစ်လုံးစီပေါ်၌အမျိုးခြောက်မျိုး၏နာမည်ထွင်းထားလျက်) ကို ယဇ်ပုရောဟိတ်အကြီးသည် ဘုရားသခင်ရှေ့ခေတ်၌ မိမိပခုံးပေါ်မှာ ဆောင်ရမည် (ထွက် ၂၈း၉-၁၂)။ ထို့ပြင် ယဇ်ပုရောဟိတ်အကြီး၏ နှလုံးပေါ်မှာဆောင်ထားသော ဗျာဒိတ်ရင်ဖုံးသည် ထာဝရဘုရားအစဉ်အောက်မေ့ခြင်းငှါ ဖြစ်ပါသည် (ထွက် ၂၈း၂၉)။ ထိုရင်ဖုံးပေါ်တွင် ကျောက်မြတ်တစ်လုံးစီပေါ်၌ အမျိုးတစ်မျိုးစီ၏နာမည်ထွင်းထားသော ကျောက်မြတ်ဆယ်နှစ်လုံးတပ်ထား၏။ အကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်အကြီးဖြစ်တော်မူသော ခရစ်တော်သည်လည်း မိမိလူတို့ကို ပခုံးပေါ်တင်လျက်၊ မိမိစိတ်နှလုံးနှင့် နီးကပ်စွာ ထားတော်မူကြောင်း အောက်မေ့ကြပါစို့။ ထို့ကြောင့် ကျွန်တော်တို့သည် အားယူ၍ သခင်ယေရှုကို ယုံကြည်ကိုးစားခြင်းရှိကြရပါမည်။ ယနေ့အမှုတော်ဆောင်များသည်လည်း ဘုရားသခင်၏ လူတို့ အပေါ် ထိုကဲ့သို့ချစ်ခြင်းမေတ္တာစိတ်ဖြင့် အမှုတော်ဆောင်ကြရပါမည်။ ဗျာဒိတ်ရင်ဖုံးအထဲ၌ ဘုရားသခင်၏အလိုတော်ကို ဖော်ပြသော ဥရိမ်နှင့်သုမိမ်ကိုသွင်းလျက်၊ အာရုန်သည် မိမိနှလုံးပေါ်မှာ ထိုဘုရားသခင်လူတို့၏အမှုစီရင်တော်မူချက်ကို ဆောင်ရမည်ဖြစ်၏။ ဘုရားသခင်နှုတ်ကပတ်တော်က ကိုယ်တော်၏အလိုတော်နှင့် စီရင်ချက်ကို ယနေ့ကျွန်ုပ်တို့အား ဖော်ပြလျက်ရှိ၏။ ယနေ့သင်းအုပ်ဆရာတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသင်းသူအသင်းသားတို့အား သေသေချာချာ သွန်သင်ပေးခြင်းဖြင့် ဘုရားသခင်၏အလိုတော်ကို သိစေကြရမည်ဖြစ်ပါသည်။ ဤအမှုကို စိတ်ပါလက်ပါဆောင်ရွက်ကြရပါမည်။ သင်းကျစ်ပေါ်တွင်လည်း ထာဝရဘုရားအား သန့်ရှင်းခြင်းဟု အက္ခရာတင်ရမည်ဖြစ်၏။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်သောအခါတိုင်း သန့်ရှင်းခြင်းဖြင့် ဆောင်ရွက်ကြရမည်။ ထိုနည်းတူ ယနေ့ယုံကြည်သူအပေါင်းတို့သည်လည်း ယဇ်ပုရောဟိတ်များဖြစ်သောကြောင့် (၁ ပေ ၂း၉) သန့်ရှင်းခြင်းဖြင့် အမှုဆောင်ကြရပါမည်။ ထို့ကြောင့် ဘုရားသခင်၏ အမှုတော်ကို ကျွန်တော်တို့ဆောင်ရွက်သောအခါ အပြစ်ပါလျက်မပြုရပါ။ စစ်မှန်သော ချစ်ခြင်းမေတ္တာအားဖြင့် ဘုရားသခင်လူတို့၏အမှုကို ဆောင်ရွက်ကြရပါမည်။ သို့မှသာ အကျိုးရှိ၍ ဘုရားသခင်လက်ခံတော်မူမည်ဖြစ်၏။

**ဆင်ခြင်ရန်** - ယဇ်ပုရောဟိတ်အမျိုးအထဲ၌ ကျွန်တော်ပါဝင်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏အမှုတော်ကို ကျွန်တော်ဆောင်ရွက်သောအခါ သူတပါးအပေါ် ချစ်ခြင်းမေတ္တာဖြင့် ဆောင်ရွက်ပါသလား။

စနေ၊ မတ် (၉)

**ထွက် ၂၉-၃၀**

၁ ပေ ၁း၁၅-၁၆

*“. . . ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့”*

## ယဇ်ပုရောဟိတ်တို့အားသန့်ရှင်းစေခြင်းနှင့်ဆောင်ရွက်သောအမှုမှသင်ယူစရာများ

ထွက် ၂၉ ထဲတွင် ဘုရားသခင်က မောရှေအား ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်မည့်သူတို့အား သန့်ရှင်းစေခြင်း၌ မိန့်တော်မူခဲ့၏။ ထိုအမှု၌ လိုအပ်သောတန်ဆာပလာတို့ကိုလည်း ဖော်ပြခဲ့ပါသည်။ ထွက် ၂၉း၁ ၌တွေ့ရသော “သန့်ရှင်းစေ” ဟူသောစကားလုံးသည် ထွက် ၂၉း၂၇၊ ၃၆-၃၇၊ ၄၃-၄၄ ၌တွေ့ရသော “သန့်ရှင်း” နှင့် ထွက် ၂၉း၆၊ ၂၉-၃၀၊ ၃၃-၃၄၊ ၃၇ တို့၌တွေ့ရသော “သန့်ရှင်း” ဟူသောစကားလုံးနှင့်မူရင်းအတူတူပင်ဖြစ်ပါသည်။ ရေချိုးခြင်းသည် ဆေးကြောသန့်စင်ခြင်းဖြစ်၏။ ယဇ်ပုရောဟိတ်အမှုဆောင်ရွက်ခြင်း၌ ဦးစွာသန့်ရှင်းစေခြင်းခံရမည်ဖြစ်သည်။ သန့်ရှင်းခြင်းနှင့်ဆက်ကပ်ခြင်းသည် အဓိကအချက်ဖြစ်ပါသည်။ သို့သော်လည်း အပြင်ပန်းအဝတ်အစားဝတ်ရုံဖြင့် အာရုန်နှင့်သူ၏သားတို့သည် အမှုတော်အတွက် ထိုက်တန်သည်ဟုမဆိုလိုပါ။ စိတ်နှလုံးသန့်ရှင်း၊ လက်သန့်ရှင်းခြင်းနှင့်တကွ အမှုဆောင်ရွက်ရပါမည်။ သန့်ရှင်းခြင်းသည် အပြင်ပန်းသဏ္ဌာန်အားဖြင့် မှန်ကန်စွာအမှုပြုခြင်းသာလျှင်မဟုတ်ဘဲ၊ စိတ်နှလုံးသန့်ရှင်းခြင်းနှင့်တကွ ဆောင်ရွက်ခြင်းဖြစ်၏။ သန့်ရှင်းခြင်းဆိုသည်မှာ ကျွန်ုပ်တို့၌ရှိသော၊ ထင်ရှားသောအပြစ်ကို ချက်ချင်းနောင်တရခြင်းပင်ဖြစ်၏။

ထွက် ၃၀ ထဲတွင် နံ့သာပေါင်းမီးရှို့စရာယဇ်ပလ္လင်နှင့်ကြေးဝါအင်တုံပြုလုပ်နည်းတို့နှင့်အတူ၊ နံ့သာဆီနှင့်နံ့သာပေါင်းဖော်စပ်နည်းတို့ကို ဖော်ပြထားပါသည်။ ယဇ်ပုရောဟိတ်တို့သည် ပူဇော်ခြင်းအမှုမပြုမီ ခြေလက်တို့ကိုဆေးကြောရပါမည်။ ဘုရားသခင်၏အမှုတော်ကို သန့်ရှင်းစွာဆောင်ရွက်ရန် ဖော်ညွှန်းခြင်းဖြစ်၏။ နံ့သာဆီ (ထွက် ၃၀း၃၂-၃၃) နှင့်နံ့သာပေါင်း (ထွက် ၃၀း၃၆-၃၇) ကိုဘုရားသခင်၏အမှုတော်မြတ်မှအပ အခြားသောအရာအတွက် အသုံးမပြုရန်သတိပေးထားခဲ့၏။ ဘုရားသခင်အတွက်သာလျှင် အသုံးပြုရန် သီးခြားဆက်ကပ်သန့်ရှင်းစေခဲ့၏။ အခြားသောနံ့သာပေါင်းကိုလည်း အသုံးမပြုရပါ။ အဓိကအချက်မှုကား ဘုရားသခင်၏အမှုတော်ကို သန့်ရှင်းစွာဆောင်ရွက်ရန်ဖြစ်၏။ ယုံကြည်သူတိုင်းသည် ယဇ်ပုရောဟိတ်ဖြစ်ကြ၏။ သန့်ရှင်းခြင်းရှိရမည်ဖြစ်၏။ သခင့်အမှုတော်အတွက် ဆက်ကပ်ထားသောသူဖြစ်၏။ သန့်ရှင်းခြင်းဆိုသည်မှာ ဤလောကီအမှုနှင့်မိမိကိုယ်ကျိုးအတွက် အသက်ရှင်ရင်း ဘုရားသခင်အတွက်လည်း တစ်ဝက်တစ်ပျက်အသက်ရှင်ခြင်းမဟုတ်ပါ။ သင်၏အတတ်ပညာနှင့်သင်၏အသက်တာတစ်ခုလုံးသည် ဘုရားသခင်အတွက်ဖြစ်ပါသလား။ သင်ပြုသောအမှုတိုင်းသည် ဘုရားသခင်အတွက်ဖြစ်ပါသလား။ သန့်ရှင်းသောလက်ဖြင့် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ပါသလား။ ဤလောကီအပြစ်တို့မှ တသီးတခြားနေခြင်းဖြင့် ဘုရားသခင်အတွက် သန့်ရှင်းစွာသင်နေထိုင်ပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်တပါးတည်းအတွက် အသက်ရှင်ခြင်း၌ ကျွန်တော်သည် သီးခြားဆက်ကပ်၍ သန့်ရှင်းခြင်းရှိပါသလား။

**ဆုတောင်းချက်** - “အကျွန်ုပ်အသက်တာကို သန့်ရှင်းစေလျက် ကိုယ်တော်အတွက် အသုံးပြုတော်မူပါ”။

တနင်္ဂနွေ၊ မတ် (၁၀)
**ထွက် ၃၁း၁-၁၁**
၁ ကော ၁၂း၄-၁၁

*“. . . ငါပြည့်စုံစေ၏. . . အကျွန်ုပ်အား ပေးတော်မူသော . . . ငါသွင်းထားပြီး. . . ”*

# ဝိညာဉ်တော်၏အားဖြည့်ခြင်းလိုအပ်ပါ၏

ဘုရားသခင်က တဲတော်နှင့်တဲတော်၌ရှိမည့်တန်ဆာပလာများနှင့် ယဇ်ပုရောဟိတ်အဝတ်ပုံကြမ်းများကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုတွင် ဘုရားသခင်က ထိုဆောက်လုပ်ခြင်းအမှုကို ဆောင်ရွက်ရန် ဗေဇလေလကို ရွေးကောက်ခဲ့ကြောင်း မောရှေအားမိန့်တော်မူခဲ့၏။ ဘုရားသခင်က ဗေဇလေလအား မိမိ၏ဝိညာဉ်တော်ဖြင့် ပြည့်စုံစေတော်မူ၏။ သံသတ္တု၊ ကျောက်၊ သစ်သားနှင့်ဆိုင်သော အလုပ်တို့ကို ပြုလုပ်နိုင်ခြင်းငှါ ဉာဏ်ပညာနှင့်တကွ သိပ္ပံအတတ်အမျိုးမျိုးကို ပေးတော်မူခဲ့၏။ ဘုရားသခင်က ဗေဇလေလအား ကူညီခြင်းငှါ အဟောလျဘကိုလည်း ခန့်ထားတော်မူ၏။

ထို့ကြောင့် ဘုရားသခင်ပေးတော်မူသော ပုံကြမ်းအတိုင်း ဘုရားသခင်လက်ခံနိုင်သော အရာဖြစ်ခြင်းငှါ ပြုလုပ်ကြရမည်ဖြစ်၏။ လွယ်ကူသော အလုပ်မဟုတ်ပါ။ လူ့အနေဖြင့် ပြောရမည်ဆိုလျှင် ဉာဏ်ကောင်းသော၊ အစွမ်းရှိသောသူလိုအပ်ပါ၏။ ထိုဉာဏ်အစွမ်းနှင့်လုပ်ဆောင်နိုင်မှု အတတ်ပညာတို့ကို မည်သူပေးတော်မူကြောင်း ဘုရားသခင်ဖော်ပြခဲ့ပါသည်။ ဘုရားသခင်က သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပြည့်ဝစေတော်မူခြင်းဖြင့် အားဖြည့်ပေးတော်မူ၏။ ဘုရားသခင်၏ အမှုတော်ဆောင်ရွက်မည်ဆိုလျှင် လိုအပ်သောပုဂ္ဂိုလ် ဘုရားသခင်ရွေးနှုတ်တော်မူပြီး လိုအပ်သောအရည်အချင်းတို့ကို ပေးတော်မူ၏။ ဘုရားသခင်က မိမိ၏အမှုတော်ကို မည်သို့၊ အဘယ်သူအားဖြင့် ဆောင်ရွက်တော်မူမည်ကို ကျွန်တော်တို့စိတ်ပူပန်ခြင်းရှိဖို့ရန် မလိုအပ်ပါ။ ဘုရားသခင် အလိုတော်ရှိသောအမှုဖြစ်လျှင် လုပ်ဆောင်နိုင်သော ခွန်အားလည်းပေးတော်မူလိမ့်မည်။ ဘုရားသခင်အတွက် ကျွန်တော်တို့အမှုပြုသောအခါ မိမိ၏အစွမ်းကို မကိုးစားဘဲ သန့်ရှင်းသောဝိညာဉ်တော်ကို ယုံကြည်ကိုးစားခြင်းရှိကြရပါမည်။ ထို့ကြောင့် ဘုရားသခင်အတွက် အမှုတစုံတရာပြုခဲ့သောအခါ ကျွန်တော်တို့မိမိကိုယ်ကို ဝါကြွားခြင်းမရှိရပါ။ ဘုရားသခင်၏ဘုန်းတော်ကို မလုယူရပါ။ လုပ်ဆောင်နိုင်သောအစွမ်းသတ္တိ၊ ပညာဉာဏ်အဘယ်မှ ထွက်လာကြောင်းကို ဘုရားသခင်ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့ပါသည်။ ဤအချက်ကို ကျွန်တော်တို့အစဉ်အောက်မေ့ကြရပါမည်။ သို့သော်လည်း ကျွန်တော်တို့သင်ယူလေ့လာမှုမပြုရဟု မဆိုလိုပါ။ ကျွန်တော်တို့မည်သို့ပင် ကြိုးစားသင်ယူလေ့လာသော်လည်း ဘုရားသခင်အသုံးပြုခွင့်ပေးတော်မမူလျှင် အကျိုးမရှိဖြစ်တတ်ကြောင်းလည်း သတိပြုရပါမည်။ ထို့ကြောင့် အဘယ်အမှုကိုပြုသည်ဖြစ်စေ ဘုရားသခင်၏မစတော်မူခြင်းကို ကိုးစားခြင်းရှိကြရပါမည်။ ဓမ္မဟောင်းခေတ်ယုံကြည်သူတို့နည်းတူ ကယ်တင်ခြင်းရသော ကျွန်တော်တို့သည်လည်း ဝိညာဉ်တော်၏အစဉ်ကျိန်းဝပ်အတူပါရှိတော်မူခြင်းကို ခံရကြ၏။ ကျွန်တော်တို့ပြုရမည့် အမှုဟူသမျှကား ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ ထိုသန့်ရှင်းသောဝိညာဉ်တော်၏ အားဖြည့်ခြင်းကို ခံစားရရှိခြင်းငှါ ကြိုးစားဆုတောင်းခြင်းပြုကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း ကျွန်တော်လိုအပ်ပါ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏အမှုတော်အတွက် အကျွန်ုပ်ကို ကိုယ်တော်၏ ဝိညာဉ်တော်နှင့်ပြည့်ဝစေတော်မူပါ။

တနင်္လာ၊ မတ် (၁၁)

**ထွက် ၃၁း၁၂-၁၈**

ယေဇ ၂၀း၁၀-၁၃

*“ငါနှင့်သင်တို့၏သားစဉ်မြေးဆက်စပ်ကြား၌ လက္ခဏာသက်သေဖြစ်ဘို့ရာ”*

## ဥပုသ်နေ့စောင့်ခြင်းယနေ့လိုအပ်သေးပါသလား

ဘုရားသခင်က မောရှေအား ဣသရေလလူတို့ကို ဥပုသ်နေ့စောင့်ကြစေခြင်းငှါ သတိပေးရန် ခိုင်းစေတော်မူခဲ့၏။ ထိုသို့မဟုတ်ဘဲ ငြင်းပယ်၍ဥပုသ်နေ့မစောင့်သောသူတို့သည် သေဒဏ်အပြစ်ပေးခြင်းခံရကြမည်ဖြစ်၏။ မိမိတို့၏နေ့စဉ်အလုပ်တို့ကို ခြောက်ရက်ပတ်လုံးလုပ်ဆောင်၍ ခုနစ်ရက်မြောက်သောနေ့တွင် ပညတ်တော်ဆယ်ပါး၌ မိန့်တော်မူသည်အတိုင်း ထိုအလုပ်မှ နားကြရပါမည်။ ထို့နောက်ဘုရားသခင်က မောရှေအား မိမိကိုယ်တိုင်ရေးတော်မူသော သက်သေခံချက်ကျောက်ပြားများကို ပေးတော်မူခဲ့၏။ တဲတော်တည်ဆောက်ရန် ပုံကြမ်းပေးပြီးမှ ဥပုသ်နေ့စောင့်ခြင်းပညတ်ကို ဘုရားသခင်ဖော်ပြခြင်းအမှုမှာ မှတ်သားစရာကောင်းလှပါသည်။ တဲတော်သည် ဘုရားသခင်အတူပါရှိတော်မူခြင်းကို ညွှန်းဆို၏။ ထိုတဲတော်ထဲတွင် ပဋိညာဉ်သေတ္တာထားရပါမည်။ ဘုရားသခင်က ဥပုသ်နေ့စောင့်ခြင်းအမှုကို “ငါနှင့်သင်တို့၏သားစဉ်မြေးဆက်စပ်ကြား၌ လက္ခဏာသက်သေဖြစ်ဖို့ရာ” (ထွက် ၃၁း၁၃) ၄င်း၊ “ထာဝရပဋိညာဉ်ဖြစ်စေခြင်းငှါ” (ထွက် ၃၁း၁၇) ၄င်း၊ “ထာဝရလက္ခဏာသက်သေဖြစ်လိမ့်မည်” (ထွက် ၃၁း၁၇) ဟုမိန့်တော်မူ၏။ ပဋိညာဉ်တို့တွင် လက္ခဏာသက်သေရှိကြ၏။ ထိမ်းမြားလက်ထပ်ခြင်းပဋိညာဉ်တွင် ခင်ပွန်းနှင့်ဇနီးသည်ကြား၌ ဂတိသစ္စာဆိုခြင်းလက္ခဏာအဖြစ် လက်စွပ်အသုံးပြုကြ၏။ ဘုရားသခင်နှင့်မိမိလူတို့စပ်ကြား၌ ရှိသောပဋိညာဉ်သက်သေလက္ခဏာမူကား ဥပုသ်နေ့ပင်ဖြစ်ပါ၏။ ထို့ကြောင့် ဥပုသ်နေ့ကို စောင့်ခြင်းဖြင့် ဘုရားသခင်၏လူတို့သည် တပါးအမျိုးသားတို့နှင့်မတူဘဲ ခြားနားခြင်းရှိကြောင်း သက်သေပြရာရောက်၏။

ကျေးဇူးတော်ပဋိညာဉ်အားဖြင့် ကယ်တင်ခြင်းခံရပြီးသော သင်သည်ဘုရားသခင်ချမှတ်တော်မူသော ပဋိညာဉ်၌တည်လျက်ရှိပါ၏။ ဘုရားသခင်၏ နေ့ရက်ဖြစ်သော ဥပုသ်နေ့စောင့်ခြင်းသည် ဘုရားသခင်နှင့်သင်သည် ပဋိညာဉ်အားဖြင့်ဆက်နွယ်လျက်ရှိကြောင်း သက်သေလက္ခဏာပင်ဖြစ်သည်။ ဤအချက်က ခရစ်ယာန်နှင့်မယုံကြည်သူခြားနားစေလျက်ရှိ၏။ ခရစ်ယာန်ဖြစ်ပြီး ဥပုသ်နေ့ကို သန့်ရှင်းစွာမစောင့်လိုသောသူသည် လက်ထပ်လက်စွပ်ကိုမဝတ်လိုဘဲ၊ ထိမ်းမြားခြင်းဂတိသစ္စာဆိုချက်ကို ဖောက်ဖျက်သောသူကဲ့သို့ဖြစ်ပါသည်။ ဤဥပုသ်နေ့စောင့်ခြင်းအကြောင်းတို့ကို ထွက် ၁၆၊ ၂၀ နှင့် ၂၃ တို့တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဥပုသ်နေ့သန့်ရှင်းစွာ စောင့်ခြင်းဆိုသည်မှာ ဘုရားကျောင်းတက်ရုံမဟုတ်၊ ဘုရားကျောင်းတက်ပြီးမှ မိမိပြုလိုသောအမှုကို မိမိအလိုအတိုင်းပြုခြင်းမဟုတ်ပါ။ ထိုနေ့တစ်နေ့လုံးကို ဘုရားသခင်ဝတ်ပြုခြင်း၊ အမှုတော်ဆောင်ခြင်းတို့ပြုပြီးမှ မိမိတစ်ကိုယ်တည်းသော်၄င်း၊ မိသားစုဝတ်ပြုခြင်းငှါသော်၄င်း ပြုခြင်းဖြင့် တစ်နေ့တာအဆုံးသတ်ရပါမည်။ ဤအချက်ကို မှတ်ထားပါ- ဥပုသ်နေ့သန့်ရှင်းစွာစောင့်ခြင်းသည် ပဋိညာဉ်လက္ခဏာသက်သေဖြစ်၏။ သင့်ခင်ပွန်းက မင်္ဂလာလက်စွပ်မဝတ်လိုဘဲနေလျှင် သင်ဝမ်းနည်းမည်မဟုတ်ပါလော။

**ဆင်ခြင်ရန်** - ဥပုသ်နေ့သန့်ရှင်းစွာ ဘုရားသခင်၌စောင့်ခြင်းသည် ပဋိညာဉ်လက္ခဏာသက်သေဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နေ့တစ်နေ့လုံးကို ကိုယ်တော်အတွက် အကျွန်ုပ်သန့်ရှင်းစွာ စောင့်လိုပါ၏။

အင်္ဂါ၊ မတ် (၁၂)
**ထွက် ၃၂း၁-၆**
တရား ၄း၁၅-၁၉

*“. . . မည်သည့်အဆင်းသဏ္ဌာန်ကိုမျှ မမြင်ရသည်ဖြစ်၍”*

## ရွှေနွားသူငယ်ရုပ်တုသည် သင်၏ဘုရားဖြစ်ပါသလား

မောရှေသည်သိနာတောင်ပေါ်၌ ဘုရားသခင်နှင့်အတူရှိနေစဉ်၊ မောရှေအပေါ် အဘယ်အမှုကျရောက်သည်ကို မသိကြသဖြင့် လူတို့သည် ကတိတော်ပြည်သို့ သွားရန်စိတ်မရှည်တော့ဘဲ ခရီးဆက်လိုကြ၏။ သို့သော်လည်း လမ်းခရီး၌သူတို့ကို ဦးဆောင်မည့်ဘုရားသခင်အတူပါရှိရန် အလိုရှိကြ၏။ ထို့ကြောင့်မောရှေတောင်ပေါ်မှ ဆင်းလာမည့်အချိန်ကိုမစောင့်လိုတော့ဘဲ ဘုရားသခင်ကိုယ်စားပြုသည့် တစုံတခုပြုလုပ်ပေးကြရန် အာရုန်အားပြောဆိုကြ၏ (ထွက် ၃၂း၁ နှင့် ၄ ၌တွေ့ရသော “ဘုရားတို့” နှင့် “ဘုရားသခင်” ဟူသောစကားလုံးတို့သည် မူရင်းဟေဗြဲစကားလုံး၌ အတူတူပင်ဖြစ်၏)။ အာရုန်ကလည်း သဘောတူ၍သူတို့၏ရွှေနားတောင်းများကို မိမိထံယူဆောင်လာကြရန် ဆိုခဲ့သည်။ အာရုန်က ရွှေနွားသူငယ်ရုပ်တုကို သွန်းလုပ်ခဲ့ပြီး၊ အဲဂုတ္တုပြည်မှ သင်တို့ကိုခေါ်ထုတ်တော်မူသော ဘုရားဟု သူတို့အားဆိုခဲ့၏။ ထို့ပြင် ယဇ်ပလ္လင်ကိုလည်း တည်၍ထာဝရဘုရားအဖို့ ပွဲခံရာနေ့ဖြစ်သည်ဟု ကြွေးကြော်ခဲ့၏။ လူတို့သည် စောစောထ၍ ဘုရားသခင်ရှေ့၌ ပူဇော်ခြင်းပြုကြ၏။ “ကခုန်မြူးထူးခြင်းငှါထကြ၏” (ထွက် ၃၂း၆) ဟူသောအသုံးအနှုန်းသည် ယောက်ျားမိန်းမဆက်ဆံခြင်းကျူးလွန်ခြင်းအမှုကို ကြားကောင်းအောင်ဖော်ပြခြင်းဖြစ်ပါသည်။ ဘုရားသခင်၏တုန်လှုပ်ဖွယ်တန်ခိုးကို မြင်တွေ့ခဲ့ကြပြီးမှ ထိုသို့သိနာတောင်ခြေရင်း၌ ပြုကြခြင်းဖြစ်၏။

သူတို့သည် ပညတ်တော်ဆယ်ပါးကို များမကြာမီ ကြားနာခဲ့ပြီးဖြစ်၏ (ထွက် ၂၀)။ သို့သော်လည်း အာရုန်နှင့်လူထုကြီးသည် ဒုတိယမြောက်ပညတ်တရားကို သိသိကြီးကျူးလွန်ခဲ့ကြ၏။ သူတို့၏ ရည်ရွယ်ချက်သည် မိမိတို့ကိုဦးဆောင်ဖို့ရန်ဘုရားသခင်ကို အလိုရှိကြသည်ဟုထင်ရပါသော်လည်း ဘုရားသခင်၏ပညတ်တရားချိုးဖောက်ခြင်းသည်အပြစ်ဖြစ်ပါသည်။ နွားသည်ခွန်အားနှင့်အထွက်တိုးခြင်းကိုကိုယ်စားပြုသည်ဖြစ်သောကြောင့် သူတို့၌ ဘုရားသခင်ကိုယ်စားပြု ထိုနွားသူငယ်ရှိခြင်းသည် သင့်တော်သည်ဟု ထင်ကြ၏။ ဤအပြစ်က အခြားသောပြစ်မှုကြီးများကို ထပ်၍ကျူးလွန်စေပါသည်။ ကျွန်တော်တို့သင်ခန်းစာယူရမည်မှာ ဘုရားသခင်နှင့်ကျွန်ုပ်တို့ကို ပို၍ရင်းနှီးကျွမ်းဝင်စေမည်ဟုထင်ရသောအရာပင်လျှင် ပညတ်တော်ချိုးဖောက်ခြင်းအမှုနှင့် ဆက်နွယ်ပါက လုံးဝမပြုရပါ။ သို့မဟုတ်လျှင် ရုပ်တုဆင်းတုကိုးကွယ်ပြုလုပ်ခြင်းဖြင့် ကျွန်တော်တို့အဆုံးသတ်ရပါလိမ့်မည်။ ယနေ့များစွာသောလူတို့သည် ဘုရားသခင်အတူပါရှိတော်မူခြင်းကို လိုချင်ကြသော်လည်း ဘုရားသခင်၏စကားနာခံလိုက်လျှောက်ခြင်းကိုမူ မပြုလိုကြပါ။ ဘုရားသခင်၏ပညတ်တော်တို့ကို အရေးမကြီးဟုမထင်ပါနှင့်။ ဘုရားသခင်၏ ပညတ်တရားလိုက်လျှောက်ခြင်းမရှိဘဲ၊ မိမိ၏အတွေးအခေါ်အားဖြင့် ဝတ်ပြုကိုးကွယ်ခြင်းပြုလျှင် သင့်အသက်တာ၌ နွားသူငယ်ရုပ်တုရှိနေကြောင်း အမှတ်ရပါလော့။ ထိုသို့ပြုလျှင် နောက်ဆက်တွဲဆိုးကျူးသင်ကြုံတွေ့ရပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ဘုရားမဟုတ်သောအရာနှင့် ကျွန်တော်အစားထိုးခဲ့ပါသလား။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ကို မှန်ကန်စွာသိ၍ နာခံလိုက်လျှောက်ခြင်းရှိမည်အကြောင်းမစတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၁၃)
**ထွက် ၃၂း၇-၁၄**
တရား ၉း၂၆-၂၉

*"... အကျွန်ုပ်တို့၌ ဘုန်းမရှိစေဘဲ၊
ကိုယ်တော်၏နာမ၌ဘုန်းရှိပါစေသတည်း"*

## အဘယ်အရာကိုသင်အဓိကထားပါသနည်း

ဘုရားသခင်ကမောရှေအား ဤလည်ပင်းခိုင်မာသောအမျိုးတို့သည် နွားသူငယ်ရုပ်တုကို ပြုလုပ်ကြပြီး ကိုးကွယ်ခြင်းပြု၍ ဖောက်ပြန်ခဲ့ကြသောကြောင့် တောင်ပေါ်မှဆင်းရန် မိန့်တော်မူခဲ့၏။ ကျွန်ုပ်တို့၏ဘဝခရီး၌ ဘုရားသခင်၏ပညတ်တရားတော်ကို နာခံလိုက်လျှောက်လိုခြင်းမရှိဘဲ၊ ဘုရားသခင်၏မစတော်မူခြင်းသာ အလိုရှိကြလျှင် ဤသို့ဘုရားသခင်မြင်တော်မူကြောင်း သတိပြုကြပါစို့။ ဤလူမျိုးသည် လည်ပင်းခိုင်မာသောအမျိုးဖြစ်သောကြောင့် ဖျက်ဆီး၍မောရှေအား လူမျိုးကြီးဖြစ်စေမည်ဟု ဘုရားသခင်ဆိုခဲ့၏။ မောရှေကဘုရားသခင်အား ထိုသို့မပြုခြင်းငှါ တောင်းလျှောက်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် (၁) အဲဂုတ္တုလူတို့ကဘုရားသခင်အား တန်ခိုးတော်ပြပြီးမှ တောတောင်များ၌သတ်ခြင်းငှါ မိမိလူတို့ကို အဲဂုတ္တုပြည်မှခေါ်ထုတ်ခဲ့သည်ဟု ကဲ့ရဲ့မည်ကိုစိုးရိမ်သောကြောင့်ငှင်း၊ (၂) အာဗြဟံ၊ ဣဇာက်နှင့်ဣသရေလအပေါ်ပြုသော၊ ကတိတော်ပြည်သို့ ပို့ဆောင်မည်ဟူသော ပဋိညာဉ်ကို အောက်မေ့ခြင်းငှါဖြင်း ထိုသို့တောင်းလျှောက်ခြင်းဖြစ်၏။ "ထာဝရဘုရားသည် မိမိလူတို့အား အပြစ်ပေးမည်အကြံကို နောင်တရတော်မူ၏" (ထွက် ၃၂း၁၄)။ ဆိုလိုသည်မှာ ဘုရားသခင်က ဣသရေလလူတို့ ခံထိုက်သောမကောင်းမှုဆိုးကျိုးကို မခံစေဘဲ နေတော်မူ၏။

ဘုရားသခင်သည်မောရှေထက်ပို၍ ချစ်ခြင်းမေတ္တာမရှိ၊ စိတ်ရှည်ခြင်းမရှိ၊ ပညာမရှိဟု မဆိုလိုပါ။ ဘုရားသခင်သည်မိမိပြုသော ပဋိညာဉ်ကိုစောင့်ထိန်းမည်ဖြစ်ပါသည်။ သို့သော်လည်း ဤအကြောင်းအရာမှ ကျွန်တော်တို့သင်ယူစရာဟူမူကား (၁) သူတို့ကဲ့သို့ပြုမူကျင့်ကြံလျှင် ကျွန်တော်တို့ခံရမည့်ဆိုးကျိုးနှင့် (၂) မောရှေ၏ စိတ်သဘောထားတို့ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားကျောင်းသွားရုံဖြင့်၊ ဘုရားတရားပြောရုံဖြင့်၊ ဘုရားသခင်အလွန်ဝမ်းမြောက်ခြင်းရှိသည်ဟု မထင်မှတ်ကြရပါ။ မောရှေအဓိကထားသောအရာအားဖြင့်လည်း ကျွန်တော်တို့သင်ခန်းစာယူနိုင်ပါသည်။ သူသည်ယာကုပ်အစား မိမိ၏နာမည်အားဖြင့် လူမျိုးကြီးပေါ်ထွန်းမည်ဟူသောအခွင့်ရခဲ့၏။ ဤလည်ပင်းခိုင်မာသောအမျိုးကို လမ်းပြခေါ်ဆောင်၍ အမျိုးမျိုးအသက်အန္တရာယ်ကြုံနေရမည့်အစား ပို၍အဆင်ပြေလွယ်ကူသောဘဝကိုရမည်ဖြစ်၏။ သို့သော်လည်းသူတပါးက ဘုရားသခင်ကို မည်သို့ပြောကြမည်နည်းဟူသောအချက်ကို ပို၍အဓိကထားခဲ့၏။ မိမိအတွက်ပို၍ အဆင်ပြေမည့်ဘဝကိုရရှိခြင်းထက် ဘုရားသခင်၏ဘုန်းတော်ကိုသာအဓိကထားခဲ့ပါသည်။ ထို့ပြင်မောရှေသည် ဘုရားသခင်၏လူတို့နှင့် အမှုတော်ဆောင်ခြင်းကို မိမိမပိုင်ဘဲ ဘုရားသခင်ပိုင်တော်မူကြောင်း ကောင်းကောင်းသိခဲ့၏။ ကျွန်တော်တို့သည် မိမိတို့၏ဂုဏ်သိက္ခာနှင့်ပျော်ရွှင်မှုကို အဓိကထားပါသလား။ (သို့) ဘုရားသခင်၏ဂုဏ်တော်၊ ဘုရားသခင်လူတို့နှင့်ဘုရားသခင်၏ဘုန်းတော်ကို အဓိကထားပါသလား။ သင်ဆောင်ရွက်နေသော အမှုတော်ကိုပို၍ အကျိုးရှိမည့်ပုဂ္ဂိုလ်တို့ထံ ဘုရားသခင်အပ်ပေးတော်မူသောအခါ သင်ဝမ်းနည်းပါမည်လော။ သင်သည် မိမိ၏ဂုဏ်သိက္ခာကို အဓိကထားပါသလား (သို့) ဘုရားသခင်၏နာမတော်နှင့်ဘုန်းတော်ကိုပို၍ အဓိကထားပါသလား။

**ဆင်ခြင်ရန်** - ဘဝ၌ကျွန်တော်အဓိကထားသောအရာကား အဘယ်နည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားခြင်းအမှုကို ပို၍အဓိကထားမည်အကြောင်းမစတော်မူပါ။

ကြာသပတေး၊ မတ် (၁၄)
**ထွက် ၃၂း၁၅-၂၀**
တရား ၉း၁၅-၂၁

*"မကောင်းကိုအကောင်း၊ အကောင်းကိုမကောင်း ဟုခေါ်တတ်သောသူ . . "*

---

# အဘယ်အရာကသင့်ကိုအစိကဒေါသထွက်စေပါသနည်း

ဘုရားသခင်ကမောရှေအား ဣသရေလလူတို့ပြုသောအမှုကို ပြောကြား၍တောင်ခြေသို့ ဆင်းသွားခြင်းငှါ မိန့်တော်မူသောအခါ၊ မောရှေသည် ပညတ်တော်ဆယ်ပါးထွင်းထားသော ကျောက်ပြားနှစ်ပြားကိုယူ၍ဆင်းသွားခဲ့၏။ မိမိအားစောင့်နေခြင်းငှါ မှာထားခဲ့သောယောရှုကို မောရှေတွေ့ခဲ့၏။ ယောရှုကလူတို့၏အသံကို စစ်ပွဲအသံဟုထင်ခဲ့၏။ သို့သော်လည်း မောရှေကထိုအသံသည် စစ်ပွဲနိုင်သောကြောင့်ဖြင့်၊ ရှုံးသောကြောင့်ဖြင့် အော်ဟစ်သောအသံမဟုတ်ဘဲ၊ သီချင်းဆိုခြင်းအသံဖြစ်ကြောင်း ပြောပြခဲ့၏။ ဤသို့သောဆူညံသံပေါ်ထွက်စေသော ဂီတနှင့်လူတို့၏အော်ဟစ် ကြွေးကြော်ခြင်းသည် မည်သို့သောအရာနည်း။ မောရှေသည် နွားသူငယ်ရုပ်တုနှင့်လူတို့ကခုန်ခြင်းကို မြင်သောအခါ "အမျက်ထွက်သဖြင့် ကျောက်ပြားတို့ကိုချ၍ တောင်ခြေရင်း၌ချိုးဖဲ့၏" (ထွက် ၃၂း၁၉)။ နွားသူငယ်ရုပ်တုကို ညက်ညက်ခြေပြီးမှ ဣသရေလလူတို့အား ရေနှင့်သောက်စေခဲ့၏။

မောရှေ၏ကျောက်ပြားချိုးဖဲ့ခြင်းသည် မောရှေစိတ်တိုသောကြောင့်မဟုတ်၊ အမှုမဲ့အမှတ်မဲ့ခြင်းမဟုတ်ပါ။ ဤအမှုက မိမိတို့ထံပေးတော်မူသော ပဋိညာဉ်ကိုလူတို့ကချိုးဖောက်ခဲ့ကြောင်း ဖော်ညွှန်းခြင်းဖြစ်ပါသည်။ မောရှေ၏အမျက်ထွက်ခြင်း (ထွက် ၃၂း၁၉) နှင့်ဘုရားသခင်၏အမျက်ထွက်ခြင်း (ထွက် ၃၂း၁၀) တို့သည် မူရင်းစကားလုံးအတူတူပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ မောရှေက အပြစ်ကိုဘုရားသခင်မြင်သည်အတိုင်းမြင်ခဲ့၏။ မောရှေက သန့်ရှင်းသောအမျက်ဒေါသဖြင့် တုန့်ပြန်ခဲ့ခြင်းဖြစ်သည်။ အဘယ်အရာက သင့်ကိုအမျက်ထွက်စေပါသနည်း။ အပြစ်ဖြစ်ပါသလား။ အပြစ်ကိုဘုရားသခင်မြင်သကဲ့သို့ သင်မြင်ပါသလား။ အပြစ်က သင့်ကိုဒေါသထွက်စေပါသလား။ ဝမ်းနည်းစေပါသလား။ ဣသရေလလူတို့သည် ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်ပြီး၊ ပျော်ရွှင်စွာကခုန်ခဲ့ကြ၏။ ဝမ်းနည်းစရာကောင်းသည်မှာ ယုံကြည်သူသည် ဘုရားသခင်၏ပညတ်တရားကို ချိုးဖောက်လျက် ဘုရားကျောင်းသို့သွားလျက်ချီးမွမ်းသီချင်းဆိုပြီး၊ ဘုရားသခင်ကျေနပ် အားရခြင်းရှိမည် ဟုထင်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ထိုသို့ဖြစ်ပါသလား။ အပြစ်ကျူးလွန်သောအခါ လူနည်းစုကသာ ဆင်ခြင်၍ဝမ်းနည်းခြင်းရှိကြ၏။ ယုံကြည်သူတို့သည် နေ့စဉ်အသက်ရှင် နေထိုင်ပုံ၊ ဝတ်စားဆင်ယင်ပုံတို့အားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို နင်းချေ၍ အပြစ်ကိုထောက်ခံအားပေးကြသောအခါ အမျက်ဒေါသထွက်ကြပါသလား။ အချို့သောအသင်း တော်ခေါင်းဆောင်တို့သည် သန့်ရှင်းသောအမျက်ဒေါသထွက်၍ အပြစ်ကိုဆန့်ကျင်လျက် တရားဟောရမည့်အစား၊ မသိသလိုနေတတ်ကြ၏။ အပြစ်ကိုကျွန်တော်တို့ မည်သို့ထင်မြင်ရှုမြင်ကြောင်း ပြန်၍ဆန်းစစ်ကြရပါမည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည်အပြစ်တရား၌ ထုံကျင်ခြင်းရှိနေပြီလား။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အပြစ်ကိုအလျင်အမြန်သိမြင်မည်အကြောင်း အပြစ်ကိုဆန့်ကျင်၍ အမျက်ထွက်မည်အကြောင်း မစတော်မူပါ။

သောကြာနေ့၊ မတ် (၁၅)
**ထွက် ၃၂း၂၁-၂၄**
က ၃း၉-၁၃

*“. . . အကျွန်ုပ်၌ အပ်ပေးတော်မူသော
မိန်းမသည် . . . မြွေသည်
ကျွန်တော်မကို လှည့်စား၍၊ . . . ”*

## သူတပါးအပြစ်တင်ခြင်းကိုရပ်တန့်ပါလော့

မောရှေကအာရုန်အား ဤအပြစ်ကိုလူတို့ကျူးလွန်ခြင်းငှါ ခွင့်ပြုရလောက်အောင် သူတို့က အဘယ်အမှုကိုပြုသနည်းဟုမေးခဲ့၏။ အာရုန်ကမောရှေအား ဤလူတို့၏အပြစ်ပြုလိုသောစိတ်ကို သင်ကိုယ်တိုင်သိသည်ဖြစ်သောကြောင့် အမျက်မထွက်ရန်ဆိုခဲ့၏။ ထို့ပြင်မောရှေဆင်းမလာသေးသောကြောင့် အဘယ်အမှုဖြစ်သည်ကို မသိကြသဖြင့် လူတို့က မိမိတို့ကိုဦးဆောင်မည့် ဘုရားသခင်ရုပ်တုပြုလုပ်ပေးခြင်းငှါ မိမိအား တောင်းလျှောက်ခဲ့ကြောင်းအာရုန်ရှင်းပြခဲ့၏။ ထို့နောက် မိမိကိုယ်တိုင်ပုံသွင်းပြုလုပ်ပေးခြင်းကို ချန်လှပ်၍၊ နွားသူငယ်ရုပ်တုပြုလုပ်ခြင်းငှါ ပစ္စည်းများတောင်းခဲ့ကြောင်းကို ဝန်ခံခဲ့၏။ ထို့နောက် ထိုရွှေတို့ကို မီးထဲသို့ထည့်၍ “နွားသူငယ်ထွက်လာပါသည်” (ထွက်၃၂း၂၄) ဟုဆိုခဲ့၏။

မောရှေက အာရုန်အားမန်ကန်စွာ ပြစ်တင်ဆုံးမခဲ့၏။ အာရုန်သည်ဘုရားသခင်၏လူတို့ကို စောင့်ရှောက်ခြင်းငှါ တာဝန်ပေးခြင်းခံခဲ့ရပါသည် (ထွက် ၂၄း၁၄)။ ဘုရားသခင်၏အံ့ဖွယ်တန်ခိုးတော်နှင့် ဘုရားသခင်ကိုလည်း မြင်တွေ့ခဲ့ပါသည် (ထွက် ၂၄း၁၀)။ သို့ဆိုလျှင် ဤမျှလောက်သော ကြီးမားသည့်အပြစ်ကို ကျူးလွန်စေခြင်းငှါ လူတို့က မိမိအပေါ် အဘယ်အမှုကို ပြုခဲ့ကြပါသနည်း။ အာရုန်၌ ဆင်ခြေပေးစရာလုံးဝမရှိပါ။ အာရုန်၏တုန့်ပြန်ချက်၌အမှားပါပါသလား။ မောရှေစောလျှင်စွာပြန်ဆင်းမလာဘဲ အချိန်ကြာမြင့်စွာတောင်ပေါ်၌နေသောကြောင့် လူတို့သည် စိတ်ရှည်ခြင်းမရှိဘဲ အပြစ်ပြုကြခြင်းဖြစ်သည်ကို မောရှေပို၍သိပါသည်ဟု မိမိအပြစ်လျှော့စေခြင်းငှါ ဆိုခဲ့၏။ ထို့ပြင် နွားသူငယ်ရုပ်တုသည် အံ့သြစရာကောင်းလောက်အောင် မိမိကိုယ်ကိုထွက်လာခဲ့သည်ဟု မိမိအပြစ်ကိုဖုံးကွယ်ခြင်းငှါ ဆိုခဲ့၏။ အာရုန်ကဲ့သို့မဖြစ်ရန် သင်ခန်းစာယူကြပါစို့။

ကျွန်တော်တို့အပြစ်ပြုသောအခါ အခြေအနေနှင့်သူတပါးကို အပြစ်မတင်ဘဲနေကြပါစို့။ အာရုန်ကဣသရေလလူ၊ မောရှေနှင့်အလိုအလျောက် ထွက်လာသည်ဟု ဆိုသော မီးနှင့်နွားသူငယ်ကိုပင် အပြစ်တင်ခဲ့၏။ အရာခပ်သိမ်းကို သိမြင်တော်မူသော ဘုရားသခင်ကို လှည့်ဖြားလိမ်လည်ခြင်းငှါ ကြိုးစားသည်မဟုတ်လော။ သင့်အပြစ်ကျူးလွန်သောအခါ မိတ်ဆွေ၊ ဆွေမျိုးသားချင်း၊ ခင်ပွန်းသည်၊ အခြေအနေနှင့်အသင်းတော်ကို အပြစ်တင်တတ်သောအကျင့် သင့်၌ရှိပါသလား။ ကျွန်ုပ်တို့၏ အပြစ်များကို ဝန်ခံတောင်းပန်ခြင်းမပြုလျှင်၊ ဆင်ခြေပေး၍ သူတပါးအပေါ် အပြစ်တင်ဖို့ရန်သာရှိ၏။ နောင်တရမရဘဲ ကျွန်တော်တို့ဆက်လက်ရပ်တည်နေမည်သာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်အပြစ်ကြောင့် သူတပါးကို အပြစ်တင်သောအခါ အဘယ်သူကို ကျွန်တော်လှည့်စားနေပါသနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အပြစ်အပေါ် တာဝန်ယူလိုစိတ်ရှိခြင်းငှါ မစတော်မူပါ။

**ထွက် ၃၂း၂၅-၂၉**
မသဲ ၁၀း၃၇-၃၉

*“ငါ့ဘက်၌ မနေသောသူသည်
ငါ့ရန်ဘက်ဖြစ်၏ . . . ”*

# ထာဝရဘုရားဘက်၌ကျွန်တော်အမှန်ရပ်တည်ပါသလား

မောရှေက လူတို့သည် အဝတ်ချည်းစည်းရှိကြကြောင်းကို မြင်ခဲ့၏။ တပ်တံခါးဝမှာရပ်လျက် “ထာရဘုရားဘက်၌အဘယ်သူနေသနည်း” (ထွက် ၃၂း၂၆) ဟုဆိုခဲ့၏။ လေဝိအမျိုးသားတို့သည် ထရ၍မောရှေထံ၌စည်းဝေးကြ၏။ မောရှေက လေဝိအမျိုးသားတို့အား ထာဝရဘုရားထံမှ အမိန့်တော်ဖြစ်သော လူတိုင်း ဓားကိုကိုင်ဆောင်လျက် အပြစ်ရှိသောသူအပေါင်းတို့အား မိတ်ဆွေသူငယ်ချင်းနှင့်ဆွေမျိုးသားသမီး၊ ညီအစ်ကိုနှင့် အိမ်နီးချင်းဖြစ်စေ သတ်ကြခြင်းငှါ ဆိုခဲ့၏။ လူသုံးထောင်သေခဲ့ပါသည်။

ဤအမှုသည် အလွန်ပြင်းထန်လွန်းပါသလား။ ဤအမှုသည် ဝိညာဉ်နှင့်ဆိုင်သော စစ်ပွဲဖြစ်၏။ အတွင်းရန်သူသည် အပြင်ရန်သူထက် ပို၍အလွန်ကြောက်စရာကောင်းလှပေ၏။ အတွင်းရန်သူသည် ကြီးစွာသောပျက်စီးခြင်းကို ဖြစ်စေနိုင်ပါသည်။ ဤအတွင်း ရန်သူတို့ကို ဆက်လက်အသက်ရှင်ခွင့်ပေးခဲ့သော်၊ ဘုရားသခင်၏ ကယ်တင်ခြင်းအမှုတော်အစီအစဉ်ထိခိုက်ခြင်းရှိနိုင်ပါသည်။ ရုပ်တုကိုးကွယ်ခြင်းသည် နောက်ဆက်တွဲအကျိုးကိုကြည့်ခြင်းဖြင့် အလွန်ကြောက်စရာကောင်းကြောင်းတွေ့နိုင်ပါသည်။ တပ်တံခါးဝ၌ မောရှေရပ်နေစဉ်ပင် ထိုက္ကသရေလတို့သည် အဝတ်ချည်းစည်းဖြင့် ကခုန်လျက် ယောက်ျားမိန်းမဆက်ဆံကြ၏။ ထိုသို့ပြုကြခြင်းကို သင်ယုံနိုင်ပါသလား။ သင်သည် ဘုရားသခင်ဘက်၌ ရပ်တည်ကြောင်းအဘယ်သက်သေရှိပါသနည်း။ သင်၏ဆွေမျိုးသူငယ်ချင်းနှင့် မိဘတို့အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာထက်ဘုရားသခင်၏စကားတော်ကို သင်နာခံခြင်းပိုရှိသောအခါ ထိုအချက်သည် သက်သေဖြစ်ပါသည်။ ရန်သူတို့ထံမှ တသီးတခြားနေ၍ ဘုရားသခင်ဘက်၌ ရပ်တည်ခြင်းသည် လွယ်ကူသောအမှုဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ဆွေမျိုးသားချင်းတို့အပြစ်ပြု၍နောင်တမရကြသောအခါ မည်သို့ပြုရပါမည်နည်း။ သူတို့ကိုသတ်ဖို့မဟုတ်ဘဲ သူတို့၏အပြစ်ကိုဖော်ထုတ်လျက် ဆုံးမ၍နောင်တမရလျှင် စီရင်ခြင်းပြုရပါမည်။ ထိုသို့မပြုလျှင် သူတို့၏လွဲမှားသောလမ်းစဉ်ကို လူတို့လိုက်လျှောက်ကြပါလိမ့်မည်။ မောရှေဘက်၌ရပ်တည်ရုံမျှမဟုတ်၊ မိမိတို့၏ဆွေမျိုးသားချင်းတို့ကို သတ်ဖို့လိုအပ်ခဲ့ပါသည်။ လူများတို့သည် စစ်မှန်သော အသင်းတော်၌ အသင်းဝင်လိုကြပါသည်။ သို့သော်လည်းအပြစ်ကို ဆန့်ကျင်လျက် သမ္မာတရားဘက်၌ ရပ်တည်ဖို့ရန် လိုအပ်သောအခါ ထိုသို့မပြုလိုကြပါ။ အပြစ်နှင့်မှားယွင်းသော သွန်သင်ချက်တို့ကို သည်းခံလျက်နေတတ်ကြ၏။ ခရစ်ယာန်များစွာတို့ထံမှ ထွက်လာသောမှားယွင်းသောသတင်းကောင်းသည် များစွာသောလူတို့ကို ငရဲသို့ပို့ဆောင်လိမ့်မည်ဖြစ်၏။ အသင်းတော်၌တွေ့ရသောအပြစ်နှင့်ယှဉ်သော နေပုံထိုင်ပုံတို့သည် များစွာသောသူတို့၏အကြိုက်ပင်ဖြစ်ပါသည်။ သင်ဤအမှု၌ စီရင်ခြင်းပြုပါမည်လော။

**ဆင်ခြင်ရန်** - ထာဝရဘုရားဘက်၌ ရပ်တည်ခြင်းသည် အလွန်ခက်ခဲသောအမှုပြုခြင်းငှါ လိုအပ်သောအချိန်ရှိတတ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အရာအားလုံးထက် ကိုယ်တော်ကိုပို၍ ချစ်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ မတ် (၁၇)
**ထွက် ၃၂း၃၀-၃၃**
တမန် ၂၀း၂၆-၃၅

*“. . . လူအပေါင်းတို့၏အသွေးနှင့် ငါကင်းလွတ်သည်ဟု ယနေ့၌ သင်တို့အားငါသက်သေခံ၏”*

## သင်းအုပ်ဆရာ၏စိတ်နှလုံး

လူသုံးထောင်အသေသတ်ခြင်းခံရပြီးနောက်နေ့၌ မောရှေက လူတို့အား သင်တို့ကြီးမားသော အပြစ်လွန်ကျူးခဲ့ကြောင်းဆိုခဲ့၏။ သူတို့သည် ဒုတိယမြောက်ပညတ်ချက်ကို သိသိကြီးချိုးဖောက်ခဲ့ကြ၏။ သူတို့၏အပြစ်ဖြေစရာအဖို့ ဘုရားသခင်ထံ တောင်းလျှောက်ခြင်းပြုမည်ဟု မောရှေဆိုခဲ့၏။ မောရှေ က လူတို့၏အပြစ်ကို ဘုရားသခင်ရှေ့၌ ဝန်ခံခဲ့၏။ သူတို့ကိုခွင့်လွှတ်ခြင်းငှါ ဘုရားသခင်ထံ မောရှေတောင်းလျှောက်ခဲ့ပြီး၊ ခွင့်လွှတ်တော်မမူလျှင် စာရင်း၌ မိမိနာမည်ကို ချေဖျက်ခြင်းငှါတောင်းခဲ့၏။ ထာဝရဘုရားက ပြစ်မှားသောသူတို့၏ နာမည်ကိုသာ စာရင်း၌ချေဖျက်မည်ဟု မိန့်တော်မူခဲ့၏။

ဤအဖြစ်အပျက်မှ ဘုရားသခင်၏လူတို့အပေါ် မောရှေထားရှိသော သင်းအုပ်ဆရာစိတ်သဘောထားကို တွေ့ရပါသည်။ သူသည်အပြစ်ကို လုံးလုံးစီရင်ခဲ့ပါသည်။ အပြစ်ကိုမုန်းတီးလျက် အမျက်ထွက်ခဲ့၏။ ဘုရားသခင်၏ကယ်တင်ခြင်းအမှုနှင့်ဆိုင်သောအစီအစဉ်ကို အထူးအလေးထားခဲ့ပါသည်။ (မောရှေသည် ဘုရားသခင်၏ကယ်တင်ခြင်းအစီအစဉ်ကို ယုံကြည်ခြင်းအားဖြင့် ထွက်မြောက်ရာကျမ်းအခန်းကြီး ၁၂ မှ ပသခါပွဲမှသိခဲ့ပါသည်)။ တပ်အတွင်း၌ အပြစ်လွန်ကျူးခြင်းရှိသောအခါ ထိုလူတို့သည် မိမိအပေါ် ကောင်းသောသူမဟုတ်ကြသောကြောင့် သူတို့အပြစ်ဒဏ်ခံစေခြင်းငှါ သူတို့ကိုအပြစ်တင်လျက် ပစ်ထား၍ရပါသည်။ သို့သော်လည်း ထိုသို့မပြုဘဲ သူတို့အတွက် ဘုရားသခင်ထံမှ ဂရုဏာတော်ကို မောရှေတောင်းလျှောက်ပေးခဲ့ပါသည်။ ထို့ပြင် သူတို့ကိုယ်စား မိမိအသက်ပင် စတေးလိုခြင်းရှိခဲ့၏။ မောရှေ၏ သင်းအုပ်ဆရာစိတ်နှလုံးသည် သူတို့အသက်ရှင်ဖို့ အရေးသာမဟုတ်ခဲ့ပါ။ ထိုသို့ဆိုလျှင် လူသုံးထောင်ကို သတ်ခဲ့မည်မဟုတ်ပါ။ သူသည် ဘုရားသခင်၏ ကယ်တင်ခြင်းအစီအစဉ်ကြောင့် ထိုလူတို့ကိုယ်စားမိမိအသက်ပင် စတေးလိုခြင်းဖြစ်၏။ အသက်ရှင်ကျန်ရစ်သောဘုရားသခင်၏လူတို့သည် ရွေးနှုတ်တော်မူသည်အတိုင်း ဘုရားသခင်၏ ကယ်တင်ခြင်းအစီအစဉ်ကို ပြည့်စုံစေကြခြင်းငှါ မောရှေအလိုရှိပါ၏။ မောရှေသည် မိမိထိန်းကျောင်းနေရသော ဘုရားသခင်၏သိုးစုအတွက် ဝိညာဉ်အရေးနှင့်ဆိုင်သောအရာ အကောင်းဆုံးဆောင်ရွက်လိုခဲ့၏။ မည်သို့သောသင်းအုပ်ဆရာ သင်လိုချင်ပါသနည်း။ သင်သည် ဘုရားသခင်အတွက် အသုံးဝင်၍ ဘုရားသခင်၏စိတ်တော်နှင့်ထိတွေ့သောသူဖြစ်ခြင်းငှါ သင့်အပြစ်ကို ဖော်ပြထုတ်သောသူမျိုးလော (သို့) သင့်အပြစ်ကို မမြင်ဟန်ဆောင်၍ သင့်အလိုကိုလိုက်သောသူမျိုးလော။ မှားယွင်းသောသွန်သင်ချက်ကို ဆန့်ကျင်လျက် သင်၏ဝိညာဉ်အရေးကြီးထွားခြင်းငှါ ဂရုစိုက်သောသူမျိုးလော (သို့) အဘယ်သွန်သင်ခြင်းကိုမဆို ဂရုမစိုက်ဘဲ ကောင်းသည်ဟုလက်ခံလျက် အားလုံးနှင့်မိတ်ဆွေဖွဲ့တတ်သော၊ ဘုရားသခင်၏နာမတော်ကို ဂရုမစိုက်ဘဲနေထိုင်သော ခရစ်ယာန်တို့ကို အားပေးအားမြှောက်ပြုသောသူမျိုးလော။ ဘုရားသခင်၏အသင်းတော် သန့်ရှင်း၍ ဘုရားသခင်အတူပါရှိတော်မူခြင်းခံခြင်းငှါ လူတို့၏မုန်းတီးခြင်းကိုပင်ခံလိုသောသူမျိုးလော (သို့) အပြစ်ကို စီရင်ခြင်းမပြုဘဲ သူတပါးနာကျင်ခံစားမည်ကို အဓိကထား၍လူတိုင်းအပေါ် ကောင်းမွန်လွန်းသော ကျော်ကြားသော သင်းအုပ်မျိုးလော။

**ဆင်ခြင်ရန်** - သင်းအုပ်ဆရာ၌မည်သို့သောစိတ်နှလုံးရှိရပါမည်နည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ စစ်မှန်သောသင်းအုပ်ဆရာတို့ကို သဘောကျတတ်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ မတ် (၁၈)

**ထွက် ၃၂း၃၄-၃၅**

ဟေဗြဲ ၁၂း၅-၁၁

*“. . . သူတို့၌အပြစ်ပေးလျက် ကြွလာမည်ဟု မိန့်တော်မူ၏”*

# ဘုရားသခင်သည်အပြစ်ကိုစီရင်တော်မူမည်

ဘုရားသခင်က မောရှေအားခေါ်တော်မူသောအချိန်၌ မှာထားတော်မူသကဲ့သို့ ဣသရေလလူတို့ကို ဂတိတော်ပြည်သို့ ပို့ဆောင်လမ်းပြခြင်းငှါ မိန့်တော်မူခဲ့၏။ မိမိတမန်ကိုလည်း သူတို့ရှေ့၌ စေလွှတ်ခြင်းငှါ ဂတိထားတော်မူ၏။ သို့သော်လည်း သူတို့၏အပြစ်ကိုမူ စီရင်တော်မူမည်ဟု ဆိုခဲ့၏။ ထို့ကြောင့် “အာရုန်နှင့်လူများတို့သည် နွားသူငယ်ကို လုပ်ကြသောကြောင့်” (ထွက် ၃၂း၃၅) သူတို့ကို ဘုရားသခင်ဒဏ်ခတ်တော်မူခဲ့၏။

မောရှေသည် ဣသရေလလူတို့ကို ဂတိတော်ပြည်သို့ လမ်းပြပို့ဆောင်ခြင်းအမှုဟူသော ဘုရားသခင်အပ်ပေးတော်မူသော တာဝန်ကို ဆက်လက်ထမ်းရွက်ရမည်ဖြစ်၏။ မောရှေသည် ဘုရားသခင်ထံ အာဖြဟံ၊ ဣဇာက်နှင့် ဣသရေလအပေါ်ပြုတော်မူသော ပဋိညာဉ်ကို အခြေခံ၍တောင်းလျှောက်ခြင်းပြုခဲ့၏။ ဘုရားသခင်ကလည်း ထိုပဋိညာဉ်ကို အစကတည်းမှ ထိန်းသိမ်းပြည့်စုံစေခြင်းငှါ ရည်ရွယ်ချက်ရှိတော်မူ၏။ မိမိပြုတော်မူသော တဖက်သတ်ပဋိညာဉ်ကို ဘုရားသခင်အလေးထားတော်မူပါသည်။ ဘုရားသခင်သည် လူတို့ကို ခွင့်လွှတ်တော်မူသော်လည်း ပြစ်ဒဏ်မခံရဟု မဆိုလိုပါ။ ခွင့်လွှတ်တော်မူသော်လည်း အပြစ်ဒဏ်ကိုမူ စီရင်ရမည်ဖြစ်၏။ ရှင်ဘုရင်ဒါဝိတ်သည် အပြစ်ကျူးလွန်၍ ဝန်ချတောင်းပန်ခဲ့ပြီး၊ ဘုရားသခင်ကခွင့်လွှတ်တော်မူသော်လည်း အပြစ်၏ဒဏ်ကိုမူ ခံရမည်ဖြစ်ပါသည် (၂ ရာ ၁၂း၁-၁၄)။ ဘုရားသခင်သည် အပြစ်ဒဏ်ကို စီရင်တော်မူပြီး၊ အပြစ်ကျူးလွန်သောသူအား နောက်ထပ်မကျူးလွန်စေခြင်းငှါ ထိုအပြစ်ဒဏ်သည် သတိပေးချက်ဖြစ်လာမည်ဖြစ်၏။

အပြစ်မှနောင်တရလျက် ခရစ်တော်ထံ ချဉ်းကပ်သောစစ်မှန်သော ယုံကြည်သူသည် အဆုံးတိုင်အောင် ကယ်တင်ခြင်းခံရသောသူဖြစ်၏။ တစ်ကြိမ်ကယ်တင်ခြင်းခံရသောသူသည် ထာဝရကယ်တင်ခြင်းခံရ၏ (ယော ၃း၁၆၊ ၁၀း၂၇-၂၉)။ သို့သော်လည်း ဘုရားသခင်၏ထာဝရပြစ်ဒဏ်ချမှတ်ခြင်းနှင့် ဆုံးမခြင်းကို မရောထွေးသင့်ပါ။ ကယ်တင်ခြင်းခံရသောယုံကြည်သူသည် အပြစ်ကို အစဉ်ကျူးလွန်လျှင်လည်း ပြဿနာမရှိဟု မထင်သင့်ပါ။ သင်သည်ကယ်တင်ခြင်းခံရသောသူမှန်လျှင် ဘုရားသခင်က သင့်ကိုစီရင်မည်ဖြစ်၏။ နာမတော်ကိုအရှက်ရစေသောသူဖြစ်ရန် သင့်ကိုခွင့်ပြုတော်မမူ။ အပြစ်ဒဏ်မခံစေဘဲ အပြစ်၌ကျင်လည်သောသူမဖြစ်စေလိုပါ။ ဒါဝိတ်သည် ဘုရားသခင်၏ဆုံးမခြင်းကို ခံယူပြီးမှ သူ့မယားပြစ်မှားခြင်းအပြစ်ကို နောက်ထပ်မကျူးလွန်တော့ပါ။ အပြစ်ဒဏ်သည် နာကျင်သော်လည်း ဝိညာဉ်အရေးများစွာ အကျိုးရှိစေပါသည်။ ဣသရေလလူတို့သည် သင်ခန်းစာယူခဲ့ကြပါသလား။ နောင်လာနောက်သားများထပ်၍ အပြစ်ကျူးလွန်ခဲ့ပါသည်။ သင်ကောမည်သို့နည်း။

**ဆင်ခြင်ရန်** - ဘုရားသခင်ခွင့်လွှတ်တော်မူသော်လည်း အကျွန်ုပ်၏အပြစ်ဒဏ်ကိုမူ စီရင်မည်ဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်ခံရသောအပြစ်ဒဏ်မှ သင်ခန်းစာယူမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ မတ် (၁၉)
**ထွက် ၃၃း၁-၃**
ဗျာ ၄း၁၁

*“. . . ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူပြီ။ ထိုအရာတို့သည် အလိုတော်ကြောင့်ဖြစ်၍ဖန်ဆင်းလျက်ရှိကြပါ၏. . . ”*

## ဝမ်းနည်းစရာမှတ်ချက်

ထာဝရဘုရားက အဲဂုတ္တုပြည်မှ ဖော်ထုတ်ခဲ့သော မောရှေနှင့်ဣသရေလလူတို့သည် အာဗြဟံ၊ ဣဇက်နှင့်ဣသရေလထံ ဘုရားသခင်ကတိတော်ရှိသည်အတိုင်း ကတိတော်ပြည်သို့ သွားကြရမည်ဖြစ်၏။ ထိုပြည်ကိုအာဗြဟံ၊ ဣဇက်နှင့်ဣသရေလမျိုးတို့ထံ ပေးမည်ဟု ကတိတော်ရှိခဲ့ကြောင်း ထပ်၍ဖော်ပြခဲ့ပါသည်။ သူတို့၏ရန်သူတို့ကို ရှေ့မှနှင်ထုတ်ခြင်းငှါ ကောင်းကင်တမန်စေလွှတ်မည်ဟု ဆို၏။ သူကိုယ်တိုင်ကမူ ထိုလည်ပင်းခိုင်မာသောအမျိုးနှင့်အတူ မသွားဘဲနေမည်၊ သွားခဲ့လျှင် လမ်း၌သူတို့ကို ဖျက်ဆီးမည်စိုးရိမ်စရာရှိသောကြောင့်တည်း။

ဝမ်းနည်းစရာကောင်းသော မှတ်ချက်ပေတည်း။ သူတို့သည် လည်ပင်းခိုင်မာသောအမျိုးဖြစ်ကြသောကြောင့် အမှန်မှာ ကတိတော်ပြည်နှင့်ထိုက်တန်ခြင်းမရှိကြကြောင်း ထာဝရဘုရားဖော်ပြခြင်းပေတည်း။ သူကိုယ်တိုင်သူတို့နှင့်အတူ မပါရှိသော်လည်း ရန်သူတို့ကို ရှေ့မှနှင်ထုတ်ပေးလျက် သူတို့အတွက် တိုက်ခိုက်ပေးမည့် ကောင်းကင်တမန်စေလွှတ်မည်ဟု မိန့်တော်မူ၏။ အခြားအကြောင်းကြောင့် မဟုတ်ဘဲ တစုံတယောက်သောသူထံ ထားရှိသော ကတိတော်ကြောင့် သင့်အတွက် တစ်ယောက်ယောက်က အမှုပြုပေးမည်ဆိုလျှင် သင်ဝမ်းသာမည်လော။ ထို့ပြင် သူပြုပေးမည့် အမှုသည် သင်နှင့်လုံးဝထိုက်တန်ခြင်းမရှိဆိုလျှင် သင်ဝမ်းမနည်းဘဲ နေပါမည်လော။ ကယ်တင်ခြင်းခံရပြီးမှ ယုံကြည်သူသည် ဘုရားသခင်ကို ဝမ်းမနည်းစေခြင်းငှါ ကြိုးစားအားထုတ်ရပါမည်။ ထိုသို့ပြုခြင်းသည် ကယ်တင်ခြင်းထိန်းသိမ်းခြင်းမဟုတ်၊ ကောင်းကင်နိုင်ငံနှင့် ထိုက်တန်သောသူဖြစ်ခြင်းငှါ ကြိုးစားခြင်းလည်းမဟုတ်ပါ။ ထိုသို့ ကြိုးစားခြင်းဖြင့်လည်း ဘယ်သောအခါမျှ ထိုက်တန်သောသူဖြစ်နိုင်မည်မဟုတ်ပါ။ သို့သော်လည်း ဘုရားသခင်၏သားသမီးများဖြစ်ကြသောကြောင့် ဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူ၊ ဝမ်းမြောက်စေသောသူဖြစ်ခြင်းငှါ ကြိုးစားကြရပါမည်။ စိတ်နှလုံးခိုင်မာခြင်းဖြင့် ဘုရားသခင်ကိုဝမ်းနည်းစေသောသူမဖြစ်ရပါ။ ထိုသို့ စိတ်နှလုံးခိုင်မာခြင်းရှိသောသူတို့အား သင်တို့နှင့်အတူ ငါရှိမည်၊ လမ်းခရီး၌ ပို့ဆောင်မည်။ ကတိတော်ပြည်သို့ ဝင်စားစေလျက် ထိုပြည်၌ ဝမ်းမြောက်စွာနေကြလော့ဟု ထာဝရဘုရားဆိုခဲ့လျှင် ပို၍အံ့သြစရာကောင်းမည်မဟုတ်လော။ ဘုရားသခင်ကို ဝမ်းနည်းစေသောသူမဖြစ်ခြင်းငှါ သတိပြုကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ထာဝရဘုရားကို ဝမ်းနည်းစေခဲ့ပါသလား။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ကိုဝမ်းမြောက်ကျေနပ်စေသောသား ဖြစ်မည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၂၀)
**ထွက် ၃၃း၄-၆**
သု ၂၉း၁

*“. . . လူသည် ထာဝရဘုရားကို ပြစ်မှားလျှင်၊ သူ့အတွက်အဘယ်သူတောင်းပန်လိမ့်မည်နည်း ဟုဆိုးမသော်လည်း . . . ”*

## ကျွန်ုပ်တော်သည်လည်ပင်းခိုင်မာသောသူဖြစ်ပါသလား

ထာဝရဘုရားသည် ကတိတော်ပြည်သွားရာလမ်းခရီး၌ ဣသရေလလူတို့နှင့်အတူ ပါရှိတော်မမူဘဲ မိမိကိုယ်စား ကောင်းကင်တမန်စေလွှတ်မည်အကြောင်း မောရှေထံမှ လူတို့ကြားရသောအခါ ငိုကြွေးမြည်တမ်းခဲ့ကြ၏။ သူတို့သည် လည်ပင်းခိုင်မာသောလူမျိုးဖြစ်ကြကြောင်း မောရှေအားဖြင့် ဘုရားသခင်မိန့်တော်မူခဲ့၏။ ဘုရားသခင်၏ဖျက်ဆီးခြင်းကို သူတို့ချက်ချင်းခံထိုက်ပေ၏။ သူတို့၏ တန်ဆာများကို ချွတ်ခြင်းငှါအမိန့်ပေး၍၊ ထိုအရာဖြင့် တစုံတရာပြုလုပ်ခြင်းငှါရည်ရွယ်ခဲ့၏။

ထာဝရဘုရားက ဣသရေလလူမျိုးအပေါ် မိမိအမြင်ကို ရှင်းလင်းစွာဖော်ပြတော်မူခဲ့၏။ လည်ပင်းခိုင်မာခြင်းဆိုသည်မှာ အဘယ်နည်း။ လယ်ထွန်သောအခါ လယ်သမားသည် မိမိသွားစေလိုသော လားရာအတိုင်းမသွားလျှင် နွား၏လည်ပင်းကို ထိပ်ဖျား၌သံဆူးပါသော နှင်တံဖြင့် တို့လေ့ရှိကြ၏။ ထိုသို့လယ်သမား မောင်းနှင်လိုသောလမ်းကြောင်းအတိုင်း မသွားသော၊ ထိန်းကျောင်းမောင်းနှင်၍မရသောနွားကို လည်ပင်းခိုင်မာသော၊ ခိုင်မာသောစိတ်ရှိသောနွားဟု ခေါ်လေ့ရှိကြ၏။ ဤဖော်ညွှန်းချက်ကို ဣသရေလလူတို့ကောင်းကောင်းနားလည်ကြပါလိမ့်မည်။ သူတို့သည်ဘုရားသခင်၏ လမ်းပြပို့ဆောင်ခြင်းကို နာခံကြရမည့်အစား မိမိတို့လိုရာလမ်းအတိုင်း သွားလိုသောစိတ်နှလုံးခိုင်မာသောသူဖြစ်ကြ၏။ လည်ပင်းခိုင်မာခြင်းဆိုသည်မှာ ဘုရားသခင်၏ စကားတော်နှင့်အလိုတော်ကို နာမခံဘဲ စိတ်နှလုံးခိုင်မာခြင်းရှိခြင်းကိုဆိုလို၏။

သင်သည် ခိုင်မာသောစိတ်သဘောရှိပါသလား။ သင့်အကြိုက်နှင့်မကိုက်ညီသောအရာတို့၌ ဘုရားသခင်ကိုနာမခံခြင်းမရှိဘဲ၊ ဘုရားသခင်ရှေ့၌မှန်သောအရာမပြုလိုခြင်းကို ဆိုလို၏။ မိမိအကြိုက်၊ မိမိဆန္ဒအတိုင်း ပြုမူဆောင်ရွက်ခြင်းဖြစ်၏။ တရားဟောခြင်း၊ ကျမ်းစာဖတ်ခြင်းအားဖြင့် ဘုရားသခင်၏ပညတ်တရားနှင့်လမ်းပြမှုကို သင်သိရှိသော်လည်း၊ နာမခံဘဲနေခြင်းဖြစ်၏။ သင်ပြုသောအရာမမှန်ကန်ကြောင်း ဘုရားသခင်အသိပေးနေပါသော်လည်း သင်ကိုယ်တိုင်က ပို၍ပညာရှိသောသူကဲ့သို့ နေထိုင်တတ်၏။ လည်ပင်းခိုင်မာခြင်းထဲတွင် နာခံခြင်းမရှိဘဲ ဘဝကိုရှင်သန်ပြီးအဆင်ပြေပါသည်ဟု ထင်မှတ်ခြင်းလည်းပါ၏။ ဣသရေလလူတို့သည် သူတို့၏တန်ဆာတို့ကို ဝတ်လျက် အပြင်ပန်းအားဖြင့် တင့်တယ်နေကြပါသည်။ ထာဝရဘုရားက သူတို့အား စိတ်နှလုံးနှိမ့်ချခြင်းရှိကြခြင်းငှါ မိန့်တော်မူပြီးမှ သူတို့အား မည်သို့စီရင်မည်ကို ဆင်ခြင်တော်မူ၏။ ဘုရားသခင်ရှေ့တော်၌ ခိုင်မာသောစိတ်နှလုံးမရှိဘဲ၊ နာခံသောစိတ်ရှိကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လမ်းပြတော်မူခြင်းကို ခိုင်မာသောစိတ်ရှိသဖြင့် နာခံခြင်းမရှိဘဲ ကျွန်ုပ်တော်ငြင်းပယ်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ မိမိ၏ဆန္ဒအတိုင်း မဆောင်ရွက်ဘဲ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နာခံခြင်းရှိခြင်းငှါ မစတော်မူပါ။

## သင့်အသက်တာ၌ဘုရားသခင်အတူပါရှိတော်မူခြင်းကိုမည်သို့သိပါသနည်း

မောရှေသည် တပ်ပြင်၌ပရိသတ်စည်းဝေးရာတဲကို ဆောက်ခဲ့၏။ ဤပရိသတ်စည်းဝေးရာတဲသည် ဘုရားသခင်က အသေးစိတ်ပုံကြမ်းပေးတော်မူသောတဲတော်မဟုတ်ပါ။ ဤတဲတော်သို့ မောရှေဝင်သွားတိုင်း မိုယ်းတိမ်တိုင်ဆင်းသက်၍ အဆွေခင်ပွန်းချင်းကဲ့သို့ ဘုရားသခင်သည် မောရှေအား မျက်နှာချင်းဆိုင်စကားပြောတော်မူ၏။ မောရှေက ဘုရားသခင်အား ကတိတော်ပြည်သို့ သွားရာ လမ်းခရီး၌ မိမိတို့နှင့်အတူ ပါရှိတော်မူရန် နှိမ့်ချစွာတောင်းလျှောက်ခဲ့၏။ ထာဝရဘုရားသူတို့နှင့် အတူပါရှိတော်မမူလျှင် ဆက်လက်ခရီးဆက်ရန် အဓိပ္ပာယ်မရှိဟုဆိုခဲ့၏။ ထို့ပြင်တပါးအမျိုးသားတို့နှင့် ဣသရေလအမျိုး အဓိကခြားနားချက်သည် ထာဝရဘုရားသူတို့နှင့် အတူပါရှိတော်မူခြင်းတည်း။ ထိုအခါ ထာဝရဘုရားက သူတို့နှင့်အတူ သွားတော်မူခြင်းငှါ ကတိထားတော်မူ၏။ မောရှေက ဘုရားသခင်၏ဘုန်းတော်ကို မြင်တွေ့ရခြင်းငှါ တောင်းလျှောက်သောအခါ ဘုရားသခင်က မိမိကျောကိုသာ မြင်ရမည်ဟုမိန့်တော်မူ၏။

သင့်ဘဝ၊ သင့်မိသားစု၊ သင်ပြုသောအမှုတိုင်းနှင့် သင်ရှိသောနေရာတိုင်း၌ ဘုရားသခင်အတူပါရှိတော်မူခြင်းသည် မရှိမဖြစ်လိုအပ်သောအရာဟု သင်ထင်ပါသလား။ သင်သည်အပြစ်ကိုသိသိကြီးကျူးလွန်၍ ထိုအပြစ်၌ကျင်လည်နေပါလျှင် ဘုရားသခင်၏မိဿဟာယဖွဲ့ခြင်းနှင့်အတူပါရှိတော်မူခြင်းခံရမည်မဟုတ်ပါ။ ဘုရားသခင်အတူပါရှိတော်မမူလျှင် မိသားစု၊ ကျန်းမာခြင်းနှင့် ပိုင်ဆိုင်သောပစ္စည်းဥစ္စာတို့သည် အဓိပ္ပာယ်မရှိကြတော့ပါ။ ဘုရားသခင်ပါရှိတော်မမူလျှင်၊ ကောင်းကြီးပေးတော်မမူလျှင်၊ အသင်းဝင်များစွာရှိသောအသင်းတော်နှင့် အမှုတော်အသီးသီးတို့သည် အဓိပ္ပာယ်မရှိပါ။ စစ်မှန်သောယုံကြည်သူသည် ပြုသောအမှုတိုင်း၌ ဆုံးဖြတ်သောအရာတိုင်း၌ ဘုရားသခင်အတူပါရှိခြင်းနှင့်မစတော်မူခြင်းမြင်တွေ့ရမှသာလျှင် စစ်မှန်သောပျော်ရွှင်ခြင်းနှင့် ဘဝအဓိပ္ပာယ်ကို ကြုံတွေ့ခံစားရ၏။ ဘုရားသခင်အတူပါရှိတော်မူခြင်းမရှိသော ဘဝသည် ဝမ်းနည်းစရာကောင်း၍ လမ်းစပျောက်လျက်ရှိ၏။ သို့သော်လည်း သင့်ဘဝ၊ သင့်မိသားစုနှင့်အသင်းတော်၌ ဘုရားသခင်အတူပါရှိတော်မူသောအခါ၊ အဘယ်မျှလောက် ခက်ခဲနေပါစေ၊ ကိုယ်တော်သည် နီးတော်မူ၍ မစတော်မူမည်ဟုသိသဖြင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း၊ စိတ်ငြိမ်သက်ခြင်းရှိပါ၏။ ဘုရားသခင် လမ်းပြတော်မူရာအရပ်၌ နာခံသောစိတ်သဘောနှင့်တကွ လျှောက်လှမ်းပါလျှင်၊ သင့်လမ်းခရီးတစ်လျှောက်၌ ဘုရားသခင်အတူပါရှိတော်မူလိမ့်မည်။ ဝမ်းနည်းစရာကောင်းသည်မှာ များစွာသောယနေ့ယုံကြည်သူတို့သည် ဘုရားသခင်အတူပါရှိတော်မူခြင်းကို အဓိကမထားကြဘဲ၊ အင်တာနက်၊ တီဗွီ၊ဟန်းဖုန်း၊ မိတ်ဆွေသူငယ်ချင်း၊ အလုပ်အကိုင်၊ ငွေကြေးနှင့်ကျန်းမာခြင်းမရှိသောဘဝကိုမူ လုံးဝမတွေးရဲကြပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်အတူပါရှိတော်မူခြင်းမရှိသောဘဝသည် အဓိပ္ပာယ်မရှိ၊ ရည်ရွယ်ချက်မရှိဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အရာအားလုံးထက် ကိုယ်တော်အတူပါရှိတော်မူခြင်းကို ပို၍တန်ဖိုးထားခြင်းငှါ သွန်သင်တော်မူပါ။

သောကြာ၊ မတ် (၂၂)
**ထွက် ၃၄း၁-၉**
သု ၁၈း၁၀

*"မောရှေသည် အလျင်မြန်ဦးညွတ်ချ၍ ကိုးကွယ်လျက်"*

# ဘုရားသခင်၏သဘောသဘာဝကိုသိခြင်း

မောရှေချိုးဖဲ့ခဲ့သော ပညတ်တော်ဆယ်ပါးရေးထွင်းထားသည့် ကျောက်ပြားနှစ်ပြားနေရာ၌ အစားထိုးရန် ဘုရားသခင်က မောရှေအား ကျောက်ပြားနှစ်ပြားကို ထွင်းစေလျက် အရင်ထွင်းထားသော ပညတ်တော်တရားများကို ရေးသားခြင်းငှါ မိန့်တော်မူ၏။ နောက်နေ့၌ မောရှေသည် စောစောထ၍ ထိုကျောက်ပြားနှစ်ပြားကိုကိုင်လျက် သိနာတောင်ပေါ်သို့တက်လေ၏။ ထိုအခါ ထာဝရဘုရားသည် မိုဃ်းတိမ်ဖြင့်ဆင်းသက်၍ မောရှေနားမှာရပ်လျက် ကြွသွားတော်မူစဉ် ထာဝရဘုရား၏နာမတော်ကို ဤသို့ကြွေးကြော်ခဲ့၏- "...ထာဝရဘုရား၊ ထာဝရဘုရား ချစ်သနားခြင်းမေတ္တာ ဂရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်ကိုဖြေလွှတ်တော်မမူထသော၊ သားစဉ်မြေးဆက်တတိယအဆက် စတုတ္ထအဆက်တိုင်အောင် အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်တော်မူသောဘုရားသခင်ဟု" ကြွေးကြော်တော်မူ၏ (ထွက် ၃၄း၆-၇)။

ဘုရားသခင်က မိမိ၏ဂုဏ်တော်ကို ယခုဖော်ပြတော်မူခဲ့၏။ ပညတ်တော်ဆယ်ပါးသည် ဘုရားသခင်၏ ဂုဏ်တော်နှင့်သဘောသဘာဝတို့နှင့် ဆက်နွယ်လျက်ရှိကြောင်း ဖော်ပြခြင်းပေတည်း။ ဘုရားသခင်၏သဘောသဘာဝနှင့် ဂုဏ်ပုဒ်တို့ကိုပို၍ သိရှိခြင်းရှိသောအခါ ဘဝအခြေအနေအရပ်ရပ်တိုင်း၌ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းနိုင်မည်ဖြစ်၏။ ဘုရားသခင်၏အမြင်အားဖြင့် ဘဝကိုကြည့်မြင်တတ်သောအခါ ကြောက်ရွံ့တုန်လှုပ်ခြင်း၊ ညည်းတွားခြင်းမရှိဘဲ၊ ဘုရားသခင်ကို ပို၍ယုံကြည်ကိုးစားခြင်းရှိမည်ဖြစ်၏။ The Westminster Shorter Catechism ၌ဘုရားသခင်အကြောင်းကို သမ္မာကျမ်းစာနှင့်အညီ ဤသို့ဖော်ပြခဲ့ပါသည်- "ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဖြစ်တည်ခြင်း၊ ဉာဏ်ပညာ၊ တန်ခိုးအာဏာ၊ သန့်ရှင်းခြင်း၊ တရားဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းနှင့် သစ္စာရှိခြင်းအရာတို့၌ အနန္တဖြစ်၍ထာဝရတည်ပြီး၊ မပြောင်းလဲနိုင်သောသူဖြစ်တော်မူ၏"။ ဤ အချက်သည် ထွက် ၃၄း၆-၇ နှင့်ကိုက်ညီမှုရှိ၏။ ဤဘုရားသခင်၏ ဂုဏ်ပုဒ်သိခြင်း၊ အောက်မေ့ခြင်းက ကျွန်ုပ်တို့ကိုမည်သို့သော အကူအညီဖြစ်စေပါသနည်း။ ခက်ခဲသော ဒုက္ခပြဿနာနှင့်စစ်ကြောခြင်း ကြုံတွေ့ရ၍ နားမလည်နိုင်သောအခါ၊ ထိုပြဿနာကို ဘုရားသခင် အလိုတော်ရှိလျှင် ဖြေရှင်းပေးတော်မူနိုင်ကြောင်းကိုငှင်း၊ ထိုသို့မဟုတ်လျှင်လည်း မိမိ၏ အလိုတော်အတိုင်း ထိုသို့ကြုံတွေ့စေရခြင်းအကြောင်းရင်းနှင့် ရည်ရွယ်ချက်ရှိကြောင်းကိုငှင်း သိစေတော်မူ၏။ သူသည် သန့်ရှင်းခြင်း၊ ကောင်းမြတ်တော်မူခြင်းနှင့် သစ္စာရှိတော်မူခြင်း၌ အနန္တဖြစ်တော်မူသောကြောင့် ကျွန်ုပ်တို့ကြုံတွေ့ရသောအရာတိုင်းသည် ဘုရားသခင်က ကျွန်ုပ်တို့အတွက် အကောင်းဆုံးရွေးချယ်ပေးတော်မူခြင်းဖြစ်ပြီး၊ မတရားသော၊ အပြစ်နှင့်ဆိုင်သော အရာမဟုတ်ပါ။ ကိုယ်တော်၏ကတိတော်တို့သည် အစဉ်မှန်ကန်သည်ဖြစ်သောကြောင့် ယုံကြည်ကိုးစားခြင်းရှိရပါမည်။ ထိုသို့ဘုရားသခင်က မိမိ၏သဘောသဘာဝကို ရည်ရွယ်ချက်ရှိရှိဖော်ပြခြင်းဖြစ်၏။ ကိုယ်တော်ကိုသိ၍ ကျွန်တော်တို့သည် ဘုရားသခင်ကို မှန်ကန်စွာပြန်၍ တုန့်ပြန်နိုင်ခြင်းငှါဖြစ်၏။

**ဆင်ခြင်ရန်** - ဘဝကိုဘုရားသခင်မြင်သည့်အတိုင်း ကျွန်တော်တို့သိမြင်ဖို့လိုပါသည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏သဘောသဘာဝတို့အားဖြင့် ကိုယ်တော်ကိုပို၍ သိရမည်အကြောင်း မစတော်မူပါ။

**ထွက် ၃၄း၇**

ထွက် ၂၀း၅-၆၊ ဝတ် ၁၄း၁၈၊

*"... လူအသီးအသီးတို့ ကျင့်ကြံပြုမူသည့် အတိုင်းအကျိုးအပြစ်ကိုပေးခြင်းငှါ၊ ..."*

## ဘုရားသခင်သည်သင့်အပြစ်ကိုသားသမီးအပေါ် စီရင်ပါသလား

ထွက် ၃၄း၇ ကိုအခြေခံ၍ မိဘတို့၏အပြစ်ကြောင့် ဘုရားသခင်က သားသမီးတို့ကို ဒဏ်ခတ်တော်မူသလောဟူ၍ မေးခွန်းထုတ်တတ်ကြ၏။

ဘုရားသခင်က မိမိသည် "...ထာဝရဘုရား၊ ထာဝရဘုရား ချစ်သနားခြင်းမေတ္တာ ဂရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော" (ထွက် ၃၄း၆)ဟုဖော်ပြခဲ့၏။ ဘုရားသခင်သည် သန့်ရှင်းခြင်း၊ တရားဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းနှင့် သစ္စာရှိခြင်းအမှုတို့၌ အနန္တဖြစ်တော်မူ၍ မပြောင်းလဲနိုင်သောသူဖြစ်ကြောင်း ကျွန်တော်တို့သိခဲ့ကြ၏။ ထိုသို့ဆိုလျှင် မိဘတို့၏အပြစ်များကြောင့် သားသမီးတို့ကိုပြစ်ဒဏ်ပေးရလောက်အောင် ဘုရားသခင်သည် ဆိုးသွမ်းသော၊ မတရားသော၊ ကြင်နာခြင်းကင်းမဲ့သောသူ ဖြစ်နိုင်ပါမည်လော။ မိမိအပြစ်မပြုဘဲလျက် လူတို့၏ အပြစ်ကြောင့် မောရှေက မိမိနာမည်ကိုစာရင်းမှ ပယ်ဖျက်ရန်တောင်းဆိုသောအခါ ဘုရားသခင်က မောရှေအား - "အကြင်သူသည် ငါ့ကိုပြစ်မှား၏။ ထိုသူ၏နာမကို ငါ့စာရင်း၌ ငါချေမည်" (ထွက် ၃၂း၃၃) ဟုမိန့်တော်မူ၏။ မတရားသဖြင့် ဘုရားသခင်စီရင်ခြင်းမပြုကြောင်းကို ဖော်ပြသောအကောင်းဆုံးကျမ်းပိုဒ်မူကား - "ပြစ်မှားသော သူသည် အသေခံရမည်။ သားသည် အဘ၏အပြစ်ကိုမခံရ။ အဘသည် သား၏အပြစ်ကို မခံရ။ တရားသောသူသည် တရားစွာပြုခြင်းအကျိုးကိုင်၊ မတရားသောသူသည် မတရားစွာပြုခြင်း အပြစ်ကိုင်း ခံရလိမ့်မည်" (ယေဇ ၁၈း၂၀) ဖြစ်ပါသည်။

သို့ဆိုလျှင် ထွက် ၃၄း၇ ၏ဆိုလိုရင်းကားအဘယ်နည်း။ သားသမီးတို့သည် မိဘတို့၏အပြစ်ကို အတုယူ၍အပြစ်ကျူးလွန်ခဲ့လျှင် ထိုသားသမီးတို့ကို ဘုရားသခင်အပြစ်စီရင်တော်မူမည်ဖြစ်ကြောင်း သတိပေးတော်မူခြင်းဖြစ်ပါသည်။ မိဘတို့သတိထားရမည်မှာ သားသမီးတို့သည် မိဘတို့ပြုသောအပြစ်ကို အတုယူတတ်ကြကြောင်းဖြစ်ပါသည်။ သားသမီးတို့ကလည်း ဘုရားသခင်စီရင်ခြင်းခံကြရသောအခါ မိဘတို့ကိုအပြစ်တင်၍မရပါ။ ထို့ကြောင့်မိဘတို့သည် သားသမီးအပေါ် အလွန်လွှမ်းမိုးခြင်းရှိနိုင်ကြောင်းကို သတိပြုရပါမည်။ သင်သည်ပညတ်တရားကို ချိုးဖောက်၍နေပါလျှင်၊ သင့်သားသမီးတို့ကလည်း ထိုနည်းတူပြုကြပါလိမ့်မည်။ သင်လိမ်ပြော၍မကောင်းသောအမှုတို့ကိုပြုလျက်၊ ညစ်ညူးသောစကားတို့ကိုသုံးနေပါလျှင်၊ သားသမီးတို့ကလည်း ထိုမကောင်းသောအကျင့်တို့ကို အတုခိုးမည်ဖြစ်ပါသည်။ သင်ကိုယ်တိုင်က မိဿဟာယဖွဲ့ခြင်းကိုမလိုလားဘဲလျက်၊ သင်၏သားသမီးတို့ကလည်း အသင်းတော်၌ မိဿဟာယဖွဲ့ခြင်းကို နှစ်သက်ခြင်းမရှိကြသောအခါ သင်ဝမ်းနည်းမနေပါနှင့်။ သားသမီးတို့ကလည်း ထိုသို့မိဘထံမှ အတုယူခဲ့သည်ဖြစ်သော်လည်း မိဘတို့ကိုအပြစ်မတင်သင့်ပါ။ အကြောင်းမှာ သင်ပြုသော၊ သင်ရွေးချယ်သောအရာအတွက် သင်ကိုယ်တိုင်သည် တာဝန်ရှိသောသူဖြစ်၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည်သူတပါးအပေါ် ဘုရားတရားဖြင့် လွှမ်းမိုးခြင်းရှိသောသူဖြစ်ပါသလား (သို့) အပြစ်တရားဖြင့် လွှမ်းမိုးခြင်းပြုသောသူလော။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်သည် သားသမီးအပေါ် ကြီးစွာသောလွှမ်းမိုးခြင်းရှိနိုင်သောသူဖြစ်ကြောင်း သတိရအောက်မေ့ခြင်းငှါ မစတော်မူပါ။

တနင်္ဂနွေ၊ မတ် (၂၄)
**ထွက် ၃၄း၁၀-၃၅**
တရား ၄း၂၃

*“သင်တို့သည် ဘုရားသခင် ထာဝရဘုရား၊ သင်တို့၌ထားတော်မူသောပဋိညာဉ်တရားကို မေ့လျော့၍ . . . ”*

## ပဋိညာဉ်တရားလိုက်လျှောက်ခြင်း၌ မိန့်တော်မူ၏

ဣသရေလလူတို့နှင့်ပဋိညာဉ်ပြုတော်မူကြောင်း ထာဝရဘုရားက အတည်ပြုတော်မူခဲ့၏။ ဘုရားသခင်သည် မိမိဘက်မှာ အံ့ဩစရာအမှုတို့ကိုပြုတော်မူ၍ ဣသရေလလူတို့သည် မြင်တွေ့ကြရမည်ဟုမိန့်တော်မူ၏။ သူတို့ရှေ့မှ ရန်သူတို့ကိုလည်း မောင်းထုတ်ပေးတော်မူမည်ဟု ကတိတော်ထားခဲ့၏။ ထို့နောက်သတိပေးချက်များနှင့် ဣသရေလလူတို့ပြုရမည့်အမှုတို့ကို ဘုရားသခင်မိန့်တော်မူ၏။

ကျောက်ပြားအသစ်ပေါ်၌ ထွင်းထားသောပညတ်တော်ဆယ်ပါးနှင့်တကွ ထာဝရဘုရားက မိမိပြုသောပဋိညာဉ်ကိုအတည်ပြုလျက်၊ မိမိပြုမည့်အမှုများနှင့် ဣသရေလလူတို့စောင့်ရမည့်အမှုတို့ကို ဖော်ပြသတိပေးတော်မူ၏။ ဘုရားသခင်ပြုမည့်အမှုတို့သည် သူတို့၏နာခံခြင်းရှိမရှိအပေါ်၌ တည်မီလျက်ရှိကြောင်း သတိပြုကြရပါမည်။ ကတိတော်ပြည်သို့ပို့ဆောင်ရန်ဟူသော ဘုရားသခင်၏ ကတိတော်သည် အမှန်ပြည့်စုံခြင်းရှိမည်ဖြစ်၏။ သို့သော်လည်း ကောင်းကြီးမင်္ဂလာခံစားခြင်းအမှုသည် ပဋိညာဉ်နှင့်ဆိုင်သောသူတို့၏ ဝတ္တရားကျေပွန်မှုအပေါ်၌ မူတည်လျက်ရှိ၏။ ပဋိညာဉ်၌လည်း နှစ်ဦးသဘောတူစာချုပ်ကဲ့သို့ ပြုရမည့်အမှု၊ မပြုရမည့်အမှုဟူ၍ ချမှတ်ထားသော အချက်အလက်ပါဝင်ပါ၏။ ထာဝရဘုရားက ထိုအချက်အလက်တို့ကို မောရှေအား ရေးသားစေတော်မူ၏- “ဤစကားများကိုရေးထားလော့။ ဤစကားများလာသည်အတိုင်း သင်မှစ၍ ဣသရေလအမျိုးနှင့်ငါပဋိညာဉ်ပြုသည်ဟုမောရှေအားမိန့်တော်မူ၏” (ထွက် ၃၄း၂၇)။ ထို့ပြင်ထာဝရဘုရားက မိမိပြုသောပဋိညာဉ်၌ နာခံခြင်းအတွက် ကောင်းကြီးမင်္ဂလာနှင့် မနာခံခြင်းအတွက် ကျိန်ခြင်းရှိကြောင်းဖော်ပြတော်မူခဲ့၏ (တရား ၂၈)။ ထိုနည်းတူ လူတစ်ဦးသည် အလုပ်စဝင်သောအခါ ကုမ္ပဏီကချမှတ်ထားသောလိုက်နာရမည့်စည်းမျဉ်းစည်းကမ်းတို့ကို သဘောတူလက်မှတ်ထိုးဖို့လိုပါသည်။ ထိုစည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာခြင်းပြုသောအခါ ကုမ္ပဏီ၏ အကျိုးအမြတ်ကိုခံယူခွင့်ရခဲ့၏။ သို့သော်လည်းချိုးဖောက်ခဲ့ပါလျှင် ဒဏ်ခတ်ခြင်းကို ခံရမည်ဖြစ်၏။ ယနေ့အချို့သောယုံကြည်သူတို့သည် ပညတ်တရားလိုက်လျှောက်ဖို့မလိုဟု ဆိုကြ၏။ ပညတ်တော်ဆယ်ပါးသည် ဓမ္မသစ်ခေတ်ယုံကြည်သူအတွက်မဟုတ်ဟုဆိုကြ၏။ ထိုသို့သောဘုရား သခင်၏ကျေးဇူးတော်ကို အပြစ်ပြုရသောအခွင့်လိုင်စင်အဖြစ် မှတ်ယူကြသောကျေးဇူးတော်သတင်းကောင်းအတုကို သတိပြုကြပါလော့။ ကျေးဇူးတော်ပဋိညာဉ်၌ ယုံကြည်သူအပေါင်းတို့သည် ထာဝရကယ်တင် ခြင်းခံရကြ၏။ သို့သော်လည်း ယခုဘဝ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာသည် နာခံခြင်းရှိမရှိ အပေါ်၌ တည်မှီလျက်၊ ဘုရားသခင်၏အလိုအတိုင်းဖြစ်ပါသည်။ ထို့ပြင်ဘုရားသခင်သည် နာခံခြင်း မရှိသော မိမိသားသမီးတို့ကို ဆုံးမတော်မူမည်ဖြစ်၏။

**ဆင်ခြင်ရန်** - နာခံခြင်းအတွက် ကောင်ကြီးမင်္ဂလာ၊ မနာခံခြင်းအတွက် ဆုံးမသွန်သင်ခြင်းရှိပါ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏သားသမီးအနေဖြင့် မိမိတာဝန်ဝတ္တရားကို ကျွန်တော်ကျေပွန်လိုပါ၏။

တနင်္လာ၊ မတ် (၂၅)
**ထွက် ၃၅း၁-၃၆း၇**
၂ ကော ၉း၆-၈

*"... စေတနာစိတ်နှင့်လှူသောသူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏"*

## ပေးကမ်းလိုသောသူအတွက်အခွင့်ထူး

ထာဝရဘုရားက တဲတော်တည်ဆောက်ရန်အတွက် ကြည်ညိုသောစေတနာစိတ်ရှိသမျှသောသူတို့သည်အလှူယူဆောင်လာကြခြင်းငှါ မိန့်တော်မူခဲ့၏။ ထိုသို့တဲတော်တည်ဆောက်ခြင်းအတွက် လိုအပ်သောအရာများကို သိရှိကြသောအခါ လူတို့သည်မောရှေထံမှ ထွက်သွားကြ၏။ ထို့နောက်စိတ်နှလုံးနှိုးဆော်ခြင်းခံရသောသူတို့သည် ပြန်လာ၍တဲတော်အတွက်လိုအပ်သောအရာများကို ထာဝရဘုရားထံကြည်ညိုသောစေတနာစိတ်ဖြင့် ပေးလှူကြ၏။ ယောကျ်ားမိန်းမတို့သည် ရွှေတန်ဆာများ၊ အခြားပစ္စည်းများနှင့်အမွှေးနံ့သာတို့ကို စေတနာစိတ်နှင့်လှူကြ၏။ တစ်နေ့ပြီးတစ်နေ့ ထိုသို့ကြည်ညိုသောစေတနာစိတ်နှင့်များစွာပေးလှူကြ၏။ ထိုအခါ ဆောက်လုပ်သောသူတို့က မောရှေအား လူတို့သည်လိုအပ်သည်ထက်ပို၍ ပေးလှူခဲ့ကြကြောင်းအသိပေးခဲ့၏။ ထို့ကြောင့် မောရှေက နောက်ထပ်အလှူမပေးကြရန် ကြေငြာခြင်းငှါအမိန့်ပေးခဲ့သည်။ ဤသို့ဖြင့်လူတို့သည် အလှူပေးခြင်းကို ရပ်တန့်ခဲ့ကြ၏။ ဤပစ္စည်းဥစ္စာတို့ကို အဘယ်ကနေရလာခဲ့ကြသနည်း။ အဲဂုတ္တုပြည်မှထွက်မသွားမီ ဘုရားသခင်သည် အဲဂုတ္တုပြည်သားတို့ကို နှိုးဆော်၍များစွာပေးခဲ့ကြခြင်းဖြစ်ပါသည် (ထွက် ၁၂း၃၆)။ ဤတန်ဆာပလာတို့သည် တဲတော်တည်ဆောက်ခြင်းအတွက် လိုအပ်မည်ကို ကြိုသိတော်မူသောကြောင့် ဘုရားသခင်ကပေးတော်မူခဲ့ခြင်းဖြစ်၏။

အဘယ့်ကြောင့်ဘုရားသခင်က သင့်အားပစ္စည်းဥစ္စာပေး၍ လစာတိုးပေးပြီး လုပ်ငန်းအောင်မြင်ခွင့်ပေးသည်ကို သင်အံ့သြနေပါသလား။ ဘုရားသခင်သည် မိမိ၏အမှုတော်အတွက်သင့်အားဖြင့်ဆောင်ရွက်လိုသောကြောင့်ဖြစ်၏။ သင်သည်ဘဏ္ဍာစိုးဖြစ်ပါ၏။ ဘုရားသခင်၏ အမှုတော်အတွက် သင့်ပိုင်ဆိုင်မှုလိုအပ်သောအချိန်ကျရောက်လာပါလိမ့်မည်။ ယခုလည်းဖြစ်နိုင်ပါသည်။ သို့သော်လည်း ကျွန်တော်တို့သည် မပေးလှူဘဲအဘယ် ကြောင့်နေကြပါသနည်း။ ကျွန်တော်တို့၌ရှိသောအရာတို့ကို ကျွန်တော်တို့အပိုင်ဖြစ်သည်ဟု ယူဆပြီး၊ မိမိအတွက်အသုံးပြုလိုသောကြောင့်ဖြစ်နိုင်ပါသည်။ ဘုရားသခင်လိုအပ်သောအချိန်အထိ လုံခြုံစွာထိန်းသိမ်းထားရမည့်ဘဏ္ဍာစိုးများဖြစ်ကြကြောင်း ကျွန်တော် တို့နားမလည်သော ကြောင့်ပေတည်း။ ကျွန်ုပ်တို့အိမ်၌ နေရာယူလျက်ရှိသောသူတပါး၏ပစ္စည်းကို ပြန်ပေးခြင်းငှါ ကျွန်တော်တို့စိတ်အားထက်သန်ခြင်းရှိ၏။ အဘယ့်ကြောင့်ကျွန်တော်တို့၌ ရှိသော ပိုက်ဆံနှင့်တန်ဖိုးရှိသောအရာတို့အပေါ်၌ ထိုသို့သောစိတ်အဘယ်ကြောင့်မရှိနိုင်ကြသနည်း။ အကြောင်းမှာ ကျွန်ုပ်တို့အတွက်လိုချင်သောကြောင့်ဖြစ်၏။ ထို့ကြောင့် အသင်းတော်ထံသို့ အတိုး မယူဘဲ ငွေချေးခြင်းကိုလည်းကျွန်တော်တို့မပြုလုပ်ရပါ။ စေတနာစိတ်နှင့်မပေးလှူလိုသောသူသည် အခွင့်ထူးဆုံးရှုံးရတတ်၏။ ပေးလှူခြင်းသည် အမှန်မှာ ပြန်ပေးခြင်းသာဖြစ်ပါသည်။ အစကတည်းမှ ဘုရားသခင်ပိုင်ဆိုင်သောအရာမဟုတ်လော။ ဘုရားသခင်ထံပြန်ပေးစရာအဖို့ ဘုရားသခင်က ကျွန်ုပ် တို့ကိုပေးတော်မူခဲ့ခြင်းဖြစ်၏။ ဘုရားသခင်ပေးတော်မူသော ကျွန်ုပ်တို့၌ရှိသောပစ္စည်းဥစ္စာတို့ကို ကျွန်တော်တို့အမှန်သိမြင်ခြင်းရှိလျှင် ပေးလှူလိုသောစိတ်စေတနာရှိလိမ့်မည်ဖြစ်၏။

**ဆင်ခြင်ရန်** - ကျွန်တော်ပိုင်ဆိုင်သောအရာမှန်သမျှသည် ဘုရားသခင်ထံမှဖြစ်ကြောင်း ကျွန်တော်အမှန်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်လိုအပ်တော်မူသောအခါ ကြည်ညိုသောစေတနာစိတ်ဖြင့်ပေးလှူပါမည်။

အင်္ဂါ၊ မတ် (၂၆)
**ထွက် ၃၆း၈-၃၉း၃၁**
သု ၂း၆-၈

*“ထာဝရဘုရားသည်*
*ပညာကိုပေးတော်မူတတ်၏ . . . ”*

## ဉာဏ်ပညာသည်ဘုရားသခင်ထံမှဖြစ်၏

ထွက်မြောက်ရာကျမ်း ၃၆ မှ ၃၈ ထဲတွင် တဲတော်နှင့်တဲတော်၌ပါရှိသော တန်ဆာပလာများတည်ဆောက်ပြုလုပ်ခြင်းအကြောင်းကို အသေးစိတ်ဖော်ပြခဲ့ပါသည်။ ကုလားကာများ၊ ပျဉ်ပြားများ၊ အဖုံးများ၊ ပဋိညာဉ်သေတ္တာ၊ မုန့်တင်စရာစားပွဲ၊ ရွှေစင်မီးခုံ၊ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၊ မီးရှို့ရာယဇ်ပလ္လင်၊ ကြေးဝါအင်တုံ၊ တဲတော်ဝင်းစသည့်အရာများပါဝင်တည်ဆောက်ထားသောတဲတော်ဆောက်လုပ်ခြင်းနှင့် ယဇ်ပုရောဟိတ်အဝတ်တို့ကို ထူးခြားဆန်းပြားစွာပြုလုပ်ကြကြောင်းတွေ့ရပါသည်။

ဤအခန်းကြီးတို့၌ တွေ့ရသောမှတ်သားစရာအချက်ဟူမူကား- “လုပ်လေ၏”။ “ယေဇဗေလသည် . . . လုပ်လေ၏”၊ “သူတို့လုပ်လေ၏” ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်က မောရှေအား ဤဆောက်လုပ်ခြင်းအမှုအတွက် ဗေဇလေလကို သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်စုံစေတော်မူကြောင်း ရှေးဦးစွာမိန့်တော်မူခဲ့၏ (ထွက် ၃၁း၃)။ ထို့ကြောင့် မောရှေကလည်း ဗေဇလေလသည် ဤတည်ဆောက်ခြင်းအမှုအတွက် ဝိညာဉ်တော်နှင့် ပြည့်စုံသောသူဖြစ်ကြောင်းကို လူတို့ထံမိတ်ဆက်ပေးခဲ့၏ (ထွက် ၃၅း၃၀-၃၁)။ သူရရှိသောဉာဏ်ပညာသည် ဘုရားသခင်ထံမှဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြခဲ့၏။ ထာဝရဘုရားက အထူးရွေးကောက်တော်မူပြီး၊ ဝိညာဉ်တော်နှင့်ပြည့်စုံစေလျက်၊ အသိဉာဏ်၊ အတတ်ပညာနှင့်စွမ်းရည်တို့ကို ပေးတော်မူ၏။ ထို့ကြောင့် ကျွန်တော်တို့သည် အသင်းတော်၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ၊ လုပ်ငန်းခွင်၌ဖြစ်စေ၊ ထူးခြားစွာဆောင်ရွက်၍ အောင်မြင်မှုရသောအခါ ဝါကြွားခြင်းလုံးဝမရှိရပါ။ ကျွန်တော်ကြိုးစားသင်ယူလေ့လာသောကြောင့်၊ ကျွန်တော်တော်သောကြောင့်၊ ထက်မြက်သောကြောင့်ဟူသော အတွေးလုံးဝမရှိရပါ။ ထို့ပြင် ဉာဏ်ပညာနှင့်အတတ်ပညာတို့သည် ဘုရားသခင်ထံမှဖြစ်သောကြောင့် ဘုရားသခင်အတွက် အသုံးပြုကြရပါမည်။ မိမိကိုယ်ကျိုးနှင့်လောကီအမှုအတွက် အသုံးမပြုရပါ။ မိဘတို့သည် သားသမီးတို့အား သူတို့၏အသိဉာဏ်နှင့်အတတ်ပညာတို့ကို အပြစ်ပြုခြင်း၊ ဇာတိအလိုလိုက်ခြင်းနှင့် လောကီအမှုအတွက် အသုံးပြုကြသောအခါ မချီးမွမ်းရပါ။ ဘုရားသခင်၏နေ့မြတ်၌ပြုလုပ်သော ဂီတပြိုင်ပွဲတွင် ပထမရသောသူသည် ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးကို မှားယွင်းစွာအသုံးပြုခြင်းဖြစ်၏။ နောက်ဆုံး၌ ကျွန်တော်တို့သည် မိမိတို့၏ကြိုးပမ်းမှုနှင့်မိမိကိုယ်ကို အားမကိုးဘဲ ဉာဏ်ပညာအတွက် ဘုရား သခင်ကိုသာ အားကိုးခြင်းရှိကြရပါမည်။ ပညာရေးသည် လိုအပ်ပါ၏။ သို့သော်လည်း ဉာဏ်ပညာ သည် ဘုရားသခင်ပေးတော်မူခြင်းဖြစ်၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဉာဏ်ပညာ (သို့) သားသမီး၏ဉာဏ်ပညာကြောင့် ကျွန်တော်ဝါကြွား ခြင်းရှိနေပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်သည် မိမိကိုယ်ကို ချီးမွမ်းခြင်းပြုလျှင် ကိုယ်တော်၏ဉာဏ်ပညာကို အကျွန်ုပ်ထံမှ ဖယ်ရှားတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၂၇)
**ထွက် ၃၉း၃၂-၄၃**
ထွက် ၂၅း၁၊ ၉၊ ၄၀၊

*“ကိုးစား၍နားထောင်လော့၊*
*အခြားသောလမ်းရှာမတွေ့ . . . ”*

## ဘုရားသခင်မိန့်တော်မူသည့်အတိုင်းပြုပါလော့

ဆောက်လုပ်သောသူတို့သည် မောရှေမှာထားသည့်အတိုင်း တိကျစွာလုပ်ဆောင်ခဲ့ကြ၏။ ထို့နောက်ပြုလုပ်ပြီးသောအရာတိုင်းကို မောရှေစစ်ဆေးစေခြင်းငှါ ယူဆောင်ခဲ့ကြ၏။ ပြုလုပ်ရန် ဘုရားသခင်စေခိုင်းသည့်အတိုင်း ပြုလုပ်ခြင်းရှိမရှိ မောရှေက အသေးဆုံးသောပစ္စည်းမှအစ စစ်ဆေးခဲ့ပါသည်။ ထိုသို့စစ်ဆေးခြင်းမပြုဘဲ ချန်ထားသောအရာမရှိပါ။ ထို့ပြင်မောရှေက အမှုအလုံးစုံကို ကြီးကြပ်စောင့်ကြည့်ခဲ့ပါသည်။ သူတို့သည်ဘုရားသခင်မိန့်တော်မူသည့်အတိုင်း ပြုလုပ်ခဲ့ကြကြောင်း မှတ်သားခြင်းခံရ၏။ ထို့နောက်မောရှေက သူတို့ကို ကောင်းကြီးပေးခဲ့ပါသည်။

သူတို့သည်ဘုရားသခင်ထံမှ ဉာဏ်အစွမ်းသတ္တိခံရကြပြီး၊ ဘုရားသခင်မှာထားတော်မူသည့် အတိုင်း တန်ဆာအလုံးစုံကို ပြုလုပ်ခဲ့ကြ၏။ အဘယ်သူကမျှ မိမိ၏အတတ်ပညာတီထွင်နိုင်စွမ်းဖြင့် မိမိအကြိုက်ပြုလုပ်ခြင်းမပြုကြပါ။ ဘုရားသခင်မှာထားတော်မူသည့်အတိုင်း မောရှေက ဆောက်လုပ်သောသူတို့ကို ခိုင်းစေပြီး တိကျစွာပြုလုပ်ခဲ့ကြခြင်းဖြစ်၏။ ဘုရားသခင်မှာထားတော်မူချက်နှင့် ကွဲလွဲသောတန်ဆာသည် အသုံးပြု၍မရ၊ လက်ခံခြင်းမရှိပါ။ တဲတော်သည် ဘုရားသခင်အတူပါရှိတော်မူခြင်းကို ပုံဆောင်ခြင်းဖြစ်၏။ ဘုရားသခင်သည် မိမိရှိတော်မူမည့်နေရာနှင့်ပတ်သက်၍ မိမိအလိုအတိုင်း အမိန့်ပေးတော်မူ၏။ ဘုရားသခင်၏အမှုတော်တိုင်းသည် ဘုရားသခင်၏လမ်းစဉ်အတိုင်း ဆောင်ရွက်ရပါမည်။ ဘုရားသခင်၏အကြိုက်ကို လူ့အကြိုက်ဖြင့်အစားမထိုးရပါ။ ကျွန်ုပ်တို့အသင်းတော်၊ မိသားစုနှင့်အသက်တာ၌ ဘုရားသခင်အတူပါရှိတော်မူခြင်းအလိုရှိပါလျှင် ဤအချက်ကို သဘောပေါက်ကြရပါမည်။ ဘုရားသခင်၏လမ်းညွှန်ချက်ကို ကျွန်တော်တို့ပြောင်းလဲခြင်းမပြုလုပ်ရပါ။ ထိုသို့ပြုလျှင် ဘုရားသခင်ကျေနပ်ခြင်းရှိမည်မဟုတ်ပါ။ ဘုရားသခင်က မည်သို့အသင်းတော်ဖြစ်ရမည်ကိုရင်း၊ ခေါင်းဆောင်တို့၏အရည်အချင်း၊ ယောကျ်ားမိန်းမတို့၏ အိမ်ထောင်ရေးဝတ္တရားများနှင့် တစ်ခုခုဆုံးဖြတ်ရွေးချယ်စရာအမှု၌ရှင်းလင်းသော လမ်းညွှန်ချက်တို့ကို သမ္မာကျမ်းစာအားဖြင့် ပေးတော်မူ၏။ ထိုလမ်းညွှန်ချက်တို့ကို ကျွန်တော်တို့ကပို၍ ပညာရှိသည်ဟု ပြောင်းလဲပစ်ပါလျှင်၊ ဘုရားသခင်က ကောင်းချီးပေးမည်မဟုတ်၊ ပြဿနာကြုံတွေ့ကြရပါမည်။ ဘုရားသခင်၏မိန့်တော်မူချက်သည် လက်တွေ့မကျဟု ဘယ်သောအခါမျှမထင်ပါနှင့်။ ဆောက်လုပ်သောသူတို့သည် ဘုရားသခင်ပေးတော်မူသော ပုံကြမ်းလမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ပြုလုပ်ခဲ့ကြ၏။ ဘုရားသခင်ဆဲတော်မူသော ဒီဇိုင်းအတိုင်း တိကျစွာပြုလုပ်ခြင်းသည် သူတို့၏ရည်ရွယ်ချက်ဖြစ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း အသင်းတော်နှင့်မိသားစုရပ်တည်ဖို့ရန် ယုံကြည်ကိုးစားခြင်းနှင့် နာခံမှုလိုအပ်ပါသည်။

**ဆင်ခြင်ရန်** - အရာရာတိုင်းကို ဘုရားသခင်၏နည်းလမ်းဖြစ်သော နှုတ်ကပတ်တော်အတိုင်း ပြုလုပ်ဆောင်ရွက်ပါ။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏အမိန့်တော်ကို နာခံမည်အကြောင်း အကျွန်ုပ်ကို သွန်သင်တော်မူပါ။

ကြာသပတေး၊ မတ် (၂၈)
**ထွက် ၄၀း၁-၁၅**
ဧ ၄း၂၂-၂၄

*“. . . ဘုရားသခင်၏ ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်း၊ ထိုဗိမာန်တော်ဖြစ်ကြ၏”*

## ကောင်းကြီးမင်္ဂလာယူဆောင်တတ်သောသန့်ရှင်းသောပစ္စည်းဟူ၍ရှိပါသလား

ထိုသို့တဲတော်နှင့်ပတ်သက်သော တန်ဆာပလာပစ္စည်းအသီးသီးပြုလုပ်ပြီးစီးသောအချိန်သည် အဲဂုတ္တုပြည်မှ လွတ်မြောက်ထွက်ခွာပြီးနောက် ဒုတိယနှစ်မြောက်ဖြစ်ပါလိမ့်မည်။ လုပ်ဆောင်သောသူတို့သည် သူတို့ပြုလုပ်ပြီးစီးသောအရာတို့ကို မောရှေထံယူဆောင်ခဲ့ကြ၏။ သေချာစွာ စစ်ဆေးခြင်းပြုပြီးမှ မောရှေသည် ဘုရားသခင်လမ်းညွှန်တော်မူသည့်အတိုင်း တဲတော်၏တန်ဆာပလာတို့ကို မိမိနေရာကိုယ်စီ၌ ထားခဲ့ပါသည်။ ထိုသို့ပြုသောအချိန်၌ မောရှေအား ဤသို့ဘုရားသခင်မိန့်တော်မူ၏- “ယဇ်ကောင်ရှို့ရာပလ္လင်နှင့်တန်ဆာရှိသမျှတို့ကိုလိမ်း၍ သန့်ရှင်းစေသဖြင့် ထိုပလ္လင်သည် အလွန်သန့်ရှင်းသောပလ္လင်ဖြစ်ရမည်။ အင်တုံနှင့်ခြေထောက်ကိုလည်း လိမ်း၍သန့်ရှင်းစေရမည်။ အာရုန်နှင့်သူ၏သားတို့ကို ပရိသတ်စည်းဝေးရာတံခါးနားသို့ခေါ်ခဲ့၍ ရေချိုးရမည်။ အာရုန်သည် ငါ့ရှေ့၌ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်မည်အကြောင်း သန့်ရှင်းသောအဝတ်နှင့်ဝတ်စေ၍ ဆီလိမ်းသဖြင့်သန့်ရှင်းစေရမည်” (ထွက် ၄၀း၁၀-၁၃)။

ထိုသို့မောရှေက ဆီလိမ်းပြီးနောက် တဲတော်နှင့်တဲတော်တန်ဆာတို့သည် သန့်ရှင်း၍ ဘုရားသခင်ကလက်ခံတော်မူခဲ့၏။ သို့သော်လည်း ယနေ့တွင် ထိုကဲ့သို့သန့်ရှင်းသော ပစ္စည်းဟူ၍မရှိပါ။ ယနေ့အချို့သောခရစ်ယာန်တို့သည် သူတို့ပိုင်ဆိုင်သောပစ္စည်း၊ ဆိုင်ခန်းနှင့်အသုံးအဆောင်ပစ္စည်းများကို ဆီလိမ်းကောင်းကြီးပေးခြင်းငှါ သင်းအုပ်ဆရာကိုဖိတ်ခေါ်တတ်ကြ၏။ ထိုသို့ပြုခြင်းဖြင့် ထိုအရာတို့ကို အသုံးပြုသောအခါ ကောင်းကြီးခံရ၍ လုံခြုံမှုရှိသည်ဟု ယူဆတတ်ကြ၏။ ထိုသို့ပြုခြင်းဖြင့် ထိုအရာဝတ္ထုကိုသန့်ရှင်းစေ၍၊ မကောင်းမှုဖယ်ရှားနိုင်သည်ဟု ထင်ကြ၏။ ဤသည်ကား အယူသီးခြင်းသက်သက်ဖြစ်ပါသည်။ အချို့သည် ကားတိုင်ပုံအိမ်၌ချိတ်ထားခြင်း၊ ကားထဲ၌ချိတ်ထားခြင်း၊ “ယေရှုပုံ” အိမ်၌ချိတ်ထားခြင်းစသည့် အယူသီးခြင်းများရှိတတ်ကြ၏။ ဘုရားသခင်က ထိုသို့ပစ္စည်းများကို ဆုတောင်းကောင်းကြီးပေးရန်ငှင်း၊ ထိုအရာတို့ကို သန့်ရှင်းစေခြင်းငှါ ဘာသာရေးခေါင်းဆောင်တို့၌လည်း တန်ခိုးရှိသည်ဟူ၍ငှင်း သမ္မာကျမ်းစာ၌ သွန်သင်တော်မမူချေ။ ကျွန်တော်တို့သန့်ရှင်းစေရမည့်အရာဟူမှုကား မိမိကိုယ်ကိုပင်ဖြစ်ပါသည်- “ငါသည် သန့်ရှင်းတော်မူသောကြောင့် သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့” (၁ ပေ ၁း၁၆)။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည်အယူသီးခြင်းဖြင့် အချို့သော “သန့်ရှင်းသော” ပစ္စည်းကို ကိုးစားခြင်းရှိပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ “မင်္ဂလာရှိသော” အဆောင်တစ်ခုခုမဟုတ်ဘဲ၊ ကိုယ်တော်ကိုသာ ယုံကြည်ကိုးစားခြင်းရှိမည်အကြောင်း သွန်သင်တော်မူပါ။

သောကြာ၊ မတ် (၂၉)
**ထွက် ၄၀း၁၆-၃၃**
ဖိ ၃း၁၇-၂၀

*"ငါတို့ကျင့်သောအကျင့်မူကား၊*
*ကောင်းကင်ဘုံနှင့်စပ်ဆိုင်လျက်ရှိ၏"*

## ထာဝရဘုရားမိန့်တော်မူသည်အတိုင်း

အလုပ်သမားတို့သည် မိမိတို့ပြုလုပ်ပြီးစီးသောတန်ဆာအသီးသီးတို့ကို မောရှေထံ ယူဆောင်ခဲ့ကြ၏။ ထိုတန်ဆာအသီးသီးတို့ကို မောရှေကမိမိနေရာတကျတိကျစွာ ထား၍ဆက်စပ်ရမည်ဖြစ်ပါသည်။ လူတို့၏နာခံမှုရှိခြင်းအကြောင်းကို ထွက် ၃၉း၄၂-၄၃ ထဲတွင် ဤသို့ဖော်ပြခဲ့၏- "ထာဝရဘုရားသည် မောရှေအားမှာထားတော်မူသည်အတိုင်း ပြီးစီးအောင်လုပ်ပြီးမှ မောရှေထံသို့ ဆောင်ခဲ့ကြ၏။ ထာဝရဘုရားမှာထားတော်မူသည်အတိုင်း အလုပ်ရှိသမျှကို ပြီးစီးစေခြင်းငှါ လုပ်ကြောင်းကိုမောရှေသိမြင်သောအခါ သူတို့ကိုကောင်းချီးပေးလေ၏"။ မောရှေ၏နာခံမှုလည်း ဤသို့ဖော်ပြခဲ့၏- "ထာဝရဘုရားမိန့်တော်မူ သည်အတိုင်း မောရှေပြုလေ၏" (ထွက် ၄၀း၁၆)။

မောရှေကလည်းမိမိ၏တာဝန်ကို သေချာစွာဆောင်ရွက်ခဲ့၏။ သူသည်လူတို့အား ဘုရားသခင်မိန့်တော်မူသည်အတိုင်း ပြုကြခြင်းငှါ ခိုင်းစေသည်သာမက မိမိကိုယ်တိုင်ကလည်း ဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာဆောင်ရွက်ခဲ့၏။ မောရှေသည်အပြောနှင့်အလုပ်ကိုက်ညီသောသူဖြစ်၍၊ ဘုရားသခင်၏လမ်းညွှန်ချက်တို့ကို နာခံခြင်းငှါ လုံးဝသတိရှိသောသူဖြစ်၏။ မောရှေ၏စိတ်သဘောကို ဖော်ပြခြင်းငှါ "ထာဝရဘုရားမိန့်တော်မူသည်အတိုင်း" (ထွက် ၄၀း၁၆၊ ၁၉၊ ၂၁၊ ၂၃၊ ၂၅၊ ၂၇၊ ၂၉၊ ၃၂) ဟူသောစကားစုကို အကြိမ်ကြိမ်အသုံးပြုခဲ့၏။ ထို့နောက် "ထိုသို့မောရှေသည် အလုပ်ကိုပြီးစီးစေသတည်း" (ထွက် ၄၀း၃၃) ဟုဖော်ပြခဲ့ပါသည်။ အရေးမကြီးဟုထင်ရသော ချည်နှောင်ပုံ၊ ပစ္စည်းအထားအသို၊ မုန့်မည်သို့ထားရမည်ဟူသော အသေးစိတ်အချက်ကအစ တိကျစွာလိုက်နာခဲ့ကြ၏။ ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မည်သို့သင်ဖတ်ပါသနည်း။ ဘုရားသခင်၏အမိန့်တော်တိုင်းကို သိရှိခြင်းငှါငှင်း၊ လိုက်လျှောက်ခြင်းငှါငှင်း ကြိုးစားနေပါသလား။ သင့်သားသမီးတို့ကို ထိုသို့ပြုခြင်းငှါ အမိန့်ပေးပြီး၊ မိမိကိုယ်တိုင်လျစ်လျူရှုနေပါသလား။ သူတပါး၏အသက်တာကို စစ်ကြောတတ်ပြီး၊ မိမိအသက်တာကို ဂရုမပြုဘဲနေပါသလား။ သေးငယ်သောအရာ၌လည်း ဘုရားသခင်၏အမိန့်တော်ကို လျစ်လျူမရှုသင့်ကြောင်းမောရှေသိခဲ့၏။ ထို့ကြောင့် အမိန့်တော်အတိုင်း မပြုဘဲနေခြင်းငှါ ဘုရားသခင်အား မေးခွန်းထုတ်ခြင်းလုံးဝမပြုခဲ့ပါ။ အသင်း တော်ခေါင်းဆောင်များ၊ မိဘများနှင့်ခရစ်ယာန်တိုင်းသည် အပြောနှင့်အလုပ်ကိုက်ညီသောသူဖြစ်ကြ ရပါမည်။

**ဆင်ခြင်ရန်** - သူတပါးအတွက် မြင့်သောစံနှုန်းကိုထားပြီး၊ မိမိအတွက်မူ နိမ့်သောစံနှုန်း ကျွန်တော်ထားပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်မိန့်တော်မူသည်အတိုင်းပြုခြင်းသည် အဓိကအရေးကြီး ဆုံးအရာဖြစ်ကြောင်း ကျွန်တော်သိလိုပါ၏။

စနေ၊ မတ် (၃၀)
**ထွက် ၄၀း၃၄-၃၈**
သု ၃း၁-၈

*"ငါသည် ပညာရှိ၏ဟုကိုယ်ကို မထင်နှင့်။ ထာဝရဘုရားကို ကြောက်ရွံ့၍ဒုစရိုက်ကိုရှောင်လော့"*

## ဘုရားသခင်၏အမှုတော်၊ ဘုရားသခင်၏နည်းလမ်း၊ ဘုရားသခင်၏ဘုန်းတော်

ဆောက်လုပ်သောသူတို့သည် တဲတော်အတွက် တန်ဆာအသီးသီးတို့ကို ထာဝရဘုရားက မောရှေအား မှာထားတော်မူသည့်အတိုင်း ပြုလုပ်ခဲ့ကြ၏ (ထွက် ၃၉း၄၂)။ မောရှေကလည်း ထာဝရဘုရားမှာထားတော်မူသည့်အတိုင်း ထိုတန်ဆာအသီးသီးတို့ကို ဆက်စပ်ပြုလုပ်ခဲ့ပါသည်။ ထိုသို့ဖြင့် မောရှေသည် ပြီးစီးအောင်လုပ်ဆောင်ခဲ့ပါသည်။ မိုဃ်းတိမ်သည် ပရိသတ်စည်းဝေးရာတဲတော်ကို လွှမ်းမိုး၍၊ ထာဝရဘုရား၏ဘုန်းတော်သည် တဲတော်ကိုပြည့်လေ၏။ ထိုအခါ မောရှေပင်လျှင် တဲတော်ထဲသို့မဝင်နိုင်ခဲ့ပါ။ ဘုရားသခင်၏ဘုန်းတော်သည် တဲတော်၌ ပြည့်တော်မူ၏။ မိုဃ်းတိမ်သည် တဲတော်မှကွာပြောက်သောအခါ ဣသရေလလူတို့အတွက် ခရီးသွားရန်အချက် လက္ခဏာဖြစ်ပါသည်။ မိုးတိမ်မကွာပြောက်သရွေ့ မသွားဘဲစခန်းချရကြ၏။ ညအချိန်တွင် မိုဃ်းတိမ်အစားတဲတော်ပေါ်၌ မီးလျှံတည်လျက်ရှိ၏။ ဤအဖြစ်အပျက်ကို လမ်းခရီးတစ်လျှောက်လုံး ဣသရေလလူတို့မြင်တွေ့ခွင့် ရကြ၏။

မောရှေက ကောင်းကင်တမန်အစား ဘုရားသခင်အတူပါရှိတော်မူခြင်းကို တောင်းလျှောက်ခဲ့ပြီးဖြစ်ပါ၏။ ယခုတွင် တဲတော်ကိုလည်း ဘုရားသခင်၏လမ်းညွှန်ချက်အတိုင်း တိကျစွာဆောက်လုပ်ပြီးစီးသောကြောင့်၊ ထာဝရဘုရားသည် မိမိ၏ဘုန်းတော်ဖြင့် တဲတော်ပြည့်စေတော်မူလျက် တဲတော်ကို လက်ခံခြင်းရှိကြောင်း ပြသတော်မူခဲ့၏။ တဲတော်ပေါ်၌ နေ့အခါ မိုဃ်းတိမ်တည်နေခြင်းနှင့် ညအခါမီးလျှံတည်နေခြင်းကလည်း ဘုရားသခင်၏စောင့်ရှောက်တော်မူခြင်းကို ပြသလျက်ရှိ၏။ အလွန်ထူးခြားသောမြင်ကွင်းပေတည်း။ ခရီးသွားခြင်းငှါဖြင့်၊ တပ်ချခြင်းငှါဖြင့် လက္ခဏာပေးခြင်းသည်လည်း ဘုရားသခင်၏လမ်းပြပို့ဆောင်ကွယ်ကာခြင်းကို ပြသလျက်ရှိ၏။ ဘုရားသခင်၏အမှုတော်ကို ဘုရားသခင်၏နည်းလမ်းအတိုင်း ဆောင်ရွက်သောအခါ ဘုရားသခင်၏ဘုန်းတော်ကို ကျွန်တော်တို့မြင်တွေ့ခွင့်ရကြ၏။ လူသား၏အမြတ်ဆုံးသောတာဝန်သည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်ဖြစ်ပါသည်။ အသင်းတော်၌ဖြင့်၊ မိသားစု၌ဖြင့်၊ အလုပ်၌ဖြင့်၊ ကျောင်း၌ဖြင့်၊ ဘုရားသခင်၏စကားတော်လုံးဝနာခံခြင်းရှိလျှင် ဘုရားသခင်အတူပါရှိတော်မူခြင်းနှင့်လမ်းပြတော်မူခြင်း ခံရကြမည်ဖြစ်၏။ ဖြစ်လာသောအကျိုးသည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေလိမ့်မည်။ လောကီလူသားတို့သည် ကောင်းသောအကျိုး၊ အောင်မြင်ခြင်း၊ ချမ်းသာခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းရှိမှသာလျှင် ဘုန်းတော်ထင်ရှားသည်ဟုထင်ကြ၏။ သို့သော်လည်း ဘုရားသခင်ဘုန်းတော်ထင်ရှားခြင်းဟူမူကား ကျွန်တော်တို့သည် မိန့်တော်မူသည့်အတိုင်း အမှုပြု၍ ဘုရားသခင်အတူ ပါရှိတော်မူခြင်းခံရခြင်းပင်ဖြစ်ပါသည်။ ထိုအရာ၌ဘုရားသခင်ကျေနပ်အားရခြင်းရှိတော်မူ၏။ အသင်းတော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ မြဲမြံစွာရပ်တည်၍၊ ကျွန်တော်တို့သည် အိမ်၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ၊ အလုပ်ခွင်၌ဖြစ်စေ ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောဖြင့် နေထိုင်ကျင့်ကြံပြုမူသောအခါ ဘုရားသခင်၏ဘုန်းတော်သည် အကျွန်ုပ်တို့အပေါ်၌ တည်လျက်ရှိပါ၏။ ထိုအရာကိုသာ ကျွန်တော်တို့ကြိုးစားရှာဖွေကြရပါမည်။ အဓိကအချက်မူကား အရာခပ်သိမ်းကို ဘုရားသခင်မိန့်တော်မူသည့် အတိုင်းပြုရန်သာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အတူပါရှိတော်မူခြင်းဘုန်းတော်နှင့် ကျေနပ်အားရတော်မူခြင်းသည် ကျွန်ုပ်တို့အတွက်ဖြစ်နိုင်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အရာခပ်သိမ်းကို ကိုယ်တော့်အလိုအတိုင်းပြုလုပ်ပြီး၊ နေထိုင်အသက်ရှင်နိုင်ဖို့ရန် မစတော်မူပါ။

# သင်ခန်းစာအကျဉ်းချုပ်

ဣသရေလလူတို့သည်အဲဂုတ္တုပြည်၌ မတော်တဆရောက်ခဲ့ကြသည်မဟုတ်ပါ။ ဘုရားသခင်သည်မိမိလူတို့အား ကြီးထွား၍ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံဖြစ်လာစေခြင်းငှါ အဲဂုတ္တုပြည်ကို အသုံးပြုတော်မူခဲ့၏။ ဘုရားသခင်ကမိမိချိန်းချက်သောအချိန်၌ သူတို့ကိုခေါ် ထုတ်တော်မူခဲ့ပါသည်။ ညှင်းပန်းနှိပ်စက်ခြင်းကို ဘုရားသခင်ခွင့်ပြုတော်မူခဲ့၏။ သို့မဟုတ်လျှင်မထွက်ခွာဘဲ နေကြပါလိမ့်မည်။ သို့သော်လည်း မိမိလူတို့ကို အံ့ဖွယ်တန်ခိုးတော်အားဖြင့် ကွယ်ကာတော်မူခဲ့၏။ သူတို့သည် တတော်ဆောက်လုပ်ခြင်းအတွက် လိုအပ်သောပစ္စည်းဥစ္စာများနှင့်တကွ ထွက်ခွာခဲ့ကြ၏။ ထိုသို့ထွက်ခွာခြင်းသည် ကျွန်ဘဝမှလွတ်မြောက်ခြင်းသာမဟုတ်ဘဲ ကတိတော်နှင့်ယှဉ်သော ကယ်တင်ရှင်ကြွလာရန်အတွက် ဣသရေလအမျိုးတည်ထောင်ခြင်းငှါဖြစ်၏။ သင့်ဘဝ၌ဖြစ်ပျက်သောအမှုတိုင်းအတွက် ဘုရားသခင်အစီအစဉ်ရှိတော်မူ၏။ စစ်ကြောစုံစမ်းခြင်းသည်လည်း အဓိပ္ပါယ်ရှိ၏။ ဘုရားသခင်ကွယ်ကာတော်မူမည်။ ပြုစုကျွေးမွေးတော်မူခြင်းသည်လည်း ဘုရားသခင်အဖို့ပြန်၍အသုံးပြုရန်ဖြစ်ပါသည်။ ဘုရားသခင်၏အလိုတော်ကို ပြည့်စုံစေခြင်းငှါ ကျွန်ုပ်တို့ကို ကယ်တင်တော်မူခဲ့၏။ ကျွန်တော်တို့ပိုင်ဆိုင်သမျှသောအရာတို့သည် ကိုယ်တော်ထံမှဖြစ်၍ ကိုယ်တော်ထံပြန်လည်ပေးလှူရမည့် ဘဏ္ဍာစိုးများဖြစ်ကြသည်။ ဣသရေလလူတို့သည် ညည်းတွားခြင်းရှိခဲ့ကြ၏။ အဲဂုတ္တုပြည်သို့ ပြန်သွား၍ ဘဝဟောင်းအတိုင်းပြန်၍နေလိုကြ၏။ ဘုရားသခင်က မိမိအလိုတော်အတွက် ကယ်တင်ခဲ့ကြောင်း သင်မေ့လျော့ခဲ့လျှင် အဆင်မပြေသောအခါ သင်ညည်းတွားခြင်းရှိပါလိမ့်မည်။ ဤလောကီဘဝကို သင်လုံးလုံးမစွန့်လွှတ်သေးသောကြောင့်ဖြစ်၏။ သင်မျှော်လင့်သောအရာကို ပြုမည့်အစေခံကျွန်ကဲ့သို့ ဘုရားသခင်ကို သင်ထင်သောကြောင့်ဖြစ်၏။ ဖာရောဘုရင်နှင့်ရန်သူတို့၏ ညှင်းဆဲခြင်းကြောင့် သေသောသူထက်၊ နွားသူငယ်ရုပ်တုကိုးကွယ်ခြင်းကြောင့် လူပေါင်းပို၍များစွာသေခဲ့ကြ၏။ ဘုရားသခင်အပေါ် သင်အပြစ်ကျူးလွန်သောအခါ သင်သည်မိမိကိုယ်ကိုညှင်းဆဲလျက်၊ ဘုရားသခင်၏ကွယ်ကာခြင်းလျော့ရဲစေပါသည်။ အသင်းတော်သည် အပြစ်သားအပြစ်ပေးခြင်းကိုကျင့်သုံးလျက်၊ အသင်းသူအသင်းသားတို့ကလည်း ထိုအပြစ်ဆုံးမခြင်း၏ ရည်ရွယ်ချက်ကို သိကြရပါမည်။ အကြောင်းမှာ အပြင်ရန်သူထက်အတွင်းရန်သူသည် ပို၍အန္တရာယ်ကြီး၏။ အပြစ်နှင့်နာမခံခြင်းသည် ရောဂါသဖွယ်ဖြစ်၏။ ပညတ်တော်ဆယ်ပါးသည် အကျင့်နှင့်ဆိုင်သောတရားဖြစ်၍၊ ယနေ့တိုင်ကျွန်တော်တို့နှစ်သက်စောင့်ရှောက်လိုက်နာရမည်ဖြစ်ပါသည်။ ဤပညတ်တရားတို့သည် ဘုရားသခင်ကျေနပ်အားရစေခြင်းငှါ၎င်း၊ ကျွန်တော်တို့သည် သန့်ရှင်းစွာနေထိုင်ခြင်းငှါ၎င်း၊ ပဋိညာဉ်တရားနှင့်ဆိုင်သော ကျွန်ုပ်တို့လိုက်လျှောက်ရမည့်ဝတ္တရားဖြစ်ပါသည်။ နောက်ဆုံးတွင် ဣသရေလလူတို့သည် တဲတော်တည်ဆောက်ခြင်းအမှု၌ဘုရားသခင်၏စကားတော်ကို တိကျသေချာစွာ နာခံခြင်းရှိခဲ့ကြသောကြောင့် ဘုရားသခင်၏ဘုန်းတော်နှင့်အတူပါရှိတော်မူခြင်းကို ခံခဲ့ရကြ၏။ အသင်းတော်၌၎င်း၊ မိသားစုနှင့်လူတိုင်းအသက်တာ၌ ဘုရားသခင်အတူပါရှိတော်မူခြင်းသည်အဓိကအရေးကြီးသောအရာဖြစ်၏။ ထိုသို့ဖြစ်ခြင်းငှါ လိုအပ်သောအရာမူကား၊ လုံးဝနာခံခြင်းပေတည်း။ ထွက်မြောက်ရာကျမ်းသည် ဣသရေလ၏ဝိညာဉ်ခရီးလမ်းအစပင်ဖြစ်ခဲ့ပါသည်။ ထိုနည်းတူကျွန်ုပ်တို့ကယ်တင်ခြင်းခံရခြင်းသည် ဘုရားသခင်၏ကြီးမြတ်သောရည်ရွယ်ချက်အတွက် အသက်တာအစဦးပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - လွတ်မြောက်ခြင်းသည် ဝိညာဉ်ခရီးလမ်း၏အစပင်ဖြစ်ပါသည်။
**ဆုတောင်းချက်** - “အကျွန်ုပ်အသက်တာကို ကိုယ်တော်အဖို့အလို့ငှါ သန့်ရှင်းစေတော်မူပါ”။